


# ရင်နှောင်း

လုံးချင်းဝတ္ထုသစ်

အချစ်ကိုအမုန်းနဲ့မြှောက်တော့
အလွမ်းပဲပေါ့ကိုကိုရယ်


2007


မင်္ဂလာပါရှင်
"ကျော့ရှုံးတင်ရွှာ"
သဒီးလေးရှင်နှောင်း၏ ရုံးချင်းဝတ္ထုကို
အားပေးဖတ်ရှုကြသည့် စာချစ်သူ ပရိသတ်များ
စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်
ပြည့်စုံကြပြီး လိုအင်ဆန္ဒများပြည့်ဝကာ စည်းစိမ်
ဥစ္စာများ တိုးပွားနိုင်ကြပါစေ။
စာချစ်သူများကို ထာဝစဉ်ဦးကျိုးနေမည့်
ရှင်နှောင်း
ရှင်နှောင်းစာပေ
အမှတ် (၄၅)၊ ရွှေဘုန်းပွင့် ဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊
မြောက်ဥက္ကလာ၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက်အမှတ်
၅၀၁၀၀၅၀၈၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၁၅၀၉၀၇
ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက်(၂၁)၊ အခန်း(၁၁)၊
စီးပွားကူးသန်းအိမ်ယာ၊ မြောက်ဒဂုံ
အတွင်းနှင့်အဖုံးပုံနှိပ်
ဦးထွန်းအောင်၊ စိန်နဂါးပုံနှိပ်တိုက်(၀၃၀၃၇)
အမှတ်(၁၇၅)၊ ၃၁–လမ်း။
ပထမအကြိမ်
၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလထုတ်
အုပ်ရေ (၁၀၀၀)၊ တန်ဖိုး (၅၀၀) ကျပ်
ရှင်နှောင်းစာပေ
အမှတ်(၄၅)၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊
ကျောက်ရေတွင်းရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်မှ တစ်ပြည်လုံးသို့
ဖြန့်ချိ၍ ဒေါ်အေးအေးမာ မှ
စီစဉ် ထုတ်ဝေပါသည်။

ရှင်နှောင်းစာပေ

Ph : 01-666124



လူ့လောကကြီးတွင်  ရပ်တည်မှုတစ်ခုဆိုတာ  ...
ငွေလား ... ရတ်လား ...
ဒါမှမဟုတ်  ဆွေဂုဏ်မျိုးဂုဏ်လား  ...။
ငွေရှိတဲ့သူက  ငွေဂုဏ်ကို  မက်မောကြတယ်  ...။
ရာထူးဂုဏ်ရှိတဲ့သူက  ရာထူးဂုဏ်ကို  မက်မောကြတယ်  ...။
တချို့ကတော့  ဆွေဂုဏ်မျိုးဂုဏ်ကို  တန်ဖိုးထားကြတယ်  ...။



ညလေးတစ်ည . . . ။
မိုးလေးတဖွဲဖွဲနဲ့ ရွာနေတဲ့ည . . . ။
မိုးနှံကောင်တွေ၊ ပုရစ်သံတွေ စူးရှရှနဲ့ အော်မြည်နေတဲ့ည . . ။
ထိုညလေးမှာပဲ . . .

အော်စတင်ကားလေးတစ်စီးက ကတ္တရာလမ်းမပေါ်မှ ပြေးလွှားရင်းက မြို့ပြင်တစ်နေရာအရောက်တွင် တုံ့ကနဲ ရပ်တန့်လိုက်သည်။

ကားရှေ့မီးသီးအလင်းရောင်ကြောင့် မိုးစက်လေးတွေ တဖွဲဖွဲရွာလို့ ကားလမ်းမပေါ် အပြေးအလွှားဆင်းလို့နေ၏. . ။

ဒါ့အပြင် မိုးရွာလို့ပျော်နေသည့် ဖားကောင်ငယ် တစ်ကောင်တစ်လေတို့ကလည်း ကားလမ်းမပေါ်မှာ ခုန်ဆွ ခုန်ဆွနဲ့ ကားလမ်းရဲ့ ဟိုမှသည်မှ ကူးလူးဆက်ဆံသွားလာလို့ နေကြသည်ကိုလည်း မြင်နေရ၏။

မကြာမီတွင် . . .

ကားမီးရောင်က မှိတ်ကျလို့သွားတယ်။

ကားပေါ်တွင် မိန်းမကြီးနှစ်ယောက် . . ။ တစ်ယောက်သော မိန်းမကြီးက ကိုယ်တိုင်ပဲ ကားမောင်းလို့ထင်ရဲ့ မောင်းသူနေရာတွင် ထိုင်လို့နေသည်။ သို့သော် သူမမျက်နှာထားက ခက်ထန်လို့ တင်းမာကာနေ၏။

နောက်တစ်ယောက်ကတော့ ကားနောက်ခန်းတွင် ငြိမ်၍ လိုက်ပါလာပြီး သူမရဲ့ အသွင်အမူအရာက စိုးရွံ့ကြောက်လန့်ခြင်းတွေ အပြည့်အဝနှင့်ဖြစ်နေလေသည် . ။

"ဟဲ့ ကြေးအုံမ . . "

ကားရှေ့ခန်းမှ အမျိုးသမီးကြီးက ကားနောက်ခန်းက အမျိုးသမီးကြီးကို တိုးတိတ်ညင်သာစွာ ခေါ်လိုက်သဖြင့် . .

"ရှင် သခင်မကြီး"

ကားနောက်ခန်းက အမျိုးသမီးကြီးက ရှိုရှိုသေသေနဲ့





ပြန်ထူးလိုက်ပါတယ်။

"အချိန်အခါက အတော်ပဲ . . . သွား မယ်မင်း သွားလွှင့်ပစ်ချည်တော့"

"သခင်မကြီး စဉ်းစားတော်မူပါဦး ဘုရား . . . ဒီခလေးက . . . "

"တယ် စကားကြောရှည်လိုက်တာ . . . ဒီလိုမျိုးမစစ်တဲ့ သွေးမျိုးကို ငါတို့လို မဟာမျိုး မဟာနွယ်ထဲ အဝင်ခံရမှာလား ကြေးအုံမရဲ့ . . . သွား . . သွားချေတော့"

"မှန် . . မှန်ပါ"

ကြောက်ရွံ့တုန်လှုပ်စွာနှင့် ကားနောက်ခန်းက အမျိုးသမီးက ကားတံခါးဖွင့်ကာ ဆင်းလိုက်သည်။ သူမရဲ့လက်ထဲတွင် လက်ကိုင်ဆွဲခြင်းတစ်ခုကို ဆွဲကိုင်လို့ထား၏။

"မယ်မင်း မြန်မြန်သွားချေတော့ . . . သင့်တော်ရာ နေရာမှာ ချထားပြီး အရေးကိစ္စပြီးတာနဲ့ ချက်ချင်းပြန်လာခဲ့"

ကြေးအုံမဆိုတဲ့ မိန်းမကြီး ခေါင်းလေးတစ်ချက် ညိတ်ကာ ကားလေးအနီးမှ ထွက်သွားတော့သည်။

ကားပေါ်က သခင်မကြီးဆိုသော မိန်းမကြီးက ဆွဲခြင်းတောင်းလေးကို ရင်မှာပိုက်ပြီး ကားလမ်းရဲ့ ဟိုဘက်မှာရှိသော

သချိုင်းကုန်းစပ်ထဲသို့ ဝင်ရောက်သွားနေသည့် ကြေးအုံမဆိုသော မိန်းမကြီးကို ငေးကြည့်လို့နေမိပါတော့တယ်။

သူမရဲ့ အတွေးထဲမှာတော့ . . .။

"တို့အမျိုးအနွယ်ရဲ့ သွေးသားထဲကို တစ်ခြားဘယ်အမျိုးအနွယ်ရဲ့ သွေးသားကိုမှ အဝင်မခံဘူး . . . ဝင်လာခဲ့ရင်လည်း အသက်ရှင်ခွင့်မပေးဘူး"

"ခု မင်းကို သနားညှာတာတဲ့ စိတ်ကောင်းလေးက ငါ့ရင်ထဲမှာ ခိုဝင်အောင်းနေလို့ အသက်ရှင်ခွင့်ရသွားတာ . . . ဒါပေမယ့် ရှေ့ဆက် အသက်ရှင်ခွင့်ရဖို့ဆိုတာကတော့ မင်းရဲ့ကံတရားပဲပေါ့ ခလေးမရယ်"

ဆွဲခြင်းတောင်းကြီးကို ရင်မှာပိုက်ပြီး သချိုင်းကုန်းထဲသို့ ဝင်လာနေသော ကြေးအုံမဆိုသော အမျိုးသမီးကြီးတစ်ယောက်မှာတော့ . . .။

ကြောက်ရွံ့ခြင်းတွေ၊ ထိတ်လန့်ခြင်းတွေ၊ စိုးရိမ်ပူပန်မှုတွေ ရင်ထဲမှာ ပြည့်သိပ်ကျပ်ရင်း တစ်လှမ်းချင်း တစ်လှမ်းချင်း လျှောက်လှမ်းသွားလို့နေပေတော့၏။

ထိုအချိန်တွင် . . .

"အူ . . . အူ . . . အူ . . ."





ဆွဲဆွဲငင်ငင် အော်လိုက်သည့် ခွေးအူသံကြောင့် ကျောထဲတွင် စိမ့်ကနဲဖြစ်လို့သွား၏။ ကြက်သီးမွေးညှင်းများလည်း ထောင်ထလို့သွားသည်။

မိုးစက်များက သစ်ရွက်တို့အပေါ် ကျရောက်သည့်အသံများက တစ်ပေါက်ပေါက်နှင့် . . ။ ပိုးမွှားမျိုးစုံတို့၏ အသံများကလည်း စူးရှစွာ အော်မြည်လို့နေသည်။

အချိန်အခါကလည်း ညအချိန်မတော် ညဥ့်နက်သန်းခေါင်ယံ . . .။

ကြောက်လန့်ခြင်းတရားက သူမရင်ထဲသို့ ကိန်းအောင်းသို့လာခဲ့တယ်။ ဒါနဲ့ သူမ ပတ်ဝန်းကျင်တစ်ဝိုက်ကို လှည့်ပတ်ကြည့်လိုက်သည်။

ချုံနွယ်ချုံပေါင်းတွေ၊ သစ်ပင်ကြီးငယ်တွေ၊ လက်ဝါးတပ်တိုင် စိုက်ထူထားသော မြေပုံမို့မို့လေးတွေက ဟိုတစ်ပုံဒီတစ်ပုံ . . .။ ဟောင်းနွမ်းနေသော အုတ်ဂူများ . . .။

"တော်ပြီ . . . ရှေ့ဆက်မသွားတော့ဘူး . . . ဒီမှာပဲ ထားခဲ့တော့မယ်"

ခပ်လတ်လတ် သစ်ပင်တစ်ပင်ရဲ့အောက်ရှိ အုတ်ဂူတစ်ဂူရဲ့ အနီးတွင် ဆွဲခြင်းတောင်းလေးကို ချထားလိုက်ပြီး

အဝတ်စတို့ကိုဖယ်၍ ကြည့်လိုက်သည်။

ခြင်းတောင်းထဲတွင် မွေးကင်းစကလေးငယ်တစ်ဦး . .

သူမ စူးစူးစိုက်စိုက်ကို ကြည့်လိုက်သည်။

ရင်ထဲမှာတော့ ဖော်မပြနိုင်သော ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။

မလုပ်သင့် မလုပ်ထိုက်မှန်းကိုတော့ သူမ သိသည်။ သို့သော် သူမဘဝက ခိုင်းရာလုပ်၊ စေရာသွားရတဲ့ ဘဝဆိုတော့ ဖြစ်တည်လာတဲ့ ဘဝတစ်ခုကို မကယ်နိုင်။

ဒါကြောင့်ထင် . . . ။

ဟင်းခနဲ သက်ပြင်းမောကို ချလိုက်ရင်း . . .

"အို့လေ သတ္တဝါတစ်ခု ကံတစ်ခုတဲ့ . . . ငါ ဘာတတ်နိုင်မှာလဲ ခလေးရယ် . . . မင်းဘဝ ကံကောင်းနိုင်ပါစေကွယ်"

အဝတ်စလေးကို ပြန်ဖုံးလိုက်ပြီး ထိုနေရာမှ ပြန်လှည့်ကာ ထွက်လာခဲ့သည်။ ကြောက်လန့်ခြင်းတရားနှင့် စိုးရိမ်ထိတ်လန့်ခြင်းတို့ကြောင့် ခြေလှမ်းတွေကို ခပ်သွက်သွက် လှမ်းလာခဲ့ရ၏။

ကားနားရောက်တယ်ဆိုရင်ပဲ . . .

"ဘယ်လိုလဲ . . . ကိစ္စပြီးမြောက်ခဲ့ပြီလား"





"မှန်ပါ . . . သခင်မကြီး ညွှန်တဲ့အတိုင်း လုပ်ဆောင်ခဲ့ပါတယ်"

"ကောင်းတယ် . . ကောင်းတယ် . . . ကဲ ဒါဆို ကားပေါ် မြန်မြန်တက် . . . အချိန်မလင့်ခင် အိမ်တော်ကို မြန်မြန်ပြန်ရောက်အောင် သွားမှကွယ့်"

ကြေးအုံမဆိုတဲ့ မိန်းမကြီးက ခပ်မြန်မြန်ပင် နောက်ခန်းတံခါးကိုဖွင့်ကာ ကားထဲသို့ ဝင်ထိုင်လိုက်သည်။ ထိုအခါ ကားလေးက ထိုနေရာလေးမှ မောင်းထွက်လို့သွားတော့သည်။

သည်တွင် . . . ။

သချိုင်းအဝင် ချုံပုတ်အကွယ် အစပ်မှ လူတစ်ယောက်က မောင်းထွက်သွားသည့် ကားလေးကို ငေးမောကာ ကြည့်လို့နေလေသည်။

သူ့လက်ထဲမှာတော့ ခုနက လာလွှင့်ပစ်သွားသော အဲ့ခြင်းတောင်းကို ကိုင်ဆွဲထားလို့နေ၏။

မိုးလေးတွေက တဖွဲဖွဲ ရွာတုန်း . . . ။

ပိုးမွှားတို့အော်သံကလည်း စူးရှပြင်းပြတုန်း . . . ။

ညကတော့ တိတ်ဆိတ်ငြိမ်သက်လို့ သွားပါတော့တယ်။

❀ ❀ ❀ ❀ ❀

# အနှစ် နှစ်ဆယ် ကြာပြီးနောက် ..။



## အခန်း (၁)

လူကစုံနေပြီ ...။

အိမ်ရှိ လူအားလုံးမှ ငါးယောက်တည်းရယ်ပါ ...။

ထမင်းစားပွဲ ပတ်ပတ်လည်ရှိ ထိုင်ခုံများအသီးသီးတွင် [illegible]နေရာနှင့်ကိုယ် ထိုင်နေကြပါ၏။

စားပွဲထိပ်ဦးပိုင်းတွင် အသက်ခြောက်ဆယ်အရွယ်ရှိ [illegible]ကြီးက ကနုတ်ပန်းတွေ၊ ခြူးပန်းခြူးနွယ်တွေနဲ့ ထုဆစ် [illegible]သည့် ကျွန်းကုလားထိုင်ကြီးတွင် တည်ငြိမ်ခန့်ညား ထည်ဝါ

စွာဖြင့် ထိုင်ကာ သူ့ရှေ့တွင်ရှိနေကြသော သူများကို တည်ကြည်စူးစိုက်ကာ ကြည့်လို့နေပါသည်။

သူ့ရှေ့တွင် ရှိနေကြသော လူလေးယောက်မှာဖြင့် ခေါင်းလေးတွေငုံ့လို့ တိတ်ဆိတ်ငြိမ်သက်လို့နေပါ၏။

ထိုမိန်းမကြီးက ဤအိမ်ကြီး၏ အရှင်သခင်မ . . ။

နာမည်က ဒေါ်ထိပ်တင်မိုး . . ။

ဦးခေါင်းပေါ်တွင် ရှည်လျားလှသော ဆံနွယ်များကို သေသပ်လှစွာ ရစ်ပတ်ထုံးနှောင်ထားပြီး စိန်လည်ထုံ ဆံထိုးတစ်ခုကို ထိုးစိုက်လို့ထားသည်မှာလည်း ဦးခေါင်းယိမ်းခါလိုက်တိုင်း တဖျပ်ဖျပ်နဲ့နေတော့၏။

သိုးထည် ရင်ဖုံးအင်္ကျီကလည်း အနီရင့်ရောင်ကတ္တီပါစနှင့် ချုပ်လုပ်ထားပြီး လက်အရှည်အဝမှာ ခေါင်းလောင်းပုံသဏ္ဍာန်နှင့် . . ။

ဝတ်ဆင်ထားသည့် ထမီမှာလည်း ဖဲသားအစိမ်းရင့်ရင့် ဘော်ချယ်ထိုးတွေနှင့်ဖြစ်သည် . . ။

ဩော် . . .

ဝတ်စားထားပုံက ရှေးခေတ် နန်းတွင်းသူများ ဝတ်ဆင်ထားပုံနှင့် မခြားပါ။





"အဟမ်း"

အားလုံးကိုခြုံ၍ကြည့်လိုက်ပြီး ချောင်းတစ်ချက်ကို ဟန်ပါပါ ဟန့်လိုက်သည်။

"အားလုံး မယ်မယ်ဆိုသလို လိုက်ဆိုကြ"

လူတွေအားလုံးလိုလို ဦးခေါင်းတွေမတ်လိုက်ကြသည်။ သို့သော် မျက်ဝန်းတွေကိုတော့ စုံလုံးမှိတ်လို့ထားကြ၏။

"ငါတို့သည်"

"ငါတို့သည်"

လူလေးယောက်၏ သံပြိုင်သံက ဟိန်း၍ထွက်လာခဲ့ပြီ။

"ဘိုးဘွားဘီဘင်တို့၏"

". . . . . . . . . . . ."

"စောင့်ထိန်းခဲ့သည့် အမျိုးဂုဏ် ဇာတိဂုဏ်ကို"

". . . . . . . . . . . . . . . . . . . . . . . . ."

"အသက်နှင့်ထပ်တူ စောင့်ထိန်းပါမည်"

". . . . . . . . . . . . . . . . . . . . . . ."

"ငါတို့သည်"

"ငါတို့သည်"

"ငါတို့၏ မဟာသွေး မဟာနွယ်ထဲသို့"

"............................"

"တစ်ခြား မည်သည့်သွေး မည်သည့်အနွယ်မျှ အဝင်မခံပါဟု"

"..................................."

"သစ္စာတိုင်တည်ပြုပါ၏"

"..............."

ဒေါ်ထိပ်တင်မိုးက ကျေနပ်ပြုံးလေးကိုပြုံးလို့ အားလုံးကို ကြည့်လိုက်ပါတယ်။ သူတို့လေးယောက်သားက မျက်ဝန်းတွေ မှိတ်လို့ကောင်းတုန်းပင် . . ။ ပြီးမှ ဆက်တိုင်ပြန်သည်။

"အကယ်၍"

"......"

"ထိုသစ္စာကို ဖောက်ဖျက်ကျူးလွန်သူအား"

"..............................."

"အရှင်သေမင်းက ကြမ်းတမ်းစွာလာရောက်၍"

"..................................."

"အသက်ကို နှုတ်ယူပါစေသား"

"....................."





ခေတ္တခဏ ငြိမ်သက်လို့သွားတော့သည်။

"ကဲ အားလုံး မနက်စာ စားသုံးလို့ရပြီ"

ဒေါ်ထိပ်တင်မိုး၏ စကားသံပြီးဆုံးသွားသည်နှင့် မျက်လုံးအစုံကို ဖွင့်လိုက်ကြသည်။

သူတို့ရှေ့တွင် ရှိနေကြသော စားစရာတွေကတော့ နွယ်ဖွယ်ရာရာနှင့် မြန်မာဆန်၏။ ထမင်းဖြူနှင့် ပဲပြုတ်ကို ရောနယ်ထားပြီး ဆီဆမ်းထားသည့် ထမင်းပန်းကန်တို့က တစ်ယောက် တစ်ပန်းကန်။ ထမင်းစားပွဲ၏ အလယ်တည့်တည့်တွင် ပန်းကန်ပက်လက်၌ အကြော်မျိုးစုံကို ထည့်၍ ထား၏။

မနက်စာ စားနေကြသည်မှာလည်း တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် . . ။ တစ်ယောက်ကိုတစ်ယောက် စကားမပြောကြ။ ယုတ်စွအဆုံး ဇွန်းခတ်သံပင် မကြားရ။ အစားစားနေသည့်အချိန် စကားမပြောရဟု အမိန့်ထုတ်ထားသလားပင် မသိ။

မကြာပါ . . ။ အားလုံးလိုလိုပင် မနက်စာကို စားလို့ပြီးသွားပြီးနောက်တွင် . . . ။

"ဖျောင်း . . . ဖျောင်း . . . ဖျောင်း"

ဒေါ်ထိပ်တင်မိုးက လက်ခုပ်သုံးချက်တီးလိုက်သည့်အခါ ထမင်းစားခန်းတွင်းသို့ မိန်းမကြီးတစ်ယောက်က ရေနွေးခရားတစ်အိုးကို ယူလာပြီး စားပွဲပေါ်ရှိ လွှက်ရည်အချိုခွက်များကို လှန်ကာ ခရားထဲမှ နို့များကို လိုက်လံထည့်နေလိုက်သည်။ ထည့်လို့ပြီးသွားသည်နှင့် ထိုမိန်းမကြီးက အခန်းတွင်းမှ ထွက်ခွာသွားတော့မည်အလုပ်မှာပင် ဒေါ်ထိပ်တင်မိုးက

"ကြေးအုံမ"

အော်ခေါ်သံကြောင့် အခန်းပြင်သို့ ရောက်ခါနီး ဆဲဆဲတွင် ရပ်တန့်လိုက်ပြီး နောက်သို့ပြန်လှည့်ကာ ဒေါ်ထိပ်တင်မိုးကို ကြည့်လိုက်ပါတယ်။

"ခဏနေ ချွေးမတော် မြနှင်းဆီနဲ့ ဈေးတော်ကို လိုက်သွားလိုက်"

ကြေးအုံမဆိုတဲ့ မိန်းမကြီးက တစ်ချက်ခေါင်းညိတ်လိုက်ပြီး အခန်းအပြင်သို့ ထွက်၍သွားတော့သည်။

"အားလုံး နွားနို့သောက်တော်မူလိုက်ကြဦး"

အခွင့်ရသည်နှင့် အားလုံး လွှက်ရည်ခွက်ကိုကိုင်ကာ သောက်လိုက်ကြတော့သည်။ ခဏအကြာမှာတော့ . . .

"မြေးတော်လေးက ဒီနေ့ ကျောင်းတက်ရမှာလား"





သူမရဲ့ညာဘက်ခြမ်းကပ်ရပ် ထိုင်ခုံတွင်ထိုင်နေသော အသက်နှစ်ဆယ်အရွယ် လူငယ်က ဒေါ်ထိပ်တင်မိုးကို သူညကြည့်လိုက်သည်။ ပြီးမှ ခေါင်းလေးကို ညိတ်လိုက်ကာ

"ကျောင်းမှာ ဒီနေ့ ကျူတိုရီယယ်ရှိတယ် . . . မတက်လို့ မရဘူး ဘွားတော်"

"အိမ်း . . . ပညာရွှေအိုး လူမခိုးတဲ့ ဆိုစကားရှိတယ်မဟုတ်လား . . . ပညာတတ်အောင် ကြိုးစားကွယ့် . . . ဒါမှသည်း လူတကာကြားမှာ ပွဲလယ်တင့်နိုင်မယ်"

"ဟုတ်ကဲ့ ဘွားတော်"

ဖျတ်ခနဲ ဒေါ်ထိပ်တင်မိုး အကြည့်က စူးခနဲပဲ သူ့ထံရောက်သွားတော့သည်။ သူက ဒါကို မသိချင်ယောင် ဆောင်နေလိုက်ပါတယ်။

"သားတော်ကလည်း မယ်မယ့်ကို ရှိရှိသေသေ ပြောဆိုပါကွယ်"

သူနှင့် မျက်နှာချင်းဆိုင်ဘက်မှ ထိုင်နေသည့် သူ့အမေဒေါ်မြနှင်းဆီက ဟန့်တားပြောဆိုလိုက်ရ၏။

"တူတော်မောင်ကို ခွင့်လွှတ်လိုက်ပါ . . . ခေတ်ကာလအလျောက်ကြောင့် ပြောင်းလဲသွားကြတဲ့ စကားတွေကို ရိုင်းစိုင်း

တယ်လို့ မှတ်တော်မယူပါနဲ့ . . . မယ်မယ်လည်း ရွှေစိတ်တော် မငြိုငြင်ပါနဲ့ . . . သမီးတော် တူတော်မောင်ကိုယ်စား တောင်းပန်ပါတယ် မယ်မယ်"

"မယ်မယ် ရွှေစိတ်တော် မဆိုးပါဘူးကွယ် . . . မြေးတော်တို့က ခေတ်နဲ့အညီ ပြောဆိုနေကြတာပဲ နားလည်ခွင့်လွှတ်ရပေမပေါ့ . . . ဒါပေမယ့် တစ်ခုတော့ရှိတယ်ကွယ့်"

ဒေါ်ထိပ်တင်မိုးက သူ၏ မြေးတော်ဘေးတွင် ထိုင်နေသော သမီးတော် ထိပ်တင်လေးကို ကြည့်လိုက်တယ်။ ပြီးတော့မှ

"ငါတို့က မဟာဆီ မဟာသွေးတွေဆိုတော့ စကားကို ပေါ့သွမ်းသွမ်းပြောလို့ မရပေဘူးလေ . . . အပြင်မှာ ပြောတာတွေကို အိမ်တော်ထဲကို သယ်မလာခဲ့နဲ့ပေါ့ကွယ်"

"မြေးတော် စကားပြောရိုင်းသွားပါတယ် ဘွားတော် မြေးတော်ကို ခွင့်လွှတ်တော်မူပေးပါ"

"သားအချစ် မြေးအနှစ်တဲ့ . . . မြေးတော်ကို ဘွားတော်ကြီးက ဘယ်လာ စိတ်ဆိုးမှာတုန်းကွယ့် . . . မြေးတော်က ဒီရတနာပုံရိပ်ငြိမ်ရဲ့ ဆွဲလည်းလေးပဲကွယ် . . . နောက်ပြီး ဘွားတော်တို့ရဲ့ မျိုးဆက်သစ်လေ . . . နာမည်တော်ကို မှည့်ထားတာပဲကြည့် နေဗလတဲ့ . . . ဗလငါးတန်နဲ့





ပြည့်စုံတဲ့လူ၊ နေဆိုတာက မဟာဆီ မဟာသွေး မင်းမျိုးမင်းနွယ်ဖွား . . . ဒါကြောင့် မြေးတော်က အမျိုးဂုဏ် ဇာတိဂုဏ်ကိုတော့ စောင့်ထိန်းရမယ်နော်"

"မှန်ပါ့ ဘွားတော်ကြီး"

"အေး ကောင်းပြီ ကောင်းပြီ . . . ဟဲ့ သားတော်မောင်မောင်လတ်"

ဒေါ်ထိပ်တင်မိုးက ဘယ်ဘက်ဘေးကပ်ရပ်ခုံတွင် ထိုင်နေသော ဦးမောင်မောင်လတ်ကို ကြည့်ရင်း . . .

"မြေးတော်သုံးစွဲဖို့ ငွေကြေး လုံလုံလောက်လောက် ပေးရဲ့လား"

"ပေးထားကြောင်းပါ မယ်မယ်"

"သားတော်ရဲ့ လုပ်ငန်းကိုင်ငန်းတွေရော အဆင်ပြေချောမွေ့ရဲ့လား"

"ပြေပါတယ် မယ်မယ်ရယ် . . . ဒီအတွက် မယ်မယ်နဲ့ အစ်မတော်တို့ ရွှေစိတ်တော် မပူကြပါနဲ့ . . . အေးအေးဆက်ဆက် စံမြန်းနေကြပါ"

"အေးကွယ် . . . သာဓု . . သာဓု . . သာဓု . . ဟဲ ဟဲ လုပ်စရာရှိတဲ့ အလုပ်တွေ သွားလုပ်ချေတော့ . . .

ဝတ္တုရေးဆိုတာ ကျေပွန်မှုကောင်းတာကွယ့်”

❀❀❀❀❀



## အခန်း (၂)

သည်လူကို သတိထားမိသည်မှာ ကြာပြီ။ တစ်ခြားယောက်ျားလေးများနှင့်ကို မတူ . . ။ နေထိုင်မှုစရိုက်နှင့် ဝတ်စားဆင်ယင်မှုတို့က ထူးခြားဆန်းသစ်နေ၏။

အမြဲလိုလို တစ်ယောက်တည်း သီးသီးသန့်သန့်နေတတ်၏။ ဘယ်သူနဲ့မှလည်း ရောရောထွေးထွေးမနေ။ အပေါင်းအသင်းလည်းမလုပ်။ Class ထဲတွင်လည်း တစ်ယောက်တည်း။ ပြင်ပတွင်လည်း တစ်ယောက်တည်း။

ထူးခြားသည်က သူ့ကိုလာ၍ မိတ်ဖွဲ့ကြသူများကို သူက လိမ္မာစွာ ငြင်းပယ်တတ်ခြင်းပင်။

ကြာတော့ . . .။ သူ့ကိုလည်း ဘယ်သူမှ ခေါ်ခေါ် ပြောပြော မလုပ်ကြတော့ပါ။ ဒါသည် သူ သွေးကြီးတာလား၊ မာနကြီးတာလားဟု မပြောတတ်။

ကျွန်မကတော့ အဲဒါကိုပဲ အခံရခက်နေရ၏။ သူ မာန ကြီးပုံက လွန်လွန်းသည်ဟု ထင်သည်။ မိန်းမလည်းမဟုတ် ယောကျ်ားတန်မဲ့နှင့် ကိုယ့်အခန်းဖော် အချင်းချင်းကို မခေါ် မပြောရအောင် သူက ဘယ်ယောက်တောင် မြင့်မြတ်နေလို့လဲဟု မေးလိုက်ချင်ပါသည်။

တကယ်ဆို . . .။

ကျွန်မကသာ သူ့နေရာမှာဖြစ်သင့်သည်။ ကျွန်မတို့ အီးမေဂျာတွင် ကျွန်မသည် Queen နှစ်နှစ်ဆက်တိုက် ရထား သူပါ။ ဒီအတွက်ကြောင့် ကျွန်မကို ခေါ်ချင်သူတွေ၊ မိတ်ဖွဲ့ချင် သူတွေ၊ ချစ်ချင်သူတွေ ဒုနဲ့ဒေးနဲ့ပါ။ ကျွန်မကလည်း ကိုယ့်ကို ဂရုစိုက်သူတွေ၊ ခေါ်ချင်သူတွေ ပေါများလာ ခြင်းကြောင့် ဂုဏ်ယူနေမိတာကအမှန် . . .။

ဒါပေမယ့် . . .





ကျွန်မကို ခေါ်ချင် ဂရုစိုက်သူတွေထဲမှာ သူတော့မပါ။ အဲဒါကိုတော့ ကျွန်မစိတ်ထဲ ဘဝင်မကျမိ။ ကျွန်မကလည်း သူတစ်မျိုးပင်။ ကိုယ့်ကို စိတ်မဝင်စားသည့်လူကို စိတ်ဝင်စား တတ်၏။ သူတစ်ယောက်တည်း ကျွန်မကို ဂရုမစိုက်တာကိုက တစ်ခုခု လိုနေသလိုမျိုးကို ခံစားရနေသည်။

သည်တော့ . . .

သူစိတ်ဝင်စားလာအောင် ကျွန်မ ဘယ်လိုလုပ်ရ မည်နည်း။ သူ့ကို ကျွန်မစိတ်ဝင်စားသည် နောက်တစ်ချက် ကတော့ သူသည် အမြဲတမ်းလိုလိုပင် အဝတ်အစားကို တစ်မျိုး တည်းပဲ ဝတ်တတ်၏။ အကႌျအဖြူလက်ရှည် လည်ကတုံးကို ချောင်းလဲဘဲ တစ်စိုက်မတ်မတ် ဝတ်ဆင်တတ်ခြင်းပင်။ မြန်မာ ဆန်ဆန်ကို ဝတ်စားဆင်ယင်ခြင်းက ရိုးရိုးလေးနှင့် ဆန်းနေ သည်။

တချို့ကျောင်းသားတွေက အကႌျတွေကို ဒီဇိုင်းမျိုးစုံနှင့် ဝတ်နေကြရာမှ သူကတော့ မြန်မာဆန်စွာ ဆင်ယင်ခြင်းသည် စတိုင်တစ်ခုဟု ကျွန်မ ယူဆမိပါသည်။ သူအတွက် ကျွန်မ ဘက်လည်းယူမိပါတယ်။ ကျေလည်းကျေနပ်မိပါတယ်။

ဒါပေမယ့် ကျွန်မကိုတော့ ဂရုမစိုက်တာ၊ အရေးမလုပ်

တာတွေကိုတော့ ခံမြင်းမိပါသည်။

ဩော် . . သူ့နာမည်ကိုလည်း ကြည့်ဦး . .

'နေဗလ'တဲ့ . . ။

တစ်မျိုးကြီးပဲနော်။ ဒါပေမယ့် အဲဒီနာမည်ကိုတော့ ကြိုက်တယ်။ ယောက်ျားလေးတွေမှာ အဲဒီနာမည်မျိုးမှည့်တာ ရှားတယ်လေ။

"ဟော့"

ကျွန်မတစ်ယောက်တည်း နေဗလဆိုတဲ့လူကို ကြည့်ရင်း စိတ်သုတေသနလုပ်နေတဲ့အချိန် အခန်းဖော် သူငယ်ချင်း ချောစုက နောက်ကနေ ခါးကိုတို့ရင်း ခေါ်လိုက်သဖြင့် ကျွန်မ လှည့်ကြည့်လိုက်ပါတယ်။

"ဟယ်တော့ လန့်လည်းမလန့်ဘူးကွာ"

ချောစု နှုတ်ခမ်းလေးစူရင်း ကျွန်မနံဘေးတွင် ဝင်ထိုင်လိုက်သည်။

"ငါက လန့်မှ မလန့်တတ်တာ ချောစုရယ်"

ကျွန်မက ရယ်မောလိုက်ပြီး ခပ်လှမ်းလှမ်းရှိ ဟိုဘက်ခြမ်း၏ နောက်ဘက်ထိုင်ခုံတစ်ခုတွင် တစ်ယောက်တည်း ထိုင်နေသော နေဗလကို လှမ်းကြည့်လိုက်သည်။ သူ၏





ရှေ့နောက်မှ ကောင်လေးတချို့က ကျွန်မကို စူးစူးစိုက်စိုက်ကို ကြည့်နေကြပါ၏။ သို့သော် ကျွန်မ မည်သို့မျှ မခံစားရပေ။ ခင်မျိုးမြင့်မြတ်ရဲ့ဘဝမှာ ဒါတွေက မဆန်းတော့ပြီ။

"နေဗလကိုကြည့်ပြီး ဘာတွေကြံစည်နေတာလဲ ခင်မျိုး"

သူ့ဘက်ကို တစ်ချက် စွေကနဲ ကြည့်ရင်းနဲ့ ချောစုက မေးလာခဲ့သည်။

"ငါ သူ့ကိုကြည့်နေတယ်ဆိုတာက အကြံအစည်တစ်ခု ရှိနေလို့ပဲ"

ချောစု မျက်လုံးအိမ်လေး ကျယ်ထွက်သွားရ၏။

"ဟဲ့ ဘယ်လို . . အကြံအစည် . . . ဘာအကြံအစည်လဲ"

"ဒီလိုလေဟာ . . ဒီအခန်းထဲက ယောက်ျားလေးတွေ အတုန်လုံးနီးပါးပဲ ငါ့ကို စိတ်ဝင်စားကြတယ် . . . လိုက်လည်း လိုက်ခဲ့ကြတယ် . . . ဒါပေမယ့် ငါ တစ်ယောက်မှ မတုံ့ပြန်ခဲ့ဘူးနော် ချောစု"

"အဲဒါ ငါသိသားပဲ ခင်မျိုးရဲ့"

"အဲဒီလို စိတ်ဝင်စားတာ ငါ့နောက်ကို လိုက်တာတွေ ဆိုတော့ ငါသာယာမိတယ် . . ကျေနပ်မိခဲ့တယ် . . ဒါပေမယ့်

စိတ်ထဲမှ တစ်ခုခုလိုနေသလိုကြီး ဖြစ်နေတယ် ငါ အခု နေဗလတို့ကြည့်ရင်းက ဒီအတွေးကို ရလာခဲ့တာ"

ကျွန်မရဲ့ နောက်ဆက်တွဲစကားကြောင့် ချောစု စိတ်ဝင်စားသွားကာ နေဗလရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်ပါတယ်။

"နေဗလဆိုတဲ့ ယောကျ်ားတစ်ယောက်က ငါ့ကို ဘာလို့ စိတ်မဝင်စားတာလဲ . . . တစ်ခြားယောကျ်ားလေးတွေလို ဘာလို့ မလိုက်တာလဲ . . . အဲဒါ ဘာကြောင့်လဲဆိုတာ ငါသိချင်တယ် . . . ငါ မချောလို့လား၊ မလှလို့လား . . . ဘာဖြစ်လို့လဲဆိုတာ သူ့ဆီကနေ ငါ သိပ်သိချင်တာပဲဟာ . . ဒါကြောင့် သူစိတ်မဝင်စားတဲ့ ငါဟာ သူ့ကို စိတ်ဝင်စားပြီး ငါ့ကို ချစ်လာနိုင်အောင်လို့ ပရိယာယ်တွေ၊ မာယာတွေနဲ့ ကျူးသွင်းဖို့ကို ကြံစည်စိတ်ကူးရလိုက်တာပဲ ချောစုရဲ့"

"အဟား မဟာစီမံကိန်းကြီးပါလား"

ကျွန်မစကားကြောင့် ချောစု မျက်လုံးပြူး မျက်ဆံပြူး ဖြစ်ကာသွားရင်း ပြောလိုက်၏။

"သိတယ်မှတ်လား . . . ခင်မျိုးမြင့်မြတ်ဆိုတဲ့ မိန်းမ တစ်ယောက်က သူများတွေ မလုပ်ဖူးတဲ့ အလုပ်မျိုးကိုမှ ရွေးလုပ်ချင်တာ"





"ဒါဆို လုပ်ငန်းစီမံကိန်းက ရေးဆွဲပြီးသွားပြီပေါ့"

"ပြီးသွားပြီ"

"ဟယ်တော့ . . မြန်လိုက်တာ . . ဘယ်တုန်းက ပြီးသွားတာလဲ"

"ခုနကတင်"

"ဟင်"

ချောစု အံ့သြလို့နေတယ်။

"ဒါဆို လုပ်ငန်းကို ဘယ်တော့ အကောင်အထည် ဖော်မှာလဲ"

"အခု"

"ဟာ"

ချောစု လန့်ဖျန့်လို့သွားသည်။ မျက်လုံးလေးကလည်း ပြူးကျယ်လို့သွားရပြန်၏။ ဒါကို ကျွန်မက ဟက်ဟက်ပက်ပက်ကို ရယ်မောလိုက်ပါတယ်။

ကျွန်မ ရယ်မောရင်းနှင့် နေဗလ ရှိရာသို့ ကြည့်လိုက်တယ်။ ကျွန်မရဲ့ရယ်မောသံကြောင့် သူ့ဝန်းကျင်က ကောင်လေးတွေက ကျွန်မကို အာရုံစိုက်၍ ကြည့်နေသော်လည်း သူကတော့ ကျွန်မကို လုံးဝ လှည့်မကြည့်ပါ။

ကျွန်မက အရယ်ကို တစ်ပိုင်းတစ်စနဲ့ ရပ်ပစ်လိုက်တယ်။ ပြီးတော့ ထိုင်နေရာမှထကာ သူ့ဆီသို့ ခြေလှမ်းများက ဦးတည်လို့သွားပါတော့သည်။

စိတ်ထဲတွင် မခံချင်သည့်စိတ်တွေက ပြင်းထန်စွာ ရောက်လို့လာသည်။ ကျွန်မကို နည်းနည်းလေးမှ ဂရုမစိုက်တာတိုပေါ့။

သူ့ဘေးနားရောက်သွားတယ်ဆိုရင်ပဲ ကျွန်မက အကဲခတ်ရင်း ခပ်ကြာကြာ ရပ်နေမိလိုက်သည်။ သူကတော့ ယောင်လို့တောင် လှည့်မကြည့်ပါ။ မော့လည်း မကြည့်ပါ။ ကျွန်မ သူ့အနားရောက်တော့မှ ခုံပေါ်က စာအုပ်တစ်အုပ်ကို လှန်လျောကာ စိတ်ဝင်စားသယောင်နဲ့ ဖတ်နေလိုက်၏။

ကျွန်မ ပို၍ အသည်းယားသွားမိလိုက်သည်။ ထို့ကြောင့် သူ၏ မျက်နှာချင်းဆိုင်ခုံတွင် ကျွန်မ ဝင်ထိုင်လိုက်ပြီး သူ၏ မျက်လုံးတွေကို စိုက်၍ ကြည့်လိုက်ပါတယ်။

"ဒီမှာ"

သူ နည်းနည်းမှမလှုပ်။ မျက်လုံးလေးတစ်ချက်တောင် လှည့်မကြည့်။ စာရွက်ကို တစ်ရွက်ချင်း လှန်လို့တောင် ဖတ်နေလျက်ပါ။ ထို့ကြောင့် ကျွန်မ ပို၍ပင် ဒေါသတွေထွက် အသည်း





တွေ ယားလို့သွားသည်။

"ဒီမှာ . . နေဗလ"

ကျွန်မ သူ့နာမည်ကို တပ်၍ခေါ် လိုက်ပြန်ပါတယ်။ အဲဒါသည်း သူ မတုန်မလှုပ်နဲ့ စာဆက်ဖတ်မြဲ။ ကျွန်မကို လုံးဝ ဂရုမစိုက်လေဟန်နဲ့။ ကျွန်မ နည်းနည်းတော့ ရှက်သွားခဲ့ရတယ်။ အခန်းထဲရှိ ကျောင်းသားတွေက ဝိုင်းကြည့်လို့နေသည်မဟုတ်လား။

အရှက်တရားရယ်၊ ဒေါသတရားရယ်ကြောင့် ကျွန်မ သူဖတ်နေသည့် စာအုပ်ကို ဖျတ်ခနဲဆွဲယူလို့ ပိတ်လိုက်ပြီး သူ့ရှေ့တွင် ပြန်ချလိုက်ရင်း . .

"ဒီမှာ ရှင့်ကိုခေါ်နေတာ မကြားဘူးလား"

ကျွန်မအသံက အတော်ကျယ်လို့သွားသည်။ ခက်ထန်မာကျောလို့လည်းနေတယ်။

ဒါပေမယ့် နေဗလဆိုတဲ့ ထိုပုဂ္ဂိုလ်ကတော့ ခုထိကျွန်မ့ကို မော့မကြည့်သေးတဲ့အပြင် စာအုပ်ကို ပြန်ယူရန်သတ်လှမ်းလိုက်စဉ် ကျွန်မက စာအုပ်ကို ပြန်ဆွဲယူထားလိုက်သည်။

ဒီတော့မှ သူက ခေါင်းမော့ပြီး ကျွန်မကို ကြည့်လာ

သည်။ တစ်ခဏအတွင်း မျက်လုံးချင်းတွေ ဆုံသွားကြသည်။ တော်တော့်ကို ကြာသည်. သူလည်း မျက်နှာမလွှဲ၊ ကိုယ်လည်း မျက်နှာမလွှဲ စိုက်ကြည့်နေလိုက်ကြတာ။

ကြာတော့ ကျွန်မ ရင်တွေ တဖျတ်ဖျတ်လူးလို့ တုန်တုန်ယင်ယင်ကို ဖြစ်လာသည်။ သူ့အကြည့်ကို ကျွန်မ အရှုံးပေးရတော့မည်လားမသိ။ အဲဒီမှာပဲ သူ့ဆီက အသံထွက်လာခဲ့၏။

"ဘာတိစ္စလဲ"

တိုတိုတုတ်တုတ်ပင် သူက ပြန်မေးသည်။

သူ့အကြည့်တွေက ကျွန်မကို မလိုမုန်း သိသာလှပေ၏။ ဒါပေမယ့် ကျွန်မ ဥပေက္ခာပြုထားလိုက်တယ်။ ကျွန်မ စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းလိုက်ပြီး . . .

"ရှင်နဲ့ သူငယ်ချင်းဖြစ်ချင်လို့"

ကျွန်မစိတ်ထဲ သူ အံ့သြသွားလိမ့်မယ်လို့ ထင်လိုက်တယ်။ ဒါပေမယ့် သူ့ဟန်ပန်က တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးပါ။

"ခင်ဗျားနဲ့ ကျွန်တော် သူငယ်ချင်းမဖြစ်ချင်ဘူးဗျာ"

"ရှင်"

ကျွန်မ တော်တော်လေး မှင်သက်အံ့သြသွားမိ





လိုက်သည်။ ဒီလို ပေါ်တင်ကြီး ငြင်းလိမ့်မယ်လို့ မထင်ထားခဲ့သောအမှန်။ ငြင်းခဲ့ရင်တောင် ဟိုလိုသည်လို အကြောင်းပြချက်တွေကို ရှာကြံပြီး ပြောလိမ့်မည်ဟု ထင်ခဲ့၏။

ခုတော့ . . . .

ဒဲ့ကို ပြောချလိုက်တာ။ စိတ်ထဲမှာ ထောင်းခနဲတောင် မြည်မိလိုက်သေးတော့သည်။

"ကျွန်မကတော့ သူငယ်ချင်းတစ်ယောက်အနေနဲ့ ခင်ချင်တယ် . . . ရှင် မခင်ချင်လည်း ကျွန်မကတော့ အတင်းဆိုတ်ခင်မှာပဲ"

"ကျွတ်"

သူ စိတ်ပျက်စွာနဲ့ စုပ်သပ်လိုက်တယ်။

"နေဦး . . ရှင် ကျွန်မကို ဘာလို့ မခင်ချင်ရတာလဲ ဆိုတာ ပြော"

ကျွန်မက အတင်းအကျပ်ကို မေးလိုက်သည်။ ထိုအခါ နေဒလဆိုတဲ့လူက ကျွန်မ မမျှော်လင့်သည့် စကားဖြင့် ပြောလိုက်ရာ . . .

"ခင်ဗျားရဲ့ အလှတရားတွေ မာနတရားတွေအောက်မှာ ယောကျ်ားတော်တော်များများ ပြားပြားဝပ်ခဲ့ရတယ် . . .

အသည်းတွေ ကြေကွဲခဲ့ကြတယ် . . . အဲဒါကို ခင်ဗျားက ကြည့်ပြီး ဟားတိုက်ရယ်မောခဲ့တယ် . . . ဒီအတွက် ခင်ဗျားကို ကျွန်တော် ရွံ့တယ်ဗျာ . . . ဒါကြောင့် ကျွန်တော် ခင်ဗျားကို မခင်ချင်ဘူး . . . ခုလည်းမခင်ဘူး . . . နောင်လည်း ဘယ်တော့မှ ခင်မှာမဟုတ်ဘူးဆိုတာ ခင်ဗျား သိထားလိုက်ပါ"

ကျွန်မရဲ့ မာနတရားတွေ . . .။

ကျွန်မရဲ့ ဒေါသတွေ . . .။

ကျွန်မရဲ့ မခံချင်မှုတွေဟာ သူ့ရဲ့ နောက်ဆုံးစကားကြောင့် ခေါင်းထောင်ထလာခဲ့ကြပါသည်။

သူ့ကို ခပ်စူးစူးလေးပဲ ကြည့်ပစ်လိုက်သည်။

ပြီးတော့ . . .

လက်ထဲက ကိုင်ထားတဲ့ သူ့စာအုပ်ကို သူ့ရှေ့မှာ ဘုတ်ခနဲ ပစ်ချ လိုက်တယ်။

"ကောင်းပြီ . . . . ဘယ်တော့မှ မခင်ချင်ဘူးဆိုတဲ့ ကျွန်မကို ရှင် ခင်လာစေရမယ်လို့ ကျွန်မပြောလိုက်မယ် နေဗလ"

ပြောပြီး ချာခနဲ လှည့်ထွက်လာပြီး ချောစုဘေးမှာ ဝင်ထိုင်လိုက်တယ်။ စိတ်ထဲမှာ မခံချင်မှုတွေက ရင်နှင့်အမျှ





ဖြစ်လို့နေသည်။

ထိုအချိန်မှာပဲ အတန်းတက် ဘဲလ်တီးသံ ထွက်ပေါ်လာခဲ့သည်။

❀ ❀ ❀ ❀ ❀



## အခန်း (၃)

သည်ကနေ့ အိမ်ကနေ ကျောင်းကို စောစော ထွက်
ခဲ့ရသည်။ တော်သေးသည်။ ဒီနေ့မနက်ပိုင်း အိမ်မှာ ဘွားဘွား
က နေမကောင်းသဖြင့် မနက်ပိုင်း အမျိုးဂုဏ်စောင့်ထိန်း
သစ္စာတိုင်ခြင်းကို မဆိုခဲ့ရ။

ဒါ့အပြင် မနက်တိုင်း စားနေကျ ပဲပြုတ်နှင့် ထ
ဆီဆမ်းကိုလည်း မစားခဲ့ရ။ တစ်ခါတစ်လေ ခုလို နေ့
လေးတွေဆိုရင် ကိုယ်စားချင်သည့် အစားအစာကို စားသော





နှင့် ရတတ်သည်မှာ ကျွန်တော့်အတွက် အခွင့်အရေးတစ်ခုပင်။

ဒါတွင်မက . . .။

ကျောင်းတက်နေရသည့် အချိန်များသည် ကျွန်တော့်အတွက် လွတ်လပ်ပျော်ရွှင်သော အချိန်ကာလများပင် ဖြစ်ခဲ့သည်။

အိမ်မှာဆိုရင်တော့ လူက လွတ်လပ်မှုရှိခဲ့သော်လည်း စိတ်၏လွတ်လပ်မှုနှင့် ပျော်ရွှင်မှုတို့က ဆိတ်သုန်းလို့နေရ၏။ ဘွားဘွား၏ ခေတ်နောက်ပြန်ဆွဲ ဝါဒက အရိုးစွဲလို့နေသည် မဟုတ်လား။

ဘွားဘွား၏ ဘိုးဘွားတို့သည် ကုန်းဘောင်ခေတ်က မင်းတစ်ပါး၏ အမျိုးအနွယ်ဖွားဟုတော့ ပြောဖူး၏။ ဒါကြောင့်လည်း ဘွားဘွားက အမျိုးဂုဏ်မာန်တက်လို့နေသည်။ အဘွား [illegible]တော ဖေဖေနှင့် မေမေအပြင် ဒေါ်လေးလည်း အပါအဝင် …ကြီးမျိုးကြီးဆိုသည့် ဂုဏ်ကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် နေကြသည်။

ကျွန်တော်ကတော့ဖြင့် သူတို့အားလုံးကိုကြည့်ရင်း [illegible]ပုတ်စွာ ဖြစ်နေမိသည်ကလွဲ၍ ဘာမှမတတ်နိုင်။ ကိုယ်က [illegible]ဖြစ်နေသည် မဟုတ်လား။

ခုတော့ အခန့်မသင့် ဘွားဘွားက ဖျားနာနေသဖြင့် ကျွန်တော်က ကျောင်းကို စောစောပဲ ထွက်လာခဲ့ရခြင်းပင်။

ကျောင်းသည် ကျွန်တော့်အတွက် လွပ်လပ်သော ဝန်းကျင်တစ်ခု . . ။

ကျောင်းသည် ကျွန်တော့်အတွက် ပျော်ရွှင်မှုကို ရစေသော နေရာတစ်ခုဆိုလျှင် မမှားပါ။

ယော အခု ကျောင်းကိုရောက်ပြီဆိုသည်နှင့် ကျွန်တော် ကန်တင်းကို ဦးစွာ သွားလိုက်ပြီး နန်းကြီးတစ်ပွဲမှာကာ စားသောက်နေလိုက်သည်။

အိမ်က ဘာမှ မစားခဲ့ရ၍ ဝမ်းက ဟာလို့နေသဖြင့် အကြိုက်ဆုံးကို မှာ၍ စားနေလိုက်ခြင်းဖြစ်သည်။

တောင်းလိုက်တာ . .

အရသာရှိလိုက်တာ . . ဟု စိတ်ထဲက ပြောနေလိုက်ပြီး နှစ်ပွဲတောင် ဆက်၍ မှာကာ စားနေလိုက်ပါ၏။

ကျွန်တော်က ကန်တင်းမှာ ရှိနေကြသည့် လူတွေကိုလည်း ဂရုမစိုက်အားပါ။ ဘယ်သူဘယ်ဝါတွေဆိုတာကိုလည်း မကြည့်မိပါ။ ကျွန်တော့်အနေနှင့် ကြည့်စရာလည်းမလိုဟု ထင်သည်။





အဘယ်ကြောင့်ဆိုသော် . . .

ကျွန်တော့်တွင် ခင်မင်ပေါင်းသင်းစရာ သူငယ်ချင်းတစ်ယောက်မျှ မရှိသောကြောင့်ပင်။ ခဏအကြာမှာတော့ ကျွန်တော့်စားသုံးမှုက ပြီးဆုံးသွားခဲ့သည်။

တစ်ရှူးကို ဆွဲယူလိုက်ပြီး နှုတ်ခမ်းတစ်ဝိုက်ကို သုပ်လိုက်ကာ ဆိုင်က စားပွဲထိုးလေးကို လှမ်းခေါ်ရင်း . . .

"ဘယ်လောက်ကျလဲ"

"အစ်ကို့အတွက် ရှင်းပြီးသွားပြီ"

"ဘာ"

ကျွန်တော် တော်တော့်ကို အံ့ဩလို့သွားပါတယ်။ စားပွဲထိုးလေးကိုလည်း ငေးစိုက်ကြည့်မိသွားသည်။

ငါ့အတွက် ဘယ်သူရှင်းလိုက်တာလဲဟု စဉ်းစားကြည့်လိုက်သေးသည်။ ဒါပေမယ့် ဘယ်လိုမှ စဉ်းစားလို့မရ ဖြစ်နေ၏။

ဒါနဲ့ . . .

"ဘယ်သူရှင်းသွားတာလဲ ညီလေး"

"ကျောင်းသူ အစ်မကြီးတစ်ယောက်ပဲ"

ကျောင်းသူ အစ်မကြီးဟု ပြောလာသဖြင့် စဉ်းစားရ၍ ကျပ်သွားရပြန်သည်။ ကျွန်တော့်တွင် မိန်းကလေး

သူငယ်ချင်း တစ်ယောက်မျှမရှိ။

ဒါဆို ဘယ်သူလဲ . . . ။

ကိုယ်ကမသိဘဲ ကိုယ့်ကိုသိနေသည့် ကျောင်းသူ တစ်ယောက်ကပဲလားဟုလည်း တွေးကြည့်လိုက်လေသည်။

ဒါလည်း မဖြစ်နိုင်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် ရင်းနှီးမှု အတိုင်းအတာ အနည်းနဲ့အများတော့ ရှိမှသာလျှင် ကိုယ့်ရဲ့ ကုန်ကျစရိတ်ကို ကျခံမည်မဟုတ်လား။

ခုတော့ဖြင့် . . . ။

ဘယ်သူ့ဘယ်သူကိုမှ ရင်းနှီးမှုမရှိခဲ့သဖြင့် ဒီအတွေး ကိုလည်း ခေါင်းထဲကနေ ကျွန်တော် ဖယ်ထုတ်လိုက်ရသည်။ ကျွန်တော် စဉ်းစားရကျပ်နေစဉ်မှာပဲ စားပွဲထိုးလေး၏ နောက်ဆက်တွဲစကားကို ကြားလိုက်ရတယ်။

"အဲဒီ ကျောင်းသူအစ်မကြီးက အစ်ကို့တို့ စကား တစ်ခွန်း ပြောခိုင်းလိုက်တယ် . . . ဘာတဲ့ . . ညော် ခင်မင်တဲ့ အထိမ်းအမှတ်နဲ့ ကျသင့်ငွေကို ရှင်းပေးခဲ့တာတဲ့ . . နောက်ပြီး သူ့နာမည်ကိုလည်း ပြောခိုင်းတယ် . . . ခင်မျိုးမြင့်မြတ်တဲ့ အစ်ကို"

ကျွန်တော် ဘယ်လိုမှ မျှော်လင့်မထားသော အပြုအမူ





တစ်ခု . . ။ ခေါင်းထဲတွင် လုံးဝ ထည့်၍မထားသော နာမည် တစ်ခု . . ။

ဘယ်တော့မှ မခင်ချင်ဘူးဆိုတဲ့ ကျွန်မကို ရှင် ခင်လာ ရမယ် . . . ဆိုတဲ့ ခင်မျိုးမြင့်မြတ်ကို ဖျတ်ခနဲ မြင်ယောင် လိုက်မိသည်။

ဒါ သူ့ရဲ့ တိုက်ကွက်တစ်ခုလား . . . ။

ပရိယာယ်တစ်ခုလား . . . ။

ဟင်းခနဲ ကျွန်တော် ရယ်သွမ်းသွေးလိုက်ပါတယ်။ ဒီလောက်နဲ့တော့ ကျွန်တော့်စိတ်တွေ အရည်မပျော်သွားသေး ပါဘူးဆိုတာ ခင်မျိုးမြင့်မြတ် မသိရှာသေးပါ။

နောက်နောင် ဘယ်လိုမာယာမျိုးတွေနဲ့ ကျွန်တော့်ကို သည့်စားဦးမလဲဆိုတာ ကျွန်တော် တွေးကြည့်လိုက်မိပါတယ်။ အဖြစ်ကလေးကတော့ ကျွန်တော့်ကို သတိပေးတဲ့ အချက် ပြ မီးနီလေးတစ်ခုဟု ကျွန်တော် သဘောပေါက် နားလည်ပေး လိုက်မိပါသည်။

ကျေးဇူးတင်တယ် ခင်မျိုးမြင့်မြတ်။ အဲဒါ ကျွန်တော့်ကို စိန်ခေါ်မှုတစ်ခုပဲ။ အဲဒီ စိန်ခေါ်မှုကို ကျွန်တော် လက်ခံရတော့ မှာပေါ့လေ။

ဒီလိုပုံစံမျိုးနဲ့ နေဗလဆိုတဲ့ လူတစ်ယောက်ကို ရလိမ့်မယ်လို့ ခင်ဗျား ထင်နေသလား မခင်မျိုးမြင့်မြတ်ရယ် . . ။

ကျွန်တော် ကန်တင်းကနေ ထသွားဖို့ ဟန်ပြင်လိုက်စဉ်မှာပဲ စားပွဲထိုးလေးရဲ့ စကားတစ်ခွန်းက ကျွန်တော့်တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ကို ဖြစ်လို့သွားတော့သည်။ သူပြောလိုက်တဲ့ စကားလေးကတော့ . . .

"အစ်ကို အဲဒီအစ်မကြီးက တော်တော်ချောတယ်နော်"

ကျွန်တော် စားပွဲထိုးကောင်လေးကို မျက်နှာထားနဲ့ တည်တည်ကြီး ကြည့်လိုက်ရတယ်။ သူ့ဖာသာသူ ချောချော လှလှ ငါက ဘာလုပ်ရမှာလဲ ဟွန်း . . ဆိုပြီး စိတ်ထဲက ကောင်လေးကို ဆူပစ်လိုက်ပြီး ဆိုင်ထဲကနေ ကျွန်တော် ထွက်လာခဲ့ကာ ကျောင်းဆောင်ဘက်သို့ လျှောက်လှမ်းလို့ သွားလိုက်ပါသည်။

အတန်းအပေါက်ဝကိုရောက်တော့ ကျွန်တော့်မျက်လုံးတို့က ခင်မျိုးမြင့်မြတ်ကို ရှာဖွေကြည့်လိုက်သည်။

သူ သူငယ်ချင်းတစ်ယောက်နှင့် ကျွန်တော့်ကို ကျောပေးကာ စကားတွေဖောင်နေအောင် ပြောဆိုနေတာကို တွေ့လိုက်ရပါတယ်။





သူမ သူငယ်ချင်းက ကျွန်တော့်ကိုမြင်လိုက်ပြီး သူမကို လှမ်းပြောလိုက်သည်ထင်။ သူမက ကျွန်တော့်ကို လျှပ်တစ်ပြက် လှည့်ကြည့်လိုက်ပါတယ်။ နောက် ချက်ချင်းပင် ပြန်လှည့်သွားပြီး သူ့သူငယ်ချင်းနဲ့ စကားတွေ ဆက်ပြောလို့နေပြန်၏။

ကျွန်တော့်ရင်ထဲမှ မခံချိမခံသာနှင့် ဒေါသဖြစ်မိလို့ သွားသည်။ ဘာအခုမှ မသိချင်ယောင်ဆောင်တာလည်း။

ကျွန်တော် သူတို့ခုံနားသို့ရောက်တော့ သူမကို အကဲခတ်ကာ ရပ်နေမိလိုက်တယ်။ ဒါကို သူမက မသိချင်ယောင်ဆောင်လို့ နေတယ်ပေါ့လေ။ သူ့သူငယ်ချင်းနဲ့ စကားတွေ ပြောနေတာလည်း ဘမ်းစကားတွေ။ အရည်မရ အဖတ်မရ စကားတွေဖြစ်သည်။

"ဒီမှာ . . ဒီမှာ"

ကျွန်တော် ခုံကိုခေါက်လို့ ခေါ်လိုက်တယ်။ ဒါလည်း သူမ မော့မကြည့်သေးပါ။ သူ့ရဲ့ သူငယ်ချင်းကသာ ကျွန်တော့်ကို မော့ကြည့်လာတယ်။

ကျွန်တော်သိလိုက်ပါပြီလေ။ ဒါဟာ ကျွန်တော့်ကို တန်ပြန် ဂလဲ့စားချေတဲ့ သဘောပေါ့။ သူမ ကျွန်တော့်ဆီ လာမိတ်ဆက်တုန်းက ကျွန်တော် ဂရုမစိုက်ဘဲ နေခဲ့တာကို

ပြန်ပြီး တုံ့ပြန်ခြင်းပင်။

ကျွန်တော် ကြိတ်ပြုံးလိုက်သည်။ အိတ်ကပ်ထဲမှ ငွေခြောက်ရာကို ထုတ်ယူလိုက်ပြီး သူမ၏ သူငယ်ချင်းကို လှမ်းပေးလိုက်ရင်းက . . .

"ဒီမှာ မင်းသူငယ်ချင်းကို ပေးလိုက်ပါ . . . နန်းကြီးသုပ်နှစ်ပွဲစာဘိုးလို့ . . . နောက်ပြီး ပြောလိုက်ပါဦး . . . ကိုယ့်ကို အဲလိုပုံစံမျိုးနဲ့ ရင်းနှီးအောင်လို့ လုပ်ယူလို့ မရဘူးဆိုတာ . . . သေချာ မြော်ဖြစ်အောင်ပြောလိုက်ပါ"

ပြောပြီးတာနဲ့ ကျွန်တော် ချက်ချင်းပဲ လှည့်ထွက်လာခဲ့တယ်။ အဲဒီမှာပဲ . . .

"ဟေ့ နေဦး"

နောက်ကနေ ဟန့်တားလိုက်တဲ့ သူမရဲ့အသံကို ကြားလိုက်ရတော့တယ်။ ဒါပေမယ့် ကျွန်တော့်ခြေလှမ်းတွေက ရပ်တန့်မသွားဘဲ ရှေ့ကို ဆက်လျှောက်နေမိတယ်။

ဒီတော့ . . .။

သူမ ထိုင်ရာကနေ ထပြီးတော့ ကျွန်တော့်နောက်ကို လိုက်လာတဲ့ အသံတွေကို ကြားလိုက်ရသည်။ သူ့သူငယ်ချင်းက သူမကို ဟန့်တားလိုက်သည့်အသံ၊ သူမကပြန်ပြောလိုက်သံတွေ





တဖျပ်ဖျပ်နှင့် လျှောက်လှမ်းလာသည့် ခြေသံက ကျွန်တော့်ရှေ့တည့်တည့်ကို ရောက်လာသဖြင့် ကျွန်တော်လည်း ခြေအစုံကို ရပ်ပစ်လိုက်ရသည်။ ပြီးတော့ စူးရှထက်မြက်သည့် အကြည့်တွေကို ကျွန်တော် ရင်ဆိုင်ကာ ပြန်ကြည့်လိုက်ပါ၏။

"မင်း ကိုယ့်ကို ဘာဆက်ပြောချင်သေးလို့လဲ"

အေးဆေးတည်ငြိမ်စွာပဲ ကျွန်တော် မေးလိုက်သည်။ သူမဟာ ကျွန်တော့်ကို ပိုမိုပြင်းရှခက်ထန်သည့် အကြည့်တွေနဲ့ ကြည့်နေဆဲ။ သူမရဲ့အကြည့်တွေက မီးစတစ်ခုလို ပူပြင်းလွန်းလှသည်ဟု ထင်လိုက်တဲ့အချိန်မှာ သူမဆီက စကားသံက ထွက်ပေါ်လို့လာခဲ့တော့၏။

"ရှင်ဟာ ကျွန်မထက်ပိုပြီး သိပ်မာနကြီးနေပါလား တိုနေဇလ"

"ဟုတ်လို့လားဗျာ"

ကျွန်တော့်အသံက ခပ်နွဲ့နွဲ့နဲ့ ခနဲ့သလို ဖြစ်လို့သွားရသည်။

"ရပါတယ် . . . ရှင်ဘယ်လောက်ထိ တင်းခံနိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့ ကိုနေဇလရယ်"

"မင်းလည်း ဇွဲရှိဖို့တော့ လိုလိမ့်မယ်နော်"

ကျွန်တော့်စကားအဆုံး သူမက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။ ပြီးမှ . . .

"သပ်ပ်စ်ရိုက် . . . သိပ်မှန်တဲ့စကားလေးပါရှင် . . . ကျွန်မ ဖွဲ့ရှိခဲ့မယ်ဆိုရင် ရှင်ဟာ ကျွန်မရဲ့ ခြေဖဝါးအောက်မှာ ပြားပြားဝပ်လာစေရမှာပေါ့နော်"

သူမဟာ ပြောပြီးတာနဲ့ အခန်းအပြင်ဘက်သို့ လှည့်ထွက်လို့သွားတော့တယ်။ ကျွန်တော် ပြန်ပြောဖို့အချိန်တောင် မရခဲ့ပါဘူး။

ဟွန်း . . .။

တော်တော့်ကို အတ္တကြီးတဲ့ မိန်းမဗျာ . . .။

သေစမ်း . . .။

လဲသေလိုက် . . .။

မင်းဟာ ငါနဲ့ ဘယ်တော့မှ မိတ်ဆွေ ဖြစ်မလာစေရဘူး မှတ် . . .။

❀ ❀ ❀ ❀ ❀





## အခန်း (၄)

ဒီနေ့ ရာသီဥတုအခြေအနေက သိပ်မကောင်းခဲ့။ [illegible]င်းမှိုင်းနဲ့ ဖြစ်လို့နေသည်။ မနေ့ညက တီဗီသတင်းတွင် [illegible]နိုင်ငံရှိ တနင်္သာရီကမ်းရိုးတန်း၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ [illegible]တီတိုင်းတို့အား ဖြတ်ပြီး မိုးထစ်ချုန်းရွာကာ ရခိုင်ကမ်းလွန် [illegible] အနောက်ဘက်သို့ ဆက်လက်ရွေ့လျားသွားနိုင်ကြောင်း [illegible]ည့် အထူးမိုးလေဝသသတင်းကို နားထောင်မိခဲ့သည်။

ထို့ကြောင့် ဒီနေ့မနက်တွင် ကောင်းကင်တစ်ခုလုံး အုံ့အုံ့

*ဆိုင်းဆိုင်းနှင့်* ဖြစ်နေသည့်အတွက်ကြောင့် ကျောင်းသွားရာတွင် *လိုလိုပိုပို ထီးကို ယူဆောင်လာခဲ့ရသည်။*

ကျွန်မထင်သည့်အတိုင်းပင် မိုးက ရွာလာပြီ။ ကျောင်းကိုပင် မရောက်သေး လမ်းတစ်ဝက်မှာပင် ရှိနေသေး၏။ ဖယ်ရီကားပေါ်တွင် ထီးပါမလာသည့် ကျောင်းသူကျောင်းသားတို့၏ အလိုမကျသံတွေက ညံစီဝေလို့နေကြ၏။ မိုးကို ကျိန်ဆဲလို့နေသည့် စကားသံများ။ မိုးရေကြောင့် အလှအပများ ပျက်စီးတော့မည်ဆိုသည့် စကားသံများ။

ကျွန်မ မကြားချင်ဘဲ ကြားနေရ၏။ တကယ် စိတ်ပျက်စရာပင်။ ကိုယ့်အပြစ်ကို ကိုယ်မသိ၊ မိုးကိုသာလျှင် ဖိ၍ အပြစ်တင် ကျိန်ဆဲလို့နေကြသည်။ မိုးကြိုးပစ်စရာရှိလျှင် အဲဒီလူတွေကိုသာ ပစ်ချစေချင်သည်ဟု ကျွန်မစိတ်ထဲ ဖြစ်ပေါ်မိခဲ့ပါသည်။

ဒီလိုနဲ့ ကျွန်မစီးလာသည့် ဖယ်ရီကားက ကျောင်းထဲက ဖယ်ရီကွင်းထဲသို့ ဝင်ရောက်လို့လာခဲ့ပါတော့တယ်။

ဒါပေမယ့် မိုးက မတိတ်သေးဘဲ ရွာမြဲရွာလျက် ရှိနေသေးတော့၏။ ကျွန်မ ကားပေါ်ကနေ ထီးဖွင့်ဆောင်းကာ ဆင်းလာခဲ့သည်။ ကားပေါ်တွင်တော့ ထီးမပါလာကြသည့် မလှချင်တို့က ပွစိပွစိနှင့် ကျန်ရစ်ခဲ့ကြတော့၏။





ကားဖယ်ရီကွင်းမှ ကျွန်မတစ်ယောက်တည်း လမ်း*လျှောက်လာခဲ့ရာမှ မိန်းလမ်းကြီးပေါ်သို့ ရောက်လာသည့်အခါ* သူငယ်ချင်းချောစုကို တွေ့လိုက်ရပါတယ်။

ချောစုသည် ကျွန်မအတွက် မရှိမဖြစ်သော သူငယ်ချင်းတစ်ယောက် ဖြစ်ခဲ့ပါ၏။ ကျွန်မတွင် သူငယ်ချင်းဆို၍ ချောစုတစ်ယောက်သာ ထားခဲ့ပါသည်။ ဘယ်သွားသွား ဘယ်လာလာ ချောစုနှင့်သာ သွားတတ်လာတတ်ပါသည်။ အကြောင်းအရာ အမှန်သမျှကိုလည်း ထိန်ချန်မထားဘဲ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်တတ်ကြသည်။

ထို့ကြောင့် ချောစုသည် ကျွန်မအတွက် သူငယ်ချင်းကောင်း တစ်ယောက်ဖြစ်ခဲ့ပါ၏။

ဟော ခု ချောစုကို တွေ့လိုက်ပြီ။

သူလည်း ထီးလေးဆောင်းလို့ပါလား။

"ချောစု"

ကျွန်မ လှမ်း၍ခေါ်လိုက်ပြီး သူ့ဆီ ခပ်သွက်သွက် လှမ်းလို့ သွားလိုက်ပါသည်။ သို့ပေမယ့် ထမီက မိုးရေတွေ စိုနေသဖြင့် ကပ်၍နေကာ တုတ်နေပြီး ခြေလှမ်းကို လှမ်းချင်တိုင်း လှမ်းလို့မရ ဖြစ်နေ၏။

ချောစုက လှည့်ကြည့်ပြီး . . .

"ဟဲ ဖြေးဖြေးလာ ချော်လဲဦးမယ်"

"အေးပါဟဲ့"

ကျွန်မက ချောစုဆီသို့ မှန်မှန်လျှောက်သွားသလို ချော ကလည်း ကျွန်မကို ရပ်၍စောင့်နေလိုက်တယ်။ မိုးကလည် ရွာကောင်းတုန်းဖြစ်လေသည်။

"တစ်ခါမှ ထီးမယူလာတဲ့မိန်းမ . . ခုမှ ဘာစိတ်က ပေါက်ပြီး ယူလာတာလဲ"

သူ့အနားရောက်တယ်ဆိုရင်ပဲ ချောစုက ဆီးပြ ပြောလိုက်တဲ့အခါ ကျွန်မကလည်း . . .

"ကောင်မ . . နင်ကရော ဘာလို့ယူလာတာလဲ"

"ငါ့အဖေ ယူခိုင်းလို့ပေါ့ . . . ညက တီဗီသတင် ကြည့်ရင်း အထူးမိုးလေဝသသတင်း ပါလာလို့တဲ့လေ . . . ဒါ ငါယူလာခဲ့တာပေါ့"

"အဲဒီသတင်းကို ငါကိုယ်တိုင်ကြားလို့ ယူလာတ သိလား"

ကျွန်မက ဂုဏ်ယူဝင့်ကြွားစွာနဲ့ ပြောလိုက်သည်။

"အံမယ် တယ်ဟုတ်ပါလား"





ချောစုက ကျွန်မကို နည်းနည်း အထင်ကြီးသွားသလား မသိ။ ဒီလိုနဲ့ ကျွန်မတို့နှစ်ယောက်သား မိုးရွာထဲမှာ ထီးလေးတွေ ကိုယ်စီဆောင်းလို့ လျှောက်လှမ်းလို့လာခဲ့ကြသည်။ ရေစီး ကြောင်းလေးတွေတွေ့တိုင်း၊ ရေအိုင်ငယ်လေးတွေကိုတွေ့တိုင်း ကျွန်မနဲ့ ချောစုတို့က ခြေထောက်နဲ့ ဆော့ကြတာ အရာ အားလုံးကို မေ့လို့ ပျော်လိုက်ကြတာ ငယ်ရွယ်စဉ် ကလေး ဘဝက အတိုင်းဖြစ်သည်။

"ဟယ် ခင်မျိုး . . ခင်မျိုး"

ကျွန်မတို့နှစ်ယောက် လမ်းအတူလျှောက်ရင်း ဆော့ရင်းနဲ့နေတုန်း ချောစုက အလန့်တကြား ခေါ်လိုက်သဖြင့် ကျွန်မရင်ထဲ ဒိတ်ခနဲ ဖြစ်လို့သွားခဲ့ရသည်။

"ဟင် ဘာလဲ . . ဘာလဲ"

ကျွန်မလည်း ချောစုကိုကြည့်ရင်းနဲ့ မေးလိုက်တယ်။

"ဟိုမှာ . . ဟိုမှာ . . ကြည့်စမ်း . . ကြည့်စမ်း"

ချောစုက တစ်နေရာသို့ လက်ညှိုးထိုးပြလိုက်ရာ ကျွန်မလည်း ကြည့်လိုက်မိသည်။

"ဟင်"

ကျွန်မ နေဗလကို တွေ့လိုက်ရတော့၏။

သူသည် လမ်းဘေးရှိ မလေးရှားပိတောက်ပင် တစ်ပင်အောက်တွင် မတ်တပ်ရပ်လျက်သားကို တွေ့လိုက်ရတော့သည်။ ထီးမပါ၍ မိုးခိုနေသည်နှင့်တူ၏။

သူက စာအုပ်ဖိုင်လေးကို ရင်ခွင်ထဲတွင်ပိုက်ပြီး ငြိမ်၍ ရပ်ကာနေလျက်ပင်။ ယောကျ်ားလေးအများစုသည် ဘယ်သွားသွား ဘယ်လာလာ ထီးယူသွားရမည်ကိုတော့ အတော့်ကို ပျင်းရှာကြသည် မဟုတ်လား။

ကျွန်မခြေလှမ်းတွေ နှေးကွေးသွားသည်။ ကျွန်မတို့ရဲ့ အော်ဟစ်ဆူညံသံတွေ ဆိတ်သုန်းသွားသည်။

ချောစုက ကျွန်မကို ဘာလုပ်မလဲဆိုသည့် သဘောဖြင့် မေးထိုးပြသည်။ ကျွန်မလည်း စဉ်းစားလိုက်တယ်။ ဘယ်လို အစီအစဉ်တစ်ခု လုပ်ရင် ကောင်းမလဲလို့ စဉ်းစားမိသည်။

နေဗလဆိုသည့်လူက ကျွန်မတို့နှစ်ယောက်ကို မမြင်ပါ။ ကျွန်မတို့ကသာ သူ့ကို အရင်စတွေ့လိုက်ခြင်းပင်။

ထိုစဉ် ကျွန်မတို့အခန်းထဲက ကောင်လေးတစ်ယောက် ကျွန်မတို့အနီးသို့ ရောက်လာ၏။ ထူးထူးခြားခြားပင် ထိုကောင်လေးက ထီးဆောင်း၍လာခဲ့သည်။ ကျွန်မက . . .

"ဟေ့ ဟေ့ . . ဒီမှာ ဒီမှာ . . "





ကျွန်မ မတိုးမကျယ်လေး လှမ်းခေါ်လိုက်ပါတယ်။ ကောင်လေးက ကျွန်မဘက်ကို လှမ်းကြည့်လိုက်ပြီး သူ့ခြေလှမ်းတွေကို ရပ်ပစ်လိုက်၏။

"တို့ကို တစ်ခုကူညီမလား"

ကျွန်မက ပြုံးချိုချိုလေးနဲ့ ခပ်မူမူ ခပ်နွဲ့နွဲ့ လေသံလေးဖြင့် ပြောလိုက်ရာ . . .

"အင်း ပြောလေ . . . ဘာကူညီရမလဲ"

တစ်ခွန်းမပြောရပါ။ ကောင်လေးမျက်နှာ ချိုအီလို့ သွားတော့သည်။ သဘောလည်း အလွန်ကောင်းသွားခဲ့သည်။ ဒါသည် Queen နှစ်နှစ်ဆက်တိုက် ရထားသော ခင်မျိုးမြင့်မြတ်ရဲ့ အလှတရားအောက်မှာ နစ်မြုပ်သွားသည့် သူတစ်ယောက်ပင်။

ကျွန်မက ခပ်လှမ်းလှမ်းရှိ မလေးရှားပိတောက်ပင်အောက်တွင် ရပ်နေသော နေဗလဆီသို့ လက်ညှိုးထိုးပြပြီး . .

"သူ့ဆီကိုသွားပြီး ဟောဒီထီးလေး သွားပေးစမ်းပါ"

ကောင်လေး သိပ်သွားချင်ပုံမပေါ်။

"ပေးဖြစ်အောင် ပေးလိုက်စမ်းပါ . . . ရှင့်ကို ဒီမနက် ဘန်တင်းမှာ ကျွန်မနဲ့ နှစ်ယောက်တည်းပဲ ဧည့်ဝတ်ပြုပါ့မယ်"

ဒီလိုပြောတော့ ကောင်လေး ပျော်သွားသည်။ ဒီလို

အခွင့်အရေးမှာတ ကျွန်မဆီက ရခဲ့ဖို့ဆိုတာ လွယ်တာမှမဟုတ်။ ဘာမှ မတုတ်ပေမယ့် သူတို့အတွက်တော့ လူအထင်ကြီးခံရတာ နည်းတဲ့ကုသိုလ်လား။

"ဒါဆို ပေးလေ . . . ကျွန်တော် သွားပေးမယ်"

ကျွန်မလက်ထဲက ထီးလေးကို ထိုကောင်လေးအား ပေးလိုက်ရင်း . . .

"သူ့လက်ထဲ ရောက်အောင်ပေးနော် . . . ဘယ်သူ ပေးတာလဲမေးရင် စာသင်ခန်းထဲက ကောင်မလေးတစ်ယောက် ပေးခိုင်းတာလို့ပြောလိုက် . . . ပြီးရင် ရှင့်ကို ကန်တင်းကနေ ကျွန်မ စောင့်နေမယ် . . . ဟုတ်ပြီလား"

"အိုကေ"

ကောင်လေးကို ကျွန်မရဲ့ထီး ပေးလိုက်ပြီး ကျွန်မက ချောစုရဲ့ထီးထဲ ဝင်ခိုလိုက်သည်။ ထွက်သွားသည့်ကောင်လေးရဲ့ ကျောပြင်ကိုကြည့်ပြီး . . .

"လာ ချောစု . . . ကန်တင်းသွားကြမယ်"

ကျွန်မနဲ့ ချောစုတို့နှစ်ယောက် မိုးရွာထဲ ထီးအတူ ဆောင်းပြီး ကန်တင်းဘက်သို့ ခြေလှမ်းလိုက်ကြပါသည်။

ကန်တင်းကို ရောက်တယ်ဆိုရင်ပဲ စားချင်တာတွေ





ာလို့ စားကြပြီး ချောစုနဲ့ တွေ့ရာလေးပါး စကားပြောလို့ မကြာ ခင်မှာ နေဇလကို ထီးသွားပေးခိုင်းတဲ့ ကောင်လေး ရောက်လာ ါတော့တယ်။

ကျွန်မလည်း ကတိအတိုင်း သူ့ကို ကြိုက်တာမှာစား ခိုင်းပြီး ညှော်ခံလိုက်ရတာပေါ့။ သူမျက်နှာကတော့ ပြုံးလို့ ပျော်လို့ ပေါ့လို့။ သူကလည်း သူ့ကိုယ်သူ မိတ်ဆက်သေး၏။ ဘာတဲ့ ာမည်က . . .

ဩော် . . အောင်ကျော်ထွန်းတဲ့။

"သူ ဘာပြောသေးလဲဟင်"

ကျွန်မ သိချင်တာလေးကို သူ့အား မေးလိုက်ရာ . . .

"ဟာ အဲဒီလူက အူကြောင်ကြောင်နဲ့ဗျာ . . . ကျောင်းသားမှဟုတ်ရဲ့လား"

"ဘာဖြစ်လို့လဲရှင့်"

ချောစုက သိချင်လာသဖြင့် မေးလိုက်ပါတယ်။ ကျွန်မ ာလည်း သူ့အဖြေကို မျှော်လင့်စွာ နားထောင်ချင်မိသွားသည်။

"ဘာဖြစ်ရမလဲဗျာ . . . ဒီထီးကို ဘယ်သူပေးခိုင်း ာလဲ . . . ကျုပ်မှာ အသိမိန်းကလေးမရှိဘူး . . . ခင်ဗျား သူမှားနေပြီ . . . ကျုပ်မယူနိုင်ဘူး . . . ပြန်ပေးလိုက်ပါ . . .

တော်တော်ရစ်တဲ့လူ တကယ်ပဲ အံ့ရော"

"ဒါဆို ရှင်က ဘယ်လိုပြန်ပြောပြီး ထွက်လာခဲ့လဲဟင်"

ကျွန်မက သူ့ကို ထပ်၍မေးလိုက်သည်။

"အတန်းထဲက မိန်းကလေးတစ်ယောက်က ခင်ဗျားကို ကြည့်ပြီး ကိုယ်ချင်းစာလို့ ပေးခိုင်းလိုက်တာ . . . ခင်ဗျား မယူရင်လည်း ကျုပ် ထားရမှာပဲဆိုပြီး သူ့လက်ထဲ ထီးထိုးထည့်ပေးပြီး ဒီကို ထွက်လာခဲ့တာပဲ"

ကျွန်မ ပြုံးလိုက်မိပါသည်။ ထိုပုဂ္ဂိုလ်လေး၏ လုပ်ရပ်ကြောင့် နေဗလဆိုတဲ့လူ တော်တော် ဦးနှောက်စားသွားတော့မည်ကို ကျွန်မ တွေးလိုက်မိတော့သည်။

အဲဒီအချိန်မှာပဲ ကျွန်မတို့ထိုင်နေတဲ့ ကန်တင်းထဲကို နေဗလ ဝင်ရောက်လာခဲ့ပါသည်။ သူ့တစ်ကိုယ်လုံး ရွဲရွဲစိုလို့နေသည်။ သူ့လက်ထဲတွင်လည်း ကျွန်မရဲ့ထီးကို ဆုပ်ကိုင်လို့ထား၏။ သူ့မျက်နှာကလည်း ရှုတည်တည် အောက်သိုးသိုးနဲ့ ကြည့်လို့နေလေ၏။

ကေန္တ သူ ကျွန်မရဲ့ထီးကို ဖွင့်ဆောင်းလာဟန် မတူချေ။ သူဟာ ကျွန်မတို့စားပွဲဝိုင်းဆီသို့ တန်းတန်းမတ်မတ်ကို လာနေတာပါ။





အစောကတည်းက သူဟာ ကျွန်မတို့ကို မြင်ထားပြီးပါလိမ့်မယ်။ ကျွန်မတို့ဝိုင်းကို ရောက်လာခဲ့တယ်ဆိုရင်ပဲ အကြည့်ဆိုးဆိုးလေးနဲ့ ကျွန်မကို စူးစိုက်ကြည့်လို့နေပါတော့သည်။

ထိုင်လည်းမထိုင်၊ ဒီအတိုင်း မတ်တပ်ရပ်လို့ နေပါတယ်။ ကျွန်မကလည်း သူ့ကို ခပ်ရဲရဲလေးပဲ ပြန်ကြည့်နေလိုက်တယ်။

ပြေလေ . . .။ ရှင်ဘာပြောချင်လည်း . . .။

ကျွန်မ စိတ်ထဲကနေ သူ့ကို ပြောနေမိလိုက်သည်။

နောက်တော့ နေဗလရဲ့ အကြည့်တွေက ကျွန်မဆီကနေ အောင်ကျော်ထွန်းဆိုတဲ့ ကောင်လေးဆီကို ရောက်သွားပြန်သည်။

အောင်ကျော်ထွန်းဆိုတဲ့လူက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် သူ့ကို လှည့်၍မကြည့်ဘဲ စားစရာရှိတာကို ဆက်၍ စားနေလိုက်၏။

"ဒီမှာ . . ဟေ့လူ"

လေသံက ခက်ထန်မောက်မာလို့သွားရာ နေဗလကို အောင်ကျော်ထွန်း မော့ကြည့်လိုက်သည်။

"ခင်ဗျား ယူလာပေးတဲ့ ထီးကို ခင်ဗျား ပြန်ပေးလိုက်၊

နောက်ပြီး အဲဒီမိန်းကလေးကို ပြောလိုက်ပါ . . . ကျုပ်ဟာ သနားစရာ သတ္တဝါတစ်ကောင် မဟုတ်ဘူးလို့ . . . အဲဒီလို မမြင်ကွယ်ရာကနေ မိန်းမနောက်ပိုး ဘယ်တော့မှ မလုပ်ပါနဲ့လို့ ပြောလိုက်စမ်းပါ"

"ဘာ"

သူ့စကားအဆုံးမှ ကျွန်မနှုတ်က အသံထွက်လာရင်း ဆတ်ခနဲပဲ ထိုင်နေရာမှ ထလိုက်မိတော့သည်။ သူ့ကို ကြည့်နေလိုက်တဲ့ အကြည့်ကလည်း မီးတောက်တစ်ခုထက် ပိုပြီး ပူလောင်လွန်းလှနေတယ်လို့လည်း ထင်မိလိုက်ပါသည်။

"ဒီမှာ ကိုနေဗလ . . . ရှင်က ကျွန်မကို မိန်းမနောက်ပိုးလို့ ထင်နေတယ်ပေါ့လေ . . . ဟင်း ကျွန်မကို ရှင်က စကားတွေပြောလာအောင်၊ သူငယ်ချင်းမိတ်ဆွေတစ်ယောက်လို ခင်မင်လာအောင်လို့ ကျွန်မ အမျိုးမျိုးလုပ်ကြည့်တာ . . . ဒါကို ရှင်က ကျွန်မကို မိန်းမနောက်ပိုးလို့ ပြောလိုက်တယ် . . . ကောင်းပြီ ရှင်ပြောတဲ့အတိုင်း ကျွန်မဟာ မိန်းမနောက်ပိုးလို့ပဲ ထားလိုက်ပါတော့"

ကျွန်မ ပြောရင်းနဲ့ မျက်ရည်များ ဝေ့သီလို့ လာပါတော့တယ်။





ဒါပေမယ့် မျက်ရည်များ ဖိတ်စင်မကျလာအောင်လို့ ထိန်းထားလိုက်ရသည်။ ပြီးတော့မှ ပြောစရာရှိသည့် စကားတွေကို ဆက်၍ ပြောလိုက်ရ၏။

"အဲဒီ မိန်းမနောက်ပိုးဆိုတဲ့ ကျွန်မဟာ တစ်နေ့ ရှင့်ရဲ့ အမျိုးဂုဏ် သိက္ခာတရားတွေကို မရ အရ တစ်စစီ တစ်မှုန့်စီ ဖြစ်လာအောင် ကျွန်မလုပ်ပြမယ်ဆိုတာ ရှင့်ရဲ့ခေါင်းထဲမှာ မြဲမြဲ မှတ်ထားလိုက်ပါ ကိုနေဗလ"

သူဟာ ကျွန်မရဲ့စကားတွေကို ဆုံးအောင်နားထောင်ပြီးတော့ ခနဲ့တဲ့တဲ့အပြုံးလေးတစ်ခုကို ဖန်ဘီးကာ ပြုံးလိုက်ပါတော့တယ်။

"ကောင်းပါပြီ . . . မင်းရဲ့စကားတွေကို ကိုယ် ကောင်းကောင်းမှတ်ထားပါ့မယ်လေ . . မင်းသာ မင်းအပြောနဲ့ မင်းညီအောင် လုပ်နိုင်ပါစေလို့ ကိုယ် ဆုတောင်းပေးလိုက်ပါ့မယ် ခင်မျိုးမြင့်မြတ်"

စကားလည်းပြောအဆုံး ချာကနဲပဲ ကျွန်မတို့ အနားကနေ သူဟာ လှည့်ထွက်လို့သွားပါတော့တယ်။

"တောက်"

ကျွန်မရင်ထဲ ဒေါသတွေ အလိပ်လိုက်ကို တက်လာခဲ့ရ

တယ်လေ။ ကျွန်မကို မိန်းမနောက်ပိုးဆိုတဲ့ စကားကိုတော့ အော့နှလုံးနာမိပါရဲ့ရှင်။

အဲဒီနေ့က သူ ကျောင်းမတက်ဘဲ ပြန်သွားခဲ့၏။ တစ်နေ့လုံး ကျွန်မ Class ထဲမှာ ဒေါသနဲ့ နပန်းလုံးနေရတယ်။ ကျောင်းကအပြန် အိမ်ရောက်တဲ့အထိကို ကျွန်မ ခံစားနေရတယ်။ ကျွန်မ သူ့ကို ဘယ်တော့မှ မေ့လို့ရတော့မှာ မဟုတ်တော့ပါဘူးရှင် . . . ။

❀ ❀ ❀ ❀ ❀





## အခန်း (၅)

တအုံနွေးနွေးဆိုသည့် စကားက သိပ်ကို မှန်ပေသည်။ ထိုနေ့က ကျောင်းကနေ ပြန်ရောက်ကတည်းက နေမထိ‌ထိုင်မထိ ဖြစ်ခဲ့ရပါတယ်။ ခင်မျိုးမြင့်မြတ်ဆိုသည့် မိန်းမတစ်ဦးရဲ့ လုပ်ရပ်ကြောင့် ကျွန်တော် ကျောင်းမတက်ဖြစ်ခဲ။ အိမ်ကို ပြန်ခဲ့ရသည် ပေါ့တော်လား။

ကျွန်တော်က အအေးဓာတ်ကို မခံနိုင်ပါ။ မကြာခဏ အအေးပတ်တတ်သည်။ အိမ်မှ ရေချိုးလျှင်လည်း ကြာကြာ

ရေချိုးလို့မရ။ ကြာသွားသည်နှင့် နှာစေး ချောင်းဆိုး ဖြစ်တော့၏။

အဲဒီနေ့က သတိလစ်ပြီး ထီးမေ့ကျန်ခဲ့သည်။ ညက တီဗီသတင်းတွင် မိုးလေဝသသတင်းတစ်ခု ပါလာသဖြင့် ကျွန်တော့်အဘွားတော်က ကျွန်တော့်ကို ကျောင်းသွားလျှင် ထီး ယူသွားဖို့ရန်နှင့် မိုးကာအင်္ကျီဝတ်သွားရန် အတန်တန် မှာကြား ခဲ့ပါတယ်။ ကျွန်တော်လည်း အတန်တန်ခေါင်းညိတ်ခဲ့ရပါတယ်။

သို့ပေမယ့် အတန်တန်ပင် ထီးရော၊ မိုးကာအင်္ကျီပါ မေ့လို့သွားခဲ့ပါတော့သည်။ ဒါကြောင့် ကျောင်းကိုရောက်တော့ မိုးက မမျှော်လင့်ဘဲ ရွာချလိုက်စဉ် နီးရာသစ်ပင်တစ်ပင် အောက်သို့ ဝင်ခိုလှုံရတော့တယ်။

အဲဒီမှာ ဇာတ်လမ်းက စတော့တာ။ ကျွန်တော့်တို့ Class ထဲက လူတစ်ယောက် ထီးလေးတစ်ချောင်း လာပေး တယ်။ အတန်းထဲက ကောင်မလေးတစ်ယောက်က ပေးခိုင်းတာတဲ့။ ကျွန်တော်က မယူသေးဘဲ သူ့ကို ငေးကြည့် မိလိုက်သေးသည်။

ဒီတော့ သူက . . .

"ဟော့လူ . . ရော့ . . ယူထားလိုက်စမ်းပါ"

ဆိုပြီး ကျွန်တော့်လက်ထဲ အတင်းပဲ ထည့်ပေး





တော့တယ်။ နောက်ပြီး သူကပြောသေးတယ်။

"ခင်ဗျား သိပ်ကံကောင်းတာပဲ . . . Queen Lady ရဲ့ အရေးပေးမှုကိုခံရတာ သိပ်ကုသိုလ်ထူးတယ်ဗျ"

ပြောပြီးတာနဲ့ သူဟာ ချာခနဲ လှည့်ထွက်သွား တော့သည်။

"ဟော့လူ . . . ဟော့လူ . . ."

ကျွန်တော်က ခေါ်သော်လည်း သူက ယောင်လို့တောင် ကျွန်တော့်ဘက်ကို လှည့်မကြည့်တော့ဘဲ ကန်တင်းဘက်သို့ ဆက်လျှောက်သွားလိုက်သည်။

ဗြုန်းခနဲဆို ကျွန်တော် ဘယ်သူဘယ်ဝါ ပေးခိုင်းတယ် ဆိုတာ စဉ်းစားရခက်သွားတယ်။ နောက်တော့ Queen Lady ဆိုမှ ခင်မျိုးမြင့်မြတ်ကို သိလိုက်တာ။ သိသိချင်းပဲ ကျွန်တော် ကန်တင်းဘက်ကို လိုက်သွားခဲ့တယ်။ သူ့ရဲ့ထီးကိုလည်း ကျွန်တော် ဖွင့်မဆောင်းတော့ဘူး။

ဒါသည် ကျွန်တော့်ကို တိုက်ကွက်တစ်ခုအနေနဲ့ အသုံး ပြုလိုက်မှန်း သိလိုက်သည်။ ကျွန်တော် မချိပြုံးလေး ပြုံးလိုက် ပါတယ်။

တွေ့မယ် . . .။ ဒီလိုအချိုးမျိုးနဲ့ ကျွန်တော့်ဆီက ခင်မင်

မှုတွေ၊ နောက်တော့ သံယောဇဉ်တွေ၊ မေတ္တာတွေ၊ အတုံးလိုက် အတစ်လိုက် ရယူပြီး နင်းချေဖျက်ဆီးမယ်ဆိုတာ သိပြီးသား။

အလကားမိန်းမ . . . ။

အကြောင်းမရှိအကြောင်းရှာလို့ မိန်းမနောက်ပိုးမှန်း သိသာလိုက်တာ။ ဒင်းမရှက်ဘူးလား ဟွန်း . . . ။

ကျွန်တော်က မနေ့ကအဖြစ်တွေကို ပြန်တွေးမိရင်း ခင်မျိုးမြင့်မြတ်ရဲ့ ပုံရိပ်တွေကို မြင်ယောင်နေမိလိုက်ပါသည်။

ဒီနေ့ . . . ။

ကျောင်းကိုတက်တော့ အိမ်ကကားနဲ့ စီးလာခဲ့တယ်။ မနေ့က မိုးမိခဲ့တဲ့အဖြစ်ကိုကြည့်ပြီး ဘွားတော်ကြီးက အချိန်ပြည့် မြည်တွန်တောက်တီးနေတော့တယ်။ မိုးကြောင့် နှာစေးလို့ နေရပြီ။ ဒီကြားထဲ အဖေနဲ့အမေအပြင် ဒေါ်လေးကတောင် ဆူပူပွမ်လို့ နားငြီးနေရသည်လေ။

ဒါကြောင့် ကျွန်တော့်ကို ဒီနေ့မှာတော့ အိမ်ကကားနဲ့ ကျောင်းကို လိုက်ပို့ခဲ့ကြသည်။ ကျွန်တော် ကျောင်းကို ကားနဲ့ တစ်ခါမှ မသွားဖူးဘူး။

အင်း ဒီနေ့တော့ . . . ။ မတတ်နိုင်ဘူး . . . ။ အိမ်ကဘွားတော်ကြီးရဲ့ တစ်သံတစ်မိန့်ကြောင့်။





နောက်တစ်ခုက ကိုယ်ကလည်း အအေးပတ်လို့ နေသည်က တစ်ကြောင်းကြောင့် ငြင်းလို့မရနိုင်တဲ့ အခြေအနေတွေက ဖန်တီးဖြစ်ပေါ်လာခဲ့ရှာတဲ့အတွက် အိမ်ကကားနှင့် ကျောင်းသို့ လာခဲ့ရခြင်း ဖြစ်ပေတော့သည်။

စိတ်ညစ်စိတ်အိုက်နေသည့် အနေအထားနှင့် အတွေးပေါင်းစုံတို့ကို ရှုပ်ယှက်ခတ်ကာတွေးရင်း စီးလာရာမှ ကျောင်းဝရဂုဏ်အပြင်လမ်း၏ တစ်နေရာအရောက်မှာတော့ . . . ။

ကျောပိုးအိတ်လွယ်ထားသည့် ကောင်မလေးတစ်ယောက်ကို ကောင်လေးနှစ်ယောက်က ဘေးတစ်ဖက်တစ်ချက်ဆီကနေ လိုက်စကားပြောနေရင်းမှ ဆွဲလားရမ်းလား လုပ်နေတာကို ကားထဲကနေ ကျွန်တော်လှမ်း၍ မြင်လိုက်ပါသည်။

"မောင်ဗလရေ . . . တူမောင်တို့ ကျောင်းသားတွေပဲလား မသိဘူး"

ကားမောင်းတဲ့ ဦးထူးက ကျွန်တော့်ကို ပြောလိုက်ရာ ကျွန်တော်လည်း သူတို့ကို သေချာကြည့်လိုက်သည်။

ကောင်မလေးက ကျောင်းသူလေးဖြစ်ဖို့များသည်။ ကျောပိုးအိတ်လေးကို လွယ်၍ထား၏။ ကောင်လေးနှစ်ယောက်

ကတော့ ကျောင်းသားပုံစံမပေါက်၊ ဂျင်းဘောင်းဘီကျပ်ကျပ် လူက ရှူနာရှိုက်ကုန်းတွေပုံစံနဲ့။ ဆေးသမားတွေလား မသိပါ

ကြည့်ရတာ အခြေအနေတွေက သိပ်မကောင်း။ လူငယ်တွေရဲ့ သဘောသဘာဝအရ နောက်ကလိုက်၍ စကား ပြောတာ ကြောင်နေသည့်ပုံစံ မဟုတ်တော့ပါ။

လုယက်မည့် အနေအထားသို့ ရောက်နေသည်။ အခြေ အနေက သိပ်မဟန်တော့။

"မောင်ဗလ . . . ဦးထူး ကောင်မလေးကို တင်ခေါ် သွားရမလား"

ကျွန်တော့်ကို ခွင့်တောင်းနေသည့် ဦးထူးက ကောင် မလေးကို ကျောင်းထဲသို့ ကားပေါ်တင်ခေါ်သွားချင်နေမှန်း သိသည်။ ကျွန်တော်ကလည်း ကိုယ့်ကျောင်းက ကျောင်းသူလေး တစ်ယောက်ရဲ့ ဒုက္ခကို မတွေ့ချင်မမြင်ချင်။ ကယ်တင်ချင် နေသည့် စိတ်ဆလေးက ရင်ထဲ ပေါက်ဖွားလို့လာတော့ ဦးထူးကို အလွယ်တကူပင် ခွင့်ပြုလိုက်သည်။

"ကျောင်းသားချင်း ကူညီရတာပေါ့ . . . တင်ခေါ် သွားလိုက်ပါ ဦးထူးရာ"

ကျွန်တော်လည်းပြောပြီး ခဏအကြာမှာ ကားကို သူတို့





အနီးတွင် ထိုးရပ်လိုက်၏။

"ဟေ့ ကလေးမလေး လာ လာ ကားပေါ်တက်"

ဦးထူးက ကားရပ်ရပ်ချင်းပင် ကောင်မလေးကို လှမ်း၍ ခေါ်လိုက်သည်။

အဲဒီအခါမှာ ကျောင်သူကောင်မလေးက ခပ်မြန်မြန် ဆန်ဆန်ပင် ကားရဲ့ နောက်ခန်းတံခါးကို ဖွင့်ကာ ဝင်ထိုင် လိုက်သည်။ ကျွန်တော်က သူမကို သေချာစွာမကြည့်ဘဲ ကောင်လေးနှစ်ယောက်ကို ကြည့်မိနေလိုက်သည်။

ကောင်လေးနှစ်ယောက်က သိပ်ကျေနပ်ပုံမပေါ်။ မျက်တည် အောက်သိုးသိုးနှင့် ကျွန်တော့်ကားကို ကြည့်နေ တယ်။

အဲဒီအချိန်မှာပဲ ဦးထူးက ကားကို မောင်းထွက်လို့ လာခဲ့တော့သည်။ ကျန်ခဲ့တဲ့ ကောင်လေးနှစ်ယောက်အနက် တစ်ယောက်က ကျွန်တော့်ကားကိုကြည့်ပြီး ခါးကော့ပြကာ ခွေယ်မရာလုပ်ပြတာကို ကားရဲ့ နောက်ကြည့်မှန်မှတဆင့် တွေ့လိုက်ရပါသည်။

"ကလေးမက ကျောင်းထဲကိုပဲ သွားမှလား"

"ဟုတ်ကဲ့ ဦး"

ဒီတော့မှ ကျွန်တော်ဟာ ကောင်မလေးရဲ့ မျက်နှာကို သေချာကြည့်မိပါတော့သည်။

ဟာ . . . ။

လုံးဝကို ထင်မထားခဲ့သည့်သူ . . . ။

မျှော်လင့်မထားခဲ့သည့် အဖြစ်အပျက်လေးက မျှော်လင့်မထားခဲ့သည့် သူတစ်ယောက် ဖြစ်နေသည့်အတွက် ကျွန်တော် မင်သက်အံ့ဩသွားရတော့တယ်။

သူကတော့ . . . ။

မခင်မျိုးမြင့်မြတ်ရယ်ပါ . . . ။

သူမကို တွေ့လိုက်တယ်ဆိုရင်ပဲ ခုနက ဖြစ်ခဲ့သည့် အဖြစ်တလေးသည် တကယ်အမှန် ဖြစ်ခဲ့တာလား။ လုပ်ဇာတ်ခင်းခဲ့တာလားဆိုတာ ကျွန်တော် စဉ်းစားလိုက်ရသည်။

"ရှင် ကျွန်မကို သံသယမျက်လုံးတွေနဲ့ မကြည့်ပါနဲ့ ကိုနေဗလ . . . ကျွန်မ အိမ်ကကား လမ်းမှာပျက်သွားလို့ ဒေါသဖြစ်ဖြစ်နဲ့ ကားပေါ်ကဆင်းပြီး လျှောက်လာခဲ့တာ . . . ခုနကဖြစ်တဲ့နေရာ မရောက်ခင်မှာ ကားတစ်စီးပျက်ပြီး ရပ်ထားတာ မတွေ့ဘူးလား"

ဟုတ်၏။ ကျွန်တော် သတိထားမိလိုက်သည်။ (





ကားတစ်စီး လမ်းဘေးထိုးရပ်ပြီး လူတစ်ယောက်က ကားစက်ခေါင်းဖွင့်ကာ ဟိုနှိုက်သည်နှိုက် လုပ်နေတာကို တွေ့လိုက်ရ၏။

သည်တစ်ခါ သူမပြောတာတွေက အမှန်။ ဒါပေမယ့် ဒီကိစ္စနဲ့ဝတ်သက်ပြီး နောက်ကြောင်းမှာ ခင်မင်မှုတွေ၊ ကျေးဇူးတင်မှုတွေ၊ အားနာမှုတွေနဲ့ လုံးချာလည်လိုက်ပြီး မိတ်ဆွေဖြစ်သွားနိုင်သည်။ သူငယ်ချင်းအဖြစ် ဒွန်တွဲသွားနိုင်သည်။

ဤလိုအဖြစ်မျိုးကိုတော့ ကျွန်တော် အဖြစ်မခံနိုင်ပါ။ သူမနှင့်ကျွန်တော် ခင်မင်မှုမျိုး ဘယ်တော့မှ မဖြစ်စေချင်။ ကားကလည်း ကျောင်းဝင်းထဲသို့ ရောက်လို့သွားခဲ့ပြီ။

ဒီတော့ . . . ။

"ဦးထူး ရပြီး ရပ်တော့"

ဦးထူးက ကားလေးကို လမ်းဘေးသို့ချကာ ရပ်လိုက်တယ်။ ကျွန်တော်က ကားရှေ့ခန်းကနေ ဆင်းလိုက်တယ်။ ပြီးတော့ နောက်ဘက်သို့လျှောက်ပြီး ကားနောက်ခန်းတံခါးကို ဆွဲဖွင့်လိုက်ရင်း . . .

"ကဲ ဒီကနေပဲ ဆင်းလိုက်ပါ မခင်မျိုးမြင့်မြတ် . . . အခုဖြစ်လာခဲ့တဲ့ ကိစ္စအားလုံးကို ကျေးဇူးမတင်ပါနဲ့ . . . အားနားကို မေ့ထားလိုက်ကြရအောင် . . . ခင်ဗျားကိုလည်း

ကျွန်တော် မသိသလိုဘဲနေမယ် . . . ခင်ဗျားကလည်း ကျွန်တော့်ကို မသိသလိုဘဲနေပါ”

“အဲဒီလိုဆိုရင် ကျွန်မကို ကျီးထိုးထိုး လောက်ထိုးထိုး မခေါ်ပါနဲ့လား . . . ပစ်ထားလိုက်ပေါ့ရှင် . . . ဘာလို့ ကားပေါ်တင်ခေါ်လာရတာလဲ”

“ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက အပုပ်ကောင်မှ မဟုတ်သေးတာပဲ . . . ဒါကြောင့် ကားပေါ်တင်ခေါ်လာရတာ ပေါ့ဗျာ”

“ကောင်းပြီလေ . . . ရှင်ပြောတဲ့အတိုင်း နေရမှာပေါ့ ဟုတ်ဖူးလား . . . ဩော် ဒါနဲ့ ကျွန်မစကားကိုတော့ မေ့မထားနဲ့ဦးနော်”

ကျွန်တော် ဇဝေဇဝါဖြစ်သွားသည်။ သူမပြောထားသည့် စကားက ဘာစကားပါလိမ့်။

“ဩော် ရှင်ကလည်း မေ့တတ်လိုက်တာနော် . . . ရှင့်ဆီက ခင်မင်မှုကိုရအောင် ယူမယ်လို့ ကျွန်မ ပြောထားခဲ့တာ မေ့နေပြီလား”

အပြုံးကလေးတစ်ချက် လှစ်ကနဲပေးပြီး ကျောခိုင်းလို့ ထွက်သွားလိုက်တဲ့ သူမရဲ့ ကျောပြင်ကိုကြည့်ပြီး ကျွန်တော်





သိပ်ခဲတည်းလည်းနဲ့ ကျန်ခဲ့ပါတော့သည်။

ဟင်း . . .။

ကျွန်တော် မကျေမချမ်းနဲ့ ဖြစ်လို့လည်း သွားခဲ့ပါတယ်။

❀❀❀❀❀



## အခန်း (၆)

"ဟယ် ဟုတ်လား"

ချောစု အံ့ဩစွာနဲ့ ကျွန်မကို ကြည့်နေလိုက်သည်မှာ အကြာကြီးပင်။ ကျွန်မပြောလိုက်သည့် စကားတွေကြောင့် ယုံရခက်ခက် ဖြစ်လို့သွားသည်မှာ သူမမျက်နှာတွင် အထင်အရှား ပေါ်လွင်လို့နေသည်။

"ဘာလဲ နင်က မယုံလို့လား"

"ငါမယုံတာကို မမေးနဲ့ဦးဟယ် . . . နင် ဘယ်လို





သိပ်ပြီး သူ့အိမ်အကြောင်းတွေကို သိရတာလဲ . . . အဲဒါကိုမှ ငါသိချင်တာ ခင်မျိုးရဲ့"

ကျွန်မ ပြုံးတုံ့တုံ့လေး ပြုံးနေလိုက်သည်။

"ဟဲ့ ငါ နင့်ကို ပြုံးခိုင်းနေတာ မဟုတ်ဘူးနော်"

သူမစကားကြောင့် ကျွန်မ ပြုံးနေရာမှ ရယ်မောလိုက်တယ်။

"ကြည့် ရယ်နေပြန်ပါပြီ"

ချောစုရဲ့ စကားလေးက စိတ်မရှည်သည့်အသွင်ကို ဆောင်နေပါသည်။

"မဟုတ်ဘူး ချောစုရ . . . တော်တော့်ကို ခဲရာခဲဆစ် ခံစမ်းရမယ်လို့ ထင်ထားတာ . . . ခုတော့ တစ်ခါတည်းကို သိလိုက်ရတာ . . . အင်း လောကကြီးက တကယ့်ကို ဆန်းကြယ်လိုက်တာ"

"ခင်မျိုး . . . နင် ဝေ့လည်ကြောင်ပတ် ပြောမနေနဲ့ နင် ဘယ်လိုစုံစမ်းသိလိုက်ရတယ်ဆိုတာ ပြောစမ်းပါဟာ"

"ဟဲ့ ဘယ်လိုဖြစ်နေတာလဲ . . . ပြောမှာပေါ့"

ရယ်ကျဲကျဲလေးနှင့် ကျွန်မ ပြန်ပြောလိုက်သည်။ ဘာတယ်တော့ ကျွန်မ မမျှော်လင့်ဘဲနဲ့ နေဗလတို့ မိသားစုကြီး

အကြောင်းကို ကောင်းကောင်းကြီး သိလိုက်ရသည်မှာ . . . ။

နေဗလ ကျောင်းသို့ ကားဖြင့်လာသည့်နေ့က ဖြစ်ပါသည်။ ဒီတစ်ခါပဲ သူ ကျောင်းကို ကားနဲ့လာခြင်းပင်။

သူစီးလာသည့်ကားက Parado . . . ။

ကျွန်မစီးလာသည့်ကားက Mark II . . . ။

ကဲ ဘယ်လောက်ကွာခြားသွားသလဲလို့ . . . ။

ကျွန်မ သူ့ရှေ့မှာ သိမ်ငယ်သွားသလို ခံစားလိုက်ရသည့်ဖြစ်ခြင်း။ အဲဒီနေ့တစ်နေ့လုံး ကျွန်မ ကျောင်းမှာ တအုံနွေးနွေးနဲ့ ခံစားနေလိုက်ရတာ မပြောနဲ့။

အိမ်ပြန်ရောက်တော့ ကျွန်မ ဖေဖေကို ပြောမိလိုက်တယ်။

"ဟာ ကြည့်စမ်း . . . ကံကောင်းလို့ကွာ"

"အဲဒါကြောင့်ပြောတာပေါ့ . . ဖေဖေ့ကားက Mark II သာဆိုတယ် . . . ခဏခဏ ပျက်တယ် . . . သမီးကို ခေါ်သွားတဲ့ Parado တို့ Landcruiser တို့လို ကားမျိုးဝယ်တာ မဟုတ်ဘူး . . . ဒါနဲ့ ဖေဖေ့ကို မေးရဦးမယ် . . . သမီးကိုခေါ်တဲ့ ကားရဲ့နံပါတ်ကိုပြောရင် အဲဒီကားပိုင်ရှင်ရဲ့ လိပ်စာကို စုံစမ်းလို့ ရလားဟင်"





"ဟာ ရတာပေါ့ . . . ကားရုံးမှာ သွားစုံစမ်းရင် ရတာပေါ့ . . . ဒါနဲ့ အဲဒီကားနံပါတ်ကို သမီးမှတ်မိလား"

"အသေအချာကို မှတ်ထားတာ (၉ခ/ . . . .)"

"ဘာ (၉ခ/ . . . .) ဟုတ်လား . . . အဲဒါ ဖေဖေတို့နဲ့ လုပ်ငန်းပါတနာရဲ့ကားပဲ သမီး"

"ဟင် ဟုတ်လား"

"ဟုတ်တာပေါ့ သမီးရယ် . . . အဲဒီကားက ရတနာနိုင်ငြိမ်ရဲ့ကား . . ဝင်ဒါမီယာ သံလွင်လမ်းထဲ နေကြတာ . . သူတို့က ဆွေကြီးမျိုးကြီးတွေ သမီးရဲ့"

"ဘယ်လို ဆွေကြီးမျိုးကြီးလဲ ဖေဖေ"

"သူတို့လည်း မဟာမျိုး မဟာနွယ်တွေပဲ . . သမီးရဲ့ ဘွားတော်နဲ့ အဲဒီအိမ်က ဒေါ်ထိပ်တင်မိုးတို့က တစ်ချိန်က မိတ်ဆွေသူငယ်ချင်းတွေပေါ့ . . . ဒါပေမယ့် သူတို့က ဒီတော့ ရှေးဆန်တယ် . . . ပြောတာဆိုတာကအစ နန်းဆန်တယ် သမီး"

"ဘွားဘွားနဲ့ နေရ ပြောရသလိုပေါ့နော် ဖေဖေ"

"အင်း ဟုတ်တယ် . . . ဒါပေမယ့် ဖေဖေနဲ့ လုပ်ငန်းတူ လုပ်နေတဲ့ ဦးမောင်မောင်လတ်ကတော့ ခေတ်အမြင် ခေတ်

အတွေးရှိပါတယ် . . . အိမ်မှာကျတော့လည်း သူ့အမေ သဘောကျ လိုက်ပြောရတာပေါ့ကွယ် . . . အဲ သူ့မှာ သား တစ်ယောက်ရှိတယ် . . တက္ကသိုလ်ကျောင်းသား တစ်ယောက် ပဲ . . . ဟိုနေ့က သူတို့ကားပေါ်မှာ သမီး မတွေ့လိုက်ဘူးလား၊ သူ့နာမည်က ဘာလဲ . . . အင်း ဦးမောင်မောင်လတ် ပြောဖူး ပါတယ် . . . ဘာတဲ့ နေတော့ပါတယ်ကွ"

"နေဗလတဲ့ ဖေဖေ"

"အေး ဟုတ်တယ် . . ဟုတ်တယ် . . . အဲဒီ တောင်လေးက သူ့အဘွားရဲ့ အချစ်ဆုံးမြေးတဲ့ . . . လိမ္မာ တယ်လို့လဲ ပြောတယ် . . . နောက်ပြီး ရတနာရိပ်ငြိမ်က အထဲမှာ တကယ့်နန်းတွင်း ကျနေတာပဲတဲ့ . . . တိုင်တွေ၊ ပုဏ္ဏားကွယ်တွေဆိုရင် ကနုတ်ပန်းတွေနဲ့ . . . ပရိဘောဂ ဆိုလည်း ရှေးဟောင်းပစ္စည်းတွေကြီးပဲ"

"သမီး ရောက်ချင် မြင်ချင်လိုက်တာ ဖေဖေရယ်"

"အင်း ဒါဆို အလုပ်လည်းပိတ်၊ ကျောင်းလည်းပိတ်တဲ့ ကမ်းမီးဆန်းအေးကျရင် သွားကြတာပေါ့ကွာ နော်"

"အိုကေ ဖေဖေ"

အဲဒီလို နေဗလရဲ့ မဟာဆွေမျိုး မိသားစုကြီးအကြောင်း ကို ကျွန်မဖေဖေကြောင့် သိခဲ့ရသည်။ ဒါကို ကျောင်းရောက် တော့ သူငယ်ချင်း ချောစုကို အသေးစိတ် ပြန်ပြောပြလိုက်ရ၏။

"နင်ပြောပုံအရဆိုရင် နေဗလတို့က တော်တော် ချမ်းသာကြတာပဲ"

ကျွန်မ ပြုံးရင်း ခေါင်းညိတ်ပြသည်။

"နောက်ပြီး သူတို့က ဆွေကြီးမျိုးကြီးတွေဆိုတော့ နေဗလကို တော်ရုံတန်ရုံ လူတန်းစားနဲ့ ပေးစားကြမှာ မဟုတ်ဘူး ခင်မျိုးရဲ့"

"ငါကလည်း တော်ရုံတန်ရုံမိန်းမမှ မဟုတ်တာ . . . သူတို့လို ဆွေကြီးမျိုးကြီးပါပဲ . . . ငါ့အဘွားရဲ့ အဘိုးအဘွား တွေကလည်း မန္တလေးနန်းတွင်းရဲ့ အရေးတော်ပုံမှာ ပါသွားခဲ့ ရတဲ့ မင်းတစ်ပါးရဲ့ အနွယ်တော်ပါဟ . . . ဒါပေမယ့် ငါက နေဗလလိုတော့ အမျိုးဂုဏ်မတက်ဘူး . . . လူဟာလူပဲ . . . အဆင့်ရှိတာ မရှိတာက သူ့ရဲ့ အပြောအဆိုနဲ့ နေပုံထိုင်ပုံကသာ ခွဲခြားသွားတာပါ ချောစုရယ်"

ကျွန်မအပြောကို ချောစု ငြိမ်ကျလို့သွားကာ ကျွန်မကို ကြည့်ရင်း နားထောင်လို့နေသည်။ နောက်တော့မှ ကျွန်မကို အားညှင်းစွာ ခေါ်လိုက်သည်။

"ခင်မျိုး"

"ဘာလဲဟာ"

"နှင့်ရဲ့ မဟာစီမံကိန်းကြီးက မအောင်မြင်သေးဘူးနော်"

ချောစုရဲ့ ရုတ်တရက်အမေးကြောင့် ကျွန်မ ခေတ္တ ခဏတော့ ငြိမ်သက်လို့သွားရပါတယ်။ ဒါပေမယ့် ခဏအကြာ မှာတော့ . . .

"နှင် စောင့်ကြည့်လိုက်ပါဟာ . . . သိပ်မကြာခင် အချိန်အတွင်းမှာ နေဗလဆိုတဲ့လူ ငါလက်ခုပ်ထဲကို ငါးကလေး တစ်ကောင်လို ရောက်လာတော့မှာပါ"

ချောစုက ဘာမှပြန်မပြော၊ ကျွန်မကိုသာ ပြုံးလို့သာ ကြည့်နေသည်။

သူမ ကျွန်မတို့ မယုံကြည်လို့လား . . . . ။

သူမရဲ့အပြုံးကြောင့် ကျွန်မစိတ်ထဲ ကတိကအောက် တော့ ဖြစ်မိသွားသည်။ ထားပါတော့။ ဖြစ်မလာသေးတော့ ယုံချင်မှယုံမှာပေါ့။

"ချောစု"

"ဟင်"

"ငါ့ရဲ့ မဟာစီမံကိန်းက သိပ်ကြီးကျယ်သွားပြီ . . .





သူ့ကို ခင်မင်ရင်းနှီး ချစ်သူအဖြစ်တောင် မရတော့ဘူး . . . သူ့ဘဝတစ်ခုလုံး ပိုင်ဆိုင်လာအောင် ငါလုပ်ပြမယ် . "

ကျွန်မစကားအဆုံး ချောစုတစ်ယောက် ကျွန်မကို မင်သက်အံ့သြစွာ ငေးကြည့်ရုံမှတပါး အခြားမရှိတော့ပြီ။

❀ ❀ ❀ ❀ ❀



## အခန်း (၇)

ရတနာရိပ်ငြိမ်ထဲသို့ရောက်တော့ သူမ တော်ထေ
လေးကို အံ့ဩလို့သွားမိခဲ့သည်။ သူမဖေဖေ ပြောသလို ခမ်းန
ကြီးကျယ်သည်ကတော့ မပြောနဲ့။ ပရိဘောဂတွေ၊ ဆက်
ထိုင်ခုံတွေ၊ အိမ်အသုံးအဆောင်ပစ္စည်းများသည် ခြူပန်းခြူး
များ၊ ကနုတ်တို့ဖြင့် ထုဆစ်ထားသည့် ရှေးခေတ်လက်ရာ
ကသာ ကြီးစိုးလို့နေသည်။ ပြူတင်းပေါက်လိုက်ကာ
ခန်းဆီးလိုက်ကာတွေကလည်း ပိုးဖဲကတ္တီပါစတွေနဲ့ ချ





ချုပ်လုပ်ကာရံထားသည်ကို တွေ့လိုက်ရပါပြီ။

ယုံလိုက်ပါပြီ။ သူမ တကယ်ကို ယုံကြည်လိုက်ပါပြီ။ နေဗလတို့မိသားစုသည် တကယ့် တော်ဝင်မိသားစုကြီးမှန်း ခင်မျိုးမြင့်မြတ် ယုံကြည်မိလိုက်ပါတော့သည်။

ထို့ပြင် ဧည့်ခန်းနံရံများတွင်လည်း ပုံတူပန်းချီကားကြီးတို့ကလည်း ခမ်းနားထည်ဝါစွာနဲ့ ချိတ်ဆွဲလို့ထားသည်။ ပန်းချီကားချပ်များရဲ့ အနားကွပ်ဘောင်တွေကိုလည်း ရွှေပိန်းချလို့ထားသည်ကို တွေ့ရပြန်၏။

အဓိက ပုံတူပန်းချီကားကြီးကတော့ ဒေါ်ထိပ်တင်မိုး၏ ပုံတူပန်းချီကားပင်။ ကျွန်းကုလားထိုင်ကြီးတွင် ဟန်ပါပါထိုင်ပြီး လက်ရန်းတွေပေါ်တွင် လက်နှစ်ဖက်လုံးကို တင်ထား၏။ မျက်နှာထားက တည်တည်ကြည်ကြည် ခန့်ခန့်ညားညားနဲ့။ သို့ပေမယ့် တင်းမာခက်ထန်နေသည့်အသွင်က မသိမသာ ပေါ်လွင်လို့နေသည်။

ထူးခြားသည်ကတော့ မျက်လုံးများပင်။ စူးစူးရှရှ တောက်ပြောင်ထက်မြက်သည့် မျက်ဝန်းအကြည့်တို့က ကြည့်ရှုသူရင်တွင်းထဲသို့ ထိုးဖောက်မတတ်လောက်အောင် ပြင်းထန်သည့်အကြည့်များဖြစ်နေ၏။

ကြာကြာကြည့်မိသော် ကြည့်မိသူတို့သည် အမြတ်နိုး ယှဉ်ပြိုင်ကာ မကြည့်ရဲလှအောင်ပင် ဖြစ်လို့သွားပြီး ရှောင်ဖယ် လွဲ၍ သွားကြတော့သည်သာ။

ခုလည်းကြည့်။ ခင်မျိုးမြင့်မြတ်က ဒေါ်ထိပ်တင်မိုး၏ အကြည့်မျက်ခန်းများမှ ချက်ချင်းပင် မျက်နှာလွှဲလိုက်ရသည်။ ထို့ပြင် ကြက်သီးများ ဖျန်းခနဲ ဖျန်းခနဲ ထ၍လာ၏။

"ဟင်း ဓာတ်ပုံပန်းချီလားလို့ ကြည့်ရှုံရှိသေးတယ် . . . ဒီအဘွားကြီးရဲ့ အရှိန်အဝါက ပြင်းထန်လွန်းလှချည်လား . . . အပြင်မှာတွေ့ရင် သူ့ကို ကြည့်တောင်ကြည့်ရဲပါ့မလား မသိဘူး"

"တော်တော်စိတ်ဝင်စားနေပြီလား သမီးရဲ့"

သူမအဖေက ကျွန်းဆက်တီထိုင်ခုံတွင် ထိုင်ရင်း သူမတို့ ကြည့်ကာ မေးလိုက်သည်။ သူမက မသိမသာ တစ်ချက်ပြုံး လိုက်ရင်း . . .

"အင်း ပြတိုက်တစ်ခုထဲ ရောက်နေသလိုပဲ ဖေဖေရယ်"

"လူ့အသုံးအဆောင်ပစ္စည်းတွေကိုလည်း ကြည့်ပါ ဦးလား . . . ရှေးဟောင်းပစ္စည်းတွေက များတယ် . . . သူတို့က အဲဒီလိုပစ္စည်းမျိုးတွေကို လိုက်ဝယ်စုဆောင်းပြီးတော့ သုံးကြတာ"





"ဪ ဟုတ်လား"

မိမိ၏ မိသားစုသည်လည်း ရတနာရိပ်ငြိမ်လို ဆွေကြီး ...ကြီးထဲကပါပဲ။ သို့ပေမယ့် ရတနာရိပ်ငြိမ်လိုတော့မဟုတ်။ ...တ်နှင့်လျော်ညီစွာ နေတတ်၊ စားတတ်၊ ပြောတတ်ကြ ...သည်။ သို့သော် ဘွားဘွားတစ်ယောက်ကလွဲရင်ပေါ့။ ...ပေမယ့် စိတ်၏လွတ်လပ်မှုကိုမူ အပြည့်အဝ ခံစားကြရ၏။

ယခု ရတနာရိပ်ငြိမ်ကတော့ မွန်းကျပ်မှုတွေ၊ စိတ်ရဲ့ ...မှုတွေ ထုံးမွှန်းနေတဲ့ ရဲတိုက်ကြီးတစ်ခုနှယ် ဖြစ်နေသည်ဟု ...မ ခံစားမိလိုက်ပါတော့သည်။

"ဟေး ကိုခင်မောင်စိုး"

အခန်းတစ်ခုထဲမှ ထွက်၍လာသည့် လူကြီးတစ် ...ာက်က အယ်လဲဝမ်းသာစွာနှင့် သူမဖေဖေကို နှုတ်ဆက် ...င်းနှင့် သူမကို သေသေချာချာ ကြည့်နေမိတော့သည်။

"ကျွန်တော့်သမီးပါ ကိုမောင်မောင်လတ် . . နာမည်က ...င်မျိုးမြင့်မြတ်တဲ့"

"အိုး ဟိုး ကြည့်စမ်း . . . ခင်ဗျားက ဒီလောက် ...ာမောလှပတဲ့ သမီးတစ်ယောက်ရှိနေတာကို လျှို့ဝှက်ထား ...ာပေါ့လေ . . . ခင်ဗျား မကောင်းဘူး"

သူမရဲ့ဖေဖေ ဦးခင်မောင်စိုးကတော့ ပြုံးပြုံး
ရယ်နေမိလိုက်သည်။ သူမကတော့ ပြုံးတုံ့တုံ့ဟန်လေး
ရှက်သွေးကြွယ်လို့ ခေါင်းလေးငုံ့နေမိလိုက်တယ်။ ရင်ထဲမှာ
သူမကို ချောမောလှပသည်ဟု ချီးကျူးစကားကို ကျေ
နှစ်သက်နေမိပါတော့သည်။

"အကြောင်းအရာ စကားမစပ်မိလို့ပါ ကိုမောင်မေ
လတ်ရာ"

"ဒါနဲ့ ခင်ဗျား မဟေသီရော ပါမလာဘူးလား"

"ရတနာ့ရိပ်မြိမ်ကိုလာဖို့ ရည်ရွယ်ချက်မရှိပါ
ကိုမောင်မောင်လတ် . . . အမှတ်မထင် လမ်းကြုံရင်းနဲ့ ဝင်
ခဲ့မိတာကြောင့် မခေါ်လာဖြစ်ဘူး . . . နောက်များ
ခေါ်တာပေါ့ဗျာ"

ဦးမောင်မောင်လတ်က ခေါင်းလေးတဆတ်ဆတ်
ပြုံးကာ နားထောင်နေစဉ် ဦးမောင်မောင်လတ်၏ဇနီး ဒေ
နှင်းဆီ ရောက်လို့လာတော့ . . .

"ဩော် မြ . . . ဧည့်သည်တွေအတွက် တစ်ခုခု
လုပ်ပါဦးကွာ"

"ဒေါ်ကြေးအုံ ယူလာပါလိမ့်မယ် မောင်မောင်"





နာမည်နဲ့လိုက်အောင် အလွန်ကျက်သရေရှိသော
မြနှင်းဆီ၏ ခန့်ညားထည်ဝါသည့် ရုပ်သွင်နှင့် ဆင်ယင်
ခဲ့မှုတို့ကို ခင်မျိုးမြင့်မြတ် စိတ်ထဲကနေ အားကျချီးကျူးနေ
သည်။

ဩော် . . တကယ်ကျက်သရေရှိတဲ့ မြန်မာအမျိုးသမီး
ပဲ . . ။

"ဒါနဲ့ မယ်တော်ကြီးနဲ့ အစ်မတော် ထိပ်တင်လေး
သည်း မတွေ့ရပါလား"

"ရှိပါ့ဗျာ အပေါ်ထပ်မှာ"

ဦးမောင်မောင်လတ်က ပြောရင်း အပေါ်ထပ်လှေကား
သို့ မော့အကြည့် ဒေါ်ထိပ်တင်မိုးကို သမီးဖြစ်သူ ထိပ်တင်
းက တွဲခေါ်ကာ လှေကားထစ်မှဆင်းလာသည်ကို
လိုက်ရသဖြင့် . . .

"ဟော ဆင်းလာပါပြီ"

ဦးခင်မောင်စိုးနဲ့ သမီး ခင်မျိုးမြင့်မြတ်တို့က မော့ကြည့်
ကြသည်။

အို . . . ။

ခင်မျိုးမြင့်မြတ် ထူးထူးခြားခြားလေးကို ဖြစ်လို့သွား၏။

အပေါ် ထပ်မှဆင်းလာသည့် အမျိုးသမီးကြီးနှစ်ဦး၏
ရုပ်ဆင်းအင်္ဂါ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု လှုပ်ရှားသွားလာမှုတို့က
သူမကို မင်သက်အံ့သြသွားစေတော့သည်။

သူမထင်ထားသည့်အတိုင်းပါပဲ။ ခေတ်ပုံပန်းချီကား
ထဲက ဒေါ်ထိပ်တင်မိုးထက် အပြင်က ဒေါ်ထိပ်တင်မိုးသည်
ပို၍ အရှိန်အဝါကြီးမား၏။ ပို၍ ခက်ထန်မာကျောလှ၏။ ပို၍
အကြည့်တို့က စူးစူးရှရှနိုင်လှပါ၏။

သူမကို ထိုးထွင်းကြည့်နေသည့် အကြည့်တို့က
ထိတ်လန့်တုန်လှုပ်စရာ ကောင်းလှသည်။ တစ်ခြား မည်သူ့ကိုမှ
မကြည့်။ တစ်ခြားသူတစ်ဦးတစ်ယောက်မှ မရှိလေသည့်အသွင်
ရှိသော် လုံးဝဂရုမစိုက်သည့်ဟန်။ အနားသို့ ရောက်လာ
သည့်တိုင် စကားတစ်ခွန်းမျှ မေးမြန်းပြောဆိုခြင်းမရှိ။

သူမကို ခြေဆုံးခေါင်းဆုံးကြည့်သည်။ ပြီးတော့
ရှေ့နောက်ဝဲယာကို လှည့်ပတ်ကြည့်၏။

သူမ . . .

ခင်မျိုးမြင့်မြတ် စိတ်ထဲ ကသိကအောက် ဖြစ်လာ
သွားသည်။ ဘာလဲဟ . . ။ လူကို လှည့်ပတ်ကြည့်နေလိုက်တာ

"အမည်နာမက ဘယ်လိုခေါ်သလဲကွယ့်"





စိတ်တိုင်းကျ သူမကို ကြည့်ရှုပြီးသွားသည်နှင့် သူမ
ရှေ့တည့်တည့်တွင်ရှိသော ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်ပြီး
မေးလိုက်သည်။

"ခင်မျိုးမြင့်မြတ်ပါ အွားတော်"

သူမကလည်း အသံကို တည်ငြိမ်အောင်ထိန်းရင်းနှင့်
ဖြေလိုက်သည်။

"အင်း နာမည်ကလည်း အမျိုးဂုဏ်ကို စောင့်ထိန်းပြီး
မှည့်ခေါ်ထားတဲ့ အမည်နာမတစ်ခုပါလား . . . ကောင်းတယ်
ကောင်းတယ်"

ဒေါ်ထိပ်တင်မိုးရဲ့ စကားအဆုံး အားလုံးရဲ့မျက်နှာ
တွေက ပြုံးလို့နေကြတော့သည်။

"ဒါနဲ့ မောင်ခင်မောင်စိုး . . . မင်းယောက္ခမတော်
ခင်ခင်ကြီးတစ်ယောက် ကျန်းမာတော်မူရဲ့လား . . . ခု ဘယ်မှာ
နေသလဲ . . . မန္တလေးမှာလား . . . ညောင်ရွှေမှာလား"

"မယ်တော်ကြီးရဲ့ မေတ္တာတော်ကြောင့် ကျန်းကျန်း
မာမာပါပဲ မယ်တော် . . ခု ညောင်ရွှေမှာပဲ အနေများပါတယ်"

ထိုစဉ်မှာပဲ နွားနို့နှစ်ခွက်ကို လင်ဗန်းဖြင့် သယ်ဆောင်
လာသည့် ဒေါ်ကြေးအုံမက စားပွဲပေါ် သို့ ချလိုက်ပြီး နောက်ဖေး

ခန်းတွင်းသို့ ပြန်ဝင်သွားလိုက်၏။ ဒေါ်ထိပ်တင်မိုးက ဒေါ်ကြေးအုံမကို အခန်းတွင်းထိ ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ ကြည့်လိုက်ပြီး . . .

"ကဲ ကဲ နွားနို့သောက်လိုက်ကြဦး . . . ဟဲ့ နေပါဦး မြေးတော် ဘယ်သွားလဲ"

ဦးမောင်မောင်လတ်နဲ့ ဒေါ်မြနှင်းဆီတို့နှစ်ယောက်ကို ကြည့်ရင်း ဒေါ်ထိပ်တင်မိုးက မေးလိုက်သဖြင့် ဘာမဆိုင် ညာမဆိုင် ခင်မျိုးမြင့်မြတ်ရင်ထဲ ဖိုကနဲ ဖြစ်သွားသည်။

"လမ်းထိပ်ကစာအုပ်ဆိုင်မှာ စာအုပ်သွားငှားတယ် မယ်မယ်"

"ဟင် ကျောင်းစာတော့ မဖတ်ဘဲနဲ့ မြေးတော်ကို နင်တို့ တော်တော် အလိုလိုက်"

အားလုံး ငြိမ်ကုပ်လို့သွားကြသည်။

အဘွားကြီး ဒေါ်ထိပ်တင်မိုး၏ ဩဇာအာဏာသည် အရှိန်အဟုန်ပြင်းထန်သည်ကို ခင်မျိုးမြင့်မြတ် ကိုယ်တွေ့ပင် မြင်လိုက်ရပြီ။

ဒီအဘွားကြီးရှေ့တွင် နေရသည်မှာ ကိုယ်ရောစိတ်ရော ပင်ပန်းမွန်းကျပ်လွန်းလှသည်။ ဖြစ်နိုင်လျှင် ခုချက်ချင်းပင်





ထိုနေရာမှ ထွက်ပြေးချင်စိတ်တွေက အလိုလို ရောက်လို့လာ၏။

ထို့ကြောင့် သူမက အဘွား ဒေါ်ထိပ်တင်မိုးကို ပြုံးချို၍ မျက်နှာလေးနှင့်လုပ်ပြီး . . .

"ဘွားဘွား သမီးတော် ခြံထဲ လိုက်ကြည့်ချင်တယ် . . ပန်းတွေမျိုးစုံ ဖူးပွင့်နေတာမြင်ရတော့ သမီးတော် မနေနိုင်အောင် ဖြစ်မိပါတယ်"

"မိန်းမတွေဆိုတာ ပန်းကြိုက်တဲ့မျိုးတွေပဲကွယ် . . . သွားကြည့် . . သွားကြည့်"

အခွင့်ရပြီဆိုသည်နှင့် ချက်ချင်းပင် ခြံဝှမ်းသို့ ဆင်းလာခဲ့သည်။

"ဟူး . . . ခုမှပဲ အသက်ရှူချောင်သွားတော့တယ်"

သူမ မျက်ဝန်းလေးကို ဖြန့်ကာကြည့်လိုက်သည်။

"အားပါးပါး . . . လှလိုက်တဲ့ သစ်ခွပန်းတွေ . . . အရောင်အသွေးကို စုံနေတာပဲ"

သူမရဲ့ခြေလှမ်းတွေက အလိုလိုနေရင်း သစ်ခွရုံထဲ ရောက်လို့သွား၏။ တဒင်္ဂခဏတော့ သူမ အရာအားလုံးကို မေ့လို့သွားသည်။ အရောင်မျိုးစုံနှင့် လှပလွန်းနေသည့် သစ်ခွပန်းတွေက ရှုမငြီးစရာ . . .။

ပန်းတောထဲမှာ . . .

လိပ်ပြာလေးတစ်ကောင် လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးလေး ပျော်ရွှင်စွာနဲ့ ပျံသန်းကာ ပျော်မြူးလို့နေသည်။

ရတနာရိပ်ငြိမ်လို့ မမှည့်ဘဲ သစ်ခွရိပ်ငြိမ်လို့ မှည့်လိုက်ရင် ပိုကောင်းဦးမယ် . . . ဟု ခင်မျိုးမြင့်မြတ်က အပျော်တွေးလေးကို တွေးလိုက်သေးတော့တယ်။

"ဟော့ ဒီမှာ"

အမိန့်သံတစ်ခုလား . . . အာဏာသံတစ်ခုလား မသိ။ အားပါသောအသက်နက်ကြီးတစ်ခုက သူမ နောက်ကျောကနေ ပေါ်ထွက်လို့လာခဲ့သည်။ အမှတ်မထင် အော်ခေါ်လိုက်ခြင်းကြောင့် လန့်၍သွားကာ နောက်ကျောထဲတွင် စိမ့်၍သွားတော့၏။

သူမကလည်း ချက်ချင်းပင် နောက်ကိုလှည့်၍ ကြည့်လိုက်သည်။ မျက်နှာက ဆယ်ခေါက်ချိုးနှင့် အလိုမကျသည့်အသွင်ဖြင့် ခါးထောက်ကာ သူမကို စိုက်ကာကြည့်နေသည့် နေဗလကို တွေ့လိုက်ရတော့သည်။

"မင်း ဒီကို ဘယ်လိုရောက်လာတာလဲ"

ခင်မာမာ ခပ်ထန်ထန် အမေးစကားက တကယ်





မနှစ်မြို့စရာ ကောင်းလှသည်။ သူမက ပြန်မဖြေသေးဘဲ နေဗလကို ခနဲ့တဲ့တဲ့နဲ့ ကြည့်နေလိုက်သေးတော့သည်။ ဒါကို သူက စိတ်မရှည်သောအသွင်ဖြင့် . . .

"ဟော့ မေးနေတယ်လေ . . . နားပင်းနေလား"

"ကျွတ်"

သူမ စိတ်ပျက်စွာဖြင့် စုတ်သပ်ကာ ခေါင်းကို ခါးရမ်းလိုက်ပြီး နှုတ်က လွှတ်ကနဲပဲ . . .

"ယဉ်ကျေးမှုမရှိလိုက်တာ"

"ဘာ မင်းဘာပြောတယ် . . . ငါက ယဉ်ကျေးမှု မရှိဘူး . . . ဟုတ်လား"

"ဟုတ်တယ် . . . ဧည့်သည်ကို ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့မှ မဆက်ဆံတာ . . . အော်လား ငေါက်လားနဲ့ ရိုင်းလိုက်တာ"

"ဟေ့ ဟေ့ မင်းစကားတွေက ပိုဆိုးလာပြီကွ သိလား"

နေဗလ မျက်နှာ အရောင်ပြောင်းလို့သွား၏။ နီရဲတွတ်စွာနှင့် ဖြစ်လို့သွားသည်။

"ကဲ ပြောစမ်းပါ . . . ဒီခြံထဲကို ဘယ်လို ရောက်လာတာလဲလို့"

"ရှင် အိမ်ထဲဝင်လိုက်ရင် သိမှာပေါ့ ကိုနေဗလ"

သူမျက်နှာက တိုက်ထဲကို လှမ်းကြည့်လိုက်ပါသည်။

"မင်း ဘယ်လိုနည်းနဲ့ပဲ ဝင်လာ ဝင်လာ . . . ဧည့်သည်ဟာ ဧည့်သည်လိုပဲ နေရတယ်ကွ . . . ခုလိုပုံစံမျိုးက ဧည့်သည် မဟုတ်ဘူး . . . အခု ဒီသစ်ခွခြံက ငါကိုယ်တိုင် စိုက်ပျိုးထားတဲ့ ငါ့ရဲ့ ကိုယ်ပိုင်သစ်ခွခြံ . . . ငါ့ရဲ့ ခွင့်ပြုချက်မရဘဲနဲ့ ဘယ်သူမှ ဝင်လို့မရဘူး"

"ဟုတ်ရဲ့လား ကိုနေဗလရဲ့"

"မဟုတ်ဘူး ဟုတ်တယ်ဆိုတာ မင်း ခုသိရမယ် . . . သွား မင်း ခုချက်ချင်းထွက်သွား . . . ဒါမှမဟုတ် ငါကိုယ်တိုင် မင်းလက်ကိုဆွဲကိုင်ပြီး အပြင်ကို မောင်းထုတ်လွှင့်ပစ်ရမှာလား"

"ရှင် လုပ်ရဲရင် လုပ်ကြည့်စမ်းပါ"

"ဒါ မင်းငါ့ကို စိန်ခေါ်တာပေါ့"

သူမပုံစံက တကယ်လုပ်မည့်ပုံစံ ပေါ်လွင်လို့နေသည်။

"ဟင့်အင်း ဒီကိစ္စက စိန်ခေါ်တယ်လို့ ယူဆလို့ မရပါဘူး . . . ရှင် နားမလည်တာပဲ . . . မိန်းမတွေ ပန်းကြိုက်တတ်တယ်ဆိုတာ ရှင်မသိဘူးလား . . . ရှင့်ရဲ့ သစ်ခွခြံထဲ လာကြည့်တာကလည်း ရှင့်ရဲ့ဘွားတော်ဆီက ခွင့်ပြုချက် ရယူထားပြီးလို့ ခုလို ကြည့်နေတာပေါ့"

ဟူးခနဲ . . .။

နေဗလ သက်ပြင်းလေးကို ချလိုက်သည်။ ခင်မျိုးမြင့်မြတ်ကိုလည်း မကျေမနပ်နှင့် ကြည့်နေလိုက်တယ်။

ဘွားတော်ရဲ့ ခွင့်ပြုမိန့်ဆိုတော့ သူ အပြောရ ခက်သွားသည်။ ဘွားတော်ကို စည်းရုံးသိမ်းသွင်းနိုင်တဲ့ အရည်အချင်းက ပေါ့ပေါ့သေးသေးမဟုတ်မှန်း သူ ခန့်မှန်းမိလိုက်၏။

"မင်းက တော်တော် ပရိယာယ်များတဲ့ မိန်းမပဲ"

"ရှင် ထင်လို့ပါ"

မခို့တရို့ဟန်နဲ့ သူမက မျက်စောင်းလေးထိုးရင်း ပြောလိုက်တော့ . . .

"ဘာပဲဖြစ်ဖြစ်လေ . . . မင်း ကိုယ့်ကို ကျူးသွင်းလို့ မရပါဘူး"

"ဒါပေမယ့် ရှင့်အိမ်ထဲထိတော့ ရောက်လာပြီနော်"

"လုပ်လိုက်စမ်းပါ မခင်မျိုးမြင့်မြတ် . . . မင်း ဘယ်အတိုင်းအတာထိ စွမ်းဆောင်နိုင်မလဲဆိုတာ မြင်ချင်တယ်ကွာ"

"ရှင် စိတ်ချပါ . . . ကျွန်မ ဘယ်လိုလုပ်ယူမလဲဆိုတာ ရှင် တဖြေးဖြေး သိလာပါလိမ့်မယ်"

သူမ ပြောပြီ တစ်ခါတည်း သူ့ရှေ့ကနေ လှည့်ထွက်လို့ သွားတော့သည်။

တောက် . . .။

တော်တော်ကြီးကျယ်တဲ့မိန်းမ . . .။ ဟွန်း . . .။

❀ ❀ ❀ ❀ ❀





## အခန်း (၈)

တော်တော်တော့ ထူးဆန်းလို့သွားတယ်။ လောကကြီးထဲမှာ လုံးဝ မှတ်မထင်ထားတဲ့ အဖြစ်သနစ်တွေကလည်း ရှိတတ်သေးပါလားဆိုတာကို ကျွန်တော် ကောင်းကောင်း သဘောပေါက်သွားခဲ့ရပါသည်။

ဒီလိုလေ . . .။ ရတနာရိပ်ငြိမ်ကို ခင်မျိုးမြင့်မြတ် ရောက်လာတဲ့ပုံက တကယ်သင်းတယ်။ ကျွန်တော်မသိတဲ့ အချက်ကလေးက သူ့အတွက် အခွင့်ကောင်းတစ်ခု ဖြစ်ခဲ့ရ၏။

သူမအဖေနှင့် ကျွန်တော့်အဖေတို့သည် ကုမ္ပဏီတစ်ခုထဲတွင် လုပ်ကိုင်နေသည့်လုပ်ဖော်ကိုင်ဖက်များပင် ဖြစ်ခဲ့ကြသည်။ ဒါ နောက်မှ ကျွန်တော်သိခဲ့ရ၏။

သို့အတွက်ကြောင့် သူမသည် သူမအဖေနှင့် ပတ်သ ပြီး ကျွန်တော်တို့ရဲ့ ရတနာရိပ်မြိုမ်ကို ရောက်လာခဲ့ရသည် လမ်းကြုံလို့ ဝင်လာခြင်းကိုတော့ ကျွန်တော် လုံးဝ မယုံပါ။

ဒါသည် . . .

ခင်မျိုးမြင့်မြတ်၏ လှည့်ကွက်စနစ်တစ်ခု ဖြစ်သည် ဆိုတာ ကျွန်တော် အတတ်ပြောနိုင်၏။ သူမသည် ပြောသည် အတိုင်း တကယ်လုပ်ဆောင်လာခဲ့ပါပြီ။

ကျွန်တော် သူမနှင့်ပတ်သက်ပြီး ပေါ့ပေါ့လေးတွေးကာ နေလို့ရတော့မည်မဟုတ်မှန်းကို ခင်မျိုးမြင့်မြတ်က ကျွန်တော့် စိတ်ကို အလန်းပေးလာခဲ့သည် မဟုတ်လား။

ခုတော့ဖြင့် သူမကို လျှော့တွက်လို့မရတော့ ကျွန်တော် သတိထားရတော့မည်။ သူမသည် အဆိပ်ရှိသော မိန်းမတစ်ယောက်ဆိုတာကိုတော့ ကျွန်တော် နားလည်လိုက် တော့သည်။

နောက်တစ်ချက်ရှိသေး၏။





ဒီအချက်ကိုလည်း သူမ ကောင်းကောင်း အသုံးချခဲ့ဟန် တူသည်။ တကယ်တော့လည်း သူမတို့ မိသားစုသည်လည်း ကျွန်တော်တို့ မိသားစုဝင်တွေလို ဆွေဂုဏ်မျိုးဂုဏ် မြင့်မားလွန်းသည့် မဟာမျိုး မဟာနွယ်ထဲက ဖြစ်နေခဲ့ပါ၏။

ဤသည်ကို အခွင့်ကောင်းယူ၍ ရတနာရိပ်မြိုမ်ကို ထိုးဖောက်ဝင်ရောက်ခဲ့သည်ဟု ကျွန်တော် တစ်ထစ်ချ တွက်ထားမိလိုက်သည်။

သူမ၏အဘွား ဒေါ်ခင်ခင်ကြီးနှင့် ကျွန်တော့်အဘွား ဒေါ်ထိပ်တင်မိုးတို့က ငယ်ပေါင်းကြီးဖော်တွေ ဖြစ်ခဲ့သည်က တစ်ကြောင်း၊ သူမအဖေ ဦးခင်မောင်စိုးနှင့် ကျွန်တော့်အဖေ ဦးမောင်မောင်လတ်တို့ကလည်း ကုမ္ပဏီလုပ်ငန်းကို အတူတကွ ပူးပေါင်းဆောင်ရွက် လုပ်ကိုင်နေကြသည်က တစ်ကြောင်း။

ထိုအကြောင်းကြောင်းတွေကြောင့် . . .

သူမသည် ကျွန်တော်တို့ရဲ့ ရတနာရိပ်မြိုမ်ကို အကြောင်းမရှိ အကြောင်းရှာကာ အချိန်မရွေး လာချေတော့မည်။

ထို့ပြင် ရတနာရိပ်မြိုမ်၏ ခေါင်းတိုင်၊ မဏ္ဍိုင်တစ်ခု ဖြစ်သော ကျွန်တော့်အဘွားတော်၏ ချီးမွမ်းခြင်းခံရအောင် စိတ်ဝင်စားလာအောင် အစဉ်သဖြင့် သူမ ကြိုးစားလာတော့မည်။

ယခုပင်ကြည့်ပါ . . ။

သူမ ရတနာရိပ်ငြိမ်ကို ပထမဦးစွာ ရောက်လာခဲ့သည်။ ချက်ချင်းပင် ကျွန်တော့်ဘွားတော်က သဘောကျသွားခဲ့ပြီ။ တကယ်မလွယ်သော ခင်မျိုးမြင့်မြတ်ပါ။

ဟော လာပြီ . . . ။

ကျွန်တော် အတန်းထဲသို့ ခပ်စောစောလေးလာပြီး ထိုင်ရင်း ခင်မျိုးမြင့်မြတ်ရဲ့ အကြောင်းတွေကို စဉ်းစားနေမိတာ။

အသံစာစာနဲ့ စကားတွေဖောင်လို့ပြောရင်း သူ့သူငယ်ချင်းမတစ်ယောက်နဲ့ အတန်းထဲကို ဝင်လာခဲ့တာလေ။ ဝင်ဝင်ချင်းပင် သူမမျက်လုံးက ကျွန်တော့်ဆီ ဖျတ်ကနဲ ရောက်လာခဲ့တယ်။ ကျွန်တော်ကြည့်နေမှန်းသိတော့ ချက်ချင်းပဲ မျက်နှာလွှဲသွားလိုက်တာ . . ။

အောင်မာ . . . ။

သူ့ကို ကြည့်ချင်လို့ ကြည့်နေတာယ်များ မှတ်နေသလားမသိ။ ကျွန်တော့်စိတ်ထဲမှာ တော်တော်ခံပြင်းလို့သွားရသည်ကတော့ အမှန်ပါ။ ကျွန်တော်ကလည်း သူမကို အလျှင်းသင့်လို့ ကြည့်နေမိလိုက်သွားတာကိုများ . . ။ ဟင် . . ။

အမယ် ကြည့်ပါဦး . . . ။





ထိုင်နေလိုက်တာများ ကျွန်တော့်ကို ကျောပေးထိုင်ပြီးပေါ့ . . ။ အရင်တုန်းက ဒီလိုမဟုတ်ပေါင် . . ။ ကျွန်တော်မြင်သာအောင်လို့ ခပ်စောင်းစောင်းလေးထိုင်လို့ မကြာခဏည်း ခိုး ခိုး ကြည့်တတ်လိုက်တာ မပြောနဲ့တော့ . . ။

ဒါဟာ တမင်လုပ်နေတာ . . ။ တမင် ဟန်ဆောင်နေတာ . . ။ ကျွန်တော် မကြည့် ကြည့်အောင် ကျွန်တော့်ကို ရှုမစိုက်သယောင်နဲ့ မာယာများပြနေတာ . . ။

ဘယ်ရမလဲ . . ။ ဒါမျိုးတွေ နေဗလဆိုတဲ့ကောင်ကနောကြေပြီးသား . . ။

အမှန်ဆိုရင်တော့ သူမ ကျွန်တော့်ကို ဂရုစိုက်နေတာ၊ တ်ဝင်စားနေတာ အသေအချာပဲ။ ဘာဖြစ်လို့ ကျွန်တော်ပြောနိုင်သလဲဆိုရင် သူမက ကျွန်တော့်ကို ကျောပေးထိုင်နေသမယ့် သူမရဲ့ သူငယ်ချင်းတစ်ယောက်ကတော့ ကျွန်တော့်ကိုမြင်သာအောင်လို့ ကျွန်တော့်ဘက်ကို လှည့်ကာ ထိုင်နေခြင်းပဲ။ ကျွန်တော့်ရဲ့ လှုပ်ရှားမှုမှန်သမျှ ကျွန်တော် သူမကို ကြည့်ကြည့် ဆိုတာကအစပေါ့။ သူမရဲ့ သူငယ်ချင်းမက ပြောပြနေမှာပေါ့လေ။

သူမရဲ့ သူငယ်ချင်းမကလည်း ကျွန်တော့်ဆီကို မကြာ

မကြာ ကြည့်လိုက် သူမကို ပြန်ပြောပြလိုက်နဲ့ လုပ်နေမှာ
မဟုတ်ဘူးလား။

ဒါတွေက ရိုးရိုးလေး ကြားခံလူနဲ့ ကျွန်တော့်
ကြည့်နေတာလေ။ သူတို့ရဲ့ ပရိယာယ်လောက်ကလေး
ကျွန်တော် ရယ်ချင်တာပေါ့ဗျာ။ ကျွန်တော့်ကို သူတို့ ဂရုစိုက်
မစိုက်ဆိုတာကို သိဖို့အတွက် ချင်ချင်း အကောင်အထည်
ဖော်ရန် စိတ်ကူးလိုက်ပါသည်။

ဘယ်လိုလဲဆိုတော့ . . .။

ကျွန်တော် ထိုင်နေရာမှ ဖျတ်ကနဲထရပ်လိုက်
ကျွန်တော့်လွယ်အိတ်ကို ဒီအတိုင်း လက်ကဆွဲကိုင်လို့ သူမ
နှစ်ယောက်အနီးကနေ ဖြတ်ပြီး အခန်းပြင်သို့ ထွက်လို
ပါတယ်။ အဲဒီမှာ သူတို့နှစ်ယောက်အနီးက ဖြတ်လိုက်တဲ့အခါ
သူမရဲ့ သူငယ်ချင်းမက သူမကို လက်တို့လိုက်ပြီး မေးငေါ
ထိုးပြလိုက်တာကို ကျွန်တော့်မျက်ဝန်းထောင့်ကနေ ရိပ်
မြင်လိုက်ပါတယ်။

ဒါနဲ့ ကျွန်တော်လည်း အခန်းပြင်ကိုအရောက် စ
လမ်းကနေ လေးငါးလှမ်းမျှ လျှောက်လှမ်းပြီး တစ်ခြားအခ
တစ်ခုထဲသို့ လှစ်ခနဲ ဝင်လိုက်ပါတော့သည်။





ထို့နောက် တံခါးအကွယ်ကနေ ကျွန်တော်တို့ အခန်း
ကို စောင့်ကြည့်လိုက်ပါတယ်။ ဒီအချိန် ကျွန်တော့်ရင်တွေ
နည်းနည်းခုန်နေတယ်။

မကြာပါဘူး။ သူမရဲ့ သူငယ်ချင်းက အခန်းတွင်းကနေ
ထွက်လာခဲ့ပါပြီ။ စင်္ကြံလမ်းတစ်လျှောက် ရှေ့နောက်ကို
ခေါင်းလေးတရမ်းရမ်းနဲ့ ကျွန်တော့်ကို ရှာနေတယ်နဲ့ တူပါတယ်။

ကျွန်တော် ခဏစောင့်ကြည့်နေတဲ့အချိန်မှာ သူမ
ကိုယ်တိုင်မျိုးမြင့်မြတ်လေ အခန်းထဲက ထွက်လာခဲ့ပြီး သူ့သူငယ်ချင်း
ကို မေးလိုက်တယ်နဲ့ တူပါတယ်။ သူ့သူငယ်ချင်းမက လက်ခါ
ရင်း ခေါင်းကိုလည်း ခါရမ်းပြလိုက်ပါတယ်။

တဒင်္ဂလေး သူမမျက်နှာ တည်သွားပြီး စဉ်းစားဟန်
ပြလိုက်တာကို တွေ့လိုက်ရလေသည်။

အဟင်း . . ဟင်း . . ဟင်း . . ။

ကျွန်တော် ကျေနပ်စွာနဲ့ ရင်ထဲမှာ ကျိတ်ပြီး
ရယ်မောလိုက် ပါတော့တယ်။ ကျွန်တော့်ရဲ့ လှည့်ကွက်ထဲကို
ဝင်နေအောင်ပဲ ဝင်လာခဲ့ကြတာ။

ကျွန်တော် ပုန်းနေရာအခန်းထဲမှ ထွက်လာခဲ့ပါသည်။
သူတို့နှစ်ယောက်က ကျွန်တော့်ကို ကျောပေးပြီး ဟိုဘက်ကို

လှည့်ကာ ကြည့်နေကြတဲ့အချိန်မှာဘဲ။

"မခင်မျိုးမြင့်မြတ်"

ကျွန်တော် အသံထွက်ခေါ် လိုက်တဲ့အခါမှာတော့ သူတို့ နှစ်ယောက်သား ဖျတ်ကနဲပဲ လှည့်ကြည့်လာကြပါတယ်။

"အယ်တော့"

နှစ်ယောက်သား အံ့အားသင့်သွားဟန်နှင့် ဖြစ်လို့ သွားပြီး သူမရဲ့သူငယ်ချင်းမက ဟန်မဆောင်နိုင်လောက်အောင် ကို အသံထွက်၍ လာခဲ့တော့သည်။

သူမမျက်နှာကတော့ အံ့အားသင့်သွားရာမှ ချက်ချင်း ဆိုသလို ရှက်သွေးတွေက မျက်နှာတစ်ခုလုံးကို ဖုံးလွှမ်းလို့ သွားသလား ထင်ရအောင် နီမြန်းလို့နေတော့သည်။

"သူခိုး လူမိသွားသလိုပဲနော် . . . ကျွန်တော်ဘယ် မသွားပါဘူး . . . ဟိုဘက်က အခန်းထဲ ခဏဝင်နေတာပါ မခင်မျိုးမြင့်မြတ်"

သူမ . . . ။

ဖျတ်ကနဲ ဆို သူ့သူငယ်ချင်းမရဲ့ လက်ကို ဆွဲပြီး ကျွန်တော်နဲ့ဝေးရာ ထွက်သွားပါတော့သည်။

အဲဒီနေ့က မခင်မျိုးမြင့်မြတ်နဲ့ သူ့သူငယ်ချင်းတို့ Class





မတက်တော့ပါ။

ဒါဟာ ကျွန်တော့်ရဲ့ အောင်မြင်သော နေ့တစ်နေ့ ဖြစ်လေသည် . . . ။

❀ ❀ ❀ ❀ ❀



## အခန်း (၉)

ရှက်လိုက်တာ . . . ။

တစ်ခါတည်း လဲသေဖို့ ကောင်းလိုက်တာ . . . ။

တစ်ချက် အတွေးကလေး မှားလိုက်တာနဲ့ မျက်နှာမပြရဲလောက်အောင်ကို ဖြစ်မိသွားသည် . . ။ သူ့လှည့်ကွက်ထဲ ကျွမ်းထိုးမှောက်ခုံကို ဝင်ရောက်သွားတာ . . ။

ခုမှ ကိုယ့်ကိုကိုယ် အလွန်ညံ့သေးမှန်း သိလိုက်ရသည်။ သူနှင့် ကစားသော ပွဲတစ်ပွဲတွင် ဒီတစ်ခါတော့ ကျွန်မ အရှုံးနဲ့ကို





ခံဆိုင်လိုက်ရပါသည်။ အရှက်တရား၊ ဂုဏ်သိက္ခာပိုင်းရော ကျွန်မ ရှုံးသွားခဲ့တာပါ။

မကျေနပ် . . ။

လုံးဝကို မကျေနပ်ချင်။ ဒီရှုံးကြွေးကို ကျွန်မ ပြန်ဆပ်ချင်နေမိသည်။ သို့သော် မည်သို့ ပြန်ဆပ်ရမည်ကို လောလောဆယ် စဉ်းစား၍မရသေး။

ဒီအတွက်ကြောင့်ပင် ကျွန်မ ကျောင်းသုံးရက်ပျက်သွားခဲ့ရသည်။ အရှက်တရားကြောင့် သူ့မျက်နှာကို ကျွန်မ မကြည့်ချင်သေး၊ မမြင်ချင်သေးပါ။ ဒေါပင်နိုင်သူ၏အပြုံး ခနဲ့ ခနဲ့တဲ့ကိုတော့ ကျွန်မ မခံစားနိုင်သည်မှာ သေချာသည်။

ဒီနေ့လည်း ကျောင်းမတက်သေးဟု စိတ်ထဲက တေးထားလိုက်မိသည်။ သို့သော် ကျွန်မဆီသို့ ချောစုက ရှန်းဆက်လာခဲ့၏။

“ဟဲ့ ခင်မျိုး . . . နင်ကျောင်းမတက်တာ သုံးရက်ရှိပြီနော်”

“အဲဒါ ဘာဖြစ်လဲ”

“နင် ဘယ်အထိ ကျောင်းမတက်ဘဲ နေမှာလဲ”

ကျွန်မ နှုတ်ဆိတ်နေမိလိုက်တယ်။

"နင် ဒီနေ့ ကျောင်းလာခဲ့တာ"

"ငါ မတက်ချင်သေးဘူး ချောစုရယ်"

"ဘာလဲ နင် နေဗလကို ဆက်ပြီး အရှုံးပေးချင်သေးလို့လား"

ဆတ်ကနဲ ကျွန်မခန္ဓာကိုယ်လေး တွန့်ကနဲ ဖြစ်လို့သွားသည်။

"ဘာ ဘာပြောလိုက်တာလဲ"

"နင် ကျောင်းမလာဘူးဆိုရင် နေဗလကို ဆက်ပြီး အရှုံးပေးလိုက်တာပဲ ခင်မျိုး"

ကျွန်မ ခေတ္တခဏ ဆွံ့အလို့သွားလိုက်သည်။

ချောစုက ကျွန်မကို ဆက်၍ နေဗလအကြောင်းကို ပြောနေ၏။

"နေဗလမျက်နှာက မထီတထီနဲ့ ငါ့ကို ကြည့်လိုက်တဲ့ မျက်နှာပေးက မခန့်လေးစားနဲ့ . . . ငါ တော်တော် အခံရခက်တယ်ဟာ . . . နင်မရှိတော့ ပိုဆိုးတာပေါ့ . . . ဒီမှာ ခင်မျိုး အချိန်တိုင်း အရာရာတိုင်းမှာ သူချည်း နိုင်နေမှာ မဟုတ်ပါဘူးကွ . . . ဗိုလ်လုံတစ်လှည့် ငါးပျံတစ်လှည့်ပေါ့ကွာ . . . ကျောင်းကိုသာ လာခဲ့စမ်းပါနော် . . . တို့နှစ်ယောက်တွေ့ပြီး





အေးအေးဆေးဆေး တိုင်ပင်ကြတာပေါ့"

မှန်သည် . . ။ ချောစုပြောတာတွေသည် အမှန်ပင်။ ကျွန်မ သွေးကြောင်လို့မဖြစ်ပါ။ ဒီတစ်ခါရှုံးရင် နောက်တစ်ခါ နိုင်ရမယ်ပေါ့။

ကျွန်မ ကျောင်းကိုလာခဲ့မယ်ဟု ကတိပေးလိုက်ရသည်။ ချောစုကို ထိုင်နေကျ ကန်တင်းတွင် စောင့်ခိုင်းထားလိုက်၏။

ကျွန်မ ကျောင်းကိုရောက်လို့ ကန်တင်းကို သွားတဲ့အခါမှာတော့ ချောစုက အရင်ရောက်လို့နေသည်။

"နင် လာမှ လာပါ့မလားလို့ ဟယ်"

"ရှက်တဲ့စိတ်ကို မျိုသိပ်ပြီး မာန်တင်းလို့ လာခဲ့ရတယ်ဟာ"

"အဲဒါကို မေ့ထားလိုက် . . . ဗျူဟာတစ်ခုကို နင် စဉ်းစားလိုက်စမ်းပါ"

ဟင်း . . . ။

ကျွန်မက စိတ်ရဲ့ထွက်ပေါက်တစ်ခုအနေနဲ့ ရင်ထဲက ခံစားကျပ်မှုလေပူတွေကို မှုတ်ထုတ်လိုက်ရသည်။ ရင်ထဲတွင် နည်းနည်းတော့ ချောင်သွား၏။

"ကဲ နင်ဘာစားမလဲ . . နန်းကြီးပဲလား"

နန်းကြီးသုပ်ကို ကျွန်မကြိုက်တတ်မှန်း သိလို့ ချောစုက မေးလိုက်သည်။

ကျွန်မက ခေါင်းညိတ်ပြလိုက်တော့ ချောစုက ဝိတ်တာတစ်ယောက်ကို လှမ်း၍အော်ကာ မှာမည်အလုပ် . . .။

"ချောစု . . နေဦး . . နေဦး"

ကျွန်မက လှမ်းကာ ဟန့်တားလိုက်သဖြင့် ချောစုက

"ဘာလဲဟ"

"ငါ နန်းကြီးမစားချင်တော့ဘူး . . . ကြက်ဥနဲ့ ထမင်းကြော်တစ်ပွဲ မှာလိုက်ကွာ"

"ဘယ်လိုဖြစ်တာလဲ"

"ဘာမှမဖြစ်ဘူး . . မှာသာမှာလိုက်ကွာ"

ဟိုတစ်ခေါက်က နန်းကြီးသုပ်စားနေသည့် နေဗလကို မြင်ယောင်လိုက်မိသည်။ သူ၏ အသုပ်ဖိုးကိုပင် ကျွန်မ ပေးလိုက်လို့ သူနှင့် ပြဿနာတက်ခံရသေးသည်။ သူသည် နန်းကြီးသုပ်ကို ကြိုက်နှစ်သက်သည်ထင်၏။ အဲဒီနေ့က နန်းကြီးသုပ်ကို နှစ်ပွဲတောင် ဆင့်စားလိုက်သည်ကို တွေ့ခဲ့ရသည်မဟုတ်လား။

ဒါကြောင့်မို့လို့ ကျွန်မသည် နန်းကြီးသုပ်တို ကြိုက်နှစ်သက်သော်လည်း သူ့ကြောင့် အရှက်ရခဲ့ခြင်းအပေါ် မကျေ





မနပ် ဖြစ်မှုတွေက ရင်ထဲမှာ ကိန်းဝပ်တွားတစ်ခု ဝင်လာ ထိုနန်းကြီးသုပ်ကို မစားမိတော့ခြင်းပင်၊ သုပ်ကိုပါ စိတ်နာလို့ သွားခဲ့ရပါပြီ။ ယ်"

"နန်းကြီးသုပ်ကို အရမ်းကြိုက်တဲ့ နဓဆောင်ထဲကို မကြိုက်တော့တာလဲဆိုတာ ငါစဉ်းစားလို့ကို မရ

ကျွန်မ ပြုံးပြုံးလေးနဲ့ ချောစုကို ကြည့်လိုက်ပါတယ်။

"နှင် စဉ်းစားမနေနဲ့ . . . စားမယ့်ဟာ စားဟာ"

"အေး အဲဒါပဲကောင်းပါတယ်"

ချောစု ဘာမှဆက်မပြောတော့ပါ။

ကျွန်မလည်း ထမင်းကြော်ဆက်စားနေရာမှ နေဗလကို ဘယ်ပုံဘယ်နည်းနဲ့ ဒေါက်ဖြုတ်ရမလဲဆိုတာ စဉ်းစားနေမိခဲ့တယ်။

ဒါပေမယ့် စားသောက်ပြီးသွားသည်အထိကို စဉ်းစားလို့ မရခဲ့ပါ။ ကန်တင်းကနေ ကျောင်းအဆောင်ဘက်သို့ လာရာလမ်းတစ်လျှောက်၌လည်း စဉ်းစားကြည့်နေသေးသည်။ သို့ပေမယ့် ဘယ်လိုမှကို စဉ်းစားလို့ကို မရပါ။

ကြာတော့ ကိုယ့်ကိုကိုယ် ဒေါသတွေ လှိမ့်ထွက်လို့လာသည်။ အဲဒီလောက်ထိ အသုံးမကျရမလားလို့ပေါ့။

နန်းကြီးသုပ်တိုက်တို့ စာသင်ဆောင်နားသို့ပင် ရောက်၍ မေးလိုက်သည်။

ကျွန်မက ဒွေး"

တစ်ယောက်ကို တိုးတိုးလေးဖြင့် ချောစုက ကျွန်မကို ခေါ်

"...

"ဘာလဲ ဟာ"

ကျွန်မ စဉ်းစားလို့မရသည့်ကြားထဲက စိတ်တိုစွာဖြင့် မေးရင်း လှည့်ကြည့်လိုက်သည်။ ချောစုက ကျောင်းဆောင် အပေါ်ထပ်သို့ မော့ကြည့်နေသဖြင့် ကျွန်မလည်း သူမကြည့်ရာ သို့ မော့ကြည့်လိုက်တယ်။

ထိုအခါ ကျွန်မမျက်နှာ တင်းခနဲ ဖြစ်လို့သွားပါတော့ သည်။ နေဗလက ကျောင်းဆောင်အပေါ်ထပ် စကြန်လမ်း ဝရန်တာမှာ လက်လေးထောက်ပြီး အောက်ကို ငုံ့ကြည့်နေတာ ကို တွေ့လိုက်ရပါတော့တယ်။

"ဟင်း"

ကျွန်မနှုတ်က မကျေနပ်သံကို ထွက်၍လာခဲ့သည်။ ရှက်ဒေါသတွေ၊ မခံချင်မှုတွေ၊ နာကျည်းမှုတွေက သွေးကြော တစ်လျှောက် စီးဆင်းလို့လာခဲ့သည်။





အဲဒီမှာပဲ ကျွန်မ ခေါင်းထဲကို အတွေးတစ်ခု ဝင်လာ ခဲ့တော့သည်။

"လာ ချောစု အပေါ်ထပ်ကိုတက်မယ်"

ကျွန်မဟာ ချောစုလက်ကိုဆွဲကိုင်ရင်း အဆောင်ထဲကို ခပ်သွက်သွက် လှမ်းဝင်လိုက်တယ်။ ကျွန်မတို့စာသင်ဆောင်က သုံးထပ်ဆောင် အပေါ်ဆုံးထပ်မှာဆိုတော့ လှေကားနှင့် ဆက်လာခဲ့ရတာပေါ့။

ဒုတိယထပ် အရောက်မှာတော့ . . .

"ခင်မျိုး ဟိုမှာ နေဗလ ဆင်းလာပြီ"

ချောစုကအပြော ကျွန်မ မော့ကြည့်လိုက်တယ်။

နေဗလ တစ်ယောက် . . .

လှေကားပေါ်က တစ်ထစ်ချင်း ဆင်းလာခဲ့ပြီး ကျွန်မကို ချိုမချဉ်မျက်နှာနဲ့ ကြည့်နေပြီး။ ကျွန်မရင်ထဲမှာ မခံချင်မှု လေးက ချက်ချင်း ဖြစ်ပေါ်လာခဲ့တယ်။ ဒါပေမယ့် အဲဒီစိတ်ကိုပဲ ချိုသိပ်ထားလိုက်ရတယ်။

ကျွန်မ လှေကားထစ်တွေအပေါ် ဆက်မတက်တော့ဘဲ အတိုင်း ရပ်နေလိုက်သည်။ သူဆင်းအလာကို စောင့်နေ လိုက်၏။ သူကတော့ အေးအေးဆေးဆေးပါပဲ။ ဒါပေမယ့်

ကျွန်မကိုမကြည့် အောက်ကိုပဲကြည့်ရင်း ပြုံးနေတယ်။ ခနဲ့ပြ
လေးဆိုတာ ကျွန်မ သိနေတယ်။ ကျွန်မနဲ့ တစ်ပြေးညီ လှေကာ
ထစ်ပေါ် ရောက်တော့ . . .

"ဒီမှာ"

သူ ဖျတ်ကနဲ ကျွန်မကို လှည့်ကြည့်လာခဲ့တယ်။

"ခု လာမယ့် တနင်္ဂနွေနေ့မှာ ကျွန်မ ရတနာရိပ်ငြိမ်
လာခဲ့မယ်"

သူ့ရဲ့ ခနဲ့ပြုံးမျက်နှာလေးက ပျောက်ကွယ်
မျက်မှောင်ကြီးက မှောင်ကုပ်လို့သွားခဲ့သည်။

"ဘာကိစ္စနဲ့လာမှာလဲ"

"ရတနာရိပ်ငြိမ်နဲ့ ရင်းနှီးနေမှတော့ ကိစ္စရှိမှ လာ
မှာလား"

"အကြောင်းကိစ္စမရှိဘဲနဲ့ မလာပါနဲ့"

"အဟင်း . . ဟင်း . . ဟင်း"

ကျွန်မ ခနဲ့တဲ့တဲ့လေး ရယ်မောလိုက်တယ်။ ပြီးတော့

"ရှင် မကြောက်ပါနဲ့ . . . အလကားသက်သက် မလ
ပါဘူးရှင် . . . ကျွန်မရဲ့အဘွားက ရှင်ရဲ့အဘွား
လတ်ဆောင်ပေးခိုင်းလို့ လာပေးမှာပါ"





သူ ပင့်သက်လေးကို မသိမသာ ချိုးချလိုက်တာကို ကျွန်မ
တွေ့လိုက်ရသည်။

"ကျွန်မ သွားတော့မယ်"

ပြောပြီးသည်နှင့် ကျွန်မ ချောစုလက်ကိုတို့ရင်း အပေါ်
သို့ တက်လို့သွားခဲ့သည်။ လှေကားနှစ်ထစ်လောက် တက်ပြီး
သည်နှင့် ကျွန်မက သူ့ဘက်ကို ပြန်လှည့်ရင်းက

"သြော် ကိုနေဗလ . . . အဲဒီနေ့ကျရင် ရှင် ကျွန်မကို
ရှောင်မပြေးနဲ့နော်"

ကျွန်မ ကျေနပ်စွာ ရယ်မောရင်းနဲ့ အပေါ်သို့ လွတ်လပ်
ပေါ့ပါးစွာနှင့် တက်လာခဲ့သည်။

နေဗလကတော့ ဘယ်လိုနေမယ်မသိ။ ဒါပေမယ့်
သူ့မျက်နှာကြီးက ညိုပုပ်ပုပ်ကြီးဖြစ်လို့ သွားခဲ့တာကတော့
အမှန်ပါ။ ဒီအတွက်ကြောင့် ကျွန်မ ကျေနပ်အားရလို့ သွားတော့
သည်။

လျှပ်တစ်ပြက်အတွေးလေးက ကျွန်မရဲ့ အရှက်သိက္ခာ
ကို ပြန်၍ လက်စားချေပေးလိုက်သည်ဟု ကျွန်မ ခံယူမိလိုက်
ပါ၏။

အိုး ပျော်လိုက်တာ . . ။ ဒီလို အမှတ်မထင် လုပ်လိုက်

ရတဲ့ အတွက်ဖြစ်လေသည်။

“ခင်မျိုး . . . နင်တကယ်သွားမှာလား”

“အေးပေါ့ဟ”

“ဘယ်လိုအကွက်တွေ တွေ့ထားလို့လဲ”

“သူမျက်နှာမြင်လိုက်တော့မှ ချက်ချင်း အကြံပေါ်လာခဲ့တာဟ”

“ဟုတ်လား”

ကျွန်မ ပြုံးပြုံးလေးပဲ ချောစုကို ခေါင်းညိတ်ပြလိုက်တော့သည်။

❀ ❀ ❀ ❀ ❀





## အခန်း (၁၀)

ဒုတိယအကြိမ်မြောက် ရတနာရိပ်ငြိမ်သို့ ခင်မျိုးမြင့်မြတ် ထပ်ရောက်လို့သွား၏။ စိတ်ထဲတွင် တုန်လှုပ်မှုတော့ အနည်းငယ် ဖြစ်မိလို့နေသည်။

ဒီတစ်ခါတော့ သူမအဖေ ပါမလာခဲ့။ သူမတစ်ယောက်တည်း အရဲစွန့်ကာ လာခဲ့ရခြင်းပင်။ မိန်းမသိက္ခာကို ခေးချိတ်ကာ လာခဲ့ရသည်မို့ မျက်နှာကတော့ ခပ်ပူပူပင်။ ကြိမ်ဆွဲခြင်းတွင် အသုံးအဆောင်ပစ္စည်းမျိုးစုံကိုထည့် ပလတ်စတစ်ဖြင့် ထုပ်ပိုးလို့

လက်ဆောင်အနေဖြင့် ယူဆောင်လာခဲ့ရသည်။ ဒါမှလည်း သဘာဝကျမည်မဟုတ်လား။

အင်း . . . လက်ဆောင်ပစ္စည်းဖိုးကတော့ သုံးသောင်းလောက် ကျသွားခဲ့ပြီပဲ။ ဒီလောက်တော့ ရင်းနှီးရမည်ပဲလေဟု သူမ တွေးမိလိုက်သေးသည်။

သို့ပေမယ့် သူမ ရတနာရိပ်ငြိမ်သို့ လာရကျိုးတော့ နပ်သွားခဲ့ပါသည်။ သူမကို ရတနာရိပ်ငြိမ်က လူတွေအားလုံးက လှိုက်လှဲဝမ်းသာစွာနဲ့ ကြိုဆိုခဲ့ပါ၏။ နေဗလနှင့် သူ့အဖေ ဦးမောင်မောင်လတ်က လွဲရင်ပေါ့။

ဦးမောင်မောင်လတ်က အားလပ်ရက်တိုင်း Golf သွားရိုက်တယ်တဲ့။ အဲ သူကတော့ အိမ်ပေါ်ကနေ အောက်ကို ဆင်းမလာခဲ့ပါဘူး။

ဒါပေမယ့် သူမ ကျေနပ်သည်။ ဤရတနာရိပ်ငြိမ်၏ အကြီးအကဲဖြစ်သူ အဘွား ဒေါ်ထိပ်တင်မိုးကို သူမ စည်းရုံးနိုင်ခဲ့ခြင်းပင် မဟုတ်လား။

"အိမ်တော်မှာက မယ်မယ်နဲ့ ခမည်းတော်ပဲ ရှိတာ မဟုတ်လား . . . ဒီတော့ သမီးတော်ကပဲ ဟိုဆိုသွားလိုက် ဒီဆိုသွားလိုက်နဲ့ ကိစ္စတွေပြီးမြောက်အောင်လို့ကို လုပ်ကိုင်





ပေးနေရတာ ဘွားတော်"

သူမရဲ့ အပြောအဆိုကိုကြည့်ရင်း ဒေါ်ထိပ်တင်မိုးက ကျေနပ်ကြည်နူးစွာ ပြုံးလို့နေ၏။

"တွေ့တော်မူကြရဲ့လား . . . ဒီ မြေးတော်မလေးရဲ့ နှုတ်မြွက်က ထွက်တော်မူတဲ့ စကားတွေက ဘယ်လောက် နန်းဆန်သလဲလို့ . . . အဲဒါ အမျိုးဂုဏ်ကို ဘယ်လောက်ထိ စောင့်ထိန်းတော်မူခဲ့သလဲဆိုတာ သမီးတော်နဲ့ ချွေးမတော်တို့ သိတော်မူကြမှာပါလေ"

ဒေါ်ထိပ်တင်မိုး၏ ချီးမွမ်းစကားကိုကြားတော့ သူမ မနေတတ်တော့။ ရှက်ပြုံးလေးပြုံးရင်း ခေါင်းလေးကို ငုံ့လို့ ထားလိုက်သည်။

သူ့အဒေါ် ဒေါ်ထိပ်တင်လေးနှင့် သူ့အမေ ဒေါ်မြင်းဆီတို့ကလည်း သူမကို ပြုံးတုံ့တုံ့နှင့်ကြည့်ရင်း သဘောကျလို့ နေပေသည်။

သူ့ကိုတော့ဖြင့် ခင်မျိုးမြင့်မြတ် မမြင်ရသေး။ ဒီလို အခြေအနေမျိုးလေးကို သူဆိုတဲ့ နေဗလကို မြင်စေချင်သည်။ ဒီလို အပြောအဆိုမျိုးနှင့်ဆိုလျှင် ရတနာရိပ်ငြိမ်ရဲ့ မိသားစုဝင် တစ်ယောက် ဖြစ်လာနိုင်ပါပြီနော်လို့ နေဗလကို မေးလိုက်ချင်

ပါရဲ့နော်။

အဲဒီလိုဆိုရင် သူ သူမကို ဘယ်လိုတုံ့ပြန်မလဲဆိုတာ သိချင်စမ်းပါရဲ့ဟု သူမ တွေးလိုက်မိ၏။

"မြေးတော်လေးရဲ့ ဘွားတော် ခင်ခင်ကြီးရော ကျန်းမာတော်မူရဲ့လားကွယ်"

"ကျန်းမာတော်မူပါတယ် ဘွားတော် . . . မြေးတော်ရဲ့ ဘွားတော်ကိုလည်း ရတနာရိပ်ငြိမ်ရဲ့ အိမ်တော်အကြောင်းကို ဖုန်းနဲ့ ပြောပြတော်မူလိုက်ပါတယ် . . . သဟာကြောင့် မြေးတော်လေးရဲ့ ဘွားတော်က လက်ဆောင်ပစ္စည်းတွေဝယ်ပြီး ဘွားတော်ကြီးကိုပေးဖို့ အတန်တန်ကို မှာတော်မူခဲ့ပါတယ်"

"အင်း သဟာကြောင့်လည်း မြေးတော်လေးက ဒီလက်ဆောင်ပဏ္ဏာတွေကို ယူတော်မူလာတာကိုး . . ., တတ်သိလိမ္မာတော်မူလိုက်တာကွယ် . . . မြေးတော်မလေးရဲ့ဘွားတော်တို့များရဲ့ သူငယ်ချင်း ခင်ခင်ကြီးကိုလည်း ကျေးဇူးတော်တင်ကြောင်း ပြောကြားတော်မူလိုက်ပါဦးကွယ် . . . အိမ်း ဘွားတော်တို့ သက်တော်မတိမ်းပါးခင် စကားလက်ဆုံ ပြောချင်ပါသေးရဲ့လေ"

"မြေးတော် ပြောပြလိုက်ပါ့မယ် ဘွားတော်"





"အေးကွယ် အေးကွယ် . . . ဒါနဲ့ မြေးတော်မလေးက ကျောင်းတက်တာ ဘယ်အဆင့်ကို ရောက်တော်မူပြီလဲကွယ်"

"နောက်ဆုံးနှစ်ပါ ဘွားတော် . . . ဟိုလေ ဒီက နောင်တော် နေဗလနဲ့ တစ်တန်းတည်း အတူတူပါ ဘွားတော်"

"အို ဟုတ်လား"

ဒေါ်ထိပ်တင်မိုး မျက်ဝန်းတွေ ရွှန်းပလို့သွားသည်။ နောက်ပြီး သမီးတော် ဒေါ်ထိပ်တင်လေးနှင့် ချွေးမတော် ဒေါ်မြနှင်းဆီတို့ နှစ်ဦးကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်ပါတယ်။

"ချွေးမတော် မြေးတော်နေဗလ ဘယ်သွားလဲကွယ်"

"မောင်မောင် ဂေါ့ရိုက်ထွက်တာကို ကားမောင်းလိုက်ပို့တော် မူပါတယ် မယ်မယ်"

"အမလေးတော် . . . အခါတိုင်း သားတော်သွားတိုင်း မြေးတော် ဘယ်တုန်းကများ ကားမောင်းလိုက်ပို့ဖူးလို့လဲတော်၊ ခုတာမှ ထူးထူးဆန်းဆန်း မောင်းပို့ရတယ်လို့ ဟွန်း ပြောကို မပြောလိုက်ချင်တော့ဘူးနော်"

ဒေါ်မြနှင်းဆီ ငြိမ်ကုပ်လို့သွားသည်။ ဒီလေသံ၊ ဒီအပြောမျိုးတို့သည် ဒေါ်ထိပ်တင်မိုးတစ်ယောက် စိတ်ဆိုးလို့ ပြောလာသည့်လေသံမှန်း သိလိုက်သည်။

"မယ်မယ်ရယ် . . . တူတော်မောင်က သူ့အဖေဆီက တစ်ခုခုလိုချင်တာရှိလို့ ခုလို လိုက်မောင်းပို့တာဖြစ်မှာပါ မယ်မယ်ရယ်"

ဖြေသိမ့်လိုက်သည့်စကားကို ဒေါ်ထိပ်တင်လေးက ပြောလိုက်ရာ ခင်မျိုးမြင့်မြတ်က ကြိတ်ပြုံးလေးတစ်ခုကို ပြုံးလိုက်တယ်။

အမှန်တော့ နေဗလ သူမကို ရှောင်ပုန်းပြေးမှန်း သိလိုက်သည်။

ရှင် ရင်မဆိုင်ရဲဘူး မဟုတ်လား . . .။

ရှင် ယောကျ်ားတစ်ယောက် မဟုတ်ဘူးလား . . .။

ရှင် သိပ်သတ္တိကြောင်သွားပါလား . . .။

ရှင် ဒါ အရှုံးပေးလိုက်ခြင်းပဲ မဟုတ်လား . . . .။

သူမ စိတ်ထဲကနေ စွဲချက်တွေများစွာ တင်လိုက်မိသည်။ ဒါပေမယ့် သူမပျော်လို့သွား၏။ နေဗလ ထိုသို့ ရှောင်ပြေးပုန်းခြင်းသည် သူမကို အရှုံးပေးလိုက်ခြင်းနှင့် တူတော့သည်။

"မြေးတော်မလေး"

"ရှင်"





နေဗလနှင့်ပတ်သက်ပြီး တွေးနေရာမှ အမှတ်တမဲ့ ခေါ်လိုက်သည့် ဒေါ်ထိပ်တင်မိုး၏ အသံကြောင့် သူမ ခပ်လန့်လန့်ဖြစ်သွားရင်း ကမန်းကတမ်း ထူးလိုက်ရသည်။

"မြေးတော်မလေးကို ဘွားတော် စကားအတည်တစ်ခွန်းပြောမလို့ . . . အဲဒါ မြေးတော်မလေးက သေချာနားထောင်တော်မူပြီး အဖြေတော်ပေးရလိမ့်မယ်ကွယ့်"

ရင်ထဲမှာ လှုပ်ကနဲ လှုပ်ရှားလို့သွားတယ်။ မျက်ဝန်းအစုံကလည်း အဘွားတော် ဒေါ်ထိပ်တင်မိုးထံသို့ စူးကနဲရောက်လို့သွားခဲ့သည်။ သို့သော် သူမ မျက်ဝန်းစူးစူး အကြည့်တို့က တဖြည်းဖြည်းနဲ့ မှေးမှိန်လို့သွားတော့၏။

အဘွားတော် ဒေါ်ထိပ်တင်မိုး၏ အကြည့်ဒဏ်ကို သူမ သည်ပြိုင်မကြည့်ရဲ။ သူမထက်ပို၍ စူးရှထက်မြက်လွန်းလှနေသသည်။

"မြေးတော်မလေးကို ရတနာရိပ်ငြိမ်ရဲ့ မိသားစုဝင်အဖြစ်နဲ့ ဝင်ရောက်စေချင်တယ် . . . တကယ်တမ်းပြောရရင် မြေးတော် နေဗလနဲ့ လက်ဆက်စေချင်တယ်"

"ရှင်"

သူမ အံ့သြလို့သွားသည်။ တကယ်ကို အံ့သြလို့သွားရ

သည်။ ဤလောက်အထိ ဖြစ်လိမ့်မည်ဟု မထင်ထားမိခဲ့။ ဤသို့ ဖြစ်လာလိမ့်မည်ဟု တွေးထင်ထားခဲ့မိတောင် ဤလောက်ထိ မြန်လိမ့်မည်ဟု တွေးမထားခဲ့တာအမှန်။

ခုတော့ဖြင့် ဖြစ်လာခဲ့ပြီ။ ဤအခြေအနေထိ ရောက်ဖို့ ကို ခက်ခက်ခဲခဲ ကြိုးစားရမည်။ အချိန်ကာလတွေ များစွာ စောင့်ရမည်ဟု ထင်ထားခဲ့မိပါသည်။

အိုလေ . . .။ အံ့သြမင်သက်မှုက ရင်နှင့်မမျှခဲ့တော့ပါ။

"မြေးတော်မလေး တော်တော် အံ့သြသွားလားကွယ့် မအံ့သြပါနဲ့ . . . ရွှေကိုရွှေချင်းပဲ ထပ်ချင်တယ် . . . ကြေး မရောချင်ဘူး . . . အမျိုးဂုဏ်ချင်း ထပ်တူပြုနေတဲ့အတွက် ခုလို မြန်မြန် အသိပေးတော်မူလိုက်ရတာပဲကွယ့်"

သူမ ရင်ထဲ လှိုက်ဖိုမောသွားသည်။ ရင်တွေလည်း တအား ခုန်လို့သွားခဲ့ရ၏။ သူမ ခေါင်းကို မဖော်တော့ ရှက်သွေးလေးက မျက်နှာပေါ် သို့ ရောက်လို့လာသည်။

"ကဲကွယ် . . . ဘွားတော်ကို ဖြေတော်မူစမ်းပါကွယ့်"

"ဒီကိစ္စက မြေးတော်မ သဘောတစ်ခုတည်းနဲ့ ပြောလို့ မရပါဘူး ဘွားတော် . . . မြေးတော်မရဲ့ မယ်မယ်၊ ခမည်းတော်နဲ့ ဘွားတော်တို့ရဲ့ သဘောထားကို မေးမြန်းရပါဦးမယ်"





"ဟုတ်ပေသားပဲ . . . ဘွားတော်ကြီး စိတ်ဆန္ဒစောခြင်းထန်သွားတယ်ကွယ် . . . အကယ်၍ မြေးတော်မလေးက အုပ်ထိန်းသူတွေ သဘောတူခဲ့မယ်ဆိုရင်ရောကွယ်"

"မြေးတော်မလေးက မိဘအုပ်ထိန်းသူတွေရဲ့ စကားကို နားခံဖို့ အသင့်ပါ ဘွားတော်"

သူမရဲ့ စကားအဆုံးမှာတော့ အားလုံးရဲ့မျက်နှာတွေက အပြုံးပန်းတွေ ဝေနေပါတော့သည်။

ကဲ ကိုနေဗလ . . .။

ရှင့်ကိုတော့ ကြိုးနဲ့ အသေချည်လိုက်ပြီ . . .။

ရှင် ဘယ်လိုရုန်းမလဲ . . .။ ရုန်းစမ်းပါ . . . ဟု ခင်မျိုးမြင့်မြတ်က စိတ်ထဲကနေ ကြုံးဝါးလို့နေပါတော့တယ်။

❀ ❀ ❀ ❀ ❀



## အခန်း (၁၁)

အဆောင်နှင့်ခပ်လှမ်းလှမ်း လူသူကင်းရှင်းပြီး အရိပ်အာဝါသကောင်းသည့် သစ်မင်တစ်ပင်အောက်မှာ ကျွန်တော်တစ်ယောက်တည်း ထိုင်နေမိခဲ့သည်။

မခံချင်မှုတွေ၊ ခံပြင်းမှုတွေ၊ နာကျည်းမှုတွေ၊ ဒေါသဖြစ်မှုတွေက ရင်ထဲမှာ တင်းကျပ်စွာ ခံစားနေရတယ်။

ထိုသို့ ခံစားနေရသည့်အလျောက် ခင်မျိုးမြင့်မြတ်အပေါ်သို့ အမုန်းတရားတို့က ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်ခံစားလို့





နေရသည်။

သာယာအေးနွေးစွာ တိုက်ခတ်လာသည့် လေညှင်းတို့လည်း အရသာရှိစွာ ကျွန်တော် မခံစားနိုင်။ ကျွန်တော်ထိုင်နေသည့် သစ်ပင်ပေါ်မှ ကြွေကျလာသည့် ရော်ရွက်ဝါလေးတို့ကို ကြည့်ရင်း စိတ်ကူးယဉ်လို့လည်း မရနိုင်ခဲ့ပါ။

ကျွန်တော့် စိတ်အတွေးထဲမှာ မခင်မျိုးမြင့်မြတ်အပေါ် မုန်းတဲ့ အမုန်းတရားမီးတွေသာလျှင် တောက်လောင်လို့နေသည်။ ဒီမီးတွေငြိမ်းအောင်လို့ ကျွန်တော့်စိတ်ကို ဘယ်လိုမှ ဖြေသိမ့်လို့ကိုမရ ဖြစ်နေသည်။

မနေ့ကပေါ့ . . .။

ကျွန်တော် သူမကို မတွေ့ချင်တာနဲ့ အဖေနဲ့အတူ ဆိုင်ရိုက်လိုက်သွားပြီး တစ်နေကုန် လျှောက်လည်ပစ်လိုက်သည်။ ရုပ်ရှင်လည်း ကြည့်လိုက်သေး၏။

ညနေခင်း နေစောင်းတော့မှ အိမ်ကို ပြန်ရောက်တော့သည်။ သည်မှာတင် ပြဿနာက ကျွန်တော့်ကို စောင့်ကြိုနေပါပြီလေ။ အိမ်ရဲ့ ဧည့်ခန်းဆောင်မှာ လူက စုံညီစွာနဲ့ ထိုင်နေကြပြီး အကြောင်းကိစ္စတစ်ခုကို ပြောဆိုဆွေးနွေးနေကြမှန်းကို ကျွန်တော် အကဲခတ်လိုက်မိပါသည်။

အဲဒီအကြောင်းကိစ္စကတော့ . . .။

မခင်မျိုးမြင့်မြတ်နဲ့ ကျွန်တော့်ကို ထိမ်းမြားလက်ထ

ပေးမည့် ကိစ္စပင်၊

ကျွန်တော် ကြားလိုက်ရတော့ တော်တော့်ကို တုန်လှု

လို့ သွားတော့သည်။ မင်သက်ငေးငိုင်သွားသည်။ အံ့သြခြင်းမ

အံ့သြလို့သွားရသည်။

ခင်မျိုးမြင့်မြတ်ဆိုသည့် မိန်းမတစ်ယောက် ရတန

ရိပ်ငြိမ်ကို နှစ်ခေါက်ပင် ရောက်ခဲ့တာရှိသေး ဒီကိစ္စက ဖြစ်ပေ

လာခဲ့ရ၏။ ဘယ်လောက်များ စည်းရုံးရေး ကောင်းလို

သလဲလို့၊ တော်တော်လည်း တတ်နိုင်တဲ့မိန်းမ။

သူမကတော့ ဒီကိစ္စကို သူမရဲ့ မိဘအုပ်ထိန်းသူ

သဘောတူခဲ့မယ်ဆိုရင် သဘောတူပါတယ်တဲ့။

ကိုင်း ကောင်းရော . . .။

ဘယ်လောက်ထိ ကောက်ကျစ်ယုတ်မာသလဲခို

ကြည့်၊ သူမ ကျွန်တော့်ကို သက်သက်မဲ့ အနိုင်ယူချင်တာ

သူမ ဘဝတစ်ခုလုံးကို တစ်သက်လုံး ရင်းနှီးမြှုပ်နှံချင်ရတာ

ဘာလို့ စတေးခံချင်ရတာလဲ။

ဘာလဲ သူမ ကျွန်တော့်ကို ချစ်လို့လား . . .။





ကျွန်တော် မထင်။ သူမ ကျွန်တော့်ကို ချစ်လိမ့်မည်

တ်။ ကျွန်တော်သိသည်။ ကျွန်တော့်ရဲ့ မာန်၊ မာန၊ သိက္ခာ

တွေကို တစ်ပိုင်းတစ်စစီဖြစ်အောင် ချိုးမွခြင်လို့ဆိုတာ ကျွန်တော်

တတ်ပြောနိုင်၏။

ဒီတော့ . . .။

လူကြီးတွေကို ကျွန်တော် ငြင်းသည်။ ပြင်းပြင်းထန်ထန်

ငြင်းကြည့်ပါသည်။

သို့ပေမယ့် . . .။

မရ။ လုံးဝကို မရ။ အားလုံးက တစ်သံတည်း၊ တစ်လေ

တည်း။ တစ်သဘောတည်း။ ခင်မျိုးမြင့်မြတ်ကို လက်ထပ်ရ

ည်တဲ့ . . .။

"တောက်"

ကျွန်တော့်နှုတ်က မကျေနပ်သံ ထွက်ပေါ်လာခဲ့သည်။

ာ်သေး၏။ ကျွန်တော်ထိုင်နေသည့် သစ်ပင်အောက်

းပတ်လည်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မရှိခဲ့လို့

ာ်တော့သည်။

ကျွန်တော် ခါးသီးစွာပင် ခင်မျိုးမြင့်မြတ်ကို မုန်းခဲ့

ပါသည်။ ယခုကိစ္စသည် ကျွန်တော် လုံးဝ မကြည်ဖြူသည့်

ကိစ္စတစ်ခုပင်။ ကျွန်တော့်ဘဝနှင့်လည်း သက်ဆိုင်နေသဖြ
ခင်မျိုးမြင့်မြတ်နှင့် တွေ့ဆုံကာ ထိပ်တိုက်ရှင်းရပေမည်။ မရှေ
လို့ကို မရ။ ထိပ်တိုက် ရှင်းကိုရှင်းရမည်။

"ဟုတ်တယ် . . ရှင်းရမယ် . . . သူနဲ့ကို တွေ့
ဖြစ်မယ်"

ကျွန်တော့်နှုတ်က အသံထွက်လာရင်းနှင့် ဖျတ်ခ
ထိုင်နေရာမှ ထလိုက်တယ်။ ပြီးတော့ ခြေလှမ်းကျဲကျဲကြီးတွေ
ကျောင်းဆောင်တွေဘက်ကို ခြေဦးလှည့်လိုက်တယ်။

လာပြီနော် . . .။ နေဗလဆိုတဲ့ကောင် လာပြီ။ ဒင်း
အရေခွံဆုတ်ဖို့ လာပြီ။ ဟင်း . . မယ်မင်းကြီးမ ကောင်းကောင်
သတိထားပေတော့။

ကျွန်တော့်ရဲ့ ကြုံးဝါးသံတွေကတော့ ကြောက်စ
ကောင်းလွန်းလှပါသည်။ ဒါပေမယ့် အပြင် တော
ထွက်မလာတော့ပါ။ ရင်ထဲမှာပဲ မြည်ဟီးတုန်ယင်နေတော
သည်။

အဲ မကြာပါဘူး . . .။

ကျွန်တော်တို့တက်နေတဲ့ အဆောင်ကိုရောက်တော
အပေါ်ထပ်ကို လှေကားအတိုင်း တက်လာခဲ့ပါတယ်။ သုံးထ





ဆောင်ဆိုတော့ တော်တော်တော့ တက်ရသား။ လှေကား
အတက်အဆင်းမှာ ကျောင်းသားတွေက ဥဒဟို သွားလာ
လှုပ်ရှားနေကြသည်။ စာသင်ခန်းထဲမှာ သူမ ရှိမှရှိရဲ့လားလို့
တွေးမိလိုက်သေး၏။

လက်ထဲမှ နာရီကို ကြည့်လိုက်မိသည်။ အတန်းတက်
ဖို့ ဆယ်မိနစ်ကြီးတောင် လိုသေး၏။ ဒါဆိုရင်တော့ အတန်း
ထဲမှာ ရှိနှင့်နေပြီ။ ကျောင်းသားတွေလည်း တော်တော်များများ
ရောက်နှင့်လောက်ပြီထင်၏။

ဒီနေ့က ကျူတိုရီယာယ် ဖြေရမှာဆိုတော့ . . .။

အင်း ဒီအခန်းက ကျောင်းသားတွေ အကုန်ရောက်ကြ
ပြီ။ မရောက်သေးတာ ကျွန်တော်ပဲ ဖြစ်လိမ့်မည်။ ကျွန်တော်
ခြေလှမ်းသွက်သွက်နဲ့ အပေါ်သို့ တက်လာခဲ့သည်။ ကျွန်တော်
တို့ အခန်းက အလယ်လောက်မှာဖြစ်၏။

ကျွန်တော် အခန်းရှိရာသို့ ခပ်မြန်မြန်သွားပါမှ။ ရှေ့က
ကျောင်းသူလေးသုံးယောက်က စကားတပြောပြော၊ ပဲများများ
နှင့် ဟန်လုပ်လျှောက်နေပြန်တော့ စိတ်က တယ်မရှည်ချင်
ဖြစ်လာသည်။

ဒါနဲ့ပဲ ကျွန်တော် အတင်းဝင်တိုးပြီး ဘေးကနေ

တော့်တတ်ကာ သွားလိုက်တော့ အသံတစ်သံက ထွက်ပေါ်
လာခဲ့တယ်။

"အို ဘယ်လိုဖြစ်နေတာလဲလို့"

ကျွန်တော့်ခြေလှမ်းတွေက စာသင်ခန်းထဲသို့ လှမ်းဝင်မယ့်ဆဲဆဲ . . ။ ကျွန်တော့်မျက်ဝန်းတွေက စာသင်ခန်းရဲ့ နောက်ဘက်သို့ ရွေ့တော့မယ့်ဆဲဆဲ . . ။

ကြားဖူးနေသည့်အသံကြောင့် ကျွန်တော့်ရဲ့ လှုပ်ရှားမှုတွေ ရပ်တန့်လို့သွားကာ ကျွန်တော့်ခေါင်းက နောက်ကြောင်းပြန်လှည့်လို့သွားတော့သည်။

အဲဒီမှာပဲ သူမကို ကျွန်တော် တွေ့လိုက်ရပါပြီ။

ကျွန်တော့်ရဲ့ အကြည့်တွေ . . .

ကျွန်တော့်ရဲ့ မျက်နှာထားတွေ . . .

ခက်ထန်မာကျောနေမယ်ဆိုတာ ကျွန်တော် သိနေပါသည်။

အဲ သူမကတော့ . . .

ဘာမှ မဖြစ်သလို၊ ဘာမှ မသိသလို ဟန်လေးနှင့် ကျွန်တော့်ကို ပြန်ကြည့်နေတာ တော်တော်လေးကို အမြင်ကပ်ရကောင်းသလား မပြောနဲ့တော့။





ပွန်း . . . ။

ပါးတွေကို ဘယ်တစ်လှည့် ညာတစ်လှည့် အချက်အစ်ရာလောက်ကို ရိုက်ပစ်ချင်နေသည် . . ။

ခုတော့ အဲဒီဒေါသကို ခဏ မျိုချထားလိုက်ရသည်။ စိတ်ကိုလည်း တည်ငြိမ်အောင် ကြိုးစားထိန်းချုပ်ထားလိုက်တယ်။ ပြီးတော့ ပင့်သက်ကို အသာလေးချလိုက်ရင်းက သူမတို့ ဒဲ့ဒိုးပင် မေးချလိုက်သည်။

"မင်းက ကိုယ်နဲ့ လက်ထပ်မယ်လို့ သဘောတူထားတယ်ဆို"

"အင်း ဟုတ်တယ်"

မပြုံး၊ မရယ်၊ မျက်နှာလေးတစ်ချက်မှ ပျက်မသွားဘဲ ခင်မျိုးမြင့်မြတ်က ဝန်ခံစကားကို ဆိုလိုက်ပါတယ်။

"မင်းကို ကိုယ် လက်မထပ်နိုင်ဘူး ခင်မျိုးမြင့်မြတ်"

"အဲဒါတော့ ကျွန်မ မသိဘူးလေ"

ကျွန်တော့်ကို သူမ အူကြောင်ကြောင်လုပ်နေသည်။

"ဟ မသိလို့ရမလားကွ . . . ငါမှ မင်းကို လက်မထပ်နိုင်တာ မင်း နောက်ဆုတ်လိုက်ပေါ့ . . . မင်းအတွက် အကျိုးရှားနေလို့လား"

ကျွန်တော့်လေသံက ကျယ်လောင်၍ မာကျော
သည်။ အခန်းတွင်းရှိ ကျောင်းသူကျောင်းသားများက ဝိုင်း
ကြည့်ကြကုန်တော့၏။

"ဟုတ်ပါတယ် ကိုနေဗလ . . . ကျွန်မအတွက်
ယောကျ်ားရှားနေပါတယ် . . . ကျွန်မအတွက်တော့ ရှင်
တစ်ဦးတည်းသော ယောကျ်ားတစ်ယောက်ပဲ"

"သေ . . . သွားသေလိုက်"

"ဟင့်အင်း မသေနိုင်ဘူး . . . ရှင်နဲ့ကျမှ အ
သေမယ်"

ဟာ တကယ့်ကိုကြောင်တဲ့ မိန်းမပဲဟု တွေးလိုက်သ
ကျွန်တော် ရွံ့လည်း ရွံ့မိသည်။ ဒါသည် သက်သက်မဲ့ ကျွန်
ကို အရှက်ခွဲခြင်းပင်။

"ဒီမှာ ခင်မျိုးမြင့်မြတ် . . . ငါပြောမယ် မင်း သေ
နားထောင် . . . မင်းလိုမိန်းမမျိုးကို ယူမယ့်အစား လမ်းဘေး
တစ်ဝမ်းတစ်ခါးအတွက် တောင်းစားနေတဲ့ မိန်းမကိုပဲ ယူ
အဲဒီမိန်းမတွေက မင်းထက် အဆင့်အတန်းမြင့်မားတယ်ဆို
မင်းသိထားကွ . . . ထို့ မင်းကို ရွံတယ်ကွာ"

ကျွန်တော် ပြောပြီးသည်နှင့် ချာကနဲ လှည့်ထွက်





ခန်းထဲ ဝင်လိုက်တော့သည်။

ခုမှပင် ရင်ထဲ ပေါ့ပါးသွားသည်ဟု ခံစားလိုက်ရသည်။
ကျွန်တော် ထိုင်နေသည့် နေရာမရောက်တရောက်တွင်
နောက်သို့ မသိမသာ လှည့်ကြည့်လိုက်သည့်အခါ . . .။

ခင်မျိုးမြင့်မြတ်သည် နှုတ်ခမ်းကို ပြတ်လုမတတ်
ကိုက်ထားရင်း စူးရှထက်မြက်သည့် အကြည့်တွေနှင့် ကျွန်တော့်
ကို ကြည့်ရင်း တွေတွေကြီးရပ်ကာနေပါတော့သည်။

သည်အကြည့်တို့က . . .

မီးတောက်တစ်ခုပမာအလား ပြင်းထန်လွန်းလှချေ၏။
သို့တော့လည်း မျက်ရည်တို့က စီးကျလို့နေတော့၏။

အဲဒီနေ့က ခင်မျိုးမြင့်မြတ်တစ်ယောက် ကျူတိုရီယာယ်
ဖြေတာကို ကျွန်တော် သတိထားမိလိုက်ပါသည်။

❀❀❀❀❀



## အခန်း (၁၂)

"တစ်ခါဘူးမှ မျက်ရည်မကျဘူးတဲ့ မိန်းမတစ်ယောက်ကို
ခု မျက်ရည်ကျတာ မြင်လိုက်ရတော့ ငါ တော်တော် အံ့ဩ
သွားတယ် ခင်မျိုး . . . မျက်ရည်ကျတာတောင် သာမန်
မဟုတ်ဘူး . . . ဝမ်းနည်းပက်လက်နဲ့ကိုကျတာ"

ချောစုရဲ့စကားတွေက ကျွန်မနားထဲကို သံရည်ပူတွေ
လောင်းထည့်ထားလိုက်သလို ခံစားလိုက်ရသည်။

မခံချင်မှုတွေ၊ နာကျည်းမှုတွေက ရင်နှင့်မမျှတော့ပါ။





"ငါ့ရဲ့မျက်ရည်တွေဟာ ဝမ်းနည်းမှုတွေနဲ့ ကျတာ
မဟုတ်ဘူး ချောစု . . . ခံပြင်းမှုတွေ၊ နာကျည်းမှုတွေကြောင့်
ဆောက်ပြီး ရှက်ဒေါသကြောင့် ကျတဲ့မျက်ရည်"

ချောစုက ကျွန်မကို တွေတွေလေး စိုက်ကြည့်လို့
နေရင်းက . . .

"ဒါဆို နင့်ရဲ့မာနတွေ ဘယ်ရောက်သွားပြီလဲ"

"အရည်ပျော်သွားပြီ"

"ဘာ"

"ငါ့ရင်ထဲမှာ မာနဆိုတာ ပျောက်သွားပြီ ချောစု . . .
ဒါပေမယ့် မာနထက် ပြင်းထန်တဲ့ အမုန်းတရားတွေ၊ နာကျည်း
နာကျင်းတီးခြင်းတွေ ကိန်းအောင်းလာပြီ . . . အဲဒီအရာတွေ
ကိန်းအောင်းလာတဲ့အတွက် ငါ နေဗလဆိုတဲ့လူကို ပြန်လည်
ဒုက္ခလဲ့စားချေဖို့ သွေးအေးသတ္တဝါတစ်ကောင်လို ကျင့်သုံး
ဆောင်မယ် ချောစု"

သွေးအေးသတ္တဝါတစ်ကောင်လို့ ဆိုသည်ကြောင့်
ချောစု နားမလည်သလို ဖြစ်သွားသည်ထင်၏။ ကျွန်မ သူ့ကို
ဆက်ရှင်းမပြချင်တော့။

"ငါ ဒီနေ့ ဒုတိယအကြိမ် အရှက်ခွဲခံရတဲ့နေ့ . . . ငါ

မမေ့ဘူး . . . တစ်သက် မမေ့ဘူး . . . သူပြောတဲ့စကားတွေ ငါ့ရဲ့သိက္ခာကို လုံးဝ စော်ကားလိုက်တာ . . . ဘယ်တော့မှ မေ့လို့မရတော့ဘူး . . . သူ့ကို ဘယ်လောက်ထိ ချစ်နေ ချစ်နေ သူပြောထဲ့စကားတွေကြောင့် အမုန်းတရားတွေက ရင်ထဲမှာ နေရာမဆန့်အောင်ကို ပြွတ်သိပ်ကျပ်နေပြီ”

“ဒါဆို နင် နေဗလကို ချစ်ခဲ့ဖူးတယ်ပေါ့”

ကျွန်မရဲ့စကားကို အကျအနကောက်ပြီး ဖျတ်ခနဲ ချောစုက မေးလာသဖြင့် ကျွန်မ ချောစုဘက်ကို လှည့်ကာ ကြည့်လိုက်ပါတယ်။

“ဟုတ်တယ် . . . ငါ နင့်ကို ဝန်ခံပါတယ် . . . ငါ နေဗလကို ချစ်ခဲ့ဖူးတယ်”

“နင် ဘယ်တုန်းက ချစ်ခဲ့ဖူးသွားတာလဲ”

“ယောကျ်ားတွေ ငါ့ကို ဂရုစိုက်နေတဲ့အချိန် သူ ငါ့ကို ဂရုမစိုက်ခဲ့ဘူး . . . အဲဒီမှာ ငါ သတိထားမိရင်း သူ့ကို ချစ်သွားခဲ့တာပဲ ချောစု”

“ငါတောင် မသိလိုက်ဘူး ခင်မျိုးရယ်”

အံ့ဩခြင်းတွေနဲ့ ချောစုက ကျွန်မကို ဂရုဏာသက်စွာ ငေးကြည့်လို့နေသည်။





“ဒါပေမယ့်ဟာ ခုတော့ ပြီးသွားပါပြီ . . . အချစ်ကို အမုန်းတွေနဲ့ ဖုံးလွှမ်းလို့ထားလိုက်ပြီကွာ”

ကျွန်မလေသံ ဖျော့တော့တော့နိုင်လွန်းလှသည်ကို ကိုယ့်ဘာသာကိုယ် သိလိုက်၏။

ချောစုက သူ့ခေါင်းကို ဘယ်ညာ ယိမ်းလိုက်ရင်းက

“ကျွတ် မဟုတ်သေးဘူး ခင်မျိုး”

“ဘာ မဟုတ်သေးတာလဲ”

ဒီလိုလေဟာဆိုပြီး ချောစုက စကားကို ခဏရပ်လိုက်တယ်။ ခေတ္တ စဉ်းစားနေတာနဲ့တူပါတယ်။ နောက်တော့မှ

“ဒီလိုဟာ . . . အချစ်တွေများစွာရှိနေတဲ့ လူတစ်ယောက်ရဲ့ ရင်ထဲမှာ အမုန်းများစွာက ဖြစ်ထွန်းပေါ်ပေါက်ပြီဆိုတာနဲ့ အလွမ်းဆိုတာက အချစ်နဲ့အမုန်းကို ဖုံးလွှမ်းလိုက်တော့တာဝဲ မဟုတ်လား ခင်မျိုးရယ်”

“ဒါဆို ငါက သူ့ကိုမမုန်းဘဲ လွမ်းနေရမှာလား”

“လွမ်းနေရမှာ မဟုတ်ဘူး . . . လွမ်းနေတာ . . . ချစ်နေတယ်ဆိုတဲ့နောက်မှာ အမုန်းတရားတွေ၊ နာကျည်းမှုတွေက ထပ်ချပ်လိုက်လာခဲ့ရင် အလွမ်းနဲ့ ဇာတ်သိမ်းသွားမှာပါ။ အခု ခင်မျိုးက အလွမ်းဇာတ်ခင်းနေတာ”

တျှတ် . . ။

ကျွန်မ စုပ်သပ်လိုက်သည်။ ချောစုပြောသည့် စကားများကို လက်မခံချင်။ သူမပြောသည့် စကားတို့သည် သေချာဆန်းစစ် စဉ်းစားကြည့်လျှင်လည်း မှန်နေ၏။

လူတစ်ယောက်ကို ချစ်လာခဲ့ပြီး အမုန်း မပေါ်ခဲ့ရင်တော့ အပျော်ဇာတ်လေးပေါ့လေ။ တကယ်လို့ အမုန်းတွေ ဖြစ်ပေါ်လာပြီဆိုရင်တော့ အလွမ်းပဲ ဖြစ်လာတော့မည်။

အဲဒီအလွမ်းသည် . . .

နာကျည်းလွမ်း . . .

မုန်းတီးလွမ်း . . .

နောက်ဆုံး ကောက်ချက်ချမည်ဆိုလျှင် အချစ်လွမ်းပဲ ဖြစ်လာခဲ့သည်ပေါ့။

ကျွန်မလည်း ဤသို့ပင် ဖြစ်နေသည် မဟုတ်လား။ တကယ်တော့ အချစ်ကို အမုန်းနဲ့ပဲ ပေါင်းပေါင်း၊ မြှောက်မြှောက်၊ နှုတ်နှုတ် နောက်ဆုံးရလာဒ်ကတော့ အလွမ်းပဲ ကျန်ရစ်ခဲ့မည်မှာ ကေန်အမှန် . . ။

ကျွန်မရဲ့ မျက်ရည်စတွေက ဘယ်ရောက်သွားကြန်သည် မသိတော့။





ဒါပေမယ့်လေ . . .

ရင်ထဲမှာတော့ ဒေါသမီးတွေ၊ အမုန်းမီးတွေက လျှော့ပါးမသွားခဲ့။

မင်းလို မိန်းမမျိုးကို ယူမယ့်အစား လမ်းဘေးမှာ တစ်ဝမ်းတစ်ခါးအတွက် တောင်းစားနေတဲ့ မိန်းမကိုပဲ ယူမယ်။ အဲဒီမိန်းမတွေက မင်းထက် အဆင့်အတန်းမြင့်မားတယ်ဆိုတာ မင်းသိထားကွာ။ ထွီ မင်းကို ရွံတယ်ကွာ။

ဆိုတဲ့ နေဗလရဲ့စကား . . ။

လက်ညှိုးငေါက်ငေါက်ထိုးပြီး လူပုံအလယ်မှာ အရှက်ခွဲလိုက်တဲ့စကား။ ခွေးသေပုပ်လောက်ထက်ကို ပိုရွံခံရတဲ့စကား။

ဒီစကားတွေကို ပြောလာတဲ့ နေဗလကို ကျွန်မ ဘယ်လို သင်ပုန်းချေနိုင်မှာလဲ ရှင်။

ကျွန်မ သူ့ကို ဘယ်လောက်ကြီးချစ်ချစ်၊ ခွင့်လွှတ်ခြင်းဆိုတဲ့ ဘောင်က ကျိုးပွဲသွားခဲ့ပါပြီ။ သူ့ကို ကျွန်မ သေအောင်သွမ်းပါစေ ဘယ်တော့မှ ခွင့်လွှတ်လိမ့်မယ်မဟုတ်။

လူဆိုတာ အသက်နဲ့ လူလုပ်နေတာမဟုတ်၊ အရှက်နဲ့ လူလုပ်တာဆိုတာ ဒင်း မသိလေရော့သလား။

တကယ်တမ်းပြောရမယ်ဆိုရင် သူ ပြောခဲ့တဲ့ စကား

အတိုင်း လမ်းဘေးမှာ ထောင်းရမ်းစားသောက်နေတဲ့ မိန်းမ
တစ်ယောက်ကို ရှာဖွေ ပေးစားလိုက်ချင်ပါရဲ့ ဟင်း။

ဟင်း . . ။

မဖြစ်နိုင်လို့ပေါ့ . . ။

တော်ပြီ ဒီလူနဲ့ကို မတွေ့ချင်တော့ဘူး . . ။

တွေ့ရင် သတ်တောင် သတ်ပစ်မိမှာလား မသိ။
အဲလောက်ထိကို မုန်းသွားတာ။

"ချောစု"

ကျွန်မ တိုးတိုးလေးပဲ ခေါ်လိုက်တယ်။

"နင် ဘာပြောမှာလဲ"

"ငါ ကျောင်းမတက်တော့ဘူးဟာ"

"ဘာလဲ နေဗလကြောင့်လား"

သူ့ကြောင့်ဟု ကျွန်မ နှုတ်က အဖြေမပေးမိဘဲ နေလိုက်
တယ်။

"စာမေးပွဲတွေလည်း ဖြေရတော့မှာ . . ကျောင်းလည်း
ပိတ်ခါနီးပြီးလေ . . . ကျောင်းတက်ရက် ရာခိုင်နှုန်းလည်း
ပြည့်နေပါပြီဟာ . . . ငါ အိမ်မှာပဲ စာကျက်တော့မယ်"

"ဘာကြောင့်လဲဆိုတာကိုတော့ ငါ မမေးတော့ပါဘူး





ခင်မျိုး . . . ဒါပေမယ့် ယောကျ်ားတစ်ယောက်အတွက်နဲ့တော့
ကိုယ့်ပညာရေးကို အထိအခိုက်တော့ မခံပါနဲ့ . . . နင် စာမေး
ပွဲတော့ ဆက်ဆက်လာဖြေဖို့ကိုတော့ ကတိပေးကွာ"

"အေးပါ . . ငါ စာမေးပွဲလာဖြေပါ့မယ် ချောစုရယ်"

ဟိုးအဝေးလယ်ကွင်းထဲက တိုက်ခတ်လာသည့် လေနု
ရှမ်းကို ကျွန်မ ခပ်ကြမ်းကြမ်းပဲ နှလုံးအိမ်ထဲသို့ ရှူသွင်းလိုက်မိ
တော့သည်။

❀ ❀ ❀ ❀ ❀



## အခန်း (၁၃)

"ဝှစ်"

ဂေါက်သီးလုံးလေးက အပေါ်သို့ထောင်တက်လို့သွားပြီး ဟိုးအဝေးက ဂရင်းအစပ်နားသို့ ကျလို့သွားခဲ့သည်။

"ဟာ ကိုမောင်မောင်လတ် ခင်ဗျား မဆိုးဘူးဗျ . . . လက်ရည်တက်လာပြီပဲ"

"ခင်ဗျားကို မမှီသေးပါဘူး ကိုခင်မောင်စိုးရာ"

"ကျွန်တော်က ဒီလောက်လည်း မဟုတ်သေးပါဘူးဗျာ"





ဦးခင်မောင်စိုးက တီခုံပေါ်တွင် ဂေါက်သီးလုံးလေးကို တင်လိုက်သည်။ ပြီးတော့ သေချာစွာ နေရာယူလိုက်ပြီး လက်ထဲက ဂေါက်ရိုက်တံဖြင့် ချိန်ဆလို့နေ၏။

ဦးမောင်မောင်လတ်က ဦးခင်မောင်စိုး၏ ကစားဟန်ကို သေချာစူးစိုက်စွာ ကြည့်လို့နေပါသည်။

စိတ်တိုင်းကျပြီဆိုသည်နှင့် ဂေါက်သီးလုံးလေးကို ရိုက်ထုတ်လိုက်သည်။ ဝှစ်ခနဲအသံနှင့်အတူ မြက်အစအနများက လွင့်စင်လို့သွားတော့၏။ အပေါ်သို့ ထောင်တက်သွားသည့် ဂေါက်သီးလုံးလေးကို နှစ်ယောက်သား ငေးမောကာ ကြည့်လို့နေစဉ် ဂေါက်သီးလုံးလေးက ဂရင်းပေါ်သို့ ကျလို့သွားတော့သည်။

"လက်မှန်းကတော့ တယ်ကောင်းဗျာ"

"ဟဲ . . ဟဲ . . . ဟဲ"

ဦးမောင်မောင်လတ် ချီးကျူးသံကို ဦးခင်မောင်စိုးက ရယ်မောရင်း ဂေါက်ရိုက်တံကို ကယ်ဒီကောင်မလေးကို ပေးလိုက်သည်။

ပြီးတော့မှ နှစ်ယောက်သား ဂရင်းရှိရာသို့ စကားအပြောပြောနှင့် လျှောက်လှမ်းလို့သွားကြ၏။

"ဟာ မေ့နေလိုက်တာ"

"ဘာလဲဗျ ကိုမောင်မောင်လတ်ရ"

"ကျွန်တော့်မယ်မယ်ဗျာ ခင်ဗျားသမီးကို မတွေ့မမြင်ရတာ ကြာလို့တဲ့ . . . အဲဒါ အားရင် အိမ်တော်ကို လွှတ်လိုက်ပါဦးလို့ ကျွန်တော့်ကို မှာထားတာဗျ"

"ဟုတ်လား . . . ခုတလော သမီးနဲ့တောင် မျက်နှာချင်း သိပ်မဆိုင်ဖြစ်ဘူး . . . ခု သမီးက မန္တလေးကိုသွားတယ် သူ့အဘွားဆီကိုလေ"

"နောက်တစ်ခု ရှိသေးတယ်"

လမ်းလျှောက်နေရင်းမှ ဦးခင်မောင်စိုး ခြေလှမ်းတွေ တွန့်သွားခဲ့သည်။

"ခင်ဗျားသမီးကို ကျုပ်မယ်မယ်နဲ့ အိမ်သားတွေက သဘောကျနေကြတာ . . . ရုပ်ရည်ရော၊ ပညာရော၊ မျိုးရိုးရော ဘာမှ ပြောစရာမရှိဘူးတဲ့"

"ဒါဆို ဘာများပြောစရာရှိလို့လဲ"

ခပ်ပြုံးပြုံးလေးနဲ့ ဦးခင်မောင်စိုးက ပြန်မေးလိုက်သည်၊ ဦးမောင်မောင်လတ်ကလည်း ပြန်၍ပြုံးရင်း . . .

"ပြောစရာရှိတာက ခင်ဗျားသမီးကို ကျုပ်သားနဲ့





သတ်ထပ်ပေးချင်တယ်တဲ့ဗျာ"

"ဟုတ်လား"

ဦးခင်မောင်စိုးက အံ့ဩဟန်ကိုမပြ၊ ရယ်ကျဲကျဲနဲ့သာ။

"ကိုမောင်မောင်လတ်ရာ . . ခင်ဗျား ကျုပ်အကြောင်းသည်း သိသားနဲ့ . . . ကျုပ်တို့သားအဖတွေက ပွင့်ပွင့်လင်းလင်းပဲ ပြောကြတာ . . . ကျုပ်သမီးက ခင်ဗျားသားကို သဘောကျမယ်ဆိုရင် ကျုပ် ဘာမှ ပြောစရာမရှိပါဘူးဗျာ"

"ဟာ အဲဒါကတော့ စိတ်ချဗျာ . . . ကျုပ်မယ်မယ်က ခင်ဗျားသမီးကို တီးမိခေါက်မိပြီးသွားပြီတဲ့ . . . ခင်ဗျား သမီးက ဒီတာအုပ်ထိန်းသူတွေက ခွင့်ပြုမယ်ဆိုရင် သူကလည်း သဘောတူပါတယ်တဲ့"

"ဟ ဟုတ်လှချည်လား . . . ကြည့်စမ်း ကျုပ်တောင် မသိလိုက်ဘူးဗျာ . . . ခင်ဗျားတို့မိသားစုတွေ ကျုပ်သမီးကို ဘယ်လို စည်းရုံးလိုက်သလဲမသိဘူး . . . ကျုပ်သမီးက သော်တော် မာနကြီးတာနော် . . . တော်ရုံ ယောကျ်ားဆို သည့်ကြည့်တာမဟုတ်ဘူးဗျို့ . . . အင်း ခင်ဗျားသား ဟရည် အချင်းကိုတော့ ချီးကျူးရမှာပဲ"

"ကျုပ်လည်း မသိပါဘူးဗျာ . . အိမ်ကလူတွေ

ပြောမှပဲ သိရတော့ပါ”

“ကဲဗျာ . . . လူငယ်တွေ အဆင်ပြေတယ်ဆိုရင်လည်း ကျုပ်တို့ လူကြီးတွေက ဝတ္တရားအတိုင်း စီစဉ်ပေးရမှာပေါ့ မဟုတ်ဘူးလား”

“ဒါပေါ့ဗျာ . . . လုပ်ပေးရမှာပေါ့”

“ကဲ ရိုက်လိုက်ကြရအောင် . . . ပထမဦးဆုံး ဂရင်းမှာ ခင်ဗျား ပါရအောင် ကြိုးစားပြီးရိုက်စမ်းပါ ကိုမောင်မောင်လတ်”

“အိုကေ”

ဒီလိုနဲ့ . . . ။

ပထမဦးဆုံးဂရင်း ပါဒမှာ ဦးမောင်မောင်လတ်က ရိုက်ချက် သုံးချက်နဲ့ ပါရသွားခဲ့တယ်။

ဦးခင်မောင်စိုးက ရိုက်ချက်နှစ်ချက်နဲ့ ဦးမောင်မောင်လတ်ကို နှာတစ်ဖျားအသာနဲ့ပေါ့။

ထို့နောက် နောက်ဂရင်းတစ်ခုမှာ ကွင်းစိန်ဖို့အတွက် သတ်မှတ်ထားသည့် တီခုံသို့ နှစ်ဦးသား လှမ်း၍ သွားကြတော့သည်။

❀ ❀ ❀ ❀ ❀





**အခန်း (၁၄)**

ခပ်သော့သော့ ခပ်ရမ်းရမ်း တိုက်လိုက်သည့် လေတို့က အေးမြခြင်းကို ပေးဆောင်စွမ်း မရှိခဲ့ပါ။ ပူလောင်လွန်းသည့် သာပုတွေပဲ ပေးဆောင်လျက်ရှိနေ၏။

ဪ . . အညာလေဆိုသည်က ပူလိုက်အေးလိုက်နှင့် ပါလား . . ။

မန္တလေးတောင်ပေါ် တက်သည့် စောင်းတန်းတစ်ခုရဲ့ တက်ခုံတန်း ထိုင်ခုံတစ်ခုမှာ ကျွန်မ တစ်ဦးတည်း အေးအေး

ဆေးဆေးထိုင်ကာ တောင်ခြေတစ်ဝိုက်ကို ကြည့်ရှုခံစားနေ
ပါသည်။

ဘယ်တော့မှ ပျောက်ပျက်မသွားနိုင်တော့မယ့် နန်းမြို
ရိုးကြီးနဲ့ ကျုံးရေပြင်ကြီး . . ။

နေရောင်အောက်တွင် မြိုးကနဲ ပြက်ကနဲနဲ့ ရွှေရော
ဝင်းတောက်နေသည့် စုလစ်မွန်းချွန်များနှင့် ရွှေကျော
အဆောင်တော်များ . . ။

နောက်ပြီး ကျုံးရေပြင်၏ ပြင်ပဘက်မှာတော့ အပြ
အဆိုင် ပေါ်ပေါက်လာကြသော မိုးထိမြင့်မားသည့် ဟိုတ
တွေ၊ မိုတယ်တွေ၊ လူနေတိုက်တာ အဆောက်အဦးတွေ . .

ဒါတွေကို ကျွန်မ အပေါ်စီးကနေကြည့်ကာ ကြည်
ချမ်းမြေ့ရပါတော့သည်။ အရာအားလုံးကို မေ့သွားလော
အောင် ကျွန်မကို ညှို့ငင်ဖမ်းစားသွားနိုင်လောက်သည်။

ကျွန်မ တကယ်လည်း မေ့ခဲ့ပါသည်။ ဤခရီး
ထွက်လာခဲ့သည်မှာ ကျွန်မအတွက် မှန်ကန်ခဲ့၏။ ကျွန်မစိတ်
ပေါ်ပေါက်ခဲ့သော အနာစိမ်းကို ဤခရီးက (သို့မဟုတ်)
မန္တလေးမြို့က ကုသပျောက်ကင်းစေနိုင်ပါသည်။

အစပထမတွင် နေဗလနှင့် ပတ်သက်ဖြစ်ပေါ်ခဲ့သ





ကိစ္စရပ်များကြောင့် အဘွားရှိရာ ဤမန္တလေးမြို့သို့ ကျွန်မ ထွက်လာခဲ့သည်။

တကယ်တော့ စိတ်၏ ထွက်ပေါက်တစ်ခုကို ရှာဖွေလိုက်ခြင်းပင်။ ကျွန်မ၏အဘွား ဒေါ်ခင်ခင်ကြီးသည် ခါတိုင်း ညောင်ရွှေကအိမ်တော်တွင် နေထိုင်ပြီး မန္တလေးသို့ ခေတ္တ သွား၍ နေချိန်တွင် ကျွန်မ မန္တလေးသို့ ထွက်လာခဲ့ရခြင်းပင်။

မန္တလေးရောက်တော့ ကျွန်မ အပျော်ကြီးပျော်လို့။ မြို့ရဲ့ နီးစပ်ရာပတ်ဝန်းကျင်တစ်ဝိုက်ကိုလည်း လျှောက်၍ လည်ခဲ့သည်။

ခု မန္တလေးတောင်ပေါ်သို့ ကားဖြင့်မတက်ဘဲ အရင်က အတိုင်း ခြင်္သေ့ကြီးနှစ်ကောင် စောင်းတန်းမှ တက်လာခဲ့ခြင်းပင်။

စောင်းတန်းတစ်လျှောက်တွင် လူသူအသွားအလာ အတော့်ကို ရှင်းသည်။ ကားဖြင့် တောင်ပေါ်သို့ တက်ရောက် လာနိုင်ခြင်းကြောင့်လည်း လူရှင်းလင်းလှသည်မဟုတ်လား။

မရောက်တာလည်းကြာ၊ မတက်တာလည်းကြာတော့ ခြေသလုံးတွေ တောင့်တင်းလို့လာ၏။ ချွေးကလေး တစ်စို့စို့နှင့် မောဟိုက်လို့လာ၏။

ဒါကြောင့်ပင် ကျွန်မ ခေတ္တခဏထိုင်ကာ အနားယူရင်း

တောင်အောက်ကိုကြည့်ကာဖြင့် အတွေးနယ်ချဲ့လို့လာခဲ့ရသည် မဟုတ်လား။

အဘွားကပြောသား တောင်ပေါ်ကို ကားနဲ့တက်ပါတ မှာခဲ့ပုံကိုတွေးရင်း ကျွန်မ ပြုံးနေမိသည်။ အမယ် မောတော့ အမောသားပဲ။

ကဲ မတတ်နိုင်။ တက်လက်စနဲ့ ဘုရားရင်ပြင်တော်ပေါ် ရောက်အောင်တော့ တက်မှဟု အားခဲရင်း ကျွန်မ ဆက်၍ တက်လာခဲ့ပါသည်။

ထိုစဉ်မှာပင် ကျွန်မနားထဲသို့ ဂီတသံစဉ်တစ်ခုက ကြားလိုက်ရ၏။ ညှင်းညှင်းသွဲ့သွဲ့ နွဲ့နွဲ့လေးပါ။

ပထမတော့ ကျွန်မ အမှတ်တမဲ့ပင် . . ။ နောက်တော့ နားထဲတွင် သာယာနာပျော်ဖွယ်ကောင်းလာသည့်ပြင် ကျွန်မ နှလုံးသားတွေက သိမ့်မွေ့နူးညံ့လာကာ ကြက်သီးမွေးညှင်းလေး များပင် ထ၍လာခဲ့သည်။

ဆိုသည့်လူက မိန်းကလေးတစ်ယောက်အသံ . . ။

သူမအသံက ကြည်လင်အေးမြ၏။ ဂရုဏာငွေ့ငွေ့ လေးက အသံထဲတွင် ရောစွတ်နေသည်။

ဆိုသည့်သီချင်းကတော့ ကျွန်မမသိ။ ဟိုးတုန်းက





သီးချင်းကြီးတစ်ပုဒ်တော့ ဖြစ်မည်ဟု ခန့်မှန်းမိသည်။ သို့ပေမယ့် သူမဆိုသံက အလွန်နားထောင်ကောင်း၏။ သီချင်းဖြင့် လိုက်ဖက်အောင် တီးခတ်သည့် ဂီတာပစ္စည်းကတော့ ဒုံမင်းပင်။

ကျွန်မ တဖြည်းဖြည်းချင်း လှေကားထစ်အတိုင်း တက်၍သွားသည်။ လှေကားထစ်တွေက မတ်စောက်၍နေ၏။

ခဏအကြာ . . .

ဟော တွေ့ပါပြီ . . ။

လူငါးယောက်က ဝိုင်းထိုင်လို့ . . ။ တေးသီချင်းသီဆို နေသည့် မိန်းကလေးကို ဝိုင်းဝန်းလို့ကြည့်ကာ သီချင်းကို နားထောင်၏။ ကျွန်မလည်း အပေါ်သို့ ခြေချမိလိုက်သည်။

နေရာကွက်လပ်က ပြန့်ပြန့်ပြူးပြူးရှိလှသည်။ လူသွား လမ်း၏ ဘေးအစွန်တွင် ဝါထားဘီလူးအစုပ်များကို ခင်းကာ ထိုင်နေသည့် အသက်နှစ်ဆယ်ခန့် ရှိမည့် မိန်းကလေး တစ်ယောက်နှင့် အသက်ငါးဆယ်ခန့်ရှိ လူကြီးတစ်ဦးတို့ ထိုင်နေ ကြသည်။

မိန်းကလေးက လက်ထဲတွင် စည်းနဲ့ဝါးကို ကိုင်တွယ် တီးခတ်ရင်း သီချင်းဆိုနေ၏။ မျက်ဝန်းကို မမှိတ်တမှိတ်လေးနှင့် မျက်လွှာချထားကာ နေသည်။

သူမ၏ မျက်တောင်တို့သည် ကော့ညွတ်ကာ မဲမှောင်လို့ နေပါ၏။ တစ်ခါတစ်ခါ မျက်လွှာလေးကို အပေါ်သို့ပင့်ကြည့်လိုက်သည့်အခိုက် သူမမျက်ဝန်းတို့က ဝိုင်းစက်စက်လေးနှင့် ဖြူဝင်းသော မျက်ဝန်းထဲမှာမှ ဝိုင်းစက်မဲမှောင်သော မျက်ဆံလေးက လှပလွန်းနေ၏။

မဲနက်ကာ ထူပြိန်းနေသော မျက်ခုံးတန်းများက လေးကိုင်းသဖွယ်ပမာ။ သေးသွယ်လှပ ဖြောင့်တန်းစွာ ဆင်းနေသည့် နှာတံကလေးက ဆင်နှာမောင်းကဲ့သို့ . . ။

အိုလေ ကြည့်စမ်း . . ။

လှပလွန်းသည့် နှုတ်ခမ်းစု . . ။

ဖူးငုံရာမှ ပွင့်အာတော့မည့် နှင်းဆီပန်းလေးတစ်ပွင့်ပမာအလား . . ။ ပါးမို့မို့ထက်တွင် ယှက်ဖြာနေသည့် သွေးကြောမျှင်ငယ်လေးများ အနန္တ . . ။

အိုကွယ် ဒီလောက်တောင် နူးညံ့လှချည်လား . . ။

ပြီးတော့ ဆံကေသာများ . . ။ ရှည်လျားနက်မှောင်လွန်းသည်က ကျက်သရေရှိလှပြီး ဖြူဝင်းဝါနေသည့် အသားအရေကလည်း သူမရဲ့ လှပမှုကို ပံ့ပိုးပေးနေပြန်၏။

ကျွန်မလေ ဒီမိန်းကလေးကိုကြည့်ရင်း မိန်းမချင်းမနာလိုဖြစ်နေလိုက်သည်။ ဘာလို့ ဒီလောက်တောင် လှနေရတာလဲလို့စဉ်းစားနေမိသည်။

သို့သော် ပြောစရာရှိသည်ကတော့ ညှိုးနွမ်းနေသော မျက်နှာထားက ကြည်လင်မှုမရှိ။ ဖာထေးရာများစွာနဲ့ ဝတ်ဆင်ထားသည့် အဝတ်အစားက ဟောင်းနွမ်းညစ်လွန်းလှသည်။

သြော်ကွယ် . . .

ဒီလောက်တောင် လှလွန်းတဲ့ မိန်းကလေး . . .

ဒီလောက်တောင်ပဲ နုံချာလွန်းလှတဲ့ ဘဝထဲကို ဘာလို့ ရောက်နေရတာလဲဟု ကျွန်မ စိတ်မသက်မသာဖြစ်မိသည်။

သူမနံဘေးတွင်တော့ အသက်ငါးဆယ်အရွယ် လူကြီးတစ်ယောက်။ ဒုံမင်းကို ပေါင်ပေါ်တင်ပြီး တေးသီချင်းကို စိတ်ပါလက်ပါ တီးခတ်နေ၏။

ဘဝ၏ ကြမ်းတမ်းခက်ထန်မှု . .

အိုမင်းရင့်ရော်ခြင်းတွေကြောင့် . .

မွဲခြောက်ခြောက်အသားအရေများနှင့် . .

ညစ်ထေးဟောင်းနွမ်းနေသည့် အဝတ်တို့၏ ပကာသနကြောင့်ထင် . . ။

စိတ်၏ ဖိစီးနှိပ်စက်မှုများကလည်း ထိုလူကြီးကို ပို၍

ရင့်ရော်အိုမင်းစေတော့သည်။

အမယ် . . ။

ကျွန်မ ပို၍ စိတ်ဝင်စားသွားတာတစ်ခု တွေ့လိုက်ရသည်။ သူတို့နှစ်ဦး၏ နောက်ကျောတွင် ပိတ်စပိုင်းတစ်ခုပေါ်တွင် သင်္ဘောဆေးဖြင့် ရေးသားထားသည့် စာကြောင်းများပင် ဖြစ်သည်။

ထိုစာကြောင်းများကတော့ . . .

မိတ်ဆွေ . . .

သူတောင်းစားမဟုတ်ပါ . . ။

ဂီတသုခုမပညာဖြင့် အသက်မွေးဝမ်းကြောင်းခြင်း ဖြစ်သည်။

အနုပညာကြေးအဖြစ် စေတနာရှိသလောက် ထည့်ဝင်ပေးကမ်းကြပါ။

ကျေးဇူးတင်ပါသည်။

ကျွန်မ ဒီစာလေးကို သဘောကျလို့သွားခဲ့သည်။ မည်သည့်အရည်အချင်းကိုမျှ မပြဘဲ ငွေကြေးသက်သက်ကိုသာ တောင်းကာစားသောက်သည့်လူနှင့် ပညာကို လူဘုံအလယ်တွင် ချပြကာ ပညာ၏တန်ဖိုးကို တစ်ဝမ်းတစ်ခါးအတွက် တောင်းခံ





ယူလို့ စားရသည့်လူ . . ။ ထိုအတန်းအစားနှစ်ရပ်တွင် ဒုတိယအတန်းအစားက ပို၍ တန်ဖိုးရှိ၏။

သို့သော် လူဘုံအလယ်၌ မျက်လှည့်ပြသခြင်း၊ မြွေအလှမ္ဘယ်ပြစားခြင်းတို့ကိုတော့ လူတွေက အထင်အမြင် မသေးကြပါ။ အရေးတယူ ဆက်ဆံကြသည်။

သီချင်းဆို၍ တောင်းခံစားသောက်သည့် ယခုလို သုခုမအနုပညာရှင်တွေကိုတော့ . . ။

အင်း . . သူတောင်းစားစာရင်းတွင် ထည့်သွင်းကြတော့သည်က စိတ်မကောင်းစရာ။

တချို့ကျတော့လည်း အနုပညာစစ်စစ် မဟုတ်တော့ဘဲ သီချင်းလေးဆိုတတ်ရုံ၊ မယ်ဒလင်လေး မတောက်တစ်ခေါက်တီးတတ်ရုံနှင့် တောင်းစားနေကြတော့ . . ။

အင်းလေ သူတို့ပြောသလို သတ်မှတ်သလိုပေါ့ . . ။

ကျွန်မကြည့်ရင်း နားထောင်ရင်း ဒီမိန်းကလေးကို စာနာသနားနေမိလိုက်သည်။

ဒါနဲ့ ကျွန်မအိတ်ထဲကနေ ငွေတစ်ထောင်တန် သုံးရွက်တိုထုတ်ပြီး မိန်းကလေးရှေ့မှာ ချထားပေးလိုက်တော့ မိန်းကလေးရဲ့ အကြည့်တွေက ကျွန်မဆီ ရောက်လာသည်။

ကျွန်မထင်ပါတယ်။ သည်အကြည့်တွေက . .

ကျေးဇူးတင်တဲ့အကြည့် . . ။

ဖမ်းသာကြည်နူးမိသောအကြည့်တွေဟုသိသာပါသည်။

ကျွန်မလည်းလေ သူမကို ပြုံးပြလိုက်ပါသည်။ သူမကလည်း သီချင်းဆိုနေရာမှ ကျွန်မကို ပြုံးရင်း အသိအမှတ်ပြုတဲ့အနေနဲ့ ခေါင်းညိတ်ပြခဲ့ရှာသည်။

နောက်တော့ ကျွန်မ ထိုနေရာကနေ ထွက်လာခဲ့တယ်။ လှေကားထစ်တွေအတိုင်း ဆက်ပြီး တက်လာတယ်။ တက်လာခဲ့တဲ့ အချိန်တိုင်း ထိုမိန်းကလေးရဲ့ ပုံရိပ်တွေကိုပဲ မြင်ယောင်မိခဲ့သည်။

စိတ်ထဲတွင်လည်း သနားကရုဏာတွေ ဖြစ်ပေါ်ခဲ့မိ၏။ ဒါ ဘာကြောင့်လည်း . . . ။ ကျွန်မ အတွေးတွေက ဒီမိန်းကလေးကိုသာ ဦးတည်နေမိတယ်။

အလို . . ။

ဘာမဆိုင်ညာမဆိုင်ပါပဲလား . . . ။

ကျွန်မ . . .

နေ့ဗလ ပြောခဲ့ဆိုခဲ့တဲ့ စကားတွေကို ကြားယောင်လိုက်မိတော့သည်။





ဒီတော့ စိတ်ထဲတွင် တင်းကြခဲ့ဖြစ်လို့သွား၏။ ခေါင်းထဲတွင်လည်း အတွေးတစ်ခုကို ရလိုက်၏။ ကျွန်မခြေလှမ်းတွေက တောင်ပေါ် သို့မရောက်တော့ အောက်သို့ပြန်လှည့်ကာ ဆင်းလာခဲ့တော့၏။

❀ ❀ ❀ ❀ ❀



## အခန်း (၁၅)

ဒီကနေ့ စာမေးပွဲနောက်ဆုံးနေ့ပင် . . .။

ဘဝတစ်ခုရဲ့ အစိတ်အပိုင်း ပညာသင်ကာလတစ်ခု တော့ ပြီးမြောက်သွားတယ်ဟု ပြောလို့ရသည်။ စိတ်ထဲတွင် တင်းကျပ်မှု မှန်သမျှတို့က ပြေလျော့လို့သွားခဲ့ရသည်။

နောက်ဆုံးတစ်ခေါက် Answer Paper ကို စစ်ကြည့် လိုက်၏။ စိတ်ကျေနပ်မှုရှိတော့မှ အခန်းစောင့် ဆရာမထံ အပ်လိုက်၏။





ပြီးသွားပြီ . . .။

ကျောင်းသားဘဝရဲ့ နောက်ဆုံးအချိန်က ကုန်ဆုံးသွား ပြီ။ ပေါ့ပါးလန်းဆန်းသွားသည့် ခန္ဓာကိုယ်ကို ရပ်လိုက်သည်။ ခုံတန်းထဲမှထွက်ကာ အခန်းပေါက်ဆီသို့ ခုံတန်းငါးတန်းမျှကို ကျော်ကာ လှမ်းထွက်လာခဲ့ရာတွင် နောက်ဆုံးခုံတန်း၏ အစွန် တစ်ခုတွင် ထိုင်နေသော ကျောင်းသူတစ်ဦးအနီးသို့အရောက်

"ဖြေနိုင်ရဲ့လား"

လေသံတိုးတိုးလေးနှင့် မေးလိုက်သံကို ကြားလိုက် ရသည်။

ဒီတော့မှ ကျွန်တော် ဖျတ်ကနဲ ကြည့်လိုက်မိတော့ သည်။ မခင်မျိုးမြတ်မြင့်တစ်ယောက် ဖြစ်နေ၏။ ခဏချင်းပင် ပေါ့ပါးလန်းဆန်းနေသည့် စိတ်တို့က နောက်ကျိလို့ သွားတော့ သည်။

တော်သေး၏။ စာမေးပွဲက ပြီးသွားခဲ့လို့ပေါ့။ တစ်ခု စိတ်ရှင်းလို့ တစ်ခုစိတ်ညစ်စရာ ပေါ်လာခဲ့ရသည်။

အမယ် . . .။

သူမကို မတွေ့ရတာ တော်တော့်ကို ကြာခဲ့သည်။ ဒီတစ်ခါ သူမနဲ့ တော့တော့ဆိုင်ဆိုင်တွေ့ပြီး ခပ်ရမ်းရမ်း ခပ်ကြမ်း

ကြမ်းကို ပြောလိုက်တဲ့အချိန်ကစပြီး ပျောက်သွားလိုက်တာ ခု သူမကို ပြန်တွေ့လိုက်ရခြင်းပင်။

အခန်းအပြင်ဘက်တွင်ရှိသော ခုံတန်းလျားပေါ်တွင် စုတင်ထားသည့် လွယ်အိတ်မျိုးစုံထဲမှ ကိုယ့်လွယ်အိတ်ကို ရှာကာ ယူလိုက်ချိန်တွင် အနီးသို့ ခင်မျိုးမြင့်မြတ် ရောက်လာသည်။ သူမ၏လွယ်အိတ်က မြင်သာထင်သာ ရှိနေသဖြင့် လွယ်လင့်တကူ ယူလိုက်ရင်း ကျွန်တော့်ဆီသို့ ဖျတ်ကနဲ ကြည့်လာခဲ့သည်။

ကျွန်တော် မသိချင်ယောင် ဆောင်နေလိုက်၏။

"ကိုနေဗလ"

မမြင်ချင်ယောင်၊ မသိချင်ယောင်ဆောင်နေကာမှ သူမက ဒဲ့ကို လာခေါ်တော့သည်။

"မင်းကိုယ့်ကို ဘာပြောစရာရှိလို့လဲ"

ကျွန်တော်က ထိုနေရာမှ လှည့်ထွက်လာခဲ့သော်လည်း နောက်ကနေ သူမက အတင်းလိုက်လာခဲ့ပြီး ကျွန်တော်နဲ့ ဘေးချင်းယှဉ်ကာ လိုက်၍ စကားပြောလာခဲ့သည်။

"ပြောစရာတွေကတော့ များပါတယ် . . . ဒါပေမယ့် လိုရင်းပဲပြောတော့မယ်"





"အဲဒါ အကောင်းဆုံးပေါ့"

ကျွန်တော် ရွဲ့၍ပြောလိုက်၏။

"ကျွန်မ ရှင့်ကို ခင်မင်မှုရဖို့အတွက် ကြိုးစားခဲ့တယ်၊ ဆက်ပြီး ဘဝတစ်ခုအတွက် အိမ်ထောင်ဖက်အဖြစ်နဲ့ ရှင့်ရဲ့ ...တော်ဆီမှာ အယုံသွင်း ကြိုးစားခဲ့တယ်နော်"

"မင်းကိုယ်မင်း အသိဆုံးပေါ့"

ကျွန်တော် ခနဲ့ပြောလိုက်တဲ့အခါ သူမက ပြုံးကာ ...င်းညိတ်လိုက်တယ်။

"အဲဒါတွေ ကျွန်မ ပြန်ရုပ်သိမ်းပါတယ် ကိုနေဗလ"

အံ့အားသင့်သွားသည်။ တော်တော့်ကို အံ့အားသင့် ...ခဲ့ပါသည်။ သူမပြောတာ ဟုတ်ပါလေစ။ ကျွန်တော် သူမကို ...အားတသင့်နဲ့ ကြည့်လိုက်ပါတယ်။

"ဘာလဲ ရှင်မယုံဘူးလား"

ကျွန်တော် သူမကို ဘာမျှပြန်မပြောမိပါ။ မင်သက်ကာ ...ကြည့်မိနေတုန်းပါပဲ။

"ကဲ ကိုနေဗလ ရှင်မယုံလဲနေလေ"

သူမက ပြုံးစလဲ့လဲ့နဲ့ပြောတော့ ကျွန်တော်က . . .

"ကိုယ် အံ့သြနေတာပါ"

"အဲ့ဩချင်လည်း အံ့ဩနေတော့ . . . ဒါပေမယ့် အကူအညီတစ်ခုတော့ တောင်းရဦးမယ်"

ရင်ထဲ စိုးထိတ်လို့သွားသည်။ ဘာအကူအညီတောင်း မှာလဲ။ စိတ်ထဲမှာ ခပ်လန့်လန့်တော့ဖြစ်မိ၏။

"တစ်ခြားမဟုတ်ပါဘူး . . . ခင်မျိုးတို့ဘွားဘွား ကိုနေဗလရဲ့ အဘွားကို မန္တလေးထိုးမုန့် ပေးခိုင်းလို့ပါ . . . အဲဒါ ကိုနေဗလ ယူသွားပေးပါလား"

"ကိုယ့်ဘာသာသွားပို့ရင် ပိုကောင်းမယ်ထင်တယ်"

"ဟင့်အင်း ခင်မျိုး မသွားချင်သေးလို့ပါ . . . ကိုနေ ဗလနဲ့ ပြတ်တောက်ရမယ့်ကိစ္စကို ပြောဖို့အကြောင်း ရှာမရသေး လို့ပါ"

ကျွန်တော့်စိတ်ထဲ အတော်ကျေနပ်သွားရသည်။ သူမ အပေါ် ခပ်တင်းတင်းဆက်ဆံရသည့် အနေအထားက တခ ဟုတ်ချင်း ပျော့ကျလို့သွားရ၏။ အလိုလိုနေရင်း သူမကို ကျေးဇူ တင်မိလိုက်သည်။

"ကောင်းပြီလေ ကိုယ်ယူသွားပါ့မယ်"

"အဲဒါဆို ကျေးဇူးပဲ"

သူမရဲ့ ကျေးဇူးကို အသိအမှတ်ပြုသည့်အနေဖြင့်





ကျွန်တော် ပြုံးပြလိုက်သည်။

ထိုနောက် နှစ်ယောက်သား ဘာမှဆက်မပြောကြဘဲ အဆောင်လှေကားအတိုင်း အောက်ကို ဆင်းလာခဲ့သည်။ အောက်ထပ် မြေညီထပ်သို့ရောက်တော့ သူမကပင် . . .

"မုန့်က ကားပေါ်မှာ"

"ရပါတယ် . . . ကိုယ်လိုက်ယူပါ့မယ်"

သူမရဲ့ကားက အဆောင်နဲ့ မလှမ်းမကမ်း သစ်ပင် တစ်ပင်အောက်တွင် ရပ်လို့ထားသည်ကို တွေ့လိုက်ရသည်။

ဒါနဲ့ ကျွန်တော်လည်း သူမနှင့်အတူ ကားဆီသို့ လှမ်းလာခဲ့တော့သည်။ ကားနားဆီသို့ရောက်တော့ . . .

"မြလေး တံခါးဖွင့်ပါဦးကွယ်"

ခင်မျိုးမြင့်မြတ်က မိန်းမအမည်တစ်ခုကို ခေါ်လိုက်ပြီး ကားတံခါးကို ဖွင့်ခိုင်း၏။ ကျွန်တော်က အမှတ်တမဲ့ပင် ကြည့်နေ လိုက်သည်။

အဲဒီ တဒင်္ဂခဏလေးအတွင်းမှာပဲ။

ကားတံခါးဖွင့်ကာ ဆင်းလာသည့် မိန်းကလေးကို မြင်လိုက်ရတဲ့ ကျွန်တော်ဟာ လောကကြီးကို ခေတ္တခဏ မေ့လို့ သွားခဲ့ရတော့သည်။

နက်မှောင်ကာ ဖြောင့်တန်းစွာဆင်းနေသည့် ဆံကေနွယ်တို့က ပခုံးထက်မှ ဒူးဆစ်နားထိကို ရှည်လျားစွာ ကျရောက်လျက်ရှိသည်မှာ ကျွန်တော့်အမြင်တွင် ဆန်းလွန်းလှနေ၏။

ချောမွတ်ကာ ဖြူဝင်းအိနေသည့် အသားအရည်တို့သည် အင်မတန် နူးညံ့လိမ့်မည်မှာ မလွဲကေန်။ လှပလုံးဝန်းနေသည့် မျက်နှာလေးက မခို့တရို့ဟန်လေးဖြင့် သိမ်မွေ့စွာ ကျွန်တော့်ကို ကြည့်လိုက်သည့်အခါမှာတော့ . . .

ကျင်စက်နှင့် အတို့ခံလိုက်ရသလို ကျွန်တော့်နှလုံးသည်းပွတ်က ဆတ်ကနဲ တုန်လှုပ်သွားရ၏။ သွားပါပြီ။ တခဏလေးအတွင်းမှာပဲ။

ကျွန်တော် ထိုမိန်းကလေးရဲ့ အလှတရားအောက်မှာ ပြားပြားဝပ်သွားခဲ့ရပြီလေ။ ကျွန်တော့်ရဲ့ နှလုံးသည်းပွတ်ကို ဘာမှမပြောမဆို အစိမ်းလိုက် ထုတ်ယူခံလိုက်ရပါပြီ။

ကျွန်တော် သူမရဲ့ အလှတရားတွေကို ဖွဲ့နွဲ့လို့ စကားလုံးရှာမရတော့ပါ။ ကျွန်တော့်ကို သူမသည် ညှို့ငင်ဖမ်းစားလို့သွားပါပြီ။

ချက်ချင်းပင် အမိန့်တစ်ခုက ကျွန်တော့်နှလုံးသားကို ထုတ်ပြန်ကြေငြာလိုက်ခြင်းကို ခံလိုက်ရပြန်သည်။





သူမကလွဲ၍ တစ်ခြား မည်သည့်မိန်းကလေးကိုမှ မချစ်ရဆိုတဲ့ အမိန့်ပေါ့။

"ကိုနေဗလ"

ကျွန်တော် ငေးမော မိန်းမောသွားချိန်မှာ ခင်မျိုးမြင့်မြတ်ရဲ့ ခေါ်သံစူးစူးလေးက ကျွန်တော့်နားထဲသို့ ဖျတ်ကနဲ တန့်လန့် ဝင်ရောက်လို့လာခဲ့တော့သည်။

သည်တော့မှ သတိတရားကို ကျွန်တော် စုစည်းလိုက်ရသည်။

"ဩော် မခင်မျိုးမြင့်မြတ်"

ကျွန်တော် ပြုံးရယ်ကျဲကျဲနဲ့ ပြန်ခေါ်လိုက်ရတယ်။

"မိတ်ဆက်ပေးရဦးမယ် . . . ဒါ ခင်မျိုးရဲ့ ညီမဝမ်းကွဲပေါ့ . . . နာမည်က မြလေးနွယ်တဲ့"

မြလေးနွယ် . .။

ဟာ . . လှလိုက်တာ . .။

ကျက်သရေရှိလိုက်တာ . .။

မြန်မာဆန်လိုက်တာ . .။

လူနဲ့နာမည်နဲ့ အင်မတန် လိုက်ဖက်လိုက်တာ မပြောနဲ့တော့။ ပန်းနုဆီရောင် ရင်ဖုံးအင်္ကျီလေးနဲ့ ထမီကလည်း

ပန်းနုရောင် မရင့်တရင့် စက်ပန်းလေးတွေ ထိုးထားသည့် ချည်ထမီစစ်စစ်။

ကျွန်တော့်ချစ်သူ မြန်မာဆန်လိုက်တာ . . ။

အပျားပျား . . ။

ရယ်ချင်လိုက်တာ . . ဘာတဲ့ ကျွန်တော့်ချစ်သူတဲ့ ဟုတ်လား . . ။

စိတ်ထဲမှာ ကိုယ့်ကိုကိုယ် ပြန်မေးရင်း ရယ်ချင်လိုလို ဖြစ်လို့သွားသည်။ ကျွန်တော်က မြလေးနွယ်ကို ကိုယ့်ကိုကိုယ် အလုပဆုံးပြုံးကာ ပြလိုက်ရင်း . . .

"ဟုတ်ကဲ့ ကျွန်တော် ဂရုတစိုက် မှတ်ထားပါ့မယ်"

ခင်မျိုးမြင့်မြတ်နဲ့ မြလေးနွယ်တို့နှစ်ယောက် ပြုံးတုံ့တုံ့ ဖြစ်လို့သွားသည်။ ကျွန်တော် ပြန်ပြောလိုက်သည့် စကားကြောင့် ထင်၏။ ကျွန်တော်ကလည်း ဘယ်လိုပြန်ပြောလိုက်မှန်းကို မသိ၊ အူကြောင်ကြောင်နဲ့ပါ။

"မြလေး . . ကားထဲက မုန့်ထုပ် ယူလိုက်ပါကွယ်"

မြလေးနွယ်က ကားခေါင်းထဲက မုန့်ထုပ်ကို လှမ်းယူရင်း ခင်မျိုးမြင့်မြတ်ထံသို့ လှမ်းပေးလိုက်သည်။

ခင်မျိုးမြင့်မြတ်က လှမ်းယူရင်း . . .





"ကိုနေဗလ ရော့ . . . ဘွားတော်ကို ပေးပေးပါနော်"

ကျွန်တော်ပြုံးကာ ခေါင်းညိတ်ရင်း မုန့်ထည့်ထားသည့် သက်ဆွဲအိတ်ကို လှမ်းယူလိုက်ပါတယ်။

"ကဲ ကိုနေဗလ ကျေးဇူးပဲ . . ခင်မျိုးတို့ သွားမယ်နော်"

"ဟုတ်ကဲ့"

မဟုတ်ကဲ့ချင်ပေမယ့် ကျွန်တော် ဟုတ်ကဲ့လိုက်ရသည်။ ခင်မျိုးမြင့်မြတ်နှင့် မြလေးနွယ်တို့ ကားပေါ်တက်သွားတော့ ရင်ထဲတွင် ဟာတာတာကြီးဖြစ်လို့ သွားရပြန်သည်။

ကားမောင်းထွက်သွားသော ခင်မျိုးမြင့်မြတ်က ကျွန်တော့်ကို လက်ကလေးပြလို့ နှုတ်ဆက်သည်။ ကျွန်တော်က ပြုံးလို့ပြလိုက်၏။ မြလေးနွယ်ကတော့ သူမမျက်ဝန်းလဲ့လဲ့လေးနဲ့ ကြည့်ရင်း မျက်နှာလေးက ရယ်ချင်ပြုံးတုံ့ မပြုံးတုံ့နှင့် . . ။

သူမတို့ကားလေး ထွက်သွားရာသို့ ကျွန်တော် ငေးမောစွာ ကြည့်နေမိသည်။

ဟာ သေစမ်းကွာ . . . ။

ကျွန်တော် တော်တော်ညံ့သွားမှန်းကို သိလိုက်၏။

ခင်မျိုးမြင့်မြတ်၏ ညီမ မြလေးနွယ်နှင့် အိမ်တော်က ဘွားတော်ကြီးကို တွေ့ဆုံပေးဖို့အတွက် အိမ်ကိုလာရန်

ဖိတ်ခေါ်ဖို့ကို မေ့လို့သွားရသည်။

အင်း ဒီနေ့မှစ၍ ကျွန်တော် ခင်မျိုးမြင့်မြတ်နှ
ပြေလည်ရန်အတွက် ကောင်းမွန်စွာ ဆက်ဆံရမည်ကို သိလိုက်
သည်။

"တောက် .. ကျောင်းကလည်း ပြီးသွားပြီ ...
နာလိုက်တာ"

ခုမှ ကျောင်းပြီးသွားပြီကို အလိုမကျ ဖြစ်မိသည်။
ကျွန်တော် နောက်ထပ် သူတို့ကို မည်သို့ တွေ့ရပါမည်နည်း။

အင်း ခုမှခက်ပြီ ..။

အကြောင်းတစ်ခုခုတော့ ရှာမှဖြစ်တော့မည်။

ခုတော့ ဘာမှမတတ်နိုင်ပါ။

ကျွန်တော် လွမ်းလိုက်ပါတော့မည်လေ ...။

❀ ❀ ❀ ❀ ❀





## အခန်း (၁၆)

ကျွန်မ တော်တော့်ကို ကျေနပ်အားရမိလိုက်သည်။ ကျွန်မထင်ထားသည့်အတိုင်း ဖြစ်လာခဲ့သည့်အတွက် အားရမိလိုက်ခြင်းပင်။

မြလေးနွယ်ကို မြင်လိုက်ရသည့် နေဗလ ..

အချစ်ရဲ့ ရူးသွပ်ခြင်းကို ခံစားရတော့မည် ..။

ဒါသည် အစပထမသာရှိသေးသည်။ သူ့ကို ကောင်း ကောင်း Lesson တစ်ခု ပေးရမည်။

နေဗလ တစ်ယောက် . . .။

မြလေးနွယ်ကိုစတွေ့တွေ့ချင်းသဘောမှ ကျပ့်မလားလို့ ကျွန်မ စိုးရိမ်မိသေး၏။ အကဲခတ်ကာ ကြည့်လိုက်တော့ . .

ကျွန်မ ကျေနပ်သွားရပြီ။

စိတ်ချလိုက်ရပြီ။

သူသည် မြလေးနွယ်ကို သဘောအကျကြီး ကျသွားခဲ့ပြီလေ။ သူ သဘောကျအောင်လို့လည်း ကျွန်မ မြလေးနွယ်ကို အချိန်တိုကာလတစ်ခုအတွင်း ပြုစုပျိုးထောင်ခဲ့ရသည် မဟုတ်လား။

ကျွန်မ မြလေးနွယ်နှင့် သူမအဖေ ဦးစိမ်းမောင်တို့ မန္တလေးမှတဆင့် ရန်ကုန်သို့ ခေါ်လာခဲ့ရသည်။ ရန်ကုန်တွင် ကျွန်မတို့မိသားစုက သုံးယောက်တည်း။ ချက်ပြုတ်ဖို့နဲ့ အိမ်မှုကိစ္စ အဝဝကို ကူညီရန်နှင့် အိမ်ခြံဝင်းရှင်လင်းပြီး ခြံစောင့်ဖို့ အတွက် ခေါ်လာခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် ကျွန်မ၏ ရည်ရွယ်ချက်က နေဗလ ပြောခဲ့ဆိုခဲ့သည့် စကားအတိုင်းကို အကောင်အထည်ဖော်ဖို့အတွက် အဓိက ဖြစ်နေသဖြင့် ခေါ်လာခဲ့ရခြင်းပင်။

ဒါကတော့ ကျွန်မရဲ့ တောပ်စီးခရက်တစ်ခုပဲပေါ့။





ရန်ကုန်ကိုရောက်တော့ မြလေးနွယ်ကို ဘာမှ ပြုပြင်ပြောင်းလဲစရာ မလိုပါ။ နဂိုကမှ မြန်မာဆန်ဆန်နှင့် လှနေပြီးသား မိန်းကလေးတစ်ယောက်ပါ။

အမြတမ်းလိုလို သနပ်ခါးကိုသာ လိမ်းကျံပြီး ဆံနွယ်များကို နှစ်ဖက်ခွဲ၍ ကျစ်ဆံမြီးလေးကျစ်ကာချလို့ နေတတ်သည်က သူမရဲ့ စတိုင်တစ်ခုဟု ကျွန်မ လေ့လာမိခဲ့သည်။ သူမကို ကျွန်မက လိုက်ဖက်သော အဝတ်အစားတွေကို ဝယ်ပေးပြီး ဆင်မြန်းခဲ့ပါ၏။

မြလေးနွယ်ဘက်ကလည်း အပွန်း တတ်သိလိမ္မာခဲ့သည်။ အရိပ်အကဲလည်း နားလည်၏။ အိမ်မှုကိစ္စမှန်သမျှတိုလည်း အပြစ်တစ်ခုမရှိအောင် ထောင့်စေ့စွာဖြင့် လုပ်ကိုင်နိုင်ခဲ့ပါသည်။

မကြာမီ ရက်ပိုင်းလေးအတွင်းမှာပဲ မြလေးနွယ်သည် ကျွန်မ မေမေရဲ့ အချစ်တော်တစ်ယောက် ဖြစ်လာခဲ့ရသည်။ အရာရာကိုလည်း ယုံကြည်စိတ်ချလာရသည်။ ဒါကြောင့်လည်း သမီးတစ်ယောက်လိုပဲ သတ်မှတ်လာခဲ့တော့သည်။

"သမီး မြလေးရေ"

"ရှင် မေမေကြီး"

အခေါ်အပြောတွေကလည်း ပြောင်းလဲလာခဲ့ တော့၏။

"ထမင်းပွဲကို ပြင်ထားကွယ့် . . . မင်း ဦးလေး ရေချိုး ပြီးရင် ထမင်းစားကြမယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"မင်း မမကြီး ရောကွယ့်"

"အခန်းထဲမှာ စာကျက်နေတယ် မေမေကြီး"

"သြော် အေးအေး . . . တော်ကြာဆို တက်ခေါ် လိုက်နော် သမီး"

"ဟုတ်"

အဲလို ကျွန်မမေမေနဲ့ မြလေးနွယ်တို့ရဲ့ ဆက်ဆံရေး ပြောစရာမလိုတော့။ ဖေဖေဆိုတာကတော့ ကျွန်မရဲ့သဘော တစ်ခုတည်းရယ်ပါ။

နောက်ဆုံးတော့ ကျွန်မ စာမေးပွဲနောက်ဆုံးနေ့တွင် မြလေးနွယ်ကို ခေါ်သွားပြီး နေဗလကို မြလေးနွယ်နှင့် မသိမသာ တွေ့ဆုံပေးလိုက်ပါတော့သည်။

အဲဒီမှာ ကျွန်မက နေဗလရဲ့ အနေအထားကို အ ခတ် လေ့လာခဲ့တော့သည်။ အားလုံး အိုကေမှာ ပြုလိုက်ပြီ





မြလေးနွယ်ရဲ့ ဝဲဂယက်ထဲမှာ နေဗလ စုန်းစုန်းမြုပ် သွားပြီဆိုတာ ကျွန်မ သိလိုက်ပါတော့တယ်။ ကျွန်မ လုပ်ငန်း သုံးဝ အောင်မြင်သွားပြီဆိုတာ ကျွန်မ ပြောရဲပါသည်။

ခုဆိုရင် နေ့ဗလဆိုတဲ့ လူတစ်ယောက် . . ။

အိမ်မြှောင်အမြီး ဖြတ်ထားသလို ခုန်ဆွ ခုန်ဆွ ဖြစ်နေမှာ ကျိန်းသေလောက်ပါပဲ . . ။

စာမေးပွဲဖြေပြီးတာပဲ ဆယ်ရက်ကျော်သွားပါပြီ။ ဒီလူ မြလေးနွယ်ကို သိပ်တွေ့ချင်နေတယ်ဆိုတာ ကျွန်မ သိနေ ပါတယ်။ ကျွန်မ တမင်သက်သက်ကို မသွားသေးဘဲ နေလိုက် တာပါ။ ဆက်ပြီး နေပြလိုက်ဦးမည်။

မြလေးနွယ်ကိုလည်း ရန်ကုန်မြို့အနှံ့ လိုက်လံပြသဖို့က ကျွန်မမှာ တာဝန်ရှိနေသေးသဖြင့် ကျွန်မ ရတနာရိပ်ငြိမ်သို့ သွားဖို့ကို စိတ်ထဲ ထည့်မထားသေးပါဘူး။

❀ ❀ ❀ ❀ ❀



မြလေးနွယ်တဲ့ . . . ။

အဲဒီနာမည်လေးက ကျွန်တော့်အသည်းထဲက ထောင့်တစ်နေရာမှာ ကမ္ပည်းထိုးထားခဲ့ပြီး ဖြစ်ပါတော့သည်။

စာမေးပွဲဖြေအပြီးအပြန် လမ်းတစ်လျှောက်လုံးမှာ ကျွန်တော့်စိတ်တွေ ခရိုးခရိုင်နဲ့ ဆောက်တည်ရာမရ ဖြစ်သွားခဲ့သည်။

ကျွန်တော့်ရင်ထဲမှာ . . .

ကျွန်တော့်ခေါင်းထဲမှာ . . .

ကျွန်တော့်ဘဝထဲမှာ . . .





မြလေးနွယ် . . . ဆိုတာပဲ ရှိနေပါသည်။

မြလေးနွယ်သည် ကျွန်တော့်ဘဝ၊ မြလေးနွယ်သည် ကျွန်တော့်၏ ဒုတိယအသက်။

အချိန်ရှိနေသ၍ ကျွန်တော်သည် မြလေးနွယ်ကို သတိရနေသည်။ တမ်းတနေသည်။ လွမ်းမောနေသည်။ နေစဉ်နှင့်အမျှ ကျွန်တော် မျှော်နေရသည်။

လောကကြီးက ပြောင်းပြန်တော့ ဖြစ်လို့နေပြီလား။ သွားရမယ့်ကျွန်တော်က မသွားဘဲ မျှော်လင့်ကြီးစွာ စောင့်မျှော်လို့ နေသည်ကတော့ သဘာဝတော့မကျတာ အမှန်။

ဒါဆိုလည်း သွားပေါ့ဟု ဆိုပြန်လျှင်လည်း ဘယ်မှာလဲ အကြောင်းပြချက်က . . ။

တကယ်တမ်း သွားတွေ့ရမည့်သူက မြလေးနွယ်ဆိုပေတဲ့ . . ။ မခင်မျိုးမြင့်မြတ်ဆီသို့သာ ဖြစ်ရမည်။ ကျွန်တော် သူမကို မည်သို့ တွေ့ရပါမည်နည်း။ အကြောင်းပြချက်ကို ကျွန်တော် ရှာလို့မတွေ့။

သူမအိမ်သို့ ဖုန်းဆက်ကြည့်ရန်ကလည်း ရှို့တွန့်နေမိသည်။ ဖုန်းကို ကောက်ကိုင်ပြီးမှ ပြန်၍ ချထားလိုက်သည့် အခါပေါင်းက မရေတွက်နိုင် . . ။

ခုမှ ကျွန်တော် နေလို့လည်းမရ။ စားလို့လည်း မဝင်ချင်။ အိပ်လို့လည်း သိပ်မပျော်။

ဒီဒုက္ခက တော်တော် ကြီးမားလှပါတော့သည်ကို ကိုယ်တိုင် ခံစားနေမိတော့သည်။ ကျွန်တော့်အိမ်တော်က ဘွားတော်ကြီးကို ခုတုံးလုပ်ပြီး ခေါ်မယ်၊ သွားမယ် ဆိုရင်တောင် ခု ကျွန်တော့်ဘွားတော်ကြီးက အိမ်မှာမရှိ။ ဆယ်ရက်တရား စခန်းသို့ ဝင်နေပြန်ပါသည်။ မခင်မျိုးမြင့်မြတ်ကလည်း တော် တော် နေနိုင်တဲ့ မိန်းမတစ်ယောက်ပဲဟုလည်း ကျွန်တော်က အပြစ်တင်နေမိသည်။

သြော် တကယ်တမ်းတွေးကြည့်တော့လည်း ကျွန်တော် နဲ့ မခင်မျိုးမြင့်မြတ်တို့က ပတ်သက်စရာ တစ်ခုမှမရှိတော့။ တစ်ချိန်က သူမသည် ကျွန်တော့်ကို ခင်မင်မှုတစ်ခုအတွက်နဲ့ မိန်းမတန်မဲ့ အတင်းဝင်ရောခဲ့သည်။

အဲဒီတုန်းကသာ သူမနဲ့ အလိုက်သင့် ပေါင်းသင်း တတ်မည်ဆိုလျှင် . . .။

ခုအခြေအနေမှာ လုံးဝ အေးဆေးငြိမ်းစေဖြစ်မည်မှာ မလွဲပါ။

ကျွန်တော် ခုမှ ကိုယ့်ကိုကိုယ် အသုံးမကျတဲ့ လူတစ်





ယောက်မှန်း သိလိုက်ပါသည်။

တကယ်တမ်းတွေးကြည့်လိုက်လျှင် အပြစ်ရှိသူသည် ကျွန်တော်သာလျှင်ဖြစ်နေသည် မဟုတ်ပါလား။

ခံလိုက် . . .။

ကောင်းကောင်းကြီးကို ခံလိုက်ပေါ့ကွာဟူသာ ပြောရချေတော့မည်။

ခုတော့လေ . . .

ကျွန်တော် ဘာဆက်လုပ်ရမှန်းကို မသိတော့ပါ။ အူကြောင်ကြောင်ကို နိုင်နေတော့၏။

မထူးတော့ပြီ . . .။

ခင်မျိုးမြင့်မြတ်တို့အိမ်ကို ပေါ်တင်ကြီးပဲ သွားလိုက် တာ ကောင်းမည်ဟု စဉ်းစားလိုက်သည်။ မြလေးနွယ်ကို တွေ့ချင်သည့်စိတ်က ပြင်းထန်လွန်နေ၏။

ဒီလိုနှင့် ကျွန်တော် ခင်မျိုးမြင့်မြတ်တို့ ရပ်ကွက်သို့ ရောက်သွားခဲ့သည်။ ထိုမှ ခင်မျိုးမြင့်မြတ်တို့အိမ်ရှေ့သို့ ဆက်၍ ရောက်သွားခဲ့ပြန်၏။

သူမအိမ်ရှေ့သို့ ရောက်သည်နှင့် စိတ်တို့က မဝံ့မရဲ ဖြစ်လို့သွားတတ်သည်။ ဘာကြောင့်မှန်းကိုမသိ။ အိမ်ခြံဝင်း

ထဲသို့ ဝင်သွားရမှာကို ပူပန်စိုးရိမ်မှုတွေက ကြီးစိုးလာတတ်

ဒီလိုနှင့်ပဲ . . .

အိမ်ခြံဝင်းထဲသို့ မဝင်ဖြစ်တော့ဘဲ လှည့်၍ ပြန်လာ ခဲ့ရသည်။ ဒီလိုနဲ့ လှည့်ပြန်ရပေါင်းတွေလည်း များလှပါပြီ။

ကျွန်တော် ဘယ်လိုဆက်လုပ်ရမလဲဆိုတာ စဉ်းစား လို့တောင် မရတော့ . . .။

အင်း . . .။

အချစ်ဆိုတာ ပူလောင်တဲ့ သောကတစ်ခုပါလားဆိုတာ သိလာခဲ့ရသည်။

❀❀❀❀❀





## အခန်း (၁၇)

မျက်လုံးလေး ကလည်ကလည်နဲ့ မြလေးနွယ် အံ့သြ တွေများစွာ ဖြစ်လို့သွားသည်။ ဖန်မီးချောင်းတွေများစွာရဲ့ လင်းစုအောက်တွင် သူ့အတန်းနှင့်သူ၊ သူ့အကန့်နှင့်သူ ရှိနှင့် လူသုံးကုန်ပစ္စည်းများကို စနစ်တကျ ထားသိုထားသည် ခ တွေ့လိုက်ရ၏။

လူတွေကလည်း များပြားလှစွာပင်။ တွန်းလှည်း င်းလေးတွေကိုယ်စီနဲ့ လိုချင်သည့်ပစ္စည်းတွေကို ကောက်ယူ

ကာ ထိုခြင်းထဲသို့ထည့်၍ တွန်းသွားကြသည်ကို မြင်နေရသည်
သူမစိတ်ထဲ တော်တော့်ကို ထူးဆန်းသည့် ကိစ္စတစ်
ဖြစ်လို့နေသည်ဟု ထင်နေမိ၏။

အလကားယူတာလား မသိဘူး . . . ဟုလည်း သူ
တွေးမိပြန်သည်။

ခင်မျိုးမြင့်မြတ်ရဲ့နောက်ကနေ မြလေးနွယ် အသ
လေး လိုက်သွားသည်။

တကယ်တော့ဖြင့် Ocean Shooping ထဲသို့ သူမ
နှစ်ယောက် ဈေးဝယ်ထွက်လာခြင်းပင်။

လူတိုင်းလူတိုင်းတွင် တွန်းလှည်းခြင်းကလေး
နဲ့ရော၊ လက်ဆွဲခြင်းလေးတွေနဲ့ရော ကိုယ်ကြိုက်တဲ့ ပစ္စည်း
ထည့်ထည့်ယူသွားတာကို ကြည့်ရင်း မြလေးနွယ်စိတ်ထဲ
မတင်မကျ ဖြစ်လို့သွားရသည့်အတွက် . .

"မမ ဟိုလူတွေ ပစ္စည်းတွေကို အလကား ယူနေ
လားဟင်"

စိတ်ထဲက ဖြစ်ပေါ်နေသည့် ကိစ္စတစ်ခုကို မြလေး
က ခင်မျိုးမြင့်မြတ်ကို မေးလိုက်၏။

ခင်မျိုးမြင့်မြတ်က ရယ်ချင်လိုလိုကို ဖြစ်သွားသ





လေးနွယ်ကို ဘာမှတော့ ပြန်မပြော ရှင်းမပြတော့။ တွန်းလှည်း
င်းတွေ၊ လက်ဆွဲခြင်းတွေထားရှိသည့် နေရာသို့သွားကာ
က်ဆွဲခြင်းတစ်ခုကို ယူလိုက်သည်။

"ရော့ မြလေး . . . အဲဒါကိုင်ထားပြီး နောက်က
က်ခဲ့နော်"

"ဟုတ်ကဲ့"

ဒီနောက်မှာတော့ . . .။

မြလေးနွယ်က ခင်မျိုးမြင့်မြတ်ရဲ့ နောက်ကနေ
က်သွားတော့သည်။ ဘာကိုမှ သူမ မမေးတော့ပါ။

ခင်မျိုးမြင့်မြတ်က ကုန်စည်တန်းတွေကို တစ်တန်းပြီး
တန်း ဝင်ထွက်ရင်း လိုချင်သည့်ပစ္စည်းတွေကို ကောက်ယူ
မြလေးနွယ်ကိုင်ထားသည့် ဆွဲခြင်းထဲသို့ ပစ်ထည့်ကာ
တော့၏။

ကောက်ယူထည့်ထားသည့် ပစ္စည်းတွေက အများသား။
ချောင်သုံးပစ္စည်းတွေ၊ ဖျော်ရည်နှင့် အထွေထွေပစ္စည်းတွေ၊
ကုန်ပစ္စည်းတွေ တော်တော်တော့ များလို့နေသည်။

"ကဲ မြလေး ပစ္စည်းတွေတော့စုံပြီ . . . မြလေးရော
ယူချင်သေးလဲ"

ခင်မျိုးမြင့်မြတ် မေးတော့ မြလေး ဘာမှမပြောတော့
မျက်လုံးလေးအဝိုင်းသားနဲ့ကြည့်ကာ နေလိုက်တော့ . .

အင်း သူမှာ ဘာယူရမှန်းတောင် မသိဘူး။ ဒီ
Shooping ထွက်တာကို ဘယ်လာကြုံဖူးမှာလည်းလေ
ခင်မျိုးမြင့်မြတ်တွေးကာ စိတ်မကောင်းဖြစ်လို့သွားရသည်။

"လာ မြလေး"

ခင်မျိုးမြင့်မြတ် ခေါင်းညိတ်ခေါ်ရင်း ကောင်တာရှိ
သို့ လှည့်ထွက်သွားတော့ သူမ နောက်က မြလေးနွယ် လိုက်
သွားပါတော့သည်။

ကောင်တာရောက်မှ ဝန်ထမ်းကောင်မလေးက ယူထ
သည့် ပစ္စည်းတွေကို ဆွဲခြင်းထဲမှ တစ်ခုချင်း ထုတ်ယူလိုက်
ကျန်ဝန်ထမ်းကောင်မလေးက Computer မှာ စာရင်းတွက်ချ
နေ၏။

အားလုံးပြီးတော့ ပစ္စည်းတွေကို အိတ်ထဲထည့် ထုပ်
လို့ပေး၏။ Computer မှ ထွက်လာသည့် Bill စာရွက်လေး
ခင်မျိုးမြင့်မြတ်က ယူပြီး ကျသင့်ငွေကို ရှင်းပေးလိုက်သည်။

ဩော် ဒီလိုကိုး . . ဟု မြလေးနွယ် သဘောပေါက်
သွားရတော့၏။





"လာ သွားကြမယ် မြလေး"

ပစ္စည်းအိတ်တွေ တစ်ယောက်တစ်အိတ်ဆွဲပြီး ထွက်လာတော့ . .

မြလေးနွယ်က . . .

"မမ"

"ဟင်"

"ဈေးမဆစ်ဘူးလား ဟင်"

ခင်မျိုးမြင့်မြတ် မြလေးနွယ်၏ စကားကြောင့် ရုတ်တရက် ကြောင်လို့သွားသည်။ ပြီးတော့မှ ပြုံးပြုံးလေး ရယ်မောလိုက်ပါတယ်။

"ဒါ လမ်းဘေးမှာထိုင်ရောင်းတဲ့ ဈေးမဟုတ်ဘူးလေ၊ ကုန်တိုက်လို့ခေါ်တယ် . . . လူတွေလိုအပ်တာမှန်သမျှ အကုန်ရတယ် . . . ဈေးနှုန်းကိုလည်း ပစ္စည်းတန်ဖိုးအလိုက် ဈေးနှုန်းက တစ်ခါတည်း သတ်မှတ်ထားပြီးသား . . . ဈေးဆစ်လို့ မရဘူး မြလေးရဲ့"

"ဟုတ်လား"

မြလေးနွယ် အံ့ဩဟန်လေးဖြစ်လို့သွားရသည်။

"ကဲကွယ် ရောက်တုန်း တစ်ခုခု စားကြရအောင်"

ခင်မျိုးမြင့်မြတ်ကပဲ ဦးဆောင်ပြီး စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်ပြီး စားပွဲဝိုင်းအလွတ်တစ်ဝိုင်းတွင် ထိုင်လိုက်ကြတော့သည်။

"မြလေး ဘာစားမလဲ"

မြလေးနွယ် ဘေးဝန်းကျင်က စားပွဲဝိုင်းဆီသို့ ကြည့်လိုက်၏။ သူမ မသိနားမလည်တဲ့ အစားအစာတွေကို စားနေသောက်နေကြတာကို တွေ့လိုက်ရသဖြင့် . . .

"မသိဘူး မမ"

ခင်မျိုးမြင့်မြတ် တစ်ခါ ထပ်ပြုံးလိုက်ရပြန်သည်။

အင်းလေ . . . ဒီလိုဝန်းကျင်မျိုးကို သူ ရောက်မှ မရောက်ဖူးတာပဲ . . . သူ စားဖူးသောက်ဖူးတာတွေက လ္ဘက်ရည်၊ ကော်ဖီ၊ နွားနို့ မုန့်ဟင်းခါး၊ ခေါက်ဆွဲညှပ်တို့ ဒါတွေပဲ ဖြစ်မှာပါ . . . ဟု ခင်မျိုးမြင့်မြတ် ချင်ချင်း တွေးတောမိလိုက်သည်။

ဒီတော့မှ နန်းကြီးသုပ်နှစ်ပွဲကို စားပွဲထိုးလေးအား လှမ်းမှာလိုက်ပါသည်။

မြလေးနွယ်ကတော့ အားလုံးသည် အသစ်အဆန်း အထူးအဆန်းဖြစ်လို့ နေပါတော့သည်။





မကြာမီ နန်းကြီးသုပ်နှစ်ပွဲ လာချတော့ ဗိုက်ကလည်း ဆာနေသဖြင့် သူမတို့နှစ်ဦး ဘေးပတ်ဝန်းကျင်ကိုပင် ဂရုမစိုက်နိုင်တော့ဘဲ နန်းကြီးသုပ်များကို ခေါင်းငုံ့စားနေကြတော့၏။

"မခင်မျိုးမြင့်မြတ်"

တိုးတိုးညင်းညင်းလေးနဲ့ခေါ် လိုက်သည့် လေသံကြောင့် ဖြတ်ကနဲ မော့ကြည့်လိုက်ပါတယ်။

"ဟင် ကိုနေဇလ"

အမှတ်မထင် မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ ခင်မျိုးမြင့်မြတ် ရင်ထဲ တစ်မျိုးကြီးဖြစ်လို့သွားသည်။ ဝမ်းသာပြီးတော့ ဝမ်းနည်းခြင်းပင် . . .။

"ကိုယ် ဒီဝိုင်းမှာ ထိုင်လို့ ရပါတယ်နော်"

"ဟာ ရပါတယ် ထိုင်ပါ"

နေဇလက ပြုံးကာထိုင်ရင်း မြလေးနွယ်ကိုကြည့်ရင်း နှုတ်ဆက်ပြုံးကို ပြုံးလိုက်ပါတယ်။ မြလေးနွယ်ကလည်း ပြန်လည်ပြုံးလို့ပြလိုက်၏။

"ဘာစားမလဲ ကိုနေဇလ"

နေဇလက သူမတို့စားနေသည့် နန်းကြီးသုပ်များကို ကြည့်ရင်းက . . .

"ကိုယ် နန်းကြီးသုပ်ကြိုက်တာ မခင်မျိုးမြင့်မြတ် သိမှာပါ"

ဖျတ်ဆို ခင်မျိုးမြင့်မြတ် သတိရလိုက်သည်။ ကျောင်းကန်တင်းတွင် နေဗလ နန်းကြီးသုပ်နှစ်ပွဲဆင့်ကာ စားလိုက်သည်ကို သတိရလိုက်ခြင်းပါ။ ကျသင့်ငွေကိုလည်း ရှင်းလို့ မကျေမနပ်ဖြစ်ကာ ပြန်လာပေးလို့ ပြောဆိုလိုက်ခြင်းလည်း အမှတ်ရလိုက်၏။

သို့ဖြင့် စားပွဲထိုးလေးအား လှမ်းကာမှာလိုက်ရသည်။

" Shooping ထွက်လာကြတာပေါ့ "

"ဟုတ်တယ် ကိုနေဗလ . . . ညီမလေးကို လိုက်ပို့တာလေ"

"သြော် ဟုတ်လား"

"ညီမလေးက ညောင်ရွှေက အဘွားနဲ့ အတူနေတာလေ . . . ရန်ကုန်ကို အခုမှ ခေါ်လာရတာ"

မြလေးနွယ်ရဲ့မျက်နှာလေးက အောက်သို့ ငုံ့လို့သွားသည်။

"အင်း ညီမလေး မြလေးနွယ်အကြောင်း ပြောရမယ်ဆိုရင် ညီမလေးက သနားစရာကောင်းပါတယ် . . . ငယ်ငယ်





ကတည်းက မိဘတွေက ဆုံးပါးသွားခဲ့ကြရတယ် . . . အဲဒါ မေမေနဲ့ အဘွားက မွေးခဲ့ကြရတာပေါ့ ကိုနေဗလရယ်"

"ဟာဗျာ စိတ်မကောင်းစရာပဲ"

နေဗလ . . .။

မြလေးနွယ်ကို ကြည့်ရင်း သနားကရုဏာ ဖြစ်လို့သွားတော့သည်။

"အခုတော့ ကျွန်မကပဲ ရန်ကုန်ကို ခေါ်လာခဲ့တာ . . . အဲဒါ ကျွန်မကလည်း သင်တန်းတွေတက်နေတော့ မအားဘူးလေ . . . ခုလို အားတဲ့ရက်လေးမှာပဲ လိုက်ပို့နိုင်တော့တယ် ရှင်"

ခင်မျိုးမြင့်မြတ်က စကားလမ်းကြောင်းကို ခင်းလို့ပြ၏။

"ကိုယ်တစ်ယောက်လုံး ရှိပါတယ် . . . ကိုယ် လိုက်ပို့နိုင်ပါတယ် . . . အဲ ကိုယ့်ကို ယုံတယ်ဆိုရင်ပေါ့လေ"

"အိုး ဘာလို့ မယုံရမှာလည်း ဒီလူနဲ့ဒီလူတွေကိုများ"

ခင်မျိုးမြင့်မြတ်ရဲ့ စကားလေးကို နေဗလ သဘောကျသွားတော့သည်။

"ဒါနဲ့ မခင်မျိုးမြင့်မြတ်က ဘာသင်တန်းတွေ တက်နေတာလဲ"

"စာရင်းကိုင်သင်တန်းလေ Level I, II တက်နေတာ"

"ကောင်းပါတယ်"

"ဩော် ကိုနေဗလ .. ဘွားတော်ကြီးရော နေကောင်းရဲ့လား"

"တရားစခန်းဝင်နေတယ်လေ ... သန်ဘက်ခါလောက်ဆို ထွက်လာတော့မှာပါ"

"ဟုတ်လား ... ဘွားတော်ကြီးထွက်လာတော့မှ ကျွန်မတို့ညီအစ်မတွေ လာခဲ့ပါဦးမယ်"

"ဆက်ဆက်လာခဲ့ပါဗျာ ... ကိုယ် အရင်လို မစိမ်းတော့ပါဘူး"

ခုမှ ခင်မျိုးမြင့်မြတ် တခစ်ခစ်နဲ့ ရယ်မောမိလိုက်တော့သည်။

❀ ❀ ❀ ❀ ❀





## အခန်း (၁၈)

ကျွန်တော် တော်တော့်ကို ဝမ်းသာလို့သွားခဲ့သည်။ မြလေးနွယ်ကို တွေ့ချင်မြင်ချင်နေတဲ့အချိန် ဘယ်လိုပုံစံမျိုးနှင့် တွေ့ရပါ့မလဲလို့ အကြိမ်ပေါင်းများစွာ စဉ်းစားခဲ့ပေမယ့် အဖြေက ထွက်မလာခဲ့။

ဇွတ်အတင်း ဘာပဲဖြစ်ဖြစ်ဆိုပြီး မခင်မျိုးမြင့်မြတ်တို့ နေတဲ့ ပါရမီရိပ်သာဘက်ကို ရောက်ခဲ့တော့၏။ မခင်မျိုးမြင့်မြတ် အိမ်ရှေ့သို့ ရောက်တော့လည်း သွေးကြောင်ကာ မဝင်ရဲလို့

လှည့်ကာ ပြန်ခဲ့ရသည်ကလည်း အခါခါပင်ရှိခဲ့ပါသည်။

တစ်နေ့ တစ်နေ့ မြလေးနွယ်ဆီသာ စိတ်ရောက်နေခဲ့သော်လည်း လူကတော့ အိမ်မှာပဲ ရှိနေတတ်ပြီး စိတ်ဖိစီးမှုဒဏ်ကြောင့် စိတ္တဇပင် ဖြစ်တော့မည်လားမသိ။

တစ်နေ့ . . .။

မှတ်မှတ်ရရ အဲဒီနေ့က သောကြာနေ့ပေါ့ . . ။

ဘာရယ်မဟုတ် လေးလံနောက်ကျိနေတဲ့စိတ်တွေ ပေါ့ပါးလန်းဆန်းသွားအောင်လို့ဆိုပြီး မေမေက စျေးဝယ်ခိုင်းလိုက်တာ . .

အဲဒါ Ocean Shooping ထဲကို တက်လာခဲ့တာလေ။

ကံကောင်းလိုက်တာ . . ။ အဲဒီနေ့က Lucky Day ဖြစ်ခဲ့ရတယ်။

ကျွန်တော်တွေ့ချင်နေတဲ့ မြလေးနွယ်ကို တွေ့ခဲ့ရတယ်။ အံ့လည်း အံ့ဩသွားခဲ့ရတယ်။ မိုးနတ်မင်းကို ကျေးဇူးတင်ရမည်။ တိုက်ဆိုင်မှုကလည်း ကျွန်တော့်ဘက်ကို အလေးသာပေးလိုက်တယ်ထင်ပါရဲ့နော်။

မြလေးနွယ်ဟာ သူ့အစ်မ ခင်မျိုးမြင့်မြတ်နဲ့ စားသောက်ခန်းထဲ စားသောက်နေတာကို မြင်လိုက်ရတယ်ဆိုရင် ကျွန်တော့်





ရင်တွေ တဒိတ်ဒိတ်နဲ့ ခုန်နေတာ အံတောမသတ်နိုင်တော့ဘူးလေ။

သူတို့ညီအစ်မနဲ့ တစ်ဝိုင်းထဲ အတူထိုင်ပြီး တစ်ဝိုင်းထဲ စားခဲ့ရတာ မမေ့တော့ဘူး။ နောက်ပြီး စကားတွေလည်း ပြောခဲ့ကြတယ်။

မြလေးနွယ်ရဲ့ ဘဝတစ်စိတ်တစ်ပိုင်းကို သိလာခဲ့ရတဲ့အတွက် စိတ်မကောင်းဖြစ်ခဲ့ရသည်။ ပိုပြီးတော့လည်း မြတ်နိုးခဲ့ရတယ်။ ပိုပြီးတော့လည်း ချစ်လာခဲ့ရပါတယ်။

အဲဒီနောက်ပိုင်း ကျွန်တော် အိမ်မှာ စိတ်ကူးတွေယဉ်ခဲ့တော့တယ်။ ခုချိန်ထိပေါ့။

နောက်တစ်ခုက ကျွန်တော်က ခင်မျိုးမြင့်မြတ်ကို ကျွန်တော့်ဟမ်းဖုန်းနံပါတ်ကို ပေးလိုက်သလို ခင်မျိုးမြင့်မြတ်လည်း သူမရဲ့ ဟမ်းဖုန်းနံပါတ်ကို ပေးလာခဲ့သည်။

အချိန်မရွေး ဆက်နိုင်ပါတယ်လို့ ခွင့်ပြုစကားဆိုတော့ ကျွန်တော့်ရင်ထဲမှာ ပျော်လိုက်တာ။

ဒါပေမယ့် ကျွန်တော် ခုထိ တစ်ခါမှ မဆက်ဖြစ်ခဲ့ပါဘူး။ ဆက်ချင်တာကတော့ ပါးစပ်ကို ယားလို့လေ။ ဟမ်းဖုန်းလေးကို ကြည့်ပြီး ဆက်ရကောင်းနိုးနိုးနဲ့။

သူမဆီက ဖုန်းဆက်လာရင် ဘယ်လောက်ကောင်းမလဲ လို့လဲ တွေးမိလိုက်သေးတယ်။ ဒီလိုနဲ့ ရက်လေးတွေလည်း လေးငါးရက်လောက် ရှိသွားပါပြီ။

ဒီနေ့လည်း ကျွန်တော့်ခါးမှာ ဟမ်းဖုန်းလေးကို အမြဲ တမ်း ချိတ်ထားခဲ့သည်။ ကျွန်တော် တီဗွီထိုင်ကြည့်လိုက်၊ စာဖတ် လိုက်နဲ့ အချိန်ဖြုန်းနေတဲ့အချိန် . . .

"တီတီတီ . . . တီ တီ"

ကျွန်တော့်ဟမ်းဖုန်းက အသံမြည်လာခဲ့သည်။ ချက်ချင်း ပင် ကျွန်တော် ဟမ်းဖုန်းကိုဖွင့်လိုက်ပြီး ရင်ခုန်စွာနဲ့ပဲ . . .

"ဟဲလို အမိန့်ရှိပါ"

"ကိုနေဗလလားဟင်"

တစ်ဘက်မှ ခင်မျိုးမြင့်မြတ်ရဲ့အသံ ဖြစ်နေသဖြင့် ဝမ်းသာမှုက ရင်နှင့်မဆံ့တော့ပါ။

"ဟုတ်ပါတယ် ကျွန်တော် နေဗလပါ မခင်မျိုးမြင့်မြတ်"

"အမယ် မှတ်မိနေတာပေါ့"

"ကောင်းကောင်းမှတ်မိပါတယ်ဗျာ"

ဒီအချိန်မှာ ကျွန်တော် မခင်မျိုးမြင့်မြတ်နဲ့ Peace ဖြစ်အောင် နေရမယ်ဆိုတာ ကျွန်တော် သဘောပေါက်ထားရ





ပါတယ်။

"တစ်ခု အကူအညီတောင်းချင်လို့"

"အင်း ပြော"

"ဟိုလေ ညီမလေး မြလေးနွယ်ကို ရန်ကုန်မြို့တွင်းက ဘုရားတွေကို လိုက်ပို့ပေးပါလားဟင် . . . ညီမလေးက ဘုရား တွေ လျှောက်ဖူးချင်လို့တဲ့ . . . ခင်မျိုးက သင်တန်းနဲ့ဆိုတော့ အားလို့ပါနော်"

အိုး . . .။

မဟာအခွင့်အရေးကြီးပါလား . .။

ကြည့်စမ်း . .။

မမျှော်လင့်တဲ့ အခွင့်အရေးတစ်ခု . .။

ကျွန်တော့်အတွက်ကို ဘုရားသခင်က ဖန်တီးပေး လိုက်တာ . .။

ကျွန်တော့်ရင်ထဲ ဝမ်းသာလွန်းစွာဖြင့် စကားတောင် ဆိုနိုင်၊ မပြောနိုင်နဲ့ ဖြစ်လို့ နေလေသည် . .။

"ကိုနေဗလ"

"ဗျာ"

"ဘာဖြစ်သွားတာလဲ ငြိမ်သွားလိုက်တာ . . . ဘာလဲ

မအားလို့လား”

“ဟာ မဟုတ်ပါဘူး . . . အားပါတယ် အားတယ် အားတယ်”

ကျွန်တော် ပျာပျာသလဲ တောင်းပန်လိုက်ရသည်။

“ဒါဆို အခုလာနိုင်မလား”

“လာမယ် လာမယ် . . . အခုပဲလာမယ်”

“ဒါဆို စောင့်နေမယ်နော် . . . ကျေးဇူးပဲ”

“ရပါတယ်”

ဟိုဘက်က ဖုန်းချသွားသည်။

“ယားစ်”

ကျွန်တော် ဝမ်းသာပျော်ရွှင်စွာဖြင့် လက်မောင်းတန်းကာ အော်လိုက်သည်။

ထိုနောက်မှာတော့ . . .

ကျွန်တော် ရေမိုးမြန်မြန်ချိုးသည်။ အဝတ်အစားမြန်မြန်ဝတ်သည်။

ပြီးတော့ . . .

အိမ်တော်က ကားဖြင့်ပင် ခင်မျိုးမြင့်မြတ် အိမ်တို့အရောက် မောင်းတော့၏။





ဒီနေ့ကလည်း တနင်္ဂနွေနေ့ . . ။

Lucky Day . . ။

Love Day . . ။

နေလေးတစ်နေ့ပဲလား . . ။

❀ ❀ ❀ ❀ ❀



မကြာခင်မှာပဲ . . .

ကိုနေဗလရဲ့ ကားလေး ခြံဝင်းရှေ့သို့ ရောက်လာ ခဲ့သည်။ မြလေးနွယ်၏ ဖခင် ဦးစိမ်းမောင်သည် ခြံတံခါး ဖွင့်ပေးလိုက်သဖြင့် နေဗလက ကားကို ပေါ်တီကိုအောက်သို့ မောင်းနှင်လာခဲ့သည်။

ကျွန်မက တိုက်အပေါက်ဝတွင်ရပ်ပြီး နေဗလ အပြုံးကလေးတစ်ခု ဖန်တီးပြီး ကြိုလိုက်ပါတယ်။

"မြန်သားမဲ"

သူ ဘာမှတော့ပြန်မပြော ပြုံးတုံ့တုံ့မျက်နှာလေး





ခေါ်လိုက်တယ်။ ကျွန်မက သူ့ကို ဧည့်ခန်းတွင်းသို့ ခေါ်လာပြီး

"ကဲ ကိုနေဗလ ထိုင်ပါဦး"

"ဟုတ်ကဲ့"

"ညီမလေး အလှပြင်နေတယ်နဲ့တူတယ် . . . ခဏလေး စောင့်နော်"

"ရပါတယ် ဖြေးဖြေးပေါ့"

ကျွန်မကို ပြုံးရင်း သူက ပြောလာသဖြင့် ကျွန်မမှာ

"ခဏနော်"

သူ့ကို ကျွန်မ ဧည့်ခန်းတွင်းမှာ ထိုင်ခိုင်းထားခဲ့ကာ နောက်ဖေးခန်းတွင်းသို့ ဝင်လာခဲ့ပြီး ကော်ဖီတစ်ခွက်ကို ဖျော်လို့ နေလိုက်သည်။

သူ ကျွန်မရဲ့ ကျောကွင်းထဲကို တန်းကနဲ ဝင်လာခဲ့ပြီ။

ဩော် လူတွေ လူတွေ . . ။

ချစ်ခြင်းတရားတစ်ခုကို တွေ့ရှိပြီဆိုသည်နှင့် ရှုံးသွပ် မိုက်မဲစွာနှင့် ကိုယ့်ရဲ့ ဂုဏ်သိက္ခာကိုတောင် မစောင့်ရှောက်နိုင် တော့ပါလား . . ။

အဲဒါဆို မိမိကရော . . ။

ကိုယ်လည်း အချစ်ကြောင့် အရှက်သိက္ခာကို မေ့လို့

ထားခဲ့ဖူးသည်။

မိုက်မဲရူးသွပ်ခဲ့ဖူးသည် မဟုတ်လား . . ။

ခုလည်း ကျွန်မ ဆက်၍ မိုက်မဲရူးသွပ်ရတော့မည်။

ဒီတစ်ခါက အချစ်ကြောင့်မဟုတ်၊ အရှက်သိက္ခာကြောင့် တန်ပြန်ကလဲ့စားချေခြင်းပါ။

သက်ရောက်မှုတိုင်းတွင် တန်ပြန်သက်ရောက်မှုရှိသည် ဆိုသည့် နယူတန်၏ နိယာမက ရှိပြီးသား။ အဲဒီအတွက်ကြောင့် ကျွန်မ တန်ပြန်စစ်ဆင်ရေးတစ်ခု ဆင်နွှဲရတော့မည်လေ။

ခုတောင် ကျွန်မစစ်ဆင်ရေးက ရာနှုန်းဝက်လောက်ထိ အောင်မြင်နေပြီမဟုတ်လား။

ကျွန်မ အတွေးစုကို ခဏရပ်လိုက်သည်။ ကော်ဖီခွက်ကို စတီးလင်ဗန်းလေးတွင် တင်၍ ဧည့်ခန်းတွင်းသို့ ယူဆောင်လာခဲ့သည်။

အမယ် . . ။

ကိုယ်တော်ချောက မေမေနှင့် လေပေးဖြောင့်လို့ နေပါလား . . ။

"ဟာ ဘာတွေသွားလုပ်တာလဲ . . အလကား လျှောက်လုပ်နေတယ်"





"အမလေး ကျွန်မအိမ်ရောက်လာတာတောင် ကော်ဖီလေးတစ်ခွက် တိုက်ကျွေးမရဘူးလို့ အထင်ရော၊ အပြောရော မခံနိုင်ပါဘူးရှင်"

"ကိုယ် အဲလိုလူ မဟုတ်ပါဘူး"

ဖွဲ့ရယ်ရယ်နဲ့ သူပြောသည်။

"ကဲ မောင်နေဗလ သောက်လိုက်ပါဦးကွယ်"

ကျွန်မ မေမေက လောကွတ်ပြုသည်။

"ညီမလေးက ကြာလိုက်တာ"

"အေးကွယ် . . မောင်နေဗလကို အားနာစရာကြီး သမီးသွားခေါ်လိုက်ကွယ်"

"ကိုနေဗလ ခဏနော် . . . ကျွန်မ ညီမလေးကို သွားခေါ်လိုက်ဦးမယ်"

ကျွန်မ ဧည့်ခန်းတွင်းက ထွက်လာပြီး နောက်ဖေးဘက်ကနေ ကားဂိုဒေါင်ရှိရာသို့ ကူးလာခဲ့သည်။ ကားဂိုဒေါင်ဆိုသော်လည်း တိုက်ခန်းတစ်ခုပါ။ အောက်ထပ်တွင် ကားထားပြီး အပေါ်ထပ်တွင် လူနေရန်အတွက်ဖြစ်သည်။ အခန်းလည်း သုံးခန်းရှိသည်။ မီးဖိုခန်း၊ အိပ်ခန်းနှင့် ဘုရားခန်းတို့ ပါသည်။

ကျွန်မ အောက်ထပ်ရောက်တော့ ပြလေးနွယ်ရဲ့ အဖေ

ဦးစိမ်းမောင်ကို တွေ့လိုက်ရသည်။

"သြော် သမီး"

ဦးစိမ်းမောင်က ထိုင်နေရာမှ ကမန်းကတမ်း ထလိုက်သည်။

"ဦးလေး ရတယ် နေ နေ မြလေးဆီလာတာ"

"ရှိတယ် ရှိတယ် အပေါ်မှာ . . . သမီး မြရလေးရေ"

ဦးစိမ်းမောင် အပေါ်ကိုလှမ်းကြည့်ပြီး ခေါ်လိုက်သည်။

"ရှင် လာပြီ လာပြီ"

ပြောပြောဆိုဆိုနှင့်ပင် အပေါ်ထပ်မှ မြလေးနွယ် ဆင်းလာခဲ့သည်။

"မြလေး"

"သြော် မမ"

ရိုးရိုးနှင့် ယဉ်ယဉ်လေး ဝတ်စားထားသည့် မြလေးနွယ်၏ အလှကို ကျွန်မတောင် ငေးမောမိသွားရသည်။ နေဗလသာ ဆိုရင်တော့ ပြောဖွယ်မရှိတော့ . . ။

"ညီမလေးကို လိုက်ပို့ပေးမယ့်သူ ရောက်နေတယ်လေ"

မြလေးနွယ် ဘာမျှမပြော ခေါင်းလေးငုံ့လို့နေသည်။

"လာကွယ် . . သွားကြရအောင်"





"ဖေဖေ သမီးတို့ သွားတော့မယ်နော်"

"အေးကွယ် . . . သွားကြ သွားကြ"

ဒီလိုနဲ့ ကျွန်မ မြလေးနွယ်ကို ကျွန်မတို့တိုက် ဧည့်ခန်းထဲကို ခေါ်ဆောင်လာခဲ့တော့ မြလေးနွယ်အပေါ် နေဗလရဲ့ အကြည့်တွေက ရွှန်းရွှန်းစိုနေတော့သည်။

ကျွန်မက မသိကျိုးကျွန်ပြုနေလိုက်၏။ ထို့နောက် သူ့ကို သွားဖို့ ပြောလိုက်၏။

"ကိုနေဗလ သွားကြမယ်"

သူက မေမေ့ကို နှုတ်ဆက်၏။ မြလေးနွယ်က ခေါင်းလေးငုံ့လို့နေတုန်း။ တစ်စိမ်းယောကျ်ားလေးတစ်ယောက်နဲ့ အတူသွားရမှာဆိုတော့ ရှက်ရွံ့နေမိတာက အမှန်။ ဒါပေမယ့် ကျွန်မက မြလေးနွယ်ကို ပြောထားပြီးသား။

နေဗလဆိုတဲ့လူက ယုံကြည်စိတ်ချရတဲ့သူ၊ မမတို့နဲ့ ဆွေမကင်း မျိုးမကင်းတဲ့လူ လို့ . . ။

ဒီလိုနဲ့ နေဗလနဲ့ မြလေးနွယ်တို့ ထွက်သွားတော့ . .

"သမီး သင့်တော်ပါ့မလားကွယ်"

"ကိုနေဗလဆိုတာ တစ်ခြားလူမှမဟုတ်တာပဲ . . . နောက်ပြီး သမီးကလည်း တကယ်မအားတာပါ . . သူငယ်ချင်း

ချောစုနဲ့ သင်တန်းတက်နေတာဆိုတော့ မြလေးကို လိုက်ပို့ဖို့ အချိန်မရဘူး မေမေရယ်"

"အင်း သမီးစကားကို မြလေးတ နားထောင်သား . . တကယ်လိမ္မာတယ်နော်"

❀ ❀ ❀ ❀ ❀





## အခန်း (၁၉)

တကယ် အနီးကပ် လေ့လာစူးစမ်း အကဲခတ်ကြည့်တော့မှ မြလေးနွယ်က တကယ်ရိုးသားဖြူစင်ခဲ့ကြောင်းကို ပို၍ သိလာသည်။

ကျွန်တော် တကယ့်ကို ကံကောင်းခဲ့ပါသည်။ တန်ဖိုးရှိတဲ့ မိန်းမတစ်ယောက် ကျွန်တော့်ရှေ့သို့ ဖျတ်ခနဲ ရောက်လာခဲ့ခြင်းပါ။

အိန္ဒြေသိက္ခာကြီးခြင်း၊ အရှက်အကြောက်ကြီးခြင်း . . ။

ကျွန်တော်နှင့် စကားပြောဆိုရာတွင်လည်း အမြဲတမ်း လိုလို ခေါင်းလေးကိုငုံ့လို့ ကျွန်တော့်ကို ရဲရဲမှ မကြည့်ပဲနေကာ ပြောဆိုတတ်သည်။ တစ်ခွန်းမေးမှ တစ်ခွန်းဖြေသည်။

သူမကို ကားမောင်းလို့ခေါ်လာရင်း ဘယ်ကို အရင် သွားရမှန်းမသိ ဖြစ်နေစဉ် သူမကိုလှည့်ကြည့်ရင်းက . . .

"ကိုယ် ဘယ်ကို အရင်မောင်းပေးရမလဲ မြလေး"

ကျွန်တော်က ရင်းနှီးစွာနှင့် ခင်မျိုးမြင့်မြတ်ခေါ် သလိုပဲ ခေါ်ကာ ပြောလိုက်ပါသည်။

"မသိဘူးလေ"

ကျွန်တော် နင်သွားသည်။ ဘယ်လိုကြီးလ ဘဟ ကျွန်တော် စိတ်ထဲက ပြောလိုက်မိ၏။

"မဟုတ်ဘူးလေ . . . အခု မြလေးက ဘုရားဖူးသွားမှာ မဟုတ်လား"

"အင်း"

စကားကို ချွေတာရေးအနေနှင့်ပဲ သုံးသလား မသိ အင်းတစ်လုံးနဲ့သာ ခေါင်းညိတ်သည်။

"ကိုယ် ဘယ်ဘုရားကို အရင်လိုက်ပို့ရမလဲ"

"မြလေး မသိဘူး"





"ကောင်းကွာ"

မြလေးနှယ် မသိဘူး ဆိုတာချည်းပဲ ပြောနေသည်။

သြော် သူ့ခမျာ ရန်ကုန်ကို အခုမှရောက်လာတာ ဆိုတော့ ဘယ်ကိုအရင်သွားရမလဲဆိုတာ ဘယ်သိရှာမလဲလေ ဟု ကျွန်တော်က ဖြေသိမ့်တွေးပေးလိုက်သည်။

"မမက ပြောတယ်"

အဲဒီမှာ သူမ စကားကို ရပ်ထားလိုက်ပြန်သည်။ ကျွန်တော်က စိတ်မရှည်ချင်တော့ . . .

"မင်းမမက ဘာပြောလို့လဲ"

"သူ ကြည့်စီစဉ်ပြီး ဘုရားစုံ လိုက်ပို့ပေးလိမ့်မယ်တဲ့"

သြော် ကျွန်တော် ခုမှပဲ သဘောပေါက်တော့သည်။ အာဏာကုန် ကျွန်တော့်ကို လွှဲအပ်ထားလိုက်ခြင်းပင်။

"ကဲ ဒါဆိုလည်း ကောင်းပြီ"

ကျွန်တော့်စိတ်ကူးနှင့် ကျွန်တော် အစီအစဉ်ဆွဲလိုက် သည်။ ပထမဦးစွာပဲ ရွှေတိဂုံဘုရားသို့ လိုက်ပို့လိုက်သည်။

ထို့နောက် ရန်ကုန်မြို့လယ်က ဆူးလေစေတီတော် သည်ကမှတဆင့် ဗိုလ်တစ်ထောင်စေတီတော် ဘုရားသို့ လိုက်ပို့ ဖြစ်သည်။ ဗိုလ်တစ်ထောင်ဘုရားတွင် ခေတ္တ မြစ်ကမ်းနံဘေး

တွင် ထိုင်ကာ သဘော်ကြီးငယ်တွေကိုကြည့်ရင်း ကျွန်တော်နှင့် စကားပြောဖြစ်သည်။

စကားပြောတာထက် ကျွန်တော်ကမေးလိုက် သူက ဖြေလိုက်နှင့်ပါ။

"မြလေးနွယ် ရန်ကုန်ကို အခုမှ ရောက်ဖူးတာလား"

"အင်း"

"တော်တော်အံ့ဩဖို့ကောင်းတယ်နော်. . . မခင်မျိုးမြင့်မြတ်ရဲ့ ညီမတစ်ယောက်ဖြစ်ပြီးတော့ ရန်ကုန်မြို့ကို ခုမှ ရောက်လာတာဆိုတာ ကိုယ့်စိတ်ထဲမှာ သိပ်ကို ထူးဆန်းနေတယ်"

ဖျတ်ဆို သူမရဲ့ မျက်ဝန်းတွေက ကျွန်တော့်ဆီ ရောက်လာခဲ့တယ်။ ကျွန်တော်ကလည်း သူ့မျက်ဝန်းတွေကို သေချာကြည့်မိတယ်။

စိုးရွံ့အားငယ်နေတဲ့ မျက်ဝန်း . . ။

စိုပြေရွှန်းလဲ့မှုမရှိဘဲ မွဲချောက်နေတဲ့ မျက်ဝန်း . . ။

သည်မျက်ဝန်းအကြည့်တွေနဲ့ ကျွန်တော့်ကို ဖျော့တော့စွာနဲ့ ငေးကြည့်နေတယ်။ ကျွန်တော့်ရင်ထဲမှာ ဘာကြောင့်မှန်းမသိ တစ်ခုခုကို စိုးရိမ်ပူပန်မှုတွေ ဖြစ်ပေါ်လာခဲ့ရသည်။





"မြလေး ဟိုးငယ်ငယ်လေးထဲက ဟိုမှာပဲနေတာပါ"

"ဪ ဒါနဲ့ မြလေးမိဘတွေက မြလေးငယ်ငယ်တုန်း ဆုံးသွားတာနော်"

"ရှင် . . ဪ ဟုတ်ကဲ့"

"ကိုယ့်ကို မြလေးရဲ့အကြောင်းလေးကို ပြောပြပါလား"

ဟင်းကနဲပဲ မြလေးနွယ် သက်ပြင်းချလိုက်သည်။ ပြီးတော့ ခင်မျိုးမြင့်မြတ်ရဲ့ စကားသံတွေကိုလည်း နားထဲမှာ ကြားယောင်လို့လာခဲ့တယ်။

"မြလေးကို ဘယ်သူကမေးမေး အခု မမပြောတဲ့အတိုင်းပဲ ဖြေနော် သိလား . . . မမမှာ အဘွားတစ်ယောက် တယ် . . . ခင်ခင်ကြီးတဲ့ . . . ညောင်ရွှေမှာနေတယ် . . မှာ သမီးနှစ်ယောက်ရှိတယ် . . . ခင်ခင်ဦးနဲ့ ခင်ခင်လေး တာပေါ့ . . . အကြီးဆုံးဖြစ်တဲ့ ခင်ခင်ဦး အိမ်ထောင်ကျပြီး တစ်နှစ်အကျော်မှာ ခင်ခင်လေးက လူတစ်ယောက်နဲ့ ခိုးရာ ထွက်ပြေးသွားတယ်"

"အဲဒါ ဒေါ်ခင်ခင်ကြီးက စိတ်ဆိုးသွားပြီး ပစ်ထား တယ် . . . နောက် ခင်ခင်လေးမှာ ကလေးတစ်ယောက် ပြီး တစ်နှစ်အကြာ နာမကျန်းဖြစ်လို့ ဆုံးသွားမယ် . . .

အဲ ယောက်ျားလုပ်သူက မိန်းမစိတ်နဲ့ ယစ်ထုပ်ကြီးဖြစ်လို့ နေရင်းက ဆုံးသွားတော့ ဦးလေးဖြစ်သူက ကလေးကို မွေးစားခဲ့ရတယ်"

"ဒါကို ဒေါ်ခင်ခင်ကြီးသိတော့ ပြန်ခေါ်လိုက်တယ် . . . ဦးလေးဖြစ်သူကိုပါ ခေါ်ထားလိုက်တယ် . . . ခင်ခင်လေးက မွေးတဲ့ သမီးလေးက မြလေးနွယ်လို့ မှတ်ထားလိုက် ဟုတ်လား ဒီအကြောင်းတွေကိုလည်း လူတိုင်းပြောဖို့ မလိုပါဘူး . . . တကယ်မေးလာခဲ့တဲ့လူ ရှိတဲ့အခါမှ ပြောရမယ်နော်"

"မြလေး မြလေး . . . ဘာတွေးနေတာလဲ"

ကျွန်တော် မြလေးနွယ်ရဲ့ ပခုံးလေးကို ကိုင်လှုပ်လို့ မေးလိုက်သည်။ သူမ တစ်ခုခုကို တွေးတောနေတဲ့အတွက် ကျွန်တော် ကိုင်လှုပ်မေးလိုက်ခြင်းပါ။

"မြလေး ဘဝအကြောင်းကို မပြောချင်နေပါလေ"

"မပြောချင်လို့ မဟုတ်ပါဘူး . . . ပြန်တွေးလိုက်တော့ စိတ်ထဲမှာ ဝမ်းနည်းသွားတာပါ"

"ဟုတ်တာပေါ့ . . . ကိုယ်တော်တော်ညံ့သွားတယ် . . . ကိုယ် မမေးသင့်ဘူး မြလေးရယ်"

"ရပါတယ် မြလေး ပြောပြပါ့မယ်"





ကျွန်တော် မြလေးကို မတားတော့။ မြလေးနွယ်က စကားတစ်လုံးချင်းကို အေးဆေးစွာ ပြောနေတော့သည်။

ဝမ်းနည်းစရာ အဖြစ်ကလေးတစ်ခုရယ်ပါ။ ပြောနေတဲ့ အချိန် ကျွန်တော် ကရုဏာသက်စွာနဲ့ ကြင်နာသနားသည့် စိတ်တွေ၊ စာနာခြင်းတွေက ရင်ထဲမှာ မမျှတော့ပါ။ ကျွန်တော် သတိလက်လွတ်နဲ့ မြလေးနွယ် လက်အစုံကို ဆုပ်ကိုင်လို့ ထားမိတော့သည်။

"ကျွန်မဘဝရဲ့ ဇာတ်ကြောင်းကတော့ အဲဒါပါပဲ ရှင်"

ကျွန်တော် ရင်တွေ မွန်းကျပ်သွားသည်။ အမည်သိသည့် ဝေဒနာတစ်ခုက ရင်ထဲရောက်လာခဲ့ပါ၏။

"မြလေးရယ်"

ကျွန်တော် ယူကျုံးမရနဲ့ သူမနာမည်ကို ခေါ်လိုက်တယ်။ သူမရဲ့ မျက်ဝန်းလှလှလေးက ကျွန်တော့်ကို ကြည့်လို့နေတယ်။ အချိန်အကြာကြီးပေါ့။

"ကိုယ် မြလေးရဲ့ဘဝကို ပိုင်ဆိုင်ချင်တယ်"

ကျွန်တော် အဲလိုပြောလိုက်တော့ သူမရဲ့ နှုတ်ခမ်းလေးက ဟလို့သွားခဲ့သည်။

"ကိုယ့်ရင်ထဲကို မြလေး ရောက်နေတယ်"

မထူးတော့ပြီမို့ ကျွန်တော် ဆက်၍ပြောလိုက်ရ၏။ သူ့
ကျွန်တော့်ကို ရီဝေစွာနဲ့ကြည့်ရင်း သူ့လက်လေးတွေကို
ကျွန်တော့်လက်ထဲကနေ ဖယ်ယူလိုက်ပြီး မတ်တပ်ထရပ်လိုက်
ပါတယ်။ ပြီးတော့ . . .

"ကျွန်မတို့ သွားကြရအောင် ရှင်ရယ်"

❀ ❀ ❀ ❀ ❀





## အခန်း (၂၀)

ညက တိုမှ်ဆိတ်လွန်းနေသည်။ ဆိတ်ငြိမ်ရပ်ကွက်
ဖြစ်နေသဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်က ည၏ တိတ်ဆိတ်
သက်မှုနှင့်အပြိုင် တိတ်ဆိတ်ငြိမ်သက်လို့နေ၏။

မြလေးနွယ် . . . ။

ဒီညတစ်ညမှာတော့ အိပ်လို့မပျော်သေး။ အတွေး
ဘ ရင်ထဲမှာ ကိန်းအောင်းနေတော့ မျက်စိက ကြောင်လို့
သည်။

သူမရဲ့အတွေး၊ သူမရဲ့ အာရုံများထဲမှာတော့ နေဗလ ဆိုတဲ့ ယောကျ်ားတစ်ယောက်က အမြဲတမ်းလိုလို မင်းမူ နေသည်။

နေဗလဆိုတဲ့လူကို သူမ အတွေးအာရုံထဲက အတ မောင်းထုတ်ခဲ့သော်လည်း နေဗလဆိုတဲ့လူက ပြုံးပြုံးလေး ခေါင်းခါရမ်းရင်း သူမအတွေးထဲက ထွက်မသွားခဲ့။

ခက်တာပဲ . . ။

ရှင် ကျွန်မကို သိပ်နှောင့်ယှက်တာပဲနော် . . ကျွ တစ်ယောက်ထဲကို နေခွင့်မပေးတော့ဘူးလားရှင် . . ။

နေဗလက ဟင့်အင်းလို့ငြင်းလိုက်တော့ သူမက ဒါဖြင့်လည်း ရှင်ကြိုက်သလောက်နေတော့ ရှင်ရယ် . . ။

မြလေးနွယ်အဖို့ ဒီနေ့မနက်ရဲ့ ဖြစ်စဉ်အတွေ့အကြုံ တစ်သက်မေ့လို့ရတော့မှာ မဟုတ်တော့ပါဘူး။

ရင်ခုန်မှုတွေ များစွာနဲ့ရယ် . .

ပျော်ရွှင်ကြည်နူးမှုတွေ များစွာနဲ့ရယ် . .

လိုက်မောတမ်းတ ဝမ်းနည်းခြင်းတွေနဲ့ရယ် . .

အို့လေ . .

ရသမျိုးစုံကို ခံစားလိုက်ရပါတယ်။





ဒီလိုအခြေအနေမျိုးတွေ ဘယ်တော့မှ ဖြစ်လာလိမ့် ယ်လို့ လုံးဝ မစဉ်းစားမိတာ အမှန်။ သူနဲ့တွေ့ဆုံဖို့ကို ဖန်တီး ပေးသူကတော့ မမ ခင်မျိုးမြင့်မြတ်ရယ်ပါ။

ပထမဦးစွာ သူမတို့သားအဖကို မန္တလေးတောင်ခြေမှ ခေါ်လာခဲ့သည်။ သူမအနေနှင့်လည်း ငယ်စဉ် ကလေးဘဝ ာနေ ခုချိန်ထိ လူနှင့်သူနဲ့ မနေဘူးခဲ့။ ငယ်စဉ်က ပိုတောင် ဆိုးသေးသည်။

သူမအဖေက သချိုင်းက စဏ္ဍာလတစ်ယောက်။ သချိုင်းကုန်းဇရပ်တွင် နေထိုင်ခြင်းကြောင့် နေ့စဉ်နှင့်အမျှ အမင်္ဂလာမြင်ကွင်းတွေကိုချည်း မြင်နေတွေ့နေရသည်။

သူမ နည်းနည်းအရွယ်ရောက်လာတော့ နီးစပ်ရာ ာတွင် ကျောင်းတက်စေသည်။ သို့သော် သူမကို မည်သူမျှ ဆေးဖော်ကျောဖက် မလုပ်ကြ။ သူမ ကြိတ်မှိတ်ခံရှာသည်။

ဒီလိုနှင့် မူလတန်းမှ အလယ်တန်းအဆင့်သို့ ရောက် ာတော့ သူမ ကျောင်းဆက်မတက်တော့။ လူတွေရဲ့ အနိုင်ကျင့်ခြင်းကို နိစ္စဓူဝ ခံစားရသည့်ဒဏ်ကို မခံစားနိုင်ရှာ ာတော့။ သူမအဖေ ဦးစိမ်းမောင်ကလည်း သချိုင်းစောင့် အလုပ်ကို စွန့်ကာ သားအဖနှစ်ယောက် မန္တလေးကို တက်လာ

ခဲ့ရသည်။

မန္တလေးသို့ရောက်တော့ ဦးစိမ်းမောင်က သူတတ်ထား သည့် ဂီတပညာဖြင့် လမ်းဘေးများတွင် တီးခတ်တောင်းရမ်း စားသောက်ကြသည်။ သမီးဖြစ်သူကိုလည်း အဆိုပညာ ထပ်ချပ်သင်ပေးရင်းဖြင့် လုပ်ကိုင်စားသောက်ခဲ့ကြရသည်။

ဒီလိုအခြေအနေမျိုးမှာမှ ခင်မျိုးမြင့်မြတ်နှင့် တွေ့ ခဲ့ရခြင်းပင်။ ခင်မျိုးမြင့်မြတ်က သူမကို အဆိုတော်ဖြစ် နိုင်အောင် ကြိုးစားပေးမည်ဟု ပြောဆိုခြင်းကြောင့်ရယ်၊ ဒီ ဘဝကနေ ကျွတ်လွတ်သွားအောင်လို့ဆိုပြီး သူမအဖေ ဦးစိမ်း မောင်၏ တိုက်တွန်းမှုကြောင့်ရယ်၊ ဒီအကြောင်းများကြောင့် ရန်ကုန်သို့ လိုက်လာခဲ့ရသည်။

ထို့နောက် မခင်မျိုးမြင့်မြတ်၏ ကျောင်းကို လိုက်ခဲ့ရာ နေဇလနဲ့ တွေ့ဆုံခဲ့ရခြင်းပင်။ တစိမ်းတရံစာ ယောကျာ်း တစ်ယောက်၏ အရေးပေး အလေးပေးမှုကို ခံရတော့ ရင်ထဲမှာ လှိုက်ဖိုမောပန်းလို့သွားရသည်။

ဒါပေမယ့် သူမရင်ထဲမှာ ကြည်နူးမိသည်။ သာယာ မိခဲ့သည်။ ပျော်ရွှင်ခဲ့ရသည်။ ပြီးနောက် စိတ်ကူးယဉ်မိခဲ့ပါသည်။

သူမက နေဇလ၏ အကြည့်စိမ်းစိမ်းတွေ၊ အပြုံး





လေးတွေ၊ အရယ်လှလှလေးတွေ အားလုံးကို စွဲမက်လို့ သွားခဲ့ ရသည်။

သူ့ကို စတွေ့ပြီးနောက် မမေ့လို့မရတော့ပါ။ နောက်ထပ် လည်း ထပ်တွေ့ချင်နေမိသည်။ သို့သော် ဘယ်လိုတွေ့ရပါ မည်နည်း။ သူကရော ကိုယ့်ကို တွေ့ချင်ပါ့မလား။

စိတ်ကူးအတွေးက ဖန်တီးဖြစ်ပေါ်လာခဲ့ရတော့ သူမရဲ့ ဝမ်းသာမှုက ရင်နှင့်မဆံ့တော့။ သူမကို ရန်ကုန်မြို့၏ ဘုရားစုံ ဖူးရန်နှင့် လည်ပတ်စရာ နေရာအစုံကို မခင်မျိုးမြင့်မြတ်က မအားသဖြင့် နေဇလကို အကူအညီတောင်း လိုက်ပို့ခိုင်း ခြင်းကြောင့် သူမသည် နေဇလနှင့် ဒုတိယအကြိမ် ပြန်လည် တွေ့ခဲ့ရတော့သည်။

တွေ့မယ့်တွေ့တော့လည်းပဲ လွတ်လွတ်လပ်လပ် နှစ်ယောက်တည်း။ ရင်ခုန်လိုက်တာလည်း အရမ်းပဲ။ တိတ်တ ခိုးလေး ပျော်ရွှင်ကြည်နူးမိတာကလည်း တအားပဲ။

အဲဒီမှာ နေဇလရယ် သူ့ရင်ထဲက ခံစားချက်တွေကို ဖွင့်ဟလာခဲ့တယ်။ သူမ အကြီးအကျယ်ကို ကြက်သီးမွေးညှင်း တွေ ထလာခဲ့ရသည်။ အိပ်မက်တစ်ခု မက်နေသလား အောက်မေ့လိုက်၏။

အိုလေ သူမရင်ထဲမှာ အလွန် ပျော်သွားတယ်။ ကျေနပ်မှုတွေလည်း ရသွားခဲ့တယ်။ အရာအားလုံးလည်း ပြီးပြည့်စုံသွားတယ်ဟုလည်း ခံစားလိုက်ရသည်။

အဲဒီအချိန်လေးမှာပဲ သူမမျက်ဝန်းထဲမှာ မမဆိုတဲ့ မခင်မျိုးမြင့်မြတ်ကို ဖျတ်ခနဲ လျှပ်စီးလျှပ်သလို ပေါ်လာခဲ့၏။

ဒါ ဖြစ်သင့်သလား . .။

ငါ ဘယ်အဆင့်အတန်းလဲ . .။

သူဆိုတဲ့ နေဗလနဲ့ကော တူတန်လို့လား . .။

ငါ့လို မိန်းကလေးကို သူ တကယ်ကော ချစ်လို့လား

သူမ ရင်တွေ တုန်လှုပ်ချောက်ချားသွားခဲ့သည်။

မဖြစ်နိုင် . .။

သူ့ကို ချစ်လိုက်ခြင်းသည် စိတ်ကူးယဉ်ခြင်း တစ်မျိုးပင်တစ်ချိန်ချိန် ကိုယ့်အကြောင်းကို သိသွားလျှင် ဘယ်လိုဖြစ်သွားမည်လဲ။ စဏ္ဍာလမျိုး၊ သူတောင်းစားမျိုးဟု သိသွားခဲ့လျှင် . .။

အိုး . .။

ဆတ်ခနဲပဲ ထိတ်လန့်လို့သွား၏။ ရင်ထဲမှာ ဝမ်းနည်းမှုတွေ၊ သောကဖြစ်မှုတွေ မြောက်များစွာ ဖြစ်ပေါ်လာခဲ့သည်။

သို့ဖြင့် သူမ နေဗလကို မည်သို့မျှ မတုံ့ပြန်တော့ဘဲ





ဒီအတိုင်း ပြန်လာခဲ့ရသည်။ နေဗလကို ရင်ထဲကပဲ တိတ်တခိုးလေးပဲ ချစ်တော့မယ်ဟု . .။

အိုး လလေးကသာ . . ဒီည အိပ်လို့ပျော်တော့မှာမဟုတ်တော့မှန်း သူမ သိလိုက်ပါတော့တယ်။

❀ ❀ ❀ ❀ ❀



## အခန်း ( ၂၁ )

ဘွားတော်ကြီး တရားစခန်းက ပြန်လာပြီး ဆိုသည်
ကြားလိုက်ပြီးသည်နောက် တစ်ပတ်အကြာမှာ ကျွန်မနှ
မြလေးနွယ်တို့ ရတနာရိပ်ငြိမ်သို့ ရောက်လာခဲ့ကြသည်
ကျွန်မက နှစ်ကြိမ်မြောက်ရောက်ဖူးသွားသဖြင့် ရတနာရိပ်ငြိမ်
ထူးထူးဆန်းဆန်း မဖြစ်တော့ပါ။

အံ့ဩထူးဆန်းစွာ ဖြစ်နေရသည်က မြလေးနွ
တစ်ယောက်ပင်။ သူမအတွက်က ထူးဆန်းစရာ အမြင်သ





တွေက အံ့ဩမခန်း ဖြစ်နေသည်မဟုတ်ပါလား။

"ဟာ ခင်မျိုးတို့"

အခန်းတစ်ခုအတွင်းမှ နေဗလ ထွက်၍လာခဲ့သည်။ ကျွန်မတို့နှစ်ယောက်ကို မြင်လိုက်တယ်ဆိုရင်ပဲ သူ့မျက်နှာက သံကြားခဲလို ချိုမြလို့နေ၏။

ပြီးတော့ သူ့မျက်ဝန်းအကြည့်တွေက မြလေးနွယ်ဆီသို့ တည်တံ့ကြန့်ကြာလိုက်တယ်။ ဝမ်းသာသွားသည့် မျက်နှာထားက အထင်းသား ပေါ်လွင်နေသည်။

မြလေးနွယ်ကလည်း ရှက်ပြုံးလေးနဲ့ပါ။ သူ့ကို မျက်လွှာတစ်ချက်ခတ်ကာ ကြည့်လိုက်သည့် အကြည့်ကလေးက စက္ကန့်ပိုင်းသာသာ ဖြစ်ပေမယ့် နှစ်ဦးသား ရင်ဖိုသွားခဲ့သည်ကတော့ ကျိန်းသေလောက်သည်။

ဪ ယောကျ်ားတွေများ မိန်းမတစ်ယောက်ကို ကြိုက်ပြီဆိုရင် ချစ်ပြီဆိုရင် ဂမူးရှူးထိုးနိုင်လွန်းလှသည် မဟုတ်လား။ ဘယ်မှာလဲ အရှက်သိက္ခာ။ အဲဒီမိန်းမအောက်ကို ပြားပြားဝပ်ခဲ့သွားပြီလေ။

"လာမယ်ဆိုရင်လည်း ဖုန်းလေးတစ်ချက် ဆက်လိုက်ပေါ့"

"ဘာလဲ ကြိုတင်ပြီး ရှောင်ပြေးပုန်းမလို့လား"

"ဟာ မခင်မျိုးကလည်း"

သူ ကျွန်မစကားကြောင့် ရှက်ကိုးရှက်ကန်း ဖြစ်လို့သွားသည်။

"ဒါနဲ့ ဘွားတော်ကြီးတို့ရော"

"ရှိတယ် .. အပေါ်ထပ်အခန်းထဲမှာနဲ့တူတယ်"

"ဘာဖြစ်လို့လဲ ... နေမကောင်းလို့လား"

"ကောင်းပါတယ် ... ခုနကတင် ဘုရားခန်းထဲမှာ တွေ့လိုက်သေးတယ် ... နေဦး ကျွန်တော် သွားကြည့်လိုက်ဦးမယ်"

"ဟာ နေပါစေ ကိုနေဗလရယ်"

ကျွန်မ ဟန့်တားလိုက်တယ်။ ဒါပေမယ့် မရ ..

"မဟုတ်ဘူး ... မြလေးကိုလည်း ဘွားတော်က တွေ့ချင်နေတာ ... ကိုယ်ပြောပြထားလို့လေ ... ဟိုတစ်နေ့ကတင် ဖုန်းဆက်ပြီးတော့ ခေါ်ခိုင်းသေးတယ်"

"အဲဒါဆို ခေါ်လိုက်ရောပေါ့"

"ဪ ခင်မျိုး သင်တန်းတက်နေတယ်ဆိုလို့ပါ"

"သင်တန်းက ဆတ်ဒဒေးနဲ့ ဆန်းဒေး နှစ်ရက်ထဲပါ





ကိုနေဗလရယ်"

"ဟုတ်လား မသိပါဘူး တစ်ပတ်လုံးထင်လို့ ... ကဲ ကိုယ် ဘွားတော်ကို အပေါ်တက်ခေါ်လိုက်ပါဦးမယ် ... ခဏလေးနော်"

အင်း .. ဟု ကျွန်မ ခေါင်းညိတ်ပြုံးပြလိုက်သည်။

"မမ အိမ်ကြီးက နန်းတော်ကြီးကျနေတာပဲနော်"

နေဗလ အပေါ်သို့တက်သွားတော့ မြလေးနွယ်က ကျွန်မနားသို့ တိုးတိုးလေးကပ်၍ ပြောလာသဖြင့် ...

"ဟုတ်တယ် မြလေး ... ကိုနေဗလတို့က မဟာမျိုး မဟာနွယ်တွေလေ ... နေတာထိုင်တာကအစ ပြောတာဆိုတာ နန်းဆန်တယ် ... အိမ်မှာ မြလေးကို ပြောခဲ့တဲ့အတိုင်းပဲ စကားပြောရင် သတိထားပြောနော်"

မြလေး လန့်နေပုံရသည်။ အှင်း အင်း နှင့် မျက်လုံးလေး တလယ်ကလယ်ဖြင့် ခေါင်းညိတ်နေပေတော့၏။

ထိုစဉ်ခဏမှာပင် ..

"အဟမ်း"

ဆိုပြီး ချောင်းဆိုးသံက ထွက်ပေါ်လာသဖြင့် လှည့်ကြည့်လိုက်၏။ ခေါ်ထိပ်တင်လေး နောက်ဖေးခန်းက

ထွက်လာဟန်နှင့်တူသည်။

"တူမတော် ရောက်လာတာကြာပြီလား"

ပြောပြောဆိုဆိုနှင့် ကျွန်မတို့နှစ်ယောက် ရှေ့တည့်တည့်တွင်ရှိ ကုလားထိုင်မှာ ဝင်ထိုင်လာရင်း မြလေးနွယ်ကို စူးနှစ်စွာ ကြည့်နေမိသည်။

မြလေးနွယ်၏ အကြည့်တို့ကလည်း ဒေါ်ထိပ်တင်လေး အပေါ် စူးစူးနင့်နင့် နက်နက်ရှိုင်းရှိုင်းကို ဖြစ်ပေါ်နေသည်။

တစ်ယောက်ကိုတစ်ယောက် မျက်လုံးချင်းက မခွာမိ။ မဖွယ်မိ။ စက္ကန့်ပိုင်းမှ မိနစ်ပိုင်းအထိကို ကြာမြင့်လို့နေသည်ကို ကျွန်မ သတိထားမိလိုက်သည်။

ဘာဖြစ်လို့လဲ . . ။

မြလေးနွယ်ကို သဘောမကျလို့လား . . ။

ဒီလိုလည်း မဟုတ်သေးပါဘူး။ ဒေါ်ထိပ်တင်လေး၏ အကြည့်တို့သည် ပူလောင်ခြင်းမရှိ၊ အေးမြခြင်းကိုသာ ကျွန်မ အနေနဲ့ ခံစားရသည်။

ထို့ပြင် ဒေါ်ထိပ်တင်လေး၏ မျက်ဝန်းထဲတွင်လည်း ကြင်နာမှုအငွေ့အသက်တွေ၊ ကရုဏာတရား၊ မေတ္တာတရားတွေက ပြည့်နှက်လို့နေတာကိုလည်း တွေ့နေရသည်လေ။





တကယ်တမ်း ပြောရမည်ဆိုလျှင် မိခင်တစ်ဦး၏ သားသမီးတွေအပေါ် ထားရှိအပ်သည့် မေတ္တာတရားတွေက ဒါးလွှမ်းလို့နေသည် မဟုတ်လား။

"မြလေးနွယ်ဆိုတာ သမီးလေးလား"

ကြည့်စမ်း သမီးလေးလားတဲ့ . . ။

ကျွန်မကိုကျတော့ တူမတော်ဟု ခေါ်ဝေါ်သည်။

ဤအခေါ်ကို ကြည့်ခြင်းအားဖြင့် မြလေးနွယ်အပေါ်သို့ မေတ္တာ တော်တွေ ပြည့်လျှံနေသည်ဆိုတာ သိသာလှပေတော့၏။

မြလေးနွယ်ကလည်း မြင်လိုက်တာနဲ့ ချစ်ချင်စရာ၊ ခင်စရာကောင်းအောင် ပါရမီရှိသူတစ်ယောက်။ အသံကို ကြားလိုက်ရသည်နှင့် သနားကရုဏာတွေ ဖြစ်ပေါ်စေနိုင်သည့် အစွမ်းသတ္တိတွေ ရှိခဲ့ပါ၏။ မြလေးနွယ်၏ကုသိုလ်က ထူးဆန်းသနွ။

မြလေးနွယ်ကလည်း ဒေါ်ထိပ်တင်လေး၏ အမေးကို ခေါင်းညိတ်ပြသည်။

"သမီးလေးရဲ့အကြောင်းတွေကို တူတော်မောင် ပြောပြလို့ သိခဲ့ရတယ် . . . စိတ်မကောင်းလိုက်တာ"

မြလေးနွယ်က ညိုးငယ်စွာဖြင့် ခေါင်းလေးငုံ့နေ လိုက်တယ်။ သူမရင်ထဲတွင် ဘယ်လောက် ကြည်နူးဝမ်းသာ လိုက်မလဲလို့ ကျွန်မ တွေးကြည့်မိပါတယ်။

ထိုစဉ်မှာပဲ အပေါ်ထပ်မှ ဘွားတော်ကြီး ဒေါ်ထိပ်တင် မိုးကို နေဗလက တွဲခေါ်လာရင်း ဆင်းလာခဲ့သည်။

"ရောက်တော်မူတာ ကြာခဲ့ပြီလား မြေးတော်မလေး"

"သိပ်မကြာလှသေးပါဘူး ဘွားတော်"

ခေါင်းလေးတဆတ်ဆတ် ညိတ်ရင်း လှေကားပေါ် ကနေ ဆင်းလာခဲ့သည်။

"မယ်မယ် ဒီမှာ ထိုင်တော်မူပါ"

ဒေါ်ထိပ်တင်လေးက နေရာမှထပြီး သူမနေရာတွင် ထိုင်ခိုင်းလိုက်ကာ သူမကတော့ မြလေးနွယ်၏ နံဘေးနား ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

"သူလေးလား မြေးတော်မလေးရဲ့ ညီမတော်ဆိုတာ"

မြလေးနွယ်ဆီသို့ လက်ညိုးထိုးမေးလိုက်သဖြင့် ကျွန်မက . . .

"မှန်ပါတယ် ဘွားတော်"

"အိမ်း"





အိမ်း ဆိုပြီး မြလေးနွယ်ကို မမှိတ်မသုန် စိုက်၍ ကြည့်နေတော့သည်။ နေဗလကတော့ သူ့အဘွားဘေးက ကုလားထိုင်တွင် ဝင်ထိုင်ပြီး မြလေးနွယ်၏ အလှတရားကို ခံစားကြည့်ရှုပြီး အသာငြိမ်၍နေပါသည်။

"မြန်မာဆန်ဆန်လေးပဲကွယ် . . . မြေးတော်မလေး နှစ်ယောက်စလုံးက တစ်ယောက်တစ်မျိုးစီ လှကြရှာသကိုးကွဲ့"

ကျွန်မရင်ထဲ တော်တော်ကျေနပ်သွားသည်။ စကားကို လိမ္မာပါးနပ်စွာဖြင့် ပြောတတ်သည့် ဘွားတော်ဒေါ်ထိပ်တင်မိုး ကို လေးစားသွား၏။

"အမည် ဘယ်လိုခေါ်သလဲ မြေးတော်မလေး"

မြလေးနွယ်ကိုကြည့်ရင်း မေးလာသဖြင့် ကျွန်မက မြလေးနွယ်၏ ခြေဖမိုးကို ကျွန်မခြေထောက်ဖြင့် တို့ထိရင်း ဖြေခိုင်းလိုက်ရသည်။

"ဟို မြလေးနွယ်လို့ ခေါ်ပါတယ် ဘွားတော်ကြီး"

"အင်း ညီအစ်မနှစ်ယောက်ရဲ့ အမည်တော်တွေက လှလိုက်တာကွယ်"

ထို့နောက်မှာတော့ ဘွားတော်ကြီး ဒေါ်ထိပ်တင်မိုးက ကျွန်မတို့ရဲ့ ဘွားတော်ကြီး ဒေါ်ခင်ခင်ကြီးအကြောင်း၊ ကျွန်မ

တို့ရဲ့ အိမ်အကြောင်း၊ ကျွန်မရဲ့မိခင် ဒေါ်ခင်ခင်ဦးအကြောင်း၊ နောက်ဆုံး၌ မြလေးနွယ်၏ ဘဝဇာတ်ကြောင်းတို့ကို မေးမြန်းပြောဆိုခဲ့တော့သည်။

ကျွန်မအနေဖြင့် ဘာမှမဖြစ်ပေမယ့် ခုမှ ရောက်ဖူးတွေ့ဖူးသော မြလေးနွယ်အဖို့တော့ အတော့်ကို စိတ်အိုက်နေမှန်းကို ကျွန်မ သိနေပါသည်။ ဒါတောင် ကျွန်မက အိမ်တွင် အသေအချာကို သင်ကြားပြောဆိုထားခဲ့ပြီးဖြစ်သည်။

ဒါတောင် နေဗလ၏မိခင် ဒေါ်မြနှင်းဆီနှင့် ဖခင် ဦးမောင်မောင်လတ်တို့ကို မတွေ့ခဲ့ရ။ ဒီလောက်နှင့် အဲဒီနေ့က တွေ့ဆုံပွဲသည် အောင်မြင်သွားခဲ့ပါ၏။ ကျွန်မလိုပင် မြလေးနွယ်သည်လည်း ရတနာရိပ်ငြိမ်၏ အချစ်တော် စာရင်းတွင် ဝင်သွားခဲ့ ပါသည်။

❀ ❀ ❀ ❀ ❀





## အခန်း (၂၂)

ထမင်းစားပြီး ဆေးလိပ်ထဲတွင် နစ်မျောနေရာမှ တ်ဘက်က မြလေးနွယ်၏ အိပ်ရာခင်းသံကို ကြားနေရ ဖြင့် ဦးစိမ်းမောင် လှည့်ကြည့်လိုက်သည်။

"သမီး"

"ရှင် ဖေဖေ"

"သမီး အိပ်တော့မှာလား"

"ဟင့်အင်း မအိပ်သေးပါဘူး ဖေဖေ"

"ဒါဆိုလည်း သမီးနဲ့ စကားလေးဘာလေး ပြော
အောင်ကွယ်"

မြလေးနွယ် သူမဖေဖေ ဦးစိမ်းမောင်အနီးသို့ လာ လိုက်သည်။ ဦးစိမ်းမောင်က ဆေးပေါ့လိပ်ကို စိမ်ပြေနပြေ ဖွာရှိုက်လို့နေပြီးမှ . . .

"သမီးလေး"

ဟု ညင်သာတိုးဖွစွာ ခေါ်လိုက်သည်။ မြလေးနွ ကတော့ သူမဖေဖေ ဘာများပြောမလဲဆိုတာကို နားစွင့်နေ လိုက်၏။

"သမီး နေရတာ အဆင်ပြေလား . . . ပျော် ပျော်ရဲ့လား"

"အဆင်ပြေပါတယ် . . . ပျော်လည်းပျော်ပါတယ် . . . ဖေဖေဘာလို့ မေးတာလဲဟင်"

"ဘာရယ်လို့တော့မဟုတ်ပါဘူး သမီးရယ် . . . ခုတစ်လော ဖေဖေ့သမီးလေးကို ကြည့်ရတာ ရွှင်လန်းမှု မတွေ့ရတော့ ဖေဖေ မေးမိတာပါကွယ်"

ဪ ဖေဖေရယ်ဟု မြလေးနွယ် စိတ်ထဲက ညည်း မိလိုက်သည်။





သူမကို ဂရုစိုက်ကာ အရိပ်တကြည့်ကြည့်နှင့်နေသော ဦးစိမ်းမောင်ကိုလည်း ကရုဏာသက်မိတော့သည်။

တကယ်တော့ ဒီအိမ်တွင်နေရတာ မြလေးနွယ်အဖို့ တ်ဘုံနတ်နန်းတမျှ ခမ်းနားလွန်းနေပါသည်။ မမ ခင်မျိုး မြင့်၏ မိသားစုက အစစအရာရာ လိုလေသေးမရှိ ထားခဲ့ ကြသည် သူမတို့အဖို့ ကျေးဇူးဆပ်လို့ မကုန်လောက်အောင် ဇူးရှင်များဖြစ်ကြသည်။

သူမအဖို့တော့ အားလုံး ကျေနပ်စရာတွေချည်းပါ။ သော် မမျှော်လင့်သောတစ်နေ့မှာ နှလုံးသားရေးရာကိစ္စက ထွက်လာခဲ့သည်။ မဖြစ်နိုင်မှန်းသိနေပါလျက်နဲ့ အချစ်ကို ကူးယဉ်မိလိုက်၏။ အဲဒါကိုပဲ သူမကိုယ်သူမ အပြစ်တင်မိ တော့မလားမသိ။

ဒါပေမယ့် ရင်ထဲမှာလေ တိတ်တခိုးလေး ကြိတ်၍ စ်နေမိသည်ကတော့ ပူလောင်လွန်းလှနေပါတယ်။ ဆိုးသည်က ကိုယ်ကချစ်သော ချစ်သူက ချစ်ခွင့်ပန်လာတဲ့ ခါ ဝမ်းသာကြည်နူးခဲ့ရသော်လည်း ကိုယ့်ဘဝရဲ့ အဆင့် တန်း၊ သူ့ဘဝရဲ့ အဆင့်အတန်းကိုက ဘယ်လိုမှ အပ်စပ်လို့ နိုင်တဲ့ဘဝ ဖြစ်နေတော့ ဝမ်းနည်းမှုတွေ၊ ပူဆွေးသောက

ရောက်မှုတွေက ရင်ထဲမှာ ခိုအောင်းလာခဲ့ပါတော့သည်။

ဒါကိုပဲ သူမတစ်ယောက်ကို အရိပ်တကြည့်ကြည့်နှ
ကြည့်နေတတ်သော သူမဖေဖေက စိုးရိမ်စိတ်နှင့် မေးလာ
ပါသည်။

သူမ ဘယ်လိုပြန်ဖြေရမှန်းကို မသိလောက်အော
ဖြစ်သွားခဲ့သည်။

"တကယ်လို့များ သမီးလေးနေရတာ မပျော်ဘ
အနေရ ကျပ်တယ်ဆိုရင် သမီးသဘောနော် . . . ဒီမှာ နေ
ချင်ရင်လည်း ပြန်ကြတာပေါ့ သမီးရယ်"

"အို ဖေဖေရယ် . . . အဲလိုမဟုတ်ပါဘူး . . . သ
နည်းနည်း နေမကောင်းချင်လို့ပါ"

"ဟုတ်လား . . . ဒါဆို ဆေးလေးဘာလေး သော
ထားနော်"

ဟုတ်ကဲ့ဟု ဖြေပြီး သူမ ဦးစိမ်းမောင်အနားက ထ
ခဲ့သည်။ အိပ်ရာကို ဆက်၍ခင်းမည်အလုပ် . . .

"မြလေး . . . မြလေးရေ"

ကားဂိုဒေါင်ရှေ့မှ အော်ခေါ်လိုက်သံကြောင့် မြလေ
နွယ် ထ၍ ပြူတင်းပေါက်တံခါးကိုဖွင့်ကာ ငုံ့ကြည့်လိုက်သည်





"ဟယ် မမ"

ခင်မျိုးမြင့်မြတ်က အပေါ်သို့ မော့ကာ ကြည့်လို့
နေသည်ကို တွေ့လိုက်ရသည်။

"မြလေး မအိပ်သေးရင် အောက်ခဏဆင်းခဲ့ပါလား၊
မမ စကားပြောချင်လို့"

မြလေးနွယ် ချက်ချင်းပဲ ပြူတင်းပေါက်မှခွာလိုက်သည်။

"ဖေဖေ သမီး မမနဲ့ စကားသွားပြောလိုက်ဦးမယ်"

ဦးစိမ်းမောင် ခေါင်းညိတ်ပြရင်း ဆေးလိပ်ဖွာကာ
နေလိုက်တော့၏။

အောက်ရောက်တော့ ခင်မျိုးမြင့်မြတ်က မြလေးနွယ်၏
လက်ကလေးကို ဆွဲတိုင်ရင်း တိုက်၏ ပေါ်တီကိုရှေ့ မြက်ခင်း
ပြင်ရှိ ထိုင်ခုံများရှိရာသို့ ခေါ်သွားသည်။

"မြလေး ထိုင်"

နှစ်ယောက်သား ကုလားထိုင်အသီးသီးတွင် ဝင်ထိုင်
လိုက်ကြသည်။

"မြလေးနဲ့ ဆွေးနွေးစရာရှိလို့"

"ရှင်"

ဒဲ့ဒိုးပဲ ပြောချလိုက်သဖြင့် မြလေးနွယ် နှုတ်ခမ်းလေး

ဟဟ ဖြစ်လို့သွားသည်။ ခင်မျိုးမြင့်မြတ် မျက်နှာက ပြုံးတုံ့တုံ့နှယ်။

"မြလေး ကိုနေဗလကို ချစ်လား"

"ရှင်"

မြလေးနွယ် ထပ်၍ ရှင်ရပြန်သည်။ သည်ရှင်ကတော့ အံ့သြထိတ်လန့်ခြင်းတွေ၊ စိုးရိမ်ပူပန်မှုတွေ၊ တုန်လှုပ်ချောက်ချားမှုတွေနဲ့ ထပ်တူဖြစ်လို့နေပါသည်။

ခင်မျိုးမြင့်မြတ်၏ အမေးကို မဖြေသေးဘဲ ခပ်ကြာကြာလေး နှုတ်ဆိတ်နေလိုက်၏။ သည်အဖြေကို ဘယ်လိုဖြေရသည်မှန်း မဝေခွဲနိုင်ပါ။

"ကိုနေဗလကတော့ မြလေးနွယ်ကို ချစ်မိနေတယ်နော်"

မြလေးနွယ် ဆတ်ခနဲ ခေါင်းညိတ်လိုက်မိသည်။

"မြလေးကို ပွင့်ပွင့်လင်းလင်း မေးချင်တယ် . . . မမကိုလည်း မကြောက်နဲ့ကွယ် . . . မြလေးရင်ထဲမှာ ကိုနေဗလကို ချစ်မိနေတယ်မဟုတ်လား"

မြလေးနွယ် ခေါင်းလေးကိုမဖော်တော့။ ရင်ထဲမှာ ရှက်ကြောက်မှုတွေက ကြီးစိုးနေသည်။

"ဖြေပါ မြလေး . . . မမ မြလေးကို အပြစ်မယူပါ





ဘူးကွယ်"

မြလေးနွယ်ရဲ့ အကဲကို ကြည့်နေလိုက်သည်။

"ပြောလေ မြလေးရဲ့"

"ဟုတ် ဟုတ် ဟုတ်ပါတယ် မမ"

ခင်မျိုးမြင့်မြတ် ပြုံးလိုက်သည်။ အားပါးတရ ပြုံးလိုက်ပါတယ်။

"ကိုနေဗလက မြလေးကို ချစ်တယ်ဆိုတာ သေချာတယ်နော်"

မြလေးနွယ် နှုတ်ကမဖြေမိတော့။ ခေါင်းလေးပဲ ညိတ်ပြရှာတော့သည်။

ဒါဆိုရင် ပွဲသိမ်းပြီ။ ခင်မျိုးမြင့်မြတ် ဒိုင်ပွဲရပ်နဲ့ကိုနိုင်လိုက်သည်။

"ဒီလိုဆိုရင် ကိုနေဗလတို့က မြလေးကို လာရောက်တောင်းရမ်းလက်ထပ်မယ်ဆိုရင်ရော မြလေး လက်ခံမှာလား"

"ရှင်"

မြလေးနွယ် တတိယမို့ ရှင်ဖြစ်လို့သွားရပြန်သည်။ ပို၍လည်း အံ့သြတုန်လှုပ်မိသွား၏။

"အဲဒီလိုဖြစ်လာခဲ့ရင် မမတို့မိသားစုတွေက သဘောတူ

မှာပါ မြလေး”

မြလေးနွယ် မျက်ဝန်းတွေ အရှောင်တောက်လာခဲ့သည်။

“ဒါပေမယ့် မြလေးနွယ်တို့ရဲ့ ဘဝက . .”

“အဲဒါကို ဆက်မပြောနဲ့တော့ မြလေး”

“မမရယ် ဖြစ်နိုင်ပါ့မလား”

“ဒီကိစ္စက မမတို့မပြောရင် ဘာမှမဖြစ်ပါဘူး မြလေးရယ် . . ၊ စိတ်ချနေကွယ် ဟုတ်ရဲ့လား”

“မြလေး ကြောက်နေတာပဲ သိတော့သည်”

❀ ❀ ❀ ❀ ❀





## အခန်း ( ၂၃ )

မထင်မှတ်သည့် စကားကို ကြားရတော့ အံ့ဩတုန်လှုပ်ချောက်ချားသွားရသည်။ တစ်သက်နှင့်တစ်ကိုယ် မိမိကို မည်သူမျှ စကားတစ်ခွန်း ပြန်မပြောရဲ၊ စောဒကမတက်ရဲ။ မိမိ၏ စကားသည် စေလိုရာစေ ညွှန်လိုရာညွှန် ဖြစ်ခဲ့ပါ၏။

ခုတော့ဖြင့် . . .

ကြည့်စမ်း . . .။ မိမိကို ပြန်ပြောရဲသော ဆန့်ကျင်မှုတွေ ပြုရဲသော မိမိ၏အချစ်တော် မြေးတော်၏ စကားတို့က

ရင့်ရင့်သီးသီး ရိုင်းစိုင်းလေစွ။

"မြေးတော် နေဗလ . . . မင်းစကားတွေ မောက်မာလှချည်လား . . . ဒေါ်ထိပ်တင်မိုးရဲ့ မြေးတော်မှ ဟုတ်ပါရဲ့လားကွယ်"

မခံချင်မှုတွေ၊ ခံပြင်းမှုတွေက ဒေါ်ထိပ်တင်မိုးရဲ့ ရင်ထဲမှာ အစိုင်အခဲတစ်ခုပမာ တည်ရှိနေသည်။

"လူဆိုတာ ကတိသစ္စာကို အသက်နဲ့ထပ်တူ တန်ဖိုးထားရတယ်ဆိုတာ မြေးတော် မသိလေရော့သလား"

"မြေးတော်က ခင်မျိုးမြင့်မြတ်ကို လက်ထပ်ပါ့မယ်လို့ ဘယ်တုန်းကများ ကတိစကား၊ သစ္စာစကား ပြောထားခဲ့ဖူးလို့လဲ ဘွားတော်"

"တယ်လေ . . . ပြောလေကဲလေ၊ မန်းလေပြလေပါလား . . . ဟင်း ဒီမှာ မြေးတော် နားထောင်စမ်း . . . ဒီကိစ္စတွေအားလုံး ဘွားတော်ကြီး စီစဉ်တာကွယ့် . . . ဒီအိမ်မှာရှိတဲ့ လူမှန်သမျှ ဘွားတော်ကြီးရဲ့စကား နားထောင်ရမယ် သိတော်မူရဲ့လား"

သူ ဟားခနဲ သက်ပြင်းမှုတ်ထုတ်လိုက်သည်။ ပြီးတော့ သူ့ဘွားတော်ကြီးအား စူးစိုက်စွာကြည့်ရင်းက . . .





"ဘွားတော် ခေတ်တွေစနစ်တွေ ပြောင်းလဲသွားပြီ . . . ဘွားတော်ကြီးတို့လို သက်ဦးဆံပိုင်စနစ် မဟုတ်တော့ဘူး . . . ခု မြေးတော်တို့ခေတ်က အစစအရာရာ တိုးတက်လာတဲ့ခေတ်၊ အတွေးအခေါ် အယူအဆကအစ ပြောင်းလဲတိုးတက်လာခဲ့ပြီး ခေတ်နောက်ပြန်ဆွဲဝါဒကို ကျင့်သုံးလို့ မရဘူး"

"အေး ဒါကြောင့်လည်း ယဉ်ကျေးမှုတွေ ပျက်သုန်းဆုတ်ယုတ်ပပျောက်သွားတာပဲ . . . လူလူချင်း စာနာထောက်ထားမှုတွေ၊ ကြီးသူနဲ့ငယ်သူ ရိုသေတတ်ရမယ်ဆိုတဲ့ ဂါရဝတရားတွေ လွင့်ပြယ်သွားပြီး အမှုန်လေးတစ်စက်အဖြစ်နဲ့တောင် မကျန်ရစ်တော့ဘူး"

"ဘွားတော်ကြီးက သိပ်တယူသန်တာပဲ . . . မြေးတော်ကို တစ်ပတ်လောက်တော့ လျှော့ပါဦးလား"

တောင်းပန်လိုက်သည့်အသံ၊ တိုးလျှိုးတောင်းပန်သည့် အကြည့်တွေနဲ့ နေဗလ ပြောလိုက်သော်လည်း ဒေါ်ထိပ်တင်မိုး၏ ခက်ထန်နေသည့် သွင်ပြင်ကတော့ တစ်စက်လေးမှ မလျော့။

"ကဲ သားတော်ကလည်း ဘွားတော်ကို ပြန်မပြောနဲ့၊ မယ်မယ်ကလည်း စိတ်ကို လျှော့တော်မူလိုက်ပါ . . . ဒီအရေး

ကိစ္စက မိသားစုအရေးဆိုတော့ သားတော် မယ်မယ်တို့ ပြောချင်တာလေးတစ်ခုရှိတယ်"

မြေးနဲ့ ဘွားတော်တို့ ပဋ္ဌိပက္ခတိုက်ပွဲကို ငြိမ်သက်စွာကြည့်၍ နားထောင်နေကြသည့် အထဲမှာမှ ဦးမောင်မောင်လတ်က ဝင်ပြောလာသဖြင့် ဒေါ်ထိပ်တင်မိုးက ဖျတ်ကနဲကြည့်လိုက်သည်။ ပြီးတော့ . . .

"မင်းက ဘာပြောချင်တာတုန်း"

"ဒီလိုပါမယ်မယ် . . . ခင်မျိုးမြင့်မြတ်နဲ့ မြလေးနွယ်ဆိုတာ ညီအစ်မတွေပါ . . . မယ်မယ်က စကားကျွံထားလို့ အကြီးမ ခင်မျိုးမြင့်မြတ်နဲ့ သားတော် နေဗလကို နေရာချထားချင်တာ မဟုတ်လား . . . ခု မယ်မယ်မြေးက ညီမဖြစ်သူမြလေးနွယ်ကိုပဲ နှစ်သက်တော်မူတယ်ဆိုလည်း ဘာဖြစ်လဲ . . အကြီးဖြစ်သူ ခင်မျိုးမြင့်မြတ်ကို အကျိုးအကြောင်း ရှင်းပြလိုက်ရင်ရော ဒီကိစ္စက မပြီးသွားဘူးလား မယ်မယ်ရယ်"

"အေး မင်းပြောသလိုဖြစ်ရင်တော့ ကောင်းတာပေါ့ . . တကယ်လို့ ခင်မျိုးမြင့်မြတ်က မကျေနပ် သဘောမတူခဲ့ရင်ရော မင်းဘာပြောမလဲ သားတော်"

"ဟာ ဒီအတွက်တော့ မပူနဲ့ . . . မြေးတော်က ခင်မျိုးမြင့်မြတ်နဲ့ ဒီကိစ္စတွေ ပြောထားပြီးသား"

"သား မင်း ဟုတ်ရဲ့လားကွာ"

"ဟုတ်ပါတယ် ဖေဖေရယ် . . . သား လိမ်မပြောတတ်ဘူးဆိုတာ သိရဲ့သားနဲ့"

"နေဦး ငါကိုယ်တိုင် ခင်မျိုးမြင့်မြတ်ကို မေးကြည့်တော်မူမယ်"

မယုံသင်္ကာအကြည့်နဲ့ ဒေါ်ထိပ်တင်မိုးက ပြောလိုက်သေး၏။

"ဘွားတော်ကြီး ကြိုက်သလိုမေးလို့ရပါတယ်"

ပြုံးစွဲ့စွဲ့နဲ့ နေဗလပြောလိုက်တော့ ဒေါ်ထိပ်တင်မိုးကဒိုင်းကနဲ မျက်စောင်းထိုးပြီး အခန်းထဲကို ဝင်သွားလိုက်တော့သည်။

"အမလေး ခုမှပဲ စိတ်အေးသွားရတော့တယ် တူတော်မောင်ရေ"

တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးနေတတ်သည့် သူ့အဒေါ်ဖြစ်သူ ဒေါ်ထိပ်တင်လေးက သူ့ကိုကြည့်ရင်းပြောလိုက်သည်။

"မယ်မယ်ကတော့ ညီအစ်မနှစ်ယောက်ထဲက ဘယ်သူ

ကိုပဲဖြစ်ဖြစ် ချေးမတော်ရရင် ပြီးတာပါပဲ . . . အရေးကြီး တာက သားရဲ့ဘွားတော်ပြောသလို မျိုးရိုးဗီဇကောင်းဖို့ပဲလေ”

“အဲဒါ ပြောစရာလိုတော့လို့သား မယ်မယ်ရာ . . . သူတို့လည်း ဆွေကြီးမျိုးကြီးတွေဆိုတာ အားလုံးသိပြီးသား မဟုတ်ဘူးလား”

“ဟုတ်ပါတယ်တော် . . . ဟုတ်ပါတယ်”

ဒေါ်မြနှင်းဆီ ပြုံးစစလေးနဲ့ သူ့သား နေဗလကို ပြောလိုက်ရ၏။

“အင်း မြလေးနွယ်ရဲ့မျက်နှာလေးကို ကြည့်ရတာ အရမ်း အေးချမ်းတာပဲ . . . သူ့ကိုမြင်လိုက်တိုင်း အစ်မတော် ရင်ထဲမှာ တစ်မျိုးကြီးကို ခံစားနေရတယ်”

“အဲဒါပေါ့ သံယောဇဉ်ဆိုတာ ဆွေမျိုးသားချင်း ပေါက်ဖော်တွေလိုပါပဲ အစ်မတော်”

“မမြင်နိုင်တဲ့ မေတ္တာတရားတွေက သူ့အပေါ် လွှမ်းမိုး ထားတာ သူလေး ကံကောင်းပါတယ်ကွယ်”

ဒေါ်ထိပ်တင်လေးစကားက နေဗလရင်ထဲ အိုအေစစ် လေးတစ်စက် ကျသွားသလို ခံစားလိုက်ရတော့သည်။

✿ ✿ ✿ ✿ ✿





အခန်း (၂၄)

“ဒီကိစ္စကိုတော့ ဖေဖေ လုံးဝသဘောမတူနိုင်ဘူး သမီး”

ပြတ်သားပြင်းထန်သည့် စကားသံကြောင့် မြလေးနွယ် ခြေလှမ်းတွေ တန့်သွားခဲ့ရသည်။ နောက်ဖေးခန်းမှ သိမ်းဆည်း ပြီးသွားလို့ ဧည့်ခန်းတွင်း၌ ဖုန်သုပ်ရန် ထွက်လာကာမှပင် ဦးခင်မောင်စိုး၏ စကားသံကို ကြားလိုက်ရခြင်းကြောင့် ဆက်၍ သွားတော့ဘဲ နေလိုက်ရခြင်းပင်။

“ဟုတ်တယ် သမီး . . . မေမေလည်း ဒီကိစ္စကိုတော့

အလိုမလိုက်နိုင်ဘူးကွယ်”

မြလေးနွယ် လိုက်ကာလေးကိုဟကာ ညှော်ခန်းတွင်းသို့ ကြည့်လိုက်၏။ ဦးခင်မောင်စိုးက လက်ကို နောက်ပစ်ပြီး ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဆက်တီထိုင်ခုံတွင် ထိုင်နေသည့် ခင်မျိုးမြင့်မြတ်ကိုကြည့်ကာ ပြောနေခြင်းပင်။

မျက်နှာထားက ခက်ထန်တင်းမာလို့နေသည်။ ဒေါ်ခင်ခင်ဦးကလည်း အလိုမကျသည့်ဟန်နှင့် ခင်မျိုးမြင့်မြတ်၏ ရှေ့ထိုင်ခုံတွင်ထိုင်နေ၏။

ဩော် ဒါ သူတို့မိသားစုရဲ့ ကိစ္စတစ်ခုဟု ထင်လိုက်ပြီး နောက်ကြောင်းပြန်လှည့်ကာ သွားတော့မည်အလုပ်တွင် . . .

“ဒီမှာ သမီး . . . မြလေးနွယ်ကို သမီးအရင်း တစ်ယောက်လို ဖေဖေတို့ သဘောထားနိုင်ပေမယ့် ခုဏ ကိုတော့ ဖေဖေတို့ ဘယ်လိုမှ သဘောမတူနိုင်ဘူးကွာ”

မြလေးနွယ် ခြေလှမ်းတွေ ထပ်တွန့်သွားသည်။ သူ့ အမည်ကိုလည်း ကြားလိုက်ရသဖြင့် ရင်ထဲတွင် ထိတ် ဖြစ်သွားရသည်။

“မိဘတွေကို ဝိုင်းပြီးတော့ အလိမ်မခံခိုင်းပါနဲ့ . . . အမှန်တွေကိုပဲ ပြောရမှာပဲ သမီး . . . တကယ်တမ်းစ





တွေးရင် မေမေတို့တတွေ သူ့ရဲ့ဇစ်မြစ်ကို သေသေချာချာ မသိဘူး . . . သမီး မန္တလေးကနေ သူတို့သားအဖကို ခေါ်လာ တော့လည်း ဖေဖေတို့ ဘာမေးဘူးလဲ . . . ဘာမှ မမေး ဘူးနော် . . . အဲဒါ ဘာလဲသိလား . . . သမီးကိုယုံလို့ . . ယုံကြည်လို့ . . ငါ့သမီး မဟုတ်တာမလုပ်ဘူးဆိုတာ ယုံလို့ပဲ”

“အခုလည်း ယုံလက်စနဲ့ ယုံလိုက်ပါ ဖေဖေ”

“အခုက တော်ရုံတန်ရုံကိစ္စ မဟုတ်ဘူး . . . တစ်ဘက် က မဟာမျိုးမဟာနွယ်တွေနော် . . . ဆွေဂုဏ်မျိုးဂုဏ် သိပ်မောက်မာတာ . . . မြလေးနွယ်ဟာ သမီးရဲ့ ညီမဝမ်းကွဲ ဆိုပြီး စေ့စပ်မယ်လို့ စကားကြောင်းတာ . . . တကယ်လို့ မြလေးနွယ်နဲ့ ဘာမှမတော်ဘူးဆိုတာ သိသွားရင် ပြဿနာ နော် . . ပြဿနာပဲ”

မြလေးနွယ် ကြောက်စိတ်တွေ ဝင်လာခဲ့သည်။ လောက်ဆို မြလေးနွယ် သဘောပေါက်လိုက်သည်။

“မြလေးနွယ်ကို မေမေတို့ကလည်း သမီးအရင်း တစ်ယောက်လို ချစ်တယ် . . . ခုဆို သံယောဇဉ်တောင် ကြီးသွားတယ် . . သူ ဒုက္ခဖြစ်မယ့်လမ်းကြောင်းပေါ်ကိုတော့ မေမေတို့ မပို့ချင်ဘူး သမီး”

"ဟာ မမေမကလည်း သမီးပြောနေတာကလည် မြလေးနွယ် ကောင်းဖို့ပါ . . . ဒုက္ခဖြစ်မယ့်လမ်းကြောင်းပေါ် ပို့တာမှမဟုတ်တာ"

"အမှန်တော့ မြလေးနွယ်နေရာမှာ သမီးပဲဖြစ်ရမှာ . . အရင်တုန်းက ကိုမောင်မောင်လတ်နဲ့ ဂေါ်ကစားတုန်းကတော ပြောခဲ့သေးတယ် . . . သမီးနဲ့ နေဗလကို နေရာချထားပေ ကိစ္စကို သူ့မယ်မယ် ဒေါ်ထိပ်တင်မိုးက သဘောတူတယ်ဆို အကြောင်းတွေ ပြောခဲ့ဆိုခဲ့ရသေးတယ်"

"နေဗလက သမီးကိုမှ မကြိုက်တာ"

"အင်း ဒီခေတ်သားသမီးတွေများ အပြောင်းအ တယ်မြန်ကြတာပဲ . . . ကဲ သမီး ဖေဖေတို့ကတော့ အမှန် အမှန်အတိုင်း ပြောမှာပဲ . . . မြလေးနွယ်တို့သားအမ ဒုက္ခရောက်နေလို့ ဒီမှာခေါ်ထားတာ . . . မြလေးနွယ်ကို သမီးအရင်းတစ်ယောက်လို သဘောထားတယ်ဆိုတဲ့အကြေ လည်း ပြောမယ် . . . အဲဒါကို သဘောတူရင်လည်းတူ မတူရင်လည်းနေလေ ဒါပဲ"

မြလေးနွယ် လှစ်ကနဲ ထိုနေရာကနေ နောက်ဖေ ထံသို့ ပြေးထွက်လာခဲ့သည်။





"ဖေဖေ သမီးက မြလေးကိုပြောထားတယ် . . . ယ်သူမေးမေး ဒီလိုပဲဖြေလို့ဆိုပြီး သူ့ကို . . ."

ခင်မျိုးမြင့်မြတ်က မြလေးနွယ်ကို ခေါ်လာစဉ်အခါက ပြောထားသည့် အကြောင်းအရာတို့ကို ပြန်လည်ပြောပြလိုက် တော့သည်။

"ဒါမှလည်း လူတွေက မြလေးနွယ်ကို ယုံကြည်လာကြ ယ်လေ . . . နောက်ပြီး သမီးပြောထားတဲ့အတိုင်း မြလေး နွယ်ကလည်း နေဗလကို ဘုရားဖူးသွားတဲ့အချိန်က ပြောပြ ားပြီးသွားပြီး . . . ဒီတော့ နေဗလတို့ မိသားစုတွေကလည်း မီးတို့ရဲ့ ဆွေမျိုးသားချင်းမှန်းကို သိထားလိုက်ကြပြီ ဖေရယ်"

"မေမေ့သမီးက စကားတွေကျွံသွားပြီပဲ"

ဒေါ်ခင်ခင်ဦးက စိတ်မကောင်းသံဖြင့် ပြောလိုက် တော့သည်။

ဟင်း . . .။

ဦးခင်မောင်စိုး စိတ်အိုက်စွာဖြင့် သက်ပြင်းချလိုက်၏။

"အင်းလေ မီးစင်ကြည့် ကရတော့မှာပဲ"

ခုမှ ခင်မျိုးမြင့်မြတ် ရင်ထဲ အပူလုံးကြီးက ကျသွားရ

တော့သည်။

ဟင်း . . ဟင်း . . ဟင်း

နေဗလ ရှင်နဲ့ မြလေးနွယ် လက်ထပ်ကို လက်ထပ်မှ ဖြစ်မယ်နော် . . ။

ဒါမှ ရှင်ပြောထားတဲ့စကားအတိုင်း 'မင်းလိုမိန်းမမျိုး ယူမယ့်အစား လမ်းဘေးမှာ တစ်ဝမ်းတစ်ခါးအတွက် တောင်းစားနေတဲ့ မိန်းမကိုပဲယူမယ်' ဆိုတဲ့အတိုင်း ကျွန်မ ဖြစ်အောင် လုပ်ပေးရမှာပေါ့ . . ။

သူမရဲ့ အတွေးတွေက နာကျည်းခြင်းတွေ၊ မခံချင်မှုတွေ၊ မုန်းတီးခြင်းတွေနဲ့ ရောစွက်နေတဲ့ အတွေးတွေပါ။

အေးအေးလေးနဲ့ ယဉ်ယဉ်လေးနဲ့ လက်တုံ့ပြန် ကလဲ့စားချေတတ်တဲ့ မုဆိုးတစ်ပိုင်း မိန်းမရိုင်းလို့ပဲဆိုဆို ခုချိန်မှာတော့ ခင်မျိုးမြင့်မြတ်တစ်ယောက် အပိုင်အနိုင် ဖြစ်အောင် လုပ်ရတော့မည် . . ။

ရှင် ခံစားရတော့မယ့် အလှည့်ရောက်လာပြီနော် ကိုနေဗလ . . ။ ရှင့်ကိုလေ ကျွန်မချစ်တယ် . . ။ ဒါပေမဲ့ အဲဒီအချစ်တွေ မြေမြှုပ်သင်္ဂြိုဟ်လိုက်ပြီ ရှင် . . ။

❀ ❀ ❀ ❀ ❀





## အခန်း (၂၅)

မနေ့ကကြားခဲ့ရသည့် စကားတွေကြောင့် မြလေးနွယ် စိတ်မကောင်းဖြစ်ခဲ့ရသည်။ ဒီကနေ့ထိကို စိတ်မသက်မသာ ဖြစ်နေ၏။ မိမိကြောင့် တစ်မိသားစုလုံး စိတ်မချမ်းမသာ ဖြစ်လို့နေကြမည်ကို မလိုလားတာအမှန်။

တကယ်တော့ မိမိသည် 'ဂြိုဟ်မ' သက်သက်ပင်။ ကိုယ့်ရဲ့ ကျေးဇူးရှင် မမ ခင်မျိုးမြင့်မြတ်ရဲ့ ချစ်သူကိုလည်း လုယူသလိုဖြစ်နေ၏။

နေဗလကမှ သမီးကိုမကြိုက်တာ . . ဆိုသည့် မမခင်မျိုးမြင့်မြတ် စကားကို ကြားလိုက်တော့ စိတ်ထဲမှာ အံ့ဩတုန်လှုပ်သွားရသည်။

ဩော် မမသည် တိတ်တခိုး ချစ်နေသူတစ်ယောက်ပါလားဆိုတာ သိလိုက်ရတော့ ရင်ထဲမှာ ဝေဒနာတွေ မြောက်များစွာ ဖြစ်ပေါ်လာခဲ့ရပြန်သည်။

တကယ်တော့ မမခင်မျိုးမြင့်မြတ်သည် သနားစရာအချစ်ငတ်သူတစ်ယောက်။ ကျွန်မ မြလေးနွယ်သည် ကျေးဇူးရှင်တွေကို ကျေးစွပ်တော့မည့် ပါမွှားတစ်ကောင်။

မဖြစ်သင့်။ မိမိသည် နေဗလကို အသက်လောက်ချစ်နေပါစေဦးတော့ လုံးဝ လက်မထပ်သင့်။ ဘဝတစ်လျှောက်လုံး လက်တွဲဖော်မဖြစ်သင့်။

မိသားစုနှစ်ဘက်စလုံး၏ ဂုဏ်သိက္ခာကို မညှိုးနွမ်းစေရန်အတွက် စောင့်ထိန်းရမည်။ သို့အတွက် အသက်သေချင်သေပါစေလေ။ မိမိ၏အချစ်ကို စတေးခံရဲရမည်သာ။

မနေ့ကကြားခဲ့ရသည့် စကားတို့ကို ကိုယ်နေသည့်အဆောင်သို့ရောက်တော့ ဖေဖေ့ကို အကြောင်းစုံ ပြောပြလိုက်သည်။





ဒီတော့ ဖေဖေက ပြောလိုက်တယ်လေ။ ကိုယ်ဖြစ်ချင်တာထက် ဖြစ်သင့်ဖြစ်ထိုက်တာကို ဖြစ်အောင်လုပ်တာဟာ လူ့အပီသဆုံးပဲဟု ဆုံးမစကားဆိုခဲ့တော့သည်။

ဒါကြောင့် မိမိ ဘယ်လိုဒုက္ခတွေရရ . . ဘယ်လိုသောကတွေ ကြုံကြုံ . . ဘယ်လိုစကားတွေနဲ့ ပြောပြော . . ခင်မျိုးမြင့်မြတ်တို့ မိသားစုတစ်ခုလုံးရဲ့ ဂုဏ်သိက္ခာ မကျဆင်းရေးကိုတော့ မိမိ အတ္တမဆန်တော့ . . ။

ကိုနေဗလရေ . . မြလေးနွယ်ကတော့ ရှင့်ကို မေ့လို့ထားရတော့မယ်နော် . . ။ မြလေးနွယ်တို့ရဲ့ ဘဝမှန်ကို ရင်ဖွင့်လို့ပြောရတော့မယ်နော် . . ။ ရှင် ကောင်းကောင်း နားထောင်နိုင်ပါ့မလား မသိဘူး . . ။

ပြောပြီးလို့များ ရှင် ဒေါသတွေ အတုံးလိုက်အတစ်လိုက်ထွက်ပြီး ကျွန်မကို သတ်ချင်နေမှာလား . . ။ ကျွန်မကတော့ ရှင်ပေးတဲ့အပြစ်ဒဏ်တွေကို လည်စင်းခံပေးဖို့ အဆင့်သင့်ပါရှင် . . ။

"အကောင်းဆုံးကတော့ မောင်နေဗလတို့အိမ် သွားပြီးဖေဖေတို့ရဲ့ ဘဝဇာတ်ကြောင်းကို ရှင်းပြတာ အကောင်းဆုံးပဲ၊ နောက်ပြီး တို့သားအဖ မန္တလေးကို ပြန်ကြတာပေါ့ သမီး"

ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရသည်။ ဒီကိစ္စတွေအားလုံး ရှင်းပြပြီးမှတော့ ဒီရန်ကုန်မှာနေလို့ကော ဘာထူးမှာမို့လဲ။ ကိုယ့်ဘဝကို အနုပညာရှင်တစ်ယောက်ဖြစ်အောင် မျိုးစေ့ပျိုးထောင်ပေးမယ့် မမခင်မျိုးမြင့်မြတ်ကိုတော့ အားနာရတော့မယ်။

မတတ်နိုင်ပြီ။ အချိန်ဆွဲနေလို့တော့ မဖြစ်တော့။ မကြာခင် စေ့စပ်ဖို့ကိစ္စတွေ လာပြောနေရင် ဒုက္ခ။

ဒီနေ့လား . .

မနက်ဖြန်လား . .

သန်ဘက်ခါလား . .

အဲဒီရက် တစ်ရက်ရက်မှာတော့ ရတနာရိပ်ငြိမ်ကို သွားရတော့မည်။ ဘွားတော်ကြီး ဒေါ်ထိပ်တင်မိုး၏ ပြစ်ဒဏ်ကို ခံယူရန် သွားရတော့မည်။ ကိုနေဗလရဲ့ ရွံရှာမုန်းတီးမှုဒဏ်ကို ရဲရဲရင်ဆိုင်ဖို့ သွားရတော့မည်။ ကျန်သောလူများ၏ အံ့အားသင့်အမုန်းတို့ ခံယူဖို့ကို သွားရချေတော့မည်မှာ မလွဲတော့။

❀ ❀ ❀ ❀ ❀





ဒေါ်ထိပ်တင်မိုး၏ 'ဘာ'ဆိုသည့် စကားတစ်လုံးသည် ဗုံးတစ်လုံး ပေါက်ကွဲသံထက်ကို ပြင်းထန်လွန်းလှသည်။

အကြည့်စူးစူးတို့ကလည်း မီးတောက်တစ်ခုပမာ ပူးပြင်းတောက်လောင်နေသည်ဟု ထင်သည်။ တဒင်္ဂအတွင်းမှာပင် အခန်းထဲရှိ လူတွေအားလုံး ငြိမ်သက်ကာ ကြက်သေသေနေကြပြီ။

သူတို့၏ စိတ်သဏ္ဌာန်တွင်းမှာတော့ အံ့ဩခြင်းတွေ၊ ခင်သက်တွေဝေ လှိုက်မောခြင်းတွေ၊ ယူကျုံးမရခြင်းနှင့် နာကျည်းခြင်းတွေ။

အိုလေ . . စိတ်ခံစားမှုအဖုံဖုံနှင့် စက်ဆုပ်ရွံရှာမှုတွေ ပြည့်နှက်နေတော့မည်ဆိုတာ မြလေးနွယ် စိတ်ထဲ အလိုလို သိနေလိုက်ပါသည်။

မြလေးနွယ်ကတော့ အရာအားလုံးကို စိတ်ခဝါချထား လိုက်ပါပြီ။ ဘယ်သူတွေ ဘယ်လိုပြောပြော နားထောင်ရန် အသင့်။ ဦးခေါင်းကိုလည်း ရိုကျိုးစွာ ငုံ့ထားလိုက်ပါပြီ။

ပြောကြပါ . . ။ ပြောကြပါ . . ။ ခုလို ရေငုံနှုတ်ပိတ် ပြီးတော့ မနေကြပါနဲ့လို့ စိတ်ထဲက ပြောနေမိသည်။

"မိန်းကလေး"

ဟော ထွက်လာပြီ . . ။ အသံထွက်လာပြီ . . ။ ဒေါ်ထိပ်တင်မိုးရဲ့ အသံ . . ။

မိန်းကလေးတဲ့ . . ။ ကွာခြားသွားပြီ . . ။ အရင် ကတော့ မြေးတော်မလေးဟု ခေါ်ဝေါ်ခဲ့၏။

"မယ်မင်း ပြောတာတွေကို ငါ့အနေနဲ့ စိတ်ဒွိဟ ဖြစ်နေတယ် . . . မယ်မင်းကို ထပ်မေးမယ် . . . ငါ့မြေးတော် နေဗလကို မနှစ်သက်လို့ ဒီလိုမျိုး လုပ်ကြံဇာတ်ခင်းပြီး ပြောနေ သလားကွယ့်"

ဖျတ်ခနဲပဲ မြလေးနွယ် နေဗလကို လှမ်းကြည့် လိုက်သည်။ မေ့ကြောကြီးတွေထောင်ပြီး မျက်လုံးစိမ်းစိမ်း ကြီးတွေ စူးနင့်စွာကြည့်နေသည့် နေဗလကို တွေ့လိုက်ရသည်။

ဩော် . . ချစ်တဲ့သူ့ရဲ့ အပြုံးနေရာမှာ အမုန်းက နေရာဝင်ယူပြီပေါ့လေ . . ။

ဒေါ်ထိပ်တင်မိုး၏ အမေးစကားကို မြလေးနွယ် ဘယ်လိုဖြေရပါ့ . . ။

"ငါမေးနေတယ်လေ"

ခက်ထန်ပြင်းရှသော အာဏာသံ . . ။

"မနှစ်သက်လို့လည်း မဟုတ်ပါဘူး . . . နှစ်သက် လို့လည်း မဟုတ်ပါဘူး . . ကျွန်မတို့ရဲ့ သားအဖနှစ်ယောက်ရဲ့ ဘဝအမှန်ကို သိစေချင်လို့ လာပြောတာပါရှင်"

"သမီးပြောတာတွေ တကယ်ပဲလားကွယ်"

ဒေါ်ထိပ်တင်လေးက မြလေးနွယ်ကို ကရုဏာသက်စွာ ဖြင့် မေးလိုက်သည်။ မြလေးနွယ်ကလည်း စိတ်မကောင်းစွာ ပြန်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်ပါတယ်။

ဩော် ခုချိန်ထိ သူမကို မရွံမမုန်းပဲနဲ့ ဒီအဒေါ်ကြီးက သမီးလေးဟု ခေါ်ဝေါ်တုန်းပါပဲလား . . ။

မြလေးနွယ် စိတ်မကောင်းဖြစ်လိုက်တာ . . ။

"အင်း မင်းရုပ်ရည်လေးနဲ့ လမ်းဘေးမှာ သီချင်းဆိုပြီး သဒ္ဓါကြေးနဲ့ စားသောက်နေရတယ်ဆိုတာ မင်းကိုယ်တိုင် ပြောမှပဲ ယုံရတော့တယ် . . . သူများတကာပြောရင် ဘယ်လို နည်းနဲ့မှ ယုံနိုင်စရာမရှိဘူး"

နေဗလ၏အမေ ဒေါ်မြနှင်းဆီ၏ စကားတို့ကလည်း လေညှင်းလေးတစ်ခု တိုက်သလို ပျော့ပျောင်းနူးညံ့လှပါပေသည်။

"ညည်းတို့တွေ တော်ကြစမ်း . . . ဒီမှာ မိန်းကလေး မင်းရဲ့ဘဝအမှန်ကို ခင်ခင်ဦးနဲ့ ခင်မောင်စိုးတို့က မသိဘူးလား"

"ဦးဦးနဲ့ ဒေါ်ဒေါ်တို့ မသိပါဘူး"

"ဒါဆို မင်းတို့သားအဖကို ဘယ်သူခေါ်လာတာလဲ"

"မမ ခင်မျိုးမြင့်မြတ်ပါ . . မမက သမီးတို့သားအဖကို ကြည့်ပြီး စာနာသနားလို့ . . . နောက်ပြီး သမီးတို့ဘဝကိုလည်း မြှင့်တင်ပေးချင်လို့ဆိုပြီး ခေါ်လာတာပါ"

နေဗလ ပြုံးကနဲ ကုလားထိုင်မှထလိုက်သည်။ မြလေးနွယ်ကိုလည်း မီးဝင်းဝင်းတောက်နေသည့် မျက်လုံးနှင့် တစ်ချက်ကြည့်လိုက်ပြီး ထွက်သွားတော့၏။

"သား နေဗလ"

"တူတော်မောင်"

ဒေါ်မြနှင်းဆီနှင့် ဒေါ်ထိပ်တင်မိုးတို့က လှမ်း၍ တားသော်လည်း မရတော့။ ကားမောင်းကာ ထွက်၍သွားတော့သည်။

"ငါ့မြေးတော်လေး ရှက်သွားမှာပေါ့ . . . တော်သေးတယ် . . . စေ့စပ်ပွဲလေး မလုပ်ရသေးလို့ပေါ့ . . . ဒီ ခင်မျိုး မြင့်မြတ်ဆိုတဲ့ မိန်းကလေးကလည်း ကိုယ့်ရဲ့ ဂုဏ်သိက္ခာ မျိုးရိုးဇာတိကိုမှ မထောက် လမ်းဘေးက လူတွေကို အိမ်တော်ပေါ်ရောက်အောင်ထိ ခေါ်လာတာဟာ ဆိုးဝါးလွန်း လှတယ်"

မြလေးနွယ် ဝမ်းနည်းပက်လက်ဖြစ်လို့သွားသည်။ မျက်ဝန်းမှ မျက်ရည်ဥတွေက တွဲခိုဝေ့သီစွာဖြင့် ကျလာခဲ့၏။

ပြောပါစေလေ . .။ မြလေးနွယ် ပြောဆိုခံဖို့ လာခဲ့တာပဲ မဟုတ်လား။

"ဒါပေမယ့် မယ်မယ်ရယ် . . . လူလူချင်း စာနာသနား ကြင်နာတတ်တဲ့ စိတ်ဓာတ်လေးကိုတော့ ချီးကျူးရမှာပေါ့ . . . နောက်ပြီး ဒီမိန်းကလေးကလည်း ပွင့်လင်းစွာနဲ့ ရှင်းလင်း ပြောတာကိုလည်း ချီးကျူးရမှာပဲ မယ်မယ်ရယ်"




ရှင်နှောင်း စာပေ

အေးဆေးတည်ငြိမ်စွာ ပြောလာသည့် ဒေါ်ထိပ်တင်လေးကို စူးရှပြင်းထန်လွန်းသည့် အကြည့်တွေနဲ့ ဒေါ်ထိပ်တင်မိုး ကြည့်လိုက်သည်။

"ညည်းစကား ဒီမှာတင်ရပ် . . . အဲဒီလို ပျော့ညံ့လွန်းတဲ့ စိတ်ဓာတ်တွေရှိခဲ့လို့ တစ်ချိန်တုန်းက ညည်းဘာဘာဖြစ်ခဲ့သလဲ ပြန်စဉ်းစားကြည့်စမ်းပါ ထိပ်တင်လေးရဲ့"

ဒေါ်ထိပ်တင်လေး၏မျက်နှာ ညှိုးကျလို့သွားရတော့သည်။ မျက်ဝန်းမှ မျက်ရည်တွေကလည်း ကျလုလုနှင့်ဖြစ်လာ၏။

"မယ်မယ်ရယ် အစ်မတော်ကို အပြစ်တော်မတင်ပါနဲ့ ဖြစ်ပြီးသား ကိစ္စတွေကို ပြန်မတူးဖော်ပါနဲ့တော့လား မယ်မယ်ရာ"

ဒေါ်မြနှင်းဆီက ပြေရာပြေကြောင်းကို ပြောလိုက်သော်လည်း ဒေါ်ထိပ်တင်မိုး၏ မျက်နှာထားက တင်းမာလို့နေဆဲ၊ ခက်ထန်လို့နေဆဲပါ။

"ဒီမှာ မိန်းကလေး မင်းအဖေနဲ့လည်း ငါတွေ့ချင်တယ် မင်းတို့ကိုခေါ်လာတဲ့ ခင်မျိုးမြင့်မြတ်ကိုလည်း တွေ့ချင်တယ် အိုကွာ မင်းတို့အိမ်တော်က လူတွေအကုန် တွေ့ချင်တယ် . .





အဲဒါ မင်းပြန်သွားပြီး ပြောလိုက်"

စကားကကုန်ပြီ . . ။

မြလေးနွယ် ထိုင်နေရာမှ ထလိုက်၏။ ပြီးတော့ ဒေါ်ထိပ်တင်လေးထံ မျက်ဝန်းအကြည့်က ရောက်သွားသည်။

အိုလေ . . ကရုဏာတရားနဲ့ ကြင်နာငွေ့တွေ ရောပြွမ်းနေသည့် အကြည့်တွေ . . ။

မေတ္တာတရားတွေ ဖုံးလွှမ်းနေသည့် မျက်ဝန်းတွေ . . ။

သည်အကြည့် သည်မျက်ဝန်းတွေကို သူမ တစ်သက် မမေ့တော့ပါ။

❀ ❀ ❀ ❀ ❀



## အခန်း (၂၆)

သူမကို ကြည့်လိုက်တယ်ဆိုရင်ပဲ သူမမျက်နှာသည်
ပကာတိ တည်ငြိမ်အေးစက်နေ၏။

ဘာမှ မသိသလို၊ ဘာမှ မလုပ်သလိုမျိုး။ သူမ
ကြည့်ရင်း နေဗလ တော်တော့်ကို ဒေါကန်နေသည်။

ဒီကနေ့ နေဗလတစ်ယောက် ပက်ပက်စက်စက်
အရှက်ကွဲစေတော့၏။ အိမ်တော်သို့ မြလေးနွယ်တစ်ယော
တည်း ရောက်လာခဲ့တာကို တွေ့လိုက်ရတော့ ရင်ထဲမှာ ထူးခြား





တစ်ခု ရှိလိမ့်မည်ဟု ထင်လိုက်သည်။ နေဗလတွင်မက
အိမ်တော်က လူတွေအကုန် ထူးခြားနေသဖြင့် အကြောင်းစုံကို
မြန်းကြည့်ရာမှ သူမရဲ့ ဘဝဇစ်မြစ်ကို သိလိုက်ရတော့သည်။

ဒီအကြောင်းအရာရဲ့ တစ် တရားခံသည် ခင်မျိုး
မြင့်မြတ်မှန်း သိလိုက်ရတဲ့ခဏ နေဗလရဲ့ ဒေါသတွေက
သွားကြောတစ်လျှောက် စီးဆင်းလို့သွားတော့သည်။

မခံချင်မှုတွေ၊ နာကျည်းမှုတွေ၊ မုန်းတီးရွံရှာမှုတွေက
ရင်ထဲမှာ အစိုင်အခဲတစ်ခုပမာ ကြီးမားလာခဲ့သည်။ ရှက်ခြင်း
နှင့်အတူ ဒေါသဖြစ်မှုတွေကလည်း ရင်နှင့်မမျှလောက်
အောင် ခံစားလိုက်ရသည်။ ချက်ချင်းပင် ခင်မျိုးမြင့်မြတ် ရှိရာသို့
အားမောင်းထွက်လာခဲ့ရသည်။

အဆင်သင့်စွာနှင့် ခင်မျိုးမြင့်မြတ်ကို သူမအိမ်တွင်
တွေ့လိုက်ရ၍ သူမကို အပြင်သို့ ခေါ်လာခဲ့ပြီး ခုလို လူသူ
ရှင်းသည့် နေရာသို့ ထွက်လာခဲ့ကြသည်။

ဒီရောက်တော့ နေဗလ ဒေါသတွေ ပေါက်ကွဲထွက်
၏။ လက်ညှိုးငေါက်ငေါက်ထိုးရင်း ခက်ထန်တင်းမာစွာ
၏။ မေး၏။ ခင်မျိုးမြင့်မြတ်က အေးဆေးတည်ငြိမ်စွာပင်
ထောင်၏။

"ခုတော့ ဘာလို့ စကားတွေ မပြောတော့တာလဲ .. ပြောစမ်းပါဦး .. ဘာလဲ မင်းလုပ်ရပ်တွေ မှားမှန်းသိလို့ ကိုယ့်မျက်နှာကို မကြည့်ရဲတော့တာလား . . . ကြည့်စမ်းပါဦး ရဲရဲလှည့်ကြည့်လိုက်စမ်းပါ"

ခင်မျိုးမြင့်မြတ်က တဖြည်းဖြည်းချင်း လှည့်၍ လာသည်။

"ရှင် ဘာလို့ ဒီလောက် ဒေါသထွက်နေရတာလဲ ကိုနေဗလ"

"ဘာ ပေ့ ဒေါသထွက်နေတာမဟုတ်ဘူး .. မုန်တိုင်းတိုက်နေတာကွ သိလား"

"အဟင်း ဟင်း . ."

ခင်မျိုးမြင့်မြတ် ခနဲ့တဲ့တဲ့ ရယ်လိုက်ပါတယ်။

"မင်းမရယ်နဲ့ မရယ်နဲ့ . . . ပြောစမ်း မြလေးနွယ်က ဘာလဲ"

ဒေါသတွေနဲ့ ဇွတ်အတင်း အော်မေးနေသည့် နေဗလကို အေးစက်မာကျောသည့် ကြည့်ခြင်းနဲ့အတူ ခင်မျိုးမြင့်မြတ်က

"မြလေးနွယ်က လူလေ ကိုနေဗလရဲ့"

"မင်း ငါ့ကို ခနဲ့မနေနဲ့ . . . မန္တလေးမှာ သူ ဘာလုပ်





ခဲ့တယ်ဆိုတာ ပြော"

"သူလား . . . အဆိုတော်လေ"

"ဘာလဲ လမ်းဘေးက အဆိုတော်လား . . . သီချင်းဆိုပြီး တောင်းစားတဲ့ အဆိုတော်လား"

"သိနေရင်လည်း ဘာလို့မေးနေလဲ"

"မင်းနှုတ်ကပြောတာ ကြားချင်လို့ကွ သိလား"

"ခုသိပြီပေါ့ . . . ကဲ ဘာလုပ်မလဲ"

အေးစက်မာကျောသည့် သူမလေသံက သတ်ပစ်ချင်စရာ ကောင်းနေသည်။

"အဲဒါ ဘာသဘောလဲဆိုတာ ငါသိချင်တယ် ခင်မျိုးမြင့်မြတ်"

"ဟယ်တော့ ရှင်မေ့သွားပြီလား . . . ရှင်ပဲ ကျွန်မကို ပြောခဲ့တယ်လေ . . . မင်းလိုမိန်းမမျိုးကို ယူမယ့်အစား လမ်းဘေးမှာ တစ်ဝမ်းတစ်ခါးအတွက် တောင်းစားနေတဲ့ မိန်းမကိုပဲ ယူမယ်ဆို . . . အဲဒါ ကျွန်မရှာပေးတာ . . . ရှင်ပင်ပန်းမှာစိုးလို့"

နေဗလ မျက်လုံးအိမ်ထဲမှာ မီးဝင်းဝင်းတောက်သွားသည်။ ကျောင်းတက်စဉ်ကာလက စာသင်ဆောင်ရဲ့ ကော်ရစ်

တာမှာ ခင်မျိုးမြင့်မြတ်ကို ပြစ်ပြစ်နှစ်နှစ်ကို ပြောခဲ့တာ မှတ်
လိုက်သည်။ အဲဒီချိန် ကျောင်းသူကျောင်းသားတွေလည်း ဝိုင်း
ကြည့်လို့နေ၏။ ခင်မျိုးမြင့်မြတ်ရဲ့ မျက်နှာလေးက ရှက်လွန်း
နီရဲပြီး မျက်ရည်များ ရက်သိုင်းဖွဲ့လို့နေတာ တွေ့လိုက်ရသည်

အဲဒီတုန်းက သူ အားရလိုက်တာ ပြုံးလို့ ပျော်
ခုတော့ သူ့ကို ဒီစကားတစ်ခွန်းကြောင့် အချိန်ယူပြီး ဒီစကား
အတိုင်းကို ပြန်ပြီး ကလဲ့စားချေနိုင်တာ တော်တော် အံ့သြလွ
သွားသည်။

အိမ်တော်မှာထဲက မြလေးနွယ်ပြောလိုက်တဲ့စကား
ကြားလိုက်တာနဲ့ ခင်မျိုးမြင့်မြတ်ရဲ့ လက်ချက်ဆိုတာ ကျိမ်း
တွက်ပြီးသား။

ဒါကြောင့် သူ ခင်မျိုးမြင့်မြတ်ဆီ ရန်တွေ့ဘို့လာ
ရသည်။ ဘဝတစ်ခုမှာ ခင်မျိုးမြင့်မြတ်ရဲ့ အလှဲထိုး အနိုင်
လိုက်ခြင်းကို ခံလိုက်ရပါတသည်။ အချစ်တစ်ခုကို အပြ
ခံလိုက်ရတယ်။

"တောက်"

နာကျည်းပြင်းထန်စွာနဲ့ ခင်မျိုးမြင့်မြတ်ကိုကြည့်
အံကြိတ်လို့ တောက်ခေါက်လိုက်ပါတယ်။





"တော်တယ် . . မင်းသိပ်တော်တယ် ခင်မျိုးမြင့်မြတ်၊ မင်းနဲ့ငါနဲ့ ပြိုင်ခဲ့တဲ့ ဒီပွဲမှာ မင်းနိုင်သွားခဲ့ပါပြီ . . . မင်း ကျေနပ်ပါတယ်နော်"

ခင်မျိုးမြင့်မြတ် ဘာမှ ပြန်မပြောနိုင်တော့။ ရီဝေမှုန်မှိုင်းစွာနဲ့ နေဗလကို ငေးကြည့်နေလိုက်သည်။ နေဗလကတော့ စိတ်ဆိုးဆိုးနဲ့ ကားမောင်းထွက်သွားတော့သည်။ ခင်မျိုးမြင့်မြတ်ကို ခေါ်ဖို့မေ့သွားတာလား၊ ဒါမှမဟုတ် တမင်မခေါ်ဘဲ ထားခဲ့တာလားဆိုတာ သူပဲ သိပါလိမ့်မည်။

ကျွန်မနိုင်လို့ ကျေနပ်သွားတယ်လို့ ရှင်ဆင်သလား ကိုနေဗလရယ် . .။ တကယ်တော့ ကျွန်မ လုံးဝကို ရှုံးနိမ့်သူတစ်ယောက် ဖြစ်သွားပြီဆိုတာ ရှင်မသိဘူး မဟုတ်လား . .။ ရှင့်ရဲ့အချစ်တွေအစား အမုန်းတွေပဲ အဆပေါင်းများစွာ ကျွန်မ ရင်ထဲ ထည့်ပေးလိုက်တာလေ . .။ ကျွန်မ လွမ်းရတော့မှာပေါ့။

ကျွန်မ ရှင့်ကိုချစ်တဲ့ အချစ်တွေရဲ့ ဆတိုးများစွာနဲ့ ရှင်က မုန်းနေတော့ ကျွန်မ ဘဝသေတဲ့အထိ လွမ်းနေရဦးမယ်ဆိုတာ ရှင်မှမသိတာ . .။ ဒါဟာ ကျွန်မရဲ့ အရှုံးပေါ့ ကိုနေဗလ။

❀ ❀ ❀ ❀ ❀



## အခန်း (၂၇)

“သမီး ဘာတွေဖြစ်နေတာလဲဆိုတာ ဖေဖေ့ကိုပြောမှ သိရမှာပေါ့ကွယ် . . . ဒီလို မျက်ရည်ကျနေလို့ ဘယ်ဖြစ်မလဲ”

တရှုံ့ရှုံ့နှင့်ငိုနေသော မြလေးနွယ်၏အဖြစ်ကြောင့် ဦးစိမ်းမောင် တစ်ယောက် ရင်ထဲမှာ ပူလောင်လွန်းလို့ စိတ်မကောင်းဖြစ်မိတော့၏။

ငယ်စဉ် ကလေးဘဝကတည်းက သမီးမျက်နှာ တစ်ချက်လေးမှ အညှိုးမခံ။ သမီးစားချင်တာ၊ သမီးလိုချင်တာ





မှန်သမျှကို ဝယ်ပေး ရှာပေးခဲ့ပါ၏။

ဒီသမီးသည်သာလျှင် သူ့အတွက် အဖော်မွန်အစစ်၊ တစ်နေ့တစ်နေ့ ဒီသမီးမျက်နှာလေးကို မြင်တွေ့နေရလျှင်ပင် ဘဝတစ်ခုလုံး ပြီးပြည့်စုံနေသည်ဟု မှတ်ယူထားသူလည်း ဖြစ်သည်။

မည်သူမျှ သူ့ကို အဖက်မလုပ်၊ လူရာမသွင်း၊ ဥပေက္ခာပြုခြင်း ခံရသော်လည်း သူ ဂရုမစိုက်။ သူ့သမီးလေးလောက် ကိုလည်း မည်သူ့ကိုမျှ သူကလည်း ဂရုမစိုက်ပါ။

တစ်ဦးတည်း နေရသည့် သူ့ကမ္ဘာလေးထဲသို့ ရောက်လာသည့် ဒီသမီးလေးကို သူ တန်ဖိုးထား ချစ်မြတ်နိုးခဲ့သည်။ သမီးသည် သူ့အသက် သူ့ဘဝပင်။

ငယ်ရွယ်စဉ် နို့ချိုတိုက်ကျွေးသည့်ဘဝမှ သိနားလည်သည့်အထိ သူ၏ဘုံဗိမာန်သည် မန္တလေး - စစ်ကိုင်းသွားရာလမ်း၏ တစ်ဘက်၌ရှိသော တောင်မြို့ခေါ်သည့် အမရပူရနှင့် မနီးမဝေး ရွာလေးတစ်ရွာ၏ သချိုင်းဇရပ်တစ်ခုပင် ဖြစ်ပါတော့သည်။

သူ၏အလုပ်က သချိုင်းစောင့်။ သမီးလေး ကျောင်းတက်စ အရွယ်သို့ရောက်တော့ သမီးလေးကို ထိုရွာကျောင်း၌

စာသင်စေသည်။

ဆိုသော် သမီးကို စက္ကူလသမီးဆိုပြီး ကဲ့ရဲ့ရှုတ်ချကြ ရန်စကြနဲ့ ကြာတော့ သမီးလေးဘက်က မခံနိုင်မရပ်နိုင်ဖြစ်လို့ ပြဿနာတွေတက်ခဲ့ရသည်။

နောက်ဆုံး ထိုသချိုင်းစောင့်အလုပ်ကို စွန့်ပြီး မန္တလေး ဘက်သို့ တက်လာခဲ့သည်။ ပညာကလည်းမတတ်၊ အလုပ် ကလည်း မယ်မယ်ရရ မလုပ်တတ် မကိုင်တတ်နှင့် အသက် ကလည်း အိုလာ၊ နောက်ဆုံးတွင် တစ်ချိန်က သင်ယူ တတ်မြောက်ထားသည့် ဂီတပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုရ၏။ သမီးကို အဆိုပညာသင်ပေးကာ သားအဖနှစ်ယောက် မန္တလေးမြို့ပေါ်တွင် လှည့်လည်ကာ တစ်ဝမ်းတစ်ခါးအတွက် ရှာဖွေစားသောက်လာခဲ့ကြရာ မန္တလေးတောင်ပေါ်တက်သည့် လမ်းဟောင်း စောင်းတန်းမှာ ကယ်တင်ရှင်မလေး ခင်မြို့ မြင့်မြတ်နှင့် တွေ့ဆုံပြီး ရန်ကုန်သို့ ရောက်လာခဲ့ရသည်။

သူ့အနေနှင့်လည်း အရွယ်ရောက်လာပြီးဖြစ်သော သမီးလေး ဘဝရှေ့ရေးကို မျှော်ကိုးပြီး လိုက်ခဲ့ခြင်းပင်။

ခုတော့ သမီးတွင် ဘာပြဿနာတွေ ဖြစ်ခဲ့ပြီလဲ။ သူ၏ စိုးရိမ်ပူပန်မှုက ငယ်ထိပ်သို့ ရောက်နေတော့၏။





"ပြောပါ သမီးရယ် . . . သမီးပြောမှ ဖေဖေ သိရ မှာပေါ့ . . ဖေဖေတို့သားအဖတွေရဲ့ ဘဝက နင်းပြားဘဝတွေ ဆိုတော့ လူတွေရဲ့ စော်ကားမော်ကား ခံရတာကိုတော့ ဖေဖေ နားလည်ထားပါတယ် . . . သမီး ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ် သမီးကို ဖေဖေ မဆူဘူး၊ မရိုက်ဘူးကွယ် . . . တို့သားအဖ နှစ်ယောက်ကြားမှာ ဘာမှ ကွယ်ဝှက်စရာ မရှိဘူးနော်"

မျက်ရည်လည်လည်နဲ့ မြလေးနွယ် သူ့မဖေဖေ ဦးစိမ်းမောင်ကို ကြည့်လိုက်သည်။

" ဖေ ဖေ "

ကြေကွဲဆို့နစ်စွာနှင့် ခေါ်လိုက်သည်။

"သမီးရယ်"

"သမီးလေး ကိုယ့်ဘဝကိုယ် သတိမထားမိလိုက်ဘူး . . ဆန္ဒကို ဦးစားပေးမိတယ် . . . ကျေးဇူးရှင်တွေရဲ့ အရှက် သိက္ခာကို ဖျက်ဆီးမိတော့မလို့ နည်းနည်းပဲ လိုတော့တယ် . . ဒါပေမယ့် ဖေဖေရယ် သမီး အရမ်းကို ခံစားသွားရတယ်"

ဦးစိမ်းမောင် ရင်ထဲမှာ မကောင်းတော့။ နားလည် လိုက်တဲ့ သမီးဟု . . ။

"နောက်နောင် ဘဝတွေကျရင် သမီးလေ ဒီလို

ဘဝမျိုးနဲ့ မကြုံတွေ့ပါရစေနဲ့လို့ . . . ဝဋ်ကြွေးရှိခဲ့ရင်လည်း ဒီမျှနဲ့ ကျေပါစေလို့ ဆုတောင်းတယ် ဖေဖေ”

ဦးစိမ်းမောင် ခေါင်းတဆတ်ဆတ်ညိတ်သည်။ သမီး အတွက် မျက်ရည်ကျလာခဲ့ပြီ။

“ပြောပါ သမီး . . . ဒီနေ့ သမီးဘာတွေ ဖြစ်ခဲ့လဲ ဆိုတာ ပြောပါကွယ်”

မြလေးနွယ်က ရတနာရိပ်ငြိမ်သို့ တစ်ယောက်တည်း သွားကာ ဘဝအမှန်ကို ပြောပြလိုက်သည်ဆိုတဲ့အကြောင်း၊ မမ ခင်မျိုးမြင့်မြတ်တို့ မိသားစုတို့လည်း လမ်းဘေးကလူတွေကို ခေါ်တင်ထားခြင်းကိုလည်း ရှုတ်ချကြောင်းတို့ကို ပြောပြ လိုက်သည်။

“အင်း ဖေဖေတို့သားအဖ နှစ်ယောက်ကြောင့် ကျေးဇူးရှင် မိသားစုတွေ အပြောအဆို ခံရတော့မှာပဲ . . . နောက်ပြီး ငါ့သမီးကိုလည်း နှိပ်ကွပ်တော့မယ် . . . မဖြစ်ဘူး ငါ့သမီးက ငါ့လိုဘဝကလာတာ မဟုတ်ဘူးဆိုတာ သွားပြောရင် ကောင်းမလား . . . တကယ်လို့ ပြောရင် ယုံကောယုံမှာလား”

ဦးစိမ်းမောင် စိတ်ထဲ ဇဝေဇဝါဖြစ်နေသည်။

“နောက်ပြီး ဖေဖေ့ကိုရော ဒီအိမ်ကလူတွေကိုရော





တွေ့ချင်တယ်တဲ့”

“ဟုတ်လား သမီး”

မြလေးနွယ် ခေါင်းညိတ်လိုက်တဲ့အချိန်မှာ ဂိုဒေါင် တစ်ဘက်က တိုက်မကြီးထဲက ဦးခင်မောင်စိုးရဲ့အသံကို ကြားလိုက်ရပါတော့တယ်။

“သမီး ဘာတွေဘယ်လို လုပ်လိုက်တာလဲ . . . အခု ဖေဖေ အရှက်ခွဲခံလိုက်ရပြီ . . . ကိုယ့်မျိုးရိုးသိက္ခာကိုတောင် မစောင့်တော့ဘူးလားတဲ့ . . . သွားရောကွာ . . . ဖေဖေ သမီးကို ယုံလိုက်တာ မှားသွားပြီ . . . ဖေဖေဟာ လူတန်းစား ခွဲခြားတတ်တဲ့လူတော့ မဟုတ်ဘူး . . . ဒါပေမယ့် ဦးစိမ်းမောင် တို့သားအဖရဲ့ ဘဝပေးအခြေအနေမှန်ကိုတော့ မိဘကို ပြောပြ သင့်တယ် သမီး”

“ဦးလေး ဦးစိမ်းမောင်တို့ရဲ့ ဘဝအမှန်ကို ပြောပြရင် ဖေဖေတို့ မေမေတို့က လက်မခံမှာစိုးလို့ပါ”

“ဒီစကားက ဖေဖေတို့ကို အထင်သေးတာပဲ သမီး”

“ကဲ ထားတော့ . . . ဒီကိစ္စတွေပြောဆိုဖို့ မနက်ဖြန်မှာ ရတနာရိပ်ငြိမ်ကိုသွားရမယ် . . . တောင်းပန်သင့်တာကိုတော့ တောင်းပန်ရမယ် . . . တော်သေးတာပေါ့ . . မြလေးနွယ်

သတိရှိလို့ သတ္တိရှိရှိနဲ့ ခြေလက်မလွန်ခင်မှာ ဘဝအမှန်ကို ရှင်းပြလိုက်လို့ . . . နို့မို့ဆိုရင်တော့ လူသတ်ပွဲတွေဖြစ်မှာ ကျိန်းသေတယ် . . သူတို့သားအဖတွေဆီ သွားပြောထားလိုက် မနက်ဖြန် ရတနာရိပ်ငြိမ်ကို လိုက်ခဲ့လို့ ဟုတ်လား"

အသံတွေက တိတ်ဆိတ်သွားသည်။

"အင်း တို့သားအဖတွေအပေါ် တကယ်ကောင်းရှာတဲ့ မိသားစုတွေပဲ သမီး"

မြလေးနွယ် ပင့်သက်ရှိုက်ရင်း ဝမ်းနည်းဝမ်းသာနဲ့ မျက်ရည်ကျလို့နေတော့သည်။ မကြာခင် ဒီကိုရောက်လာမယ့် ခင်မျိုးမြင့်မြတ်ကို စောင့်မျှော်နေလိုက်မိတော့သည်။

အင်း မနက်ဖြန်တော့ ငါ့သမီးရဲ့ ဘဝအမှန်ကို ပြောပြ ရတော့မှာပဲ . . ။ အားလုံး ယုံနိုင်ကြပါစေလို့ ဆုတောင်းရတော့ မှာပါလား . . ။

ဦးစိမ်းမောင်ရဲ့ အတွေးတို့က မနက်ဖြန်တွင် အောင်မြင် မှုတွေ ရတော့မှာလား . . ။

❀ ❀ ❀ ❀ ❀





## အခန်း ( ၂၈ )

"ဦးစိမ်းမောင်"

ခြင်ပဏ သစ်ပင်တွေ တိုက်တာအဆောက်အဦးတွေကို ငေးကြည့်နေသော ဦးစိမ်းမောင်ကို ကားမောင်းနေရင်းက ခင်မောင်စိုးက ခေါ်လိုက်ပါသည်။

"ဗျာ"

"ဟိုရောက်ရင် ဘယ်လိုတွေဖြစ်ဖြစ် ဘယ်လိုတွေ ပြောပြောပေါ့ . . . ခင်ဗျားတို့ သားအဖဟာ ကျုပ်တို့ရဲ့

မိသားစုဝင်တွေ ဖြစ်သွားတဲ့အတွက် ခင်ဗျားတို့ ဘယ်ကိုမှ ထွက်သွားစရာ မလိုဘူးနော် . . . အဲဒါ ခင်ဗျား အရင်သိထားဖို့လိုတယ်"

ဦးစိမ်းမောင် ရင်ထဲ ပီတိအဟုန်က ရင်နှင့်မမျှပါတော့။ ဝမ်းသာမှုကြောင့် မျက်ရည်များပင် လည်ခဲ့မိပါသည်။

"ဟုတ်ကဲ့ပါ . . ကျွန်တော် ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကလွဲပြီး ဘာမှ မပြောနိုင်တော့ပါဘူး ခင်ဗျာ"

မြလေးနွယ်လည်း ရင်ထဲမှာ လှိုက်ခနဲ ခံစားလိုက်ရသည်။ အဆင့်အတန်း မခွဲခြားတတ်သည့် မိသားစု၏ နားလည်မှုကို နွေးထွေးစွာ ခံစားလိုက်ရ၏။

မနေ့ညကတော့ သူမတို့နေသည့်ဘက်သို့ ခင်မျိုးမြင့်မြတ် ရောက်လာခဲ့သည်။

"မြလေး"

"ရှင် . . မမ"

"နေ့လည်က ရတနာရိပ်ငြိမ်ကို သွားခဲ့တယ် မဟုတ်လား"

မြလေးနွယ် ခေါင်းလေးငုံ့နေလိုက်တယ်။ ခင်မျိုးမြင့်မြတ် ဆူလိုက်မှာကို ကြောက်နေသည်။





"မြလေး မကြောက်ပါနဲ့ . . မင်းကို မမဆူဖို့ မေးနေတာ မဟုတ်ပါဘူး . . မြလေးကိုတောင် ကျေးဇူးတင်ရဦးမှာပါကွယ်"

"ရှင် ဘာဖြစ်လို့လဲဟင်"

"အင်း ပြောပြရင် မမကို စိတ်ဆိုးသွားနိုင်တယ်"

"ဘာလို့စိတ်ဆိုးရမှာလဲ မမရယ် . . . ပြောချင်ပြောပါ။ ဘာကယ်လို့ စိတ်ဆိုးစရာကိစ္စ ဖြစ်ခဲ့ရင်တောင် ဒီဘဝ အခြေအနေကိုရောက်အောင် ခေါ်လာခဲ့တဲ့ ကျေးဇူးကြောင့် စိတ်မဆိုးရက်ပါဘူး မမရယ်"

"မြလေးတို့သားအဖတွေကို ခေါ်လာရတာက မမမှာ အချက်နှစ်ချက်ကြောင့်ပဲ . . . ပထမအချက်က မြနလေးတို့သားအဖတွေကို သနားလို့ မြလေးကိုလည်း ရင်ထဲ အသည်းထဲက ညီမလေးတစ်ယောက်လို ချစ်ခဲ့လို့ . . . အဲဒါကတော့ မမရဲ့ ဆန္ဒအမှန်ပါ . . . နောက်တစ်ချက်က မြလေးကို မမ အသုံးချချင်လို့"

မြလေးနွယ်ရဲ့ **မျက်လုံး**တွေက ခင်မျိုးမြင့်မြတ်ထံ ရောက်လို့သွားသည်။

"မြလေးကို ဘယ်လို အသုံးချချင်တာလည်းဆိုတော့ နောက်ဖြန် ရတနာရိပ်ငြိမ်ကို သွားတဲ့အခါကျရင် မြလေး သိပါ

လိမ့်မယ်"

မြလေးနွယ် မင်သက်တွေဝေသွားခဲ့သည်။

"ဒါပေမယ့် မမ မြလေးကို အသုံးချခွင့် မပြုလိုက်ရပါဘူး . . . အဲဒါ မမအဖို့ရော မြလေးအဖို့ရော သိပ်ကိုကံကောင်းသွားခဲ့တာပါ . . . မြလေးကို အသုံးချခွင့်ပြုလုပ်ဖို့ကို မြလေးကပဲ လုပ်လိုက်တာ . . . မမကလည်း အဲဒီကိစ္စကို ဖျက်သိမ်းဖို့ စဉ်းစားထားတာ"

မြလေးနွယ် ဘာမှန်းကိုမသိ၊ နားလည်ခြင်းလည်းမရှိ။ အဲဒီညက မခင်မျိုးမြင့်မြတ် ပြန်သွားတော့ ပဟေဠိတွေများစွာနဲ့ ကျန်ခဲ့ရသည်။

ဟူးခနဲ မြလေးနွယ် တိုးတိုးညင်ညင်သာသာနဲ့ အေးလူတွေ မသိအောင် သက်ပြင်းချလိုက်ရသည်။ သူမနံဘေးမှ မခင်မျိုးမြင့်မြတ်ကို ကြည့်လိုက်တော့ ကားပြူတင်းပေါက်မှ အဝေးသို့ ငေးမောစွာ ကြည့်နေသည်ကို မြင်နေရ၏။

ခင်မျိုးမြင့်မြတ်ကလည်း သူမ၏စိတ်တွေကို ခန္ဓာကိုယ်မှ ခွာခိုင်းထားလိုက်သည်။

မနေ့ကမနက်က သူငယ်ချင်း ချောစုဆီသို့ ရောက်သွားခဲ့သည်။ လုပ်ဆောင်ချက်မှန်သမျှအားလုံးကို ပြောပြလိုက်သည်။





သိပ်မကြာခင် နေဗလသည် မြလေးနွယ်နှင့် စေ့စပ်ပြီး လက်ထပ်တော့မည်။ ဤအချိန်အခါကို စောင့်နေကြောင်း၊ ရောက်လာခဲ့ရင် မြလေးနွယ်သည် ဘယ်အတန်းအစားကဟု ဖွင့်ပြောပြီး နေဗလကို ကောင်းကောင်း လက်စားချေမည်ဟု ပြောလိုက်ရာ

"ဟယ် ခင်မျိုးရယ် အဲလိုတော့ မလုပ်ကောင်းပါဘူးဟာ၊ ဒါဟာ မလုပ်သင့် မလုပ်ထိုက်တဲ့ ကိစ္စတစ်ခုပါ . . . ဒီမှာ ခင်မျိုး လူဆိုတာ ကြိုက်သလောက်ထိုးစမ်းကွာ . . . ဒါပေမယ့် မယုတ်မာရဘူးကွ ခင်မျိုးရ"

ခင်မျိုးမြင့်မြတ် နှုတ်ဆိတ်သွားသည်။ ပြီးတော့မှ

"ငါ ယုတ်မာချင်တဲ့စိတ်နဲ့ လုပ်တာမဟုတ်ပါဘူး . . . ငါ့ကို လူဘုံအလယ်မှာ အရှက်ခွဲတဲ့ နေဗလကို အဲဒီအတိုင်းပဲ ပြန်လုပ်ပြချင်တာ ချောစု"

"နင်လုပ်လိုက်တာက နေဗလကို အဓိက ပစ်မှတ်ထားပြီး လုပ်တာ . . . ဒါပေမယ့် ခံစားရတဲ့လူက နေဗလတင် မဟုတ်ဘူး . . . နင်ခေါ်လာတဲ့ မိန်းကလေးပါ ထိခိုက်တာ . . . သူ့ဘဝ ဘယ်လောက်ပဲ နိမ့်ကျနိမ့်ကျ အရှက်ရှိတဲ့ မိန်းမတစ်ယောက်ပဲ လေဟာ . . . သူ့ဘက်ကိုလည်း ကိုယ်ချင်းစာပြီး ကြည့်သင့်တယ်ဟ"

ချွေးစုပြောတဲ့စကားတွေက သူမကို အသိတရား ရစေနိုင်လောက်၏။ ချောစုဆီကပြန်လာတော့ ဆင်ခြင်တွေးတောစရာတွေက ပါလာခဲ့သည်။ အိမ်ရောက်လို့ နားကာစပဲ ရှိဦးမည်။ နေဗလ ရောက်လာခဲ့၏။

သူမက မြလေးနွယ်ကို ခေါ်ပေးမည့်အလုပ် . . .

"ငါ မြလေးနွယ်နဲ့ စကားပြောဖို့လာတာ မဟုတ်ဘူး မင်းနဲ့ပြောချင်လို့ လာတာ . . . မင်း ငါနဲ့ အပြင်ကို ခဏ လိုက်ခဲ့ပါ . . . မင်းကို မှဲ့တစ်ပေါက်မစွန်းစေရဘူး"

ခက်ထန်မာကျောသည့် သူ့အသွင်က မုန်တိုင်းတစ်ခု တိုက်ခတ်တော့မည့်အသွင်နှင့် . . ။ ဒါကြောင့် အပြင်သို့ လိုက်သွားခဲ့သည်။

လူသူကင်းရှင်းသည့် နေရာတစ်နေရာတွင်တော့ သူမကို မြလေးနွယ်နှင့် ပတ်သက်သမျှသောကိစ္စတွေကို မေးမြန်းပြောဆိုပြီး ပေါက်ကွဲတော့သည်။

ဒီတော့မှ မြလေးနွယ်သည် ရတနာရိပ်ငြိမ်ကိုသွားကာ သူမတို့ သားအဖ၏ ဘဝဇစ်မြစ်ကို ဖွင့်ဟပြောလိုက်ကြောင်းကို သိလိုက်ရတော့၏။

ဒါပေမယ့် နေဗလကို မထေ့တထေ့ မထီတရီ ခနဲ့





ထဲ့တဲ့နဲ့ကို ပြန်ပြောပစ်လိုက်တယ်။ စိတ်ထဲမှာတော့ ဝမ်းနည်းခြင်းတွေကို ပွေ့ပိုက်လို့ထားလိုက်သည်။

အိမ်ရောက်တော့ မြလေးနွယ်ကို စိတ်မဆိုးရက်။ မြလေးနွယ်သည် မှန်ကန်သောလုပ်ရပ်ကို လုပ်လိုက်ခြင်းပါ။ သူမ၏ လုပ်ဆောင်မည့်ပရိယာယ်ကို မြလေးနွယ် လုံးဝမသိ။ မြလေးနွယ်သည် သူမတို့သားအဖ၏ ဘဝအမှန်ကို ရိုးသားစွာ ဖွင့်ဟဝန်ခံလိုက်ခြင်းပင်။

နောက်ဆုံး သူမ ဆုံးဖြတ်ချက် ချလိုက်သည်။ အမှန်တရားအားလုံးကို ဖွင့်ဟဝန်ခံပြောလိုက်မည်ဟု . . ။

ပြင်ပက တိုက်ခတ်လိုက်သည့် လေတို့က မျက်နှာကို အတင်းဝင် စွတ်တိုးလိုက်သဖြင့် ဆံနွယ်ဆံစတို့က ဖရိုဖရဲ ဖြစ်လို့သွားခဲ့သည်။

သည်တော့မှ ခင်မျိုးမြင့်မြတ် ရောက်ရှိနေသည့် နေရာကို ကြည့်လိုက်တော့ . . .

"ရတနာရိပ်ငြိမ်ကိုတောင် ရောက်တော့မှာပါလား"

❀ ❀ ❀ ❀ ❀



ကားကို ဆင်ဝင်အောက်ထဲတွင် ထိုးရပ်လိုက်သည်။ အားလုံးသောလူတို့၏ မျက်ဝန်းအစုံသည် တိုက်ပေါက်ဝသို့ ရောက်ကုန်ကြ၏။ တိုက်ဝင်ထွက်ပေါက်၏ အင်္ဂတေလှေကားသုံးထစ်ထက်၌ ခါးပေါ် လက်တစ်ဘက်ထောက်ကာ မားမားကြီးရပ်နေသော ရတနာရိပ်မြိုင်၏ အဓိပတိ အဘွား ဒေါ်ထိပ်တင်မိုးကို တွေ့လိုက်ရပါသည်။

"လာကြ လာကြ ငါ အားလုံးကို မျှော်တော်မူနေတာ"

သူတို့တစ်တွေအားလုံး ကားပေါ်က ဆင်းလိုက်ကြသည်။ ဘွားတော်ကြီး ဒေါ်ထိပ်တင်မိုးက ပြန်လှည့်ကာ ဧည့်ခန်းတွင်းသို့ ဝင်ရောက်သွားတော့ နောက်ကနေ သူတို့အားလုံးလိုက်လာခဲ့ကြတော့သည်။





ဧည့်ခန်းတွင်းမှာတော့ ရတနာရိပ်မြိုင်ကလူတွေ အစုံအညီ ထိုင်နေကြလျက် တွေ့လိုက်ကြရသည်။ သူတို့ သူတို့မျက်နှာတွေကတော့ ပြုံးခြင်း ရယ်ခြင်း မရှိကြပါ။ တည်ငြိမ်စွာနှုပဲ သူတို့ဝင်အလာကို ကြည့်နေကြ၏။

"အားလုံးထိုင်ကြဗျာ"

ဦးမောင်မောင်လတ်က ဧည့်ခံ ကြိုဆိုလိုက်၏။ နေဗလ၏ အကြည့်က ခင်မျိုးမြင့်မြတ်ဆီကို မမှတ်မသုန်စူးစူးရဲရဲ။ ဒေါ်မြနှင်းဆီကတော့ ခြုံငုံကာ ကြည့်နေလိုက်သည်။ ဒေါ်ထိပ်တင်လေးနှင့် ဘွားတော် ဒေါ်ထိပ်တင်မိုးတို့ကတော့ ဦးစိမ်းမောင်နှင့် မြလေးနွယ်တို့အပေါ် ကျရောက်နေတော့သည်။ ဒါပေမယ့် အကြည့်နှစ်ခုကတော့ ဆန့်ကျင်ဘက်။

ဒေါ်ထိပ်တင်လေး၏ အကြည့်က ကြင်နာမှုတွေ၊ သနားကရုဏာ မေတ္တာတရားတွေနဲ့ ပြည့်နှက်လို့နေတယ်။ ဘွားတော်ကြီး ဒေါ်ထိပ်တင်မိုး၏ ကြည့်ရှုမှုကတော့ အတ္တမာန်တွေ၊ သံသယတွေ၊ နှိမ့်ချသေးသိမ်တဲ့ အကြည့်တွေ နဲ့ပါ။

တဒင်္ဂခဏမှာတော့ ဧည့်ခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ဘယ်သူကဘယ်လို စပြောမလဲဆိုတာနားစွင့်နေကြဟန်နဲ့တူသည်။ ထိုစဉ်မှာပင် . . .

"မောင်ခင်မောင်စိုး"

အသံက အားပါသည့်အသံ။ မတိုးမကျယ်ပေမယ့် တည်ငြိမ်ပြတ်သားလွန်းလှသည်။

"ဒါဟာ မယ်မယ်တို့ရဲ့ ဆွေဂုဏ်မျိုးဂုဏ်ကို သိက္ခာကျ တော်မူအောင် လုပ်တာလား"

ဒက်ခနဲပါ။ ဦးခင်မောင်စိုး သွေးကြောတွေ တောင့်တင်း သွားဖို့။ ဘွားတော်ကြီး ဒေါ်ထိပ်တင်မိုး၏ စူးရဲသော မျက်ဝန်းတွေကို စိုက်ကြည့်လိုက်ရင်းမှ ဖျတ်ဆို သမီးဖြစ်သူ ခင်မျိုးမြင့်မြတ်ကို လှမ်း၍ကြည့်လိုက်ပါတယ်။

ကိုင်း ငါဘယ်လိုဖြေရမလဲဆိုသည့် သဘောအကြည့်။ ဒါကို ခင်မျိုးမြင့်မြတ် ကောင်းကောင်း သဘောပေါက်ခဲ့သည်။ ဒါကြောင့် သူမက ထိုင်နေရာမှ ဖြေးညင်းစွာ ထကာရပ်လိုက်၏။

"ဒီကိစ္စအားလုံးကို မြေးတော်မ ရှင်းပြပါရစေ ဘွားတော်"

"ရှင်းစမ်း . . . မယ်မင်းက ဒီကိစ္စမှာ အဓိကပဲ"

မြေးတော်မဟု မသုံးတော့ဘဲ မယ်မင်းဟု သုံးစွဲလာခြင်းသည် သူမအပေါ် သို့ မည်မျှအထိ မုန်းနေပြီလည်းဆိုတာကို ခင်မျိုးမြင့်မြတ် ခန့်မှန်းမိလိုက်၏။





"မြေးတော်မ ဖြေရှင်းစကား ပြောဆိုတော်မူတဲ့အခါ စိတ်နည်းနည်းရှည်ပေးတော်မူပါလို့ တောင်းပန်ပါတယ် ဘွားတော်"

"တယ်စကားပြောရှည်သကိုး . . . ပြောမှပြောစမ်း"

"ဒီလိုဆိုလည်း ပြောပါ့မယ် . . . ပြဿနာရဲ့ မူလအစ ကတော့ မြေးတော်မတို့ရဲ့ တက္ကသိုလ်ကျောင်းတော်ကပါပဲ ဘွားတော်"

ခင်မျိုးမြင့်မြတ်က ဆက်၍ ပြောလိုက်ပြန်သည်။

"အတန်းထဲမှာ နေဗလကို စတွေ့လိုက်လို့ ကျွန်မ မိတ်ဆွေဖွဲ့ခွင့်တောင်းဆိုခဲ့ပါတယ် . . မိန်းကလေးတန်မဲ့ အိန္ဒြေ မရှိဘူးလို့ ဘွားတော် အပြစ်မြင်ချင်မြင်လိမ့်မယ် . . ဒီအချိန်မှာ ကျွန်မက အတန်းထဲမှာ အလှဆုံးကျောင်းသူ တစ်ယောက်ပါ။ ဒါကလည်း အများက ဝိုင်းသတ်မှတ်ပေးခဲ့တာပဲ . . ယောက်ျားလေးတွေ အများစု ဝိုင်းဂရုစိုက် ခံရပေမယ့် နေဗလ ကတော့ ဂရုမစိုက်ခဲ့ပါဘူး . . ကျောင်းသားအချင်းချင်း မိတ်ဆွေသူငယ်ချင်းဖွဲ့ခွင့်ကိုလည်း သူမပေးခဲ့ဘူး၊ ခါးသည်းစွာ ငြင်းပယ်ခဲ့တယ် . . တစ်ခြားဘယ်သူနဲ့မှလည်း မပေါင်းဘူးလေ၊ ဒါနဲ့ ကျွန်မလည်း သူ ငါ့ကို သူငယ်ချင်း အဖြစ်နဲ့ ခေါ်လာစေရ

မယ်လို့ စိတ်ထဲမှာတေးပြီး ပရိယာယ် ဆင်လို့ ကြိုးစားခဲ့ပါတယ်"

ခင်မျိုးမြင့်မြတ်ရဲ့စကားကို အားလုံးက ငေးမောနားထောင်နေကြသည်။ တစ်ခါတစ်ခါ နေဗလရှိရာသို့လည်း ကြည့်တတ်ကြသည်။

နေဗလကတော့ မှုန်တေနေတဲ့ မျက်နှာထားနဲ့ ခင်မျိုးမြင့်မြတ်ကို စိုက်ကြည့်လို့နေသည်။

"ကျွန်မ အမျိုးမျိုး ကြိုးစားပြီး မိတ်ဆွေဖွဲ့တာ လုံးဝမအောင်မြင်ခဲ့ဘူး . . သူနဲ့ပဲ အခြေအတင် စကားများခဲ့ရတာချည်းပါပဲ . . . အဲဒါနဲ့ တစ်နေ့မှာ သူ့ကို ရှက်တဲ့စိတ်နဲ့ ကျွန်မအငြိုးထားခဲ့တယ် . . ကံကောင်းချင်တော့ ကျွန်မ ဖေဖေနဲ့ ပတ်သက်ပြီး ဒီရတနာရိပ်ငြိမ်က ဘွားတော်နဲ့ သိကျွမ်းခင်မင်ခဲ့တယ်"

"အဲဒီမှာ မယ်မင်းက ငါ့ကို ချစ်ခင်တွယ်တာလာအောင် ကြိုးစားခဲ့ပြီး မြေးတော် နေဗလနဲ့ လက်ထပ်ဖို့အထိ သဘောတူလာအောင် စွမ်းဆောင်ခဲ့တယ် မဟုတ်လား"

ခင်မျိုးမြင့်မြတ် ခေါင်းညိတ်လိုက်၏။

"အဲဒီလက်ထပ်မယ့်ကိစ္စနဲ့တင် နေဗလက ကျောင်းသူကျောင်းသားတွေရဲ့အလယ်မှာ ကျွန်မကိုလေ မင်းလိုမိန်းမမျိုးကို





ယူမယ့် အစား လမ်းဘေးမှာ တစ်ဝမ်းတစ်ခါးအတွက် တောင်းစားနေတဲ့ မိန်းမကိုပဲ ယူမယ်၊ အဲဒီမိန်းမကမှ မင်းထက် အဆင့်အတန်းမြင့်မားတယ်ဆိုတာ မင်းသိထားကွ၊ ထွီ မင်းကို ရွံတယ်ကွာ ဆိုပြီး ပြောခဲ့တာ ကျွန်မ အရှက်ကွဲခံလိုက်ရတယ်"

ခင်မျိုးမြင့်မြတ်ရဲ့မျက်နှာ ခက်ထန်တင်းမာလို့ ဒေါသသွေးတို့က နီရဲနေသည်။ နေဗလကိုလည်း လူတွေက ဝိုင်းလို့ကြည့်ကြတော့သည်။ ဒါနဲ့ ခင်မျိုးမြင့်မြတ်လည်း ဆက်၍ ပြောပြန်၏။

"လူဘုံအလယ်မှာ အရမ်းရှက်သွားတယ် . . . ကျွန်မ ကျောင်းလည်းမတက်ဘဲ ညောင်ရွှေကဘွားဘွား မန္တလေးကို ရောက်နေတဲ့အချိန်မှာ ကျွန်မ လိုက်သွားခဲ့တယ် . . . အဲဒီမှာ မြလေးနွယ်တို့သားအဖကို တွေ့လိုက်ရပါတယ် . . . မြလေးနွယ်ကို မြင်မြင်ချင်း ကျွန်မစိတ်တွေ အရမ်းလှုပ်ရှားသွားပါတယ်၊ သနားလည်း သနားသွားတယ်၊ ကရုဏာလည်း ဖြစ်မိသွားတယ်၊ ဒီရုပ်ဒီရည်လေးနဲ့ ဒီဘဝကိုမှ ရောက်နေရ တယ်လို့ပေါ့"

အားလုံးအကြည့်က မြလေးနွယ်နှင့် ဦးစိမ်းမောင်တို့ထံ ရောက်သွားခဲ့သည်။ သူတို့သားအဖနှစ်ယောက်ကတော့ မျက်လွှာကိုယ်စီချလို့ ငြိမ်သက်နေပါသည်။ သည်နောက် ခင်မျိုး

မြင့်မြတ်ဆီမှ အသံက ထွက်ပေါ်လာခဲ့ပြန်ပါသည်။

"သူ့ကိုကြည့်ရင်း ကိုယ့်ညီမတစ်ယောက်လို့ ခံစားလိုက်ရတယ် . . . အဲဒီချိန်မှာ ကျွန်မဆီကို အတွေးတစ်ခုက ဖျတ်ခနဲရောက်လာခဲ့တယ် . . . အဲဒါကတော့ နေဗလပြောခဲ့တဲ့ စကားတွေအတိုင်း လုပ်နိုင်ခဲ့ရင်ကောင်းမယ်ဆိုတဲ့ အတွေးပေါ့ . . . အဲဒီအတွက်ကို ရည်ရွယ်ပြီး ရန်ကုန်ကို ခေါ်လာခဲ့ပါတယ် . . ဒါပေမယ့် ကျွန်မဖြစ်ချင်တိုင်းလည်း ဖြစ်လာနိုင်လိမ့်မယ်လို့ ကြိုမတွက်ထားပါဘူး . . . တကယ်လို့ ဖြစ်မလာခဲ့ရင်လည်း ကျွန်မ ဘဝနှစ်ခုကို စေတနာသန့်သန့်နဲ့ ကယ်တင်ခွင့်ရတာကိုပဲ ဝမ်းသာရမှာပေါ့လို့ စိတ်ထဲမှာ ထားခဲ့ပြီးသားပါ"

ဘွားတော် ဒေါ်ထိပ်တင်မိုး၏ မမှိတ်မသုန် ထက်မြက်စူးရှလွန်းသည့် အကြည့်တို့က ခင်မျိုးမြင့်မြတ်ထံမှ ဖယ်ခွာ၍ မသွားတော့။

"ကံကောင်းချင်တော့ နေဗလက မြလေးနွယ်ကို တွေ့ပြီး စိတ်ဝင်စားသွားခဲ့ပါတော့တယ် . . . မြလေးရဲ့ဘဝကို ပိုင်ဆိုင်ချင်တယ်ဆိုပြီး ခွင့်တောင်းခဲ့ပါတယ် . . . ဒါပေမယ့် မြလေးနွယ်ဟာ အဖြေမပေးခဲ့သေးပါဘူး . . . သူ့စိတ်ထဲမှာ ချစ်ကောင်းချစ်မိပါလိမ့်မယ် . . . ကျွန်မတို့ ဘယ်လိုပဲ ကြည့်ရှု





စောင့်ရှောက်ထားပေမယ့် သူတို့သားအဖရဲ့ ဘဝကို ဘယ်တော့မှ မမေ့ပါဘူး . . . တကယ်လို့ မြလေးနွယ်ကို နေဗလက တောင်းရမ်းဖို့လာခဲ့ရင် ကျွန်မတို့က သူတို့ဘဝကို ဖုံးကွယ်ထားလို့ တစ်ချိန်ကျ သိသွားခဲ့မယ်ဆိုရင်တော့ ကျွန်မတို့ ပြဿနာတက်သွားနိုင်တယ်မဟုတ်လား"

ခင်မျိုးမြင့်မြတ်က အားလုံးကို ခြုံငုံကာ ကြည့်လိုက်သည်။

"ဒါကို မြလေးနွယ်က သိလို့ ရတနာရိပ်ငြိမ်ကိုလာပြီး သူတို့ဘဝဇစ်မြစ်အမှန်ကို ဖွင့်ပြောခဲ့တာပါ . . . ကျွန်မရဲ့ ရည်ရွယ်ချက်တောင် အထမမြောက်ခဲ့ပါဘူး . . . မြလေးနွယ်ကြောင့် အားလုံးဟာ ကံကောင်းသွားခဲ့ပါတယ် . . သူ့ကိုလည်း ကျွန်မ ကျေးဇူးတင်သွားမိခဲ့တယ် . . ကျွန်မကို အသိတရားတွေပေးခဲ့လို့ . . . နောက်ပြီး အတ္တကြီးတဲ့မိန်းမအဖြစ်ကနေ ကယ်တင်လိုက်တဲ့အတွက်ကြောင့်ပေါ့လေ . . . ကဲ ကျွန်မ ပြောချင်တာ အဲဒါပါပဲ . . . ကျွန်မကို အပြစ်တင်မယ်ဆိုရင်လည်း တင်ကြပါ . . . ကျွန်မ ခံယူဖို့အသင့်ပါပဲရှင်"

နောက်ဆုံးစကားပြောပြီး ခင်မျိုးမြင့်မြတ် ထိုင်ချလိုက်သည်။ ခုမှ စိတ်ထဲ ပေါ့ပါးလန်းဆန်းသွားသည်ဟု ခံစား

လိုက်ရ၏။ ညည့်ခန်းတစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်လို့ သွားပါသည်။

နောက်မှ ဘွားတော် ဒေါ်ထိပ်တင်မိုးရဲ့အသံက ထွက်ပေါ်လာခဲ့သည်။

"အင်း ဘဝတစ်ခုကို စကားတစ်လုံးက ချေဖျက် ပျက်စီး နိုင်ပါလား . . . အတ္တတွေ၊ မာနမာနတွေ၊ အငြိုးအတေးတွေက မုန်တိုင်းတစ်ခုလို ဖြစ်ပေါ်လာခဲ့တာပဲ . . ကဲ ဒီအကြောင်းအရာ ကိစ္စကတော့ မြေးတော် နေဗလမှာလည်း တာဝန်မကင်းပေဘူး"

နေဗလ ဘယ်သူ့ကိုမှမကြည့် ခေါင်းကို ငုံ့လို့ထား လိုက်သည်။

"ကျွန်တော်တို့လင်မယားလည်း သမီးကို ထိန်းသိမ်းမှုမှာ ညံ့ဖျင်းလို့သွားခဲ့ပါတယ် . . . ခုလိုကိစ္စဖြစ်သွားခဲ့တဲ့အတွက် မယ်မယ်နဲ့တကွ ရတနာရိပ်ငြိမ်ကလူတွေအားလုံးကို တောင်းပန် ပါတယ်ဗျာ"

ဦးခင်မောင်စိုးကပါ ဝင်ရောက်တောင်းပန်လိုက်သည့် အတွက်ကြောင့် ဦးမောင်မောင်လတ်ကလည်း ပြေရာ ပြေကြောင်း နှစ်သိမ့်လိုက်ရသည်။

"တောင်းပန်စရာ မလိုပါဘူး ကိုခင်မောင်စိုးရယ် . . .





အားလုံးက ပြီးသွားပြီပဲဗျာ"

"ဒီမိန်းကလေးကြောင့် ဖြစ်ပေါ်လာမယ့် အကျိုးဆက် တွေ ချုပ်ငြိမ်းသွားခဲ့တာ သိပ်ကို ကံကောင်းခဲ့တယ် . . . နွံထဲက ကြာတစ်ပွင့်ပါပဲကွယ်"

ဒေါ်ထိပ်တင်လေးက မြလေးနွယ်ကို ပြုံးတုံ့တုံ့နဲ့ ချီးမွမ်းတင်စကားဆိုလိုက်တော့ မြလေးနွယ်ရဲ့ရင်ထဲ ချမ်းမြေ့ ကြည်နူးလို့ သွားခဲ့ရသည်။

"ကျွန်တော့်သမီးလေးကြောင့် ဆွေမျိုးနှစ်ဘက်ကြားမှာ အမုန်းပွားရတော့မယ့်အဖြစ်တွေ ဖြစ်လာတော့မလို့ နည်းနည်းပဲ လိုပါတော့တယ် . . . အဲဒါ ဘာလဲဆိုတော့ ကျွန်တော်တို့ သားအဖတွေ ကိုယ့်နေရာကိုယ် မနေတတ်ခဲ့လို့ပါဗျာ . . . ကျွန်တော့်သမီးလေးကိုယ်စား ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ် . . . အခု ကျွန်တော်တို့သားအဖ နှစ်ယောက် ဒီကနေ့ပဲ မန္တလေးကို ပြန်ပါတော့မယ်"

ဦးစိမ်းမောင်က မဝံ့မရဲနှင့် ဝင်ရောက်ပြောလိုက်သည့် အခါမှာတော့ ညည့်ခန်းတွင်းရှိလူတွေ ငြိမ်သက်လို့သွားခဲ့သည်။

ပြီးတော့လည်း ဦးစိမ်းမောင်နှင့် မြလေးနွယ်တို့ ငေးမော၍ ကြည့်နေလိုက်သည်။ စိတ်ထဲတွင်တော့ မတောင်း

ဖြစ်လို့နေသည့်ဟန်။

သို့သော် သူတို့က အောက်ခြေနင်းပြားဘဝကဆိုတော့ မည်သူမျှ တားဖို့ မဟကြ။ ဒီတွင်မှာပဲ ခင်မျိုးမြင့်မြတ်၏အသံက စိုးရိမ်စိတ်နဲ့ ထွက်ပေါ်လာခဲ့ရပါသည်။

"အိုး ဘာလို့ပြန်ရမှာလဲ . . ဟင့်အင်း မပြန်ရဘူး . . သမီးတို့နဲ့ပဲ အတူနေပါ . . . သမီး မြလေးကို ညီမရင်းတစ်ယောက်လို ချစ်တယ်"

"မဟုတ်သေးဘူး သမီးရယ် . . . ဦးတို့ဘဝက တောင်းစားရတဲ့ဘဝဆိုတော့ မတင့်တယ်လို့ပါ . . . သမီးတို့အိမ်မှာ ဆက်နေရင် ကျက်သရေမင်္ဂလာ ယုတ်ညံ့မှာကို ဦး မလိုလားပါဘူးကွယ် . . . ဦးတို့ကို ခွင့်လွှတ်နားလည်ပေးပါ"

"ဟုတ်ပါတယ် မမရယ် . . . ဖေဖေပြောသလို မြလေးတို့ကို သွားခွင့်ပေးပါ . . မြလေးတို့သားအဖနှစ်ယောက် မမတို့အိမ်မှာ နေခဲ့တာကို မြလေးလေ အိပ်မက်တစ်ခု မက်ခဲ့ဖူးတယ်လို့ပဲ မှတ်ယူထားပါ့မယ် ရှင်"

မြလေးနွယ် ပြောရင်း မျက်ရည်များ ဝေ့သီကျလာခဲ့သည်။ ရင်ထဲတွင်လည်း ဆို့နစ်ကြေကွဲလို့နေပါတယ်။ ဒီနေရာကနေ မြန်မြန်ထွက်ခွာချင်စိတ်တို့ကလည်း ပြင်းပြလို့လာခဲ့သည်။





သည်တော့ ဖျတ်ခနဲ ထိုင်နေရာမှ ထလိုက်ပြီး ဦးစိမ်းမောင်ကို အငိုမျက်လုံးနဲ့ကြည့်ရင်း . .

"ဖေဖေ လာ သွားကြမယ်"

ဦးစိမ်းမောင်ကလည်း ထိုင်နေရာမှ ထလိုက်စဉ်မှာ . .

"ဟဲ့ ဟဲ့ နေကြပါဦး"

ဘွားတော်ကြီး ဒေါ်ထိပ်တင်မိုးက လှမ်းတားလိုက်သဖြင့် မြလေးနွယ်၏ လှမ်းထွက်တော့မည့် ခြေလှမ်းတွေက တုံ့ဆိုင်းလို့သွားခဲ့တော့သည်။

"မင်းတို့သားအဖတွေ ပြန်ထိုင်ကြဦး"

ဘယ်လိုဖြစ်မှန်းမသိ။ ဘွားတော် ဒေါ်ထိပ်တင်မိုး၏ အမိန့်အာဏာကို မလွန်ဆန်နိုင်ဘဲ ဖြစ်မိလိုက်သည်။ မြလေးနွယ် အသာလေး ပြန်ထိုင်လိုက်ရသည်။

"မယ်မင်းကြောင့် ငါတို့မိသားစုတွေ ဂုဏ်ကျက်သရေမညှိုးနွမ်းခဲ့ရတာကို ကျေးဇူးတင်ပါတယ် . . . ဒီတော့ ကျေးဇူးတင်ထိုက်သူကို ကျေးဇူးဆပ်တတ်ရတယ်ဆိုတာ တို့ မြန်မာလူမျိုးတို့ရဲ့ ဓလေ့စရိုက်တစ်ခုပဲ . . . ဒီတော့ မယ်မင်းတို့သားအဖကို ငါ့အနေနဲ့ ကျေးဇူးဆပ်ရလိမ့်မယ်"

"ကိစ္စမရှိပါဘူး ခင်ဗျာ . . . ဒီလိုပြောတာကိုပဲ ကျေးဇူ

လှပါပြီ"

ဦးစိမ်းမောင်ပြောတော့ ဘွားတော်ကြီး ဒေါ်ထိပ်တင်မိုးက လက်ဝါးကာပြလိုက်ရင်း . . .

"ဘာမှမပြောနဲ့ . . . ငြိမ်ငြိမ်လေးပဲ ထိုင်နေပါ . . ကဲ သားတော် မောင်မောင်လတ် သူတို့ကို ဟိုမှာ ရင်းနှီးစားဖို့ ငွေသုံးသိန်း ထုတ်ပေးလိုက်ပါ"

"ဟာ မဟုတ်တာ . . ဒီကိစ္စက ကျွန်တော်တို့ဘက်က စီမံပေးရမှာပါခင်ဗျာ"

ဦးခင်မောင်စိုးက ပျာပျာသလဲ ဝင်ပြောလိုက်သည်။

"အဲဒါက တစ်ပိုင်းပေါ့ မောင်ခင်မောင်စိုး . . . အခုက ရဏနာရိပ်ငြိမ်က ကျေးဇူးဆပ်တာပါ . . . မောက်မောက်မာမာနဲ့ ပေးကမ်းတာ မဟုတ်ပါဘူး"

ဦးခင်မောင်စိုးလည်း ငြိမ်သက်လို့သွားသည်။ ဘာတစ်ခွန်းမျှ ပြန်မပြောနိုင်ပါ။

"သည်းခံပါခင်ဗျာ . . . ကျွန်တော် ဒီငွေတွေ လက်မခံပါရစေနဲ့"

ဦးစိမ်းမောင် တောင်းပန်လိုက်သည်။ မြလေးနွယ်ကလည်း ယူချစ်ပုံမရပါ။





"မင်းတို့ကို ပြောပြီးပြီ . . . ဘာမှ မပြောနဲ့တော့ . . ဒါ မြန်မာ့ယဉ်ကျေးမှုအရရော ငါ့ရဲ့ မေတ္တာစေတနာနဲ့ရော ချီးမြှင့်တာ . . . အဲဒါ လက်ခံကောင်းတယ်ကွယ့်"

ဘွားတော် ဒေါ်ထိပ်တင်မိုးက မြလေးနွယ်တို့ သားအဖကို ပြောပြပြီး နောက်ဖေးခန်းဘက်ကို လှမ်းကာ ကြည့်လိုက်ရင်းက . . .

"ကြေးအိုး . . ကြေးအိုးမ"

တစ်စုံတစ်ဦးကို လှမ်း၍ ခေါ်လိုက်သည်။

ခဏအကြာ ဧည့်ခန်းတွင်းသို့ အသက်ခြောက်ဆယ်အရွယ်လောက်ရှိ မိန်းမကြီးတစ်ယောက် ဝင်လာခဲ့သည်။ ပြီးတော့ ဘွားတော် ဒေါ်ထိပ်တင်မိုး၏ ထိုင်ခုံနားတွင် ရပ်နေလိုက်၏။

"ဒီမှာ သေချာနားထောင်၊ ဧည့်သည်တော်တွေအတွက် နွားနို့နဲ့မုန့်ကို ယူလာခဲ့ . . . မြန်မြန်ဆန်ဆန်လေး လုပ်နော်"

"မှန်ပါ့"

ကြေးအိုးမဆိုတဲ့ မိန်းမကြီး လှည့်ကာထွက်သွားတော့ မည်အလုပ် ဦးစိမ်းမောင်က ထိုင်နေရာမှ ချက်ချင်း ထလိုက်သည်။

"ဒီ ဒီမှာ အစ်မကြီး"

ကြေးအုံမဆိုတဲ့ မိန်းမကြီးရဲ့မျက်နှာက ပြန်၍ လှည့်လာခဲ့သည်။ ဦးစိမ်းမောင် စူးစူးစိုက်စိုက်နှင့် ဒေါ်ကြေးအုံမကို ကြည့်နေလိုက်မိစဉ် ဘွားတော်ကြီး ဒေါ်ထိပ်တင်မိုးက . . .

"မင်း သူ့ကို ဘာပြောမလို့လဲ"

ဦးစိမ်းမောင် ဒေါ်ကြေးအုံမကို လက်ညှိုးထိုးလိုက်ပြီး

"သူ့ကို ကျွန်တော် ကောင်းကောင်းကြီးကိုသိတယ်"

ဒေါ်ကြေးအုံမသည် အံ့အားသင့်ဟန် ဖြစ်မိသွားသည်။ သူမကိုသိတယ်ဆိုတော့ သူမလည်း စဉ်းစားကြည့်မိသည်။ လုံးဝ မသိခဲ့ပါလား။

"ငါက မင်းကို တစ်ခါမှ မြင်လည်းမမြင်ဘူး . . . သိလည်း မသိဘူး"

ဒေါ်ကြေးအုံမ အမှန်တိုင်း ရင်ထဲကရှိတာကို ပြောလိုက်၏။

"မှန်ပါတယ် . . အစ်မကြီးကမသိတာ . . ကျွန်တော်ကတော့ အစ်မကြီးကိုသိတယ် . . . အစ်မကြီးမျက်နှာကို ကျွန်တော့်နှလုံးသားထဲမှာ ပျောက်ပျက်မသွားအောင် ရိုက်နှိပ်ထားပြီးသား"





"ကဲ စကားကို ရှင်းအောင်ပြောစမ်း . . . မင်း သူ့ကို ဘယ်လိုသိခဲ့တာလဲ"

ဘွားတော် ဒေါ်ထိပ်တင်မိုးက စိတ်မရှည်ချင်တော့သည့်အလား ခပ်မာမာ မေးလိုက်၏။ ဦးစိမ်းမောင် တံတွေးကို မျိုချလိုက်တယ်။ ပြီးတော့မှ သူ့နှုတ်က တစ်လုံးချင်း စကားတွေ အံထွက်လာခဲ့တော့သည်။

"ပြီး လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်က မိုးတွေ တဖွဲဖွဲရွာနေတဲ့ ညတစ်ည . . အမရပူရလို့ခေါ်တဲ့ တောင်မြို့ရဲ့ ဈေးမကမ်း ရွာလေးတစ်ရွာရဲ့ သချိုင်းကုန်းထဲကို မိန်းမကြီး တစ်ယောက် လက်ကိုင်ဆွဲခြင်းတစ်ခုကို ဆွဲကိုင်ပြီး ဝင်လာခဲ့တယ်"

"အင်း"

ဒေါ်ကြေးအုံမ ကြက်သီးဖျန်းဖျန်းထလို့သွားသည်။ ချက်ဆို ဘွားတော် ဒေါ်ထိပ်တင်မိုးကို လှမ်းကြည့်လိုက်ပါသည်။ ဒေါ်ထိပ်တင်မိုးကတော့ ဦးစိမ်းမောင်ကို စူးစူးဝါးဝါးကြီးကို ကြည့်နေတော့သည်။

"မြရာပင်အောက်နားရောက်တော့ ဆွဲခြင်းတောင်းလေးကို ချလိုက်ပြီး အဝတ်စတစ်ခုကို ဖယ်ကာ ကြည့်နေရင်း

ကနေ လှည့်ထွက်သွားလိုက်တယ် . . အဲဒီမိန်းမကြီးရဲ့မျက်နှာကို လျှပ်စီးလက်လိုက်တဲ့အချိန်မှာ ကျွန်တော် ကောင်းကောင်းကြီး မြင်လိုက်တယ် . . နောက်တော့ အဲဒီမိန်းမကြီးဟာ ကားလမ်းပေါ်မှာရပ်ထားတဲ့ အော်စတင်ကားလေးရှိရာသွားပြီး ကားပေါ် တက်သွားခဲ့တယ် . . မကြာခင် ကားလေးက မောင်းထွက်သွားခဲ့တယ်လေ . . . ကျွန်တော်မြင်လိုက်တဲ့ မိန်းမကြီးက . . .

ဦးစိမ်းမောင်က ဒေါ်ကြေးအုံမကို စူးစူးရဲရဲလေး ကြည့်ကာ လက်ညှိုးထိုးလိုက်ပြီး . . .

"အစ်မကြီးပဲ"

ဧည့်ခန်းထဲမှာ နားထောင်နေတဲ့သူတွေ မင်သက်အံ့အားသင့်ကုန်ကြသည်။ ဒေါ်ကြေးအုံမ အသားတွေ တဆတ်ဆတ် တုန်ယင်လို့နေသည်။

အဲဒီမှာပဲ ဒေါ်ထိပ်တင်လေးက ဦးစိမ်းမောင်ကို တုန်ယင်လှိုက်မောစွာနဲ့ . . .

"ရှင် ရှင် အဲဒီဆွဲခြင်းတောင်းလေးကို ကြည့်လိုက်မိလား ဟင် . . . ဘာ ဘာကို တွေ့လိုက်လဲ ရှင်"

သိချင်စိတ်ကို မျိုသိပ်မနိုင်ဘဲ မေးလိုက်ရာ . . .

"ကျွန်တော် ကားလေးထွက်သွားပြီးတဲ့နောက် ဆွဲခြင်းတောင်းလေးရှိရာကို ပြန်သွားပြီး ဖွင့်ကြည့်လိုက်ပါတယ် . . . ဆွဲခြင်းလေးထဲမှာတော့ မွေးကင်းစ ကလေးငယ်လေးပေါ့ဗျာ"

"ဟင်" "ဟာ" "အို"

လူတွေ အံ့ဩထိတ်လန့်သွားကြသည်။ ဒေါ်ကြေးအုံမ ဆီသို့လည်း ဝိုင်း၍ ကြည့်လိုက်ကြပါသည်။

"ကျွန်တော် ဆွဲခြင်းတောင်းလေးထဲက ကလေးမှန်း သိရော ဆွဲခြင်းတောင်းလေးကိုယူပြီး ကားလမ်းဆီကို ပြေးသွားလိုက်ပါသေးတယ် . . . ဒါပေမယ့် ကားလေးက ထွက်သွားပါပြီ"

" မယ် မွယ် "

ဦးစိမ်းမောင်စကားလည်း ဆုံးရော ဒေါ်ထိပ်တင်လေးက အားကုန် ခေါ်လိုက်သည်။ သူမမျက်ဝန်းထဲမှာ မျက်ရည်များ ဝေ့သီလို့ကျလာခဲ့သည်။

ဝမ်းနည်းခြင်းတွေ၊ ပူဆွေးခြင်းတွေက ရင်နှင့်မဆံ့နိုင်လောက်အောင် ခံစားလို့နေရတော့သည်။

"ဒါ မယ်မွယ်ရဲ့ စနက် . . . မယ်မယ်ရဲ့ အကြံအစည်တွေ မဟုတ်လားဟင် . . . ရက်စက်လိုက်တာ မယ်မယ်ရယ် အဟင့် . . ဟင့်"

ဒေါ်ထိပ်တင်လေးက ပြောရင်း ငိုရှိုက်လို့ နေတော့သည်။ ဒေါ်မြနှင်းဆီက တသိမ့်သိမ့်ရှိုက်ငိုနေသော ယောင်းမတော် ဒေါ်ထိပ်တင်လေးကို ဖက်ပွေ့ထားလိုက်သည်။

ဘွားတော်ကြီး ဒေါ်ထိပ်တင်မိုးက မျက်ဝန်းအစုံ မှိတ်လို့ထားလိုက်၏။ ပါးရေနားရေတွန့်နေသော မျက်နှာထက်မှ မျက်ရည်စတို့က လွင့်စင်ကျလာခဲ့သည်။

အရင်ကအဖြစ်တွေ ..။ လွန်ခဲ့သော အနှစ်နှစ်ဆယ်က သမီးတော် ထိပ်တင်လေး၏ အဖြစ်တွေ ..။

အင်းဝ တံတားထိပ် အင်းဝမြို့ဟောင်းနှင့် မလှမ်းမကမ်း ဧကတစ်ရာဝန်းကျင်ရှိတဲ့ ခြံကြီးတစ်ခြံတွင်းမှာ ရေနံ့ဂျီးတွေနှင့် ပြည့်ဝနေတဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်ဆောင်။

အဲဒီမှာ နေထိုင်သူတွေကတော့ ဒေါ်ထိပ်တင်မိုးရယ်၊ သမီးတော် ထိပ်တင်လေး၊ သားတော် မောင်မောင်လတ်နှင့် လူယုံများကတော့ ကြေးအိုးမနှင့် မောင်ဘမင်းတို့။

ဒေါ်ထိပ်တင်မိုး၏ခင်ပွန်း ဦးခင်မောင်ကြီးက ကလေးတွေ ငယ်ရွယ်စဉ်ကပင် ဆုံးပါးသွားခဲ့သည်။ သည်တော့ ဒေါ်ထိပ်တင်မိုးကသာ ရှာဖွေကျွေးမွေးခဲ့ရ၏။ ကလေးတွေ အရွယ်ရောက်တော့ သားဖြစ်သူ မောင်မောင်လတ်ကို နိုင်ငံခြား





လွှတ်ပြီး စီးပွားရေးပညာရပ်ကို သင်ယူစေသည်။

သမီးဖြစ်သူ ထိပ်တင်လေးကိုတော့ မန္တလေးကောလိပ်မှာပင် ပညာသင်ယူခိုင်းခဲ့၏။ ကောလိပ်ကျောင်းတက်တော့ အိမ်က အော်စတင်ကားနက်လေးဖြင့် မောင်ဘမင်းက မောင်းပို့ခဲ့ရလေသည်။

မောင်ဘမင်းကလည်း ထိပ်တင်လေးနှင့် အသက်အရွယ် မတိမ်းမယိမ်း၊ ကြာတော့ သူတို့နှစ်ဦးသား ငြိစွန်းခဲ့ကြတော့၏။

တစ်နေ့ မောင်ဘမင်းကို ဒေါ်ထိပ်တင်မိုးက စီးပွားရေးကိစ္စတစ်ခုဖြင့် ရှမ်းပြည်နယ်ဘက်သို့ လွှတ်လိုက်ရာ မောင်ဘမင်းစီးလာသည့် ကားက တိမ်းမှောက်ကာ ချောက်ထဲကျလို့သွားရာမှ မောင်ဘမင်းလည်း သေဆုံးသွားတော့သည်။

သည်တွင် ပြဿနာက စတော့သည်။ ထိပ်တင်လေးတွင် မောင်ဘမင်းနှင့်ရခဲ့သော ကိုယ်ဝန်လွယ်ထားခဲ့ရပြီ ဆိုတာပါပဲ။ ကြားကြားချင်း သိသိချင်း ဒေါ်ထိပ်တင်မိုးက ကလေးကို ဖျက်ချရန်ကိုသာ တိုက်တွန်းနေတော့သည်။ သို့ပေမယ့် ထိပ်တင်လေးက သတ္တိရှိစွာပင် ငြင်းပယ်ခဲ့၏။

သို့ဖြင့် ထိပ်တင်လေး မီးဖွားချိန်ရောက်တော့ အိမ်မှာပင်

ဆရာဝန်ခေါ်ကာ မွေးဖွားစေတော့၏။ သို့သော်လည်း ညှပ်ရိုးကလည်းကျဉ်း ကလေးအနေအထားကလည်း မမှန်သည့်အတွက် ဗိုက်ခွဲကာ မွေးခဲ့ရတော့သည်။

ထိပ်တင်လေး သတိမရခင်မှာပင် မွေးကင်းစကလေးငယ်ကို ဆွဲခြင်းတောင်းထဲထည့်ပြီး လူယုံတော် ကြေးအိုမနှင့်အတူ တောင်မြို့အနီး ရွာတစ်ရွာနားက သင်္ချိုင်းသို့ သွားရောက်ကာ လွှင့်ပစ်ခဲ့ရသည်။ သူတို့အတွက် ကံကောင်းသည်။ အချိန်ကလည်း ညဥ့်နက်သန်းခေါင်ယံအချိန်။

ကလေးကိုလွှင့်ပစ်ပြီး ပြန်လာတော့ ထိပ်တင်လေးက သတိမရတရအချိန်။ လုံးဝ သတိရတော့ ထိပ်တင်လေးက ကလေးကိုမေးသည်။ ကြေးအိုမကို ဒေါ်ထိပ်တင်မိုးက မေးငေါ့ကာ ပြလိုက်သဖြင့် ပုံးတစ်ခုကိုယူလာပြီး ထိပ်တင်လေးကို ပြလိုက်၏။

ထိပ်တင်လေး ဝမ်းနည်းပက်လက်ဖြစ်သွားတော့တယ်။ ပုံးထဲတွင်တော့ သွေးတုံးခဲတွေ။ နံဘေးတွင်ရှိသော သူနာပြုမလေးကို မေးကြည့်ရာ ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလိုက်ရတော့သည်။

တကယ်တော့ ဒေါ်ထိပ်တင်မိုးတို့က ဝိုင်း၍ လိမ်ညာ





ထားခဲ့ခြင်းဖြစ်သည်။ ဆွေဂုဏ်မျိုးဂုဏ်မောက်သည့် စိတ်ဓာတ်ပြင်းထန်မှုက အတော် ကြောက်စရာ ကောင်းလွန်းလှတော့သည်။

ဘွားတော် ဒေါ်ထိပ်တင်မိုးတစ်ယောက် မျက်ဝန်းအစုံကို ဖွင့်လိုက်တယ်။ သူ့အသိ သူ့အာရုံထဲမှာ . .

"အဲဒီ ကလေးရော"

ဦးစိမ်းမောင် ဖြည်းလေးစွာပဲ ပြန်ပြောလိုက်ပါတယ်။

"ကျွန်တော်ပဲ ကျွေးမွေးစောင့်ရှောက်ခဲ့ပါတယ်"

ထိပ်တင်လေးက မြနှင်းဆီပခုံးထက်မှာ ငိုရှိုက်ရင်း ခေါင်းထောင်ထလိုက်ပြီး . . .

"ဒါဆို ဒီက သမီးလေး မြလေးနွယ်က . . ."

"ဟုတ်ပါတယ် . . . သမီးမြလေးနွယ်က ကျွန်တော် စောင့်ရှောက်ကျွေးမွေးခဲ့ရတဲ့ သမီးလေးပါ"

"အို ဖေဖေ"

မြလေးနွယ် အံ့အားသင့်စွာ တလိုက်မိသည်။

"သ မီး-လေး"

ကြည်နူးဝမ်းသာစွာနဲ့ တိုးတိုးဖွဖွလေး ခေါ်လိုက်သည့် ဒေါ်ထိပ်တင်လေးရဲ့ ဝမ်းသာသံ။

မင်သက်ဝမ်းသာမှုများနှင့် ပျော်ရွှင်ကြည်နူးသွားသူတွေကတော့ နေဗလနှင့် ခင်မျိုးမြင့်မြတ်တို့ မိသားစုများ အားလုံးပင်။

"တကယ်တန်း ဆန်းစစ်လိုက်တော့ အမျိုးမာန်ကြီးခဲ့တဲ့ ဘွားတော်ရဲ့ အပြစ်တွေပါပဲ . . . ဘွားတော်ဟာ လူသားမဆန်တဲ့ လူတစ်ယောက် . . . ငါ့မြေးမလေး တော်တော့်ကို ဒုက္ခရောက်သွားခဲ့တာပဲ . . . တော်သေးတာပေါ့ကွယ် မြေးမလေး ခင်မျိုးမြင့်မြတ်ကြောင့် မအေနဲ့သမီး၊ ဘွားတော်နဲ့မြေး၊ ဦးလေးတွေ အဒေါ်တွေ အကုန် ပြန်တွေ့ရတယ်"

ခင်မျိုးမြင့်မြတ်လည်း ဝမ်းနည်းဝမ်းသာ ဖြစ်လို့သွားသည်။ လောကကြီးက အတော့်ကို ဆန်းကြယ်လွန်းလှပေစွ။

"သမီး"

"မေမေ"

ဒေါ်ထိပ်တင်လေးက မြလေးနွယ် အနီးသို့သွားပြီး ဖက်လိုက်ရာ မြလေးနွယ်ကလည်း လှိုက်မောရင်ခုန်စွာနဲ့ တမ်းတမ်းတတ ခေါ်လိုက်ပါတော့တယ်။ ပြီးတော့ ပြန်လည်ဖက်တွယ်ထားလိုက်မိတော့သည်။

"အေး ငါ့သမီးတော်နဲ့ မြေးတော်မလေးကို တောင်းပန်ပါတယ်ကွယ် . . . ငါ့ကိုလည်း ခွင့်လွှတ်ပေးကြပါလို့"





ဘွားတော် ဒေါ်ထိပ်တင်မိုးက ထလာခဲ့ပြီး သူမတို့နှစ်ယောက်လုံးကို ဖက်တွယ်ထားလိုက်တော့သည် . . .

"မယ်မယ် ရယ်"

"ဘွားတော်"

ဝမ်းသာစွာနဲ့ ခေါ်လိုက်ကြသော်လည်း မျက်ရည်များကတော့ သုံးဦးသားမှာ စီးယိုကျလို့နေကြလေသည်။ ဒါပေမယ့် သူတို့အားလုံး ပျော်ရွှင်တဲ့ မျက်နှာတွေနဲ့ဖြစ်ကြလေသည်။

"သမီး မြလေးနွယ် . . . ဖေဖေ ဝမ်းသာလိုက်တာ၊ သမီးကို မိဘအစစ်တွေလက်ထဲ ပြန်အပ်နိုင်ခဲ့လို့ ဖေဖေ ကျေနပ်သွားပါပြီ . . . သမီး ပျော်ပျော်သာ နေခဲ့တော့နော်"

မြလေးနွယ် လျှပ်တပြက် လှည့်ကြည့်လိုက်သည်။ ဦးစိမ်းမောင်ရဲ့ ဝမ်းသာဝမ်းနည်း မျက်နှာထားနဲ့ ပြုံးနေတာကို တွေ့လိုက်ရသဖြင့် . . .

"အို ဖေဖေရယ်"

ဟုပြောပြီး ဦးစိမ်းမောင်ရင်ခွင်ထဲမှာ ခေါင်းတိုးဝှေ့ရင်း ငိုကြွေးနေမိတော့သည်။ ဒါကို ဘွားတော် ဒေါ်ထိပ်တင်မိုးနဲ့ ဒေါ်ထိပ်တင်လေးက စိတ်မကောင်းစွာ ဖြစ်မိနေ၏။

"အင်းလေ ငယ်စဉ်တောင်ကျေး ကလေးဘဝထဲက

စောင့်ရှောက်လာခဲ့တာဆိုတော့ ဖအေနဲ့သမီး သံယောဇဉ်တော့ ရှိကြတာပေါ့ . . . ကဲကွယ် မြေးတော်မ ဘာမှ ဝမ်းမနည်းနဲ့တော့ . . . မြေးတော်မရဲ့ ဖေဖေ ဦးစိမ်းမောင်ကိုလည်း ကျေးဇူးရှင်တစ်ယောက်အနေနဲ့ ရတနာရိပ်ငြိမ်ရဲ့ မိသားစုဝင်အဖြစ် အသိအမှတ်ပြုပါတယ်ကွယ်"

"အို ဘွားတော်ရယ်"

မြလေးနွယ် တအားပျော်သွားတော့သည်။ ဒီကမ္ဘာမှာ သူလောက် ဘယ်သူပျော်နိုင်တော့လို့လဲဟု ပြောလိုက်ချင်ပါရဲ့။

"ဒီနေ့တော့ ရတနာရိပ်ငြိမ်က အလွန်ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတဲ့ နေလေးတစ်နေ့ပဲ . . . အားလုံး မိသားစုတွေ လွတ်လွတ်လပ်လပ် ပျော်နိုင်အောင်လို့ ကျွန်တော်တို့ မိသားစုတွေကို ပြန်ခွင့်ပြုပါဦးနော်"

ဦးခင်မောင်စိုးက ပြုံးပျော်နေတဲ့မျက်နှာနဲ့ ပြောလိုက်တဲ့အခါမှာတော့ . . .

"ဟဲ ဟဲ မောင်ခင်မောင်စိုး . . . မင်းကို တစ်ခါတည်းပြောလိုက်မယ် . . . နောက် မကြာခင်ရက်မှာ မြေးတော်မလေး ခင်မျိုးကို ငါ့မြေးတော် နေဗလနဲ့ လက်ထပ်တောင်းရမ်းဖို့ကိုလာခဲ့မယ်ကွယ့်"





"ဟာ ဘွားတော်ကလည်း"

နေဗလက ခင်မျိုးမြင့်မြတ်ကို အားနာသွားဟန်ဖြင့် ဟန့်တားလိုက်ပါသည်။ ဒီတော့ ခင်မျိုးမြင့်မြတ်က . .

"ဘွားတော်ရဲ့ အစီအမံက ဖြစ်လိမ့်မယ်မထင်ပါဘူး"

"ဟဲ့ ဘာဖြစ်လို့လဲတော်"

"သူကမှ ခင်မျိုးကို မချစ်တာ"

ခင်မျိုးမြင့်မြတ်ရဲ့ စကားကြောင့် နေဗလစိတ်ထဲ လှိုက်ခနဲ ဖိုခနဲ ငြိမ်ခနဲ ဖြစ်သွား၏။ ပြီးတော့ ချက်ချင်းပင် ထိုင်နေရာမှထလာပြီး ခင်မျိုးမြင့်မြတ်၏ လက်တစ်ဘက်ကို ဆုပ်ကိုင်လိုက်ကာ . . .

"လာ ခြံထဲကိုလိုက်ခဲ့"

နေဗလနောက်သို့ ခင်မျိုးမြင့်မြတ် လိုက်ပါသွားသည်။ သစ်ခွရုံနားအရောက် ခင်မျိုးမြင့်မြတ်ရဲ့လက်ကို လွှတ်ပြီး . . .

"မင်းကို ကိုယ် ချစ်တယ်လို့ပြောရင် မင်းကိုယ့်ကို လက်ခံမှာလား"

"ရှင်"

မမျှော်လင့်တဲ့ စကားလေးကြားလိုက်ရတော့ ခင်မျိုးမြင့်မြတ် အံ့အားသင့်သွားလေသည်။

"ပြောလေ . . . ကိုယ့်ကို လက်ခံမှာလားလို့"

သူမ အဖြေမပေးနိုင်သေး။ ရင်သပ်ရှုမောလို့ နေဗလကို ငေးကြောင်စွာပဲ ကြည့်နေမိသေးတသည်။

"တဲ မေးလို့မရရင် ကိုယ့်ကို လက်ခံတယ်လို့ ယူဆလိုက်တော့မယ်နော်"

နေဗလက ပြောပြောဆိုဆို သူမရဲ့ ခန္ဓာကိုယ်လေးကို ဆွဲယူပွေ့ဖက်ထားလိုက်တော့၏။ ခင်မျိုးမြင့်မြတ် လျှပ်တပြက် ဆိုတော့ လန့်ဖျန့်သွားသည်။ နှုတ်ခမ်းလေးကို စုတင်းလိုက်ပါ၏။

ဒါပေမယ့် မရုန်းမိပါ။ နောက်တော့ မျက်နှာထားက ပြုံးယောင်ယောင်လေး ဖြစ်လို့လာခဲ့၏။ နေဗလ၏ ရင်ခွင်ထဲကို ခေါင်းလေးတိုးဝှေ့ ဝင်လိုက် သည်။ ခုမှ နားခိုရာရင်ခွင်လေးကို သူမ အပြီးတိုင် ရခဲ့ပါပြီလေ။

❀ ❀ ❀ ❀ ❀

ရှင်နှောင်းချစ်သူများ တစ်သက်လုံး မလွှမ်းရအောင်လို့ အချစ်ကို အမှန်းဆိုတာကြီးနဲ့ မမြှောက် မပေါင်းကြပါနဲ့လို့ ...။

ထာဝစဉ် ရိုကျိုးနေမည်

ရှင်နှောင်း